ပဋ္ဌာန်း နှင့် ဝိပဿနာ ဂျွမ့တ်ပုံ
တရားမှတ်စုများ

တရားတော် စာအုပ် (၄)

ပြုစုတင်ပြသူ
ဦးညီညီစိန်


စာအုပ်ရေတွက်ခြင်း - (၆) ဂဏန်းဖြင့် ပဋ္ဌာန်း ဝိပဿနာ ဂျွမ့တ်ပုံ တရားမှတ်စုများ


ပဋ္ဌာန်း နှင့် ဝိပဿနာ ဂျွမ့တ်ပုံ
တရားမှတ်စုများ
တရားတော် စာအုပ် (၄)
ပြုစုတင်ပြသူ
ဦးညီညီစိန်

မေတ္တာလက်ဆောင်

သို့ _____

မှ _____





ပဋ္ဌာန်း နှင့် ဝိပဿနာ ရှုမှတ်ပုံ
တရားမှတ်စုများ
တရားတော် စာအုပ် (၄)

ပြုစုတင်ပြသူ
ဦးညီညီခိန်

ပုံနှိပ်မှတ်တမ်း

၂၀၂၁-ခုနှစ်၊ ဇွန်လ (ပထမအကြိမ်)

အုပ်ရေ	. . . . .	၁၀၀၀
ပုံနှိပ်	. . . . .	အေးရှားမက်ဂါဇိုကုမ္ပဏီလိမိတက်
		အခန်းအမှတ်(၂၉)၊ တိုက်အမှတ်(၄)၊
		ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊
		(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊
		ရန်ကုန်မြို့။
စာအုပ်ချုပ်	. . . . .	----------

စီစဉ်သူ	. . . . .	ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။
တန်ဖိုး	. . . . .	(မေတ္တာလက်ဆောင်)
ဖြန့်ချီရေး	. . . . .	ဖုန်း-၀၉-၄၂၃၀၀၁၇၁

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	
၂။	ပဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ နိဿယ	၁
၃။	(၁) **ဟေတု ပစ္စယော**	၅
၄။	အစပိုင်းမှာ ဝိပဿနာမည်ပုံ	၁၂
၆။	ဘဝဆိုးတွေ မြင်တတ်ပုံ	၁၄
၇။	သမ္မသနဉာဏ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိပုံ	၁၅
၈။	သမ္မသနဉာဏ်၌ ပြန်လျှောက်ထားပုံ	၁၇
၉။	(၂) **အာရမ္မဏ ပစ္စယော**	၂၃
၁၀။	ဝိပဿနာရှုမှတ်ခြင်းဖြင့် အလွန် ကြမ်းတဲ့အာရုံတွေ ပယ်နိုင်ပုံ	၂၉
၁၁။	အာရမ္မဏပစ္စည်းဖြင့် ဝိပဿနာ တရားရှုမှတ်ပုံ	၃၆
၁၂။	(၃) **အဓိပတိ ပစ္စယော**	၃၈
၁၃။	ဝီမံသာဓိပတိဖြစ်ပုံ	၄၃
၁၄။	ဥဒယဗ္ဗယဉာဏ် အနုပိုင်းရောက်ရှိသူ	၄၄
၁၅။	ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းရောက်ရှိသူ	၄၅
၁၆။	(၄)ပါး အဓိပတိဖြစ်ပုံ	၄၆
၁၇။	(၄) **အနန္တရ ပစ္စယော**	၅၄
၁၇။	(၁၀) ပုရေဇာတ ပစ္စယော	၃၂၉
၁၆။	(၁၁) ပစ္ဆာဇာတ ပစ္စယော	၃၃၃
၁၇။	(၁၂) အာသေဝန ပစ္စယော	၃၃၄
၁၈။	(၁၃) ကမ္မ ပစ္စယော	၃၃၅
၁၉။	(၁၄) ဝိပါက ပစ္စယော	၃၃၇
၆၀။	**ဝိပဿနာတရား အရှုခံနှင့် ဉာဏ်စဉ်ဇယား**	၃၄၀
၆၁။	**ဝိပဿနာတရား– ပဌာန်းဒေသနာ အရှုခံနှင့် မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး အရှုဉာဏ်ဇယား**	၃၄၂
၆၂။	**ပဌာန်းပစ္စည်းသရုပ်ပြ ဇယား**	၃၄၆
၆၃။	နိဂုံး	၃၄၈
၆၂။	**ရည်ညွှန်းကိုးကား တရားစာအုပ်များ**	၃၅၂

၁၈။ အနန္တရပစ္စည်းဖြင့် ဝိပဿနာတရား အားထုတ်ပုံ ၆၇

၁၉။ (၅) သမနန္တရ ပစ္စယောတိ ၇၈

၂၀။ (၆) သဟဇာတ ပစ္စယောတိ ၉၆

၂၁။ (၇) အညမည ပစ္စယောတိ ၁၀၀

၂၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပုံ ၁၀၃

၂၃။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပုံ ၁၁၂

၂၄။ (၈) နိဿယ ပစ္စယောတိ ၁၁၅

၂၅။ နိဿယပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၁၂၄

၂၆။ (၉) ဥပနိဿယ ပစ္စယောတိ ၁၄၂

၂၇။ ဥပနိဿယပစ္စည်းဖြင့် ဝိပဿနာရှုပုံ ၁၅၀

၂၈။ (၁၀) ပုရေဇာတ ပစ္စယောတိ ၁၆၅

၂၉။ (၁) ပုရေဇာတပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၁၇၆

၃၀။ (၂) ပုရေဇာတပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၁၉၁

၃၁။ (၃) ပုရေဇာတပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၂၁၄

၃၂။ (၁၁) ပစ္ဆာဇာတ ပစ္စယောတိ ၂၁၈

၃၃။ ပစ္ဆာဇာတပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ ၂၂၁

၃၄။ (၁၂) အာသေဝန ပစ္စယောတိ ၂၂၃

၃၅။ (၁) အာသေဝနပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၂၂၇

၃၆။ (၂) အာသေဝနပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၂၃၅

၃၇။ (၁၃) ကမ္မ ပစ္စယောတိ ၂၃၈

၃၈။ (၁) ကမ္မပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၂၄၂

၃၉။ (၂) ကမ္မပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ ၂၅၂

၄၀။ (၃) ကမ္မပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ ၂၆၉

၄၁။ (၁၄) ဝိပါက ပစ္စယောတိ ၂၈၀

၄၂။ (၁) ဝိပါကပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ ၂၈၂

၄၃။ (၂) ဝိပါကပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ ၂၉၆

၄၄။ (၃) ဝိပါကပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ ၃၁၂

၄၅။ ပဋ္ဌာန်းနှင့် ဝိပဿနာ ရှုမှတ်ပုံ တရားမှတ်စုများ (၁) ၃၂၂

၄၆။ (၁) ဟေတုပစ္စည်းဖြင့် ဝိပဿနာတရား ရှုမှတ်ခြင်း ၃၂၂

၄၇။ (၂) အာရမ္မဏ ပစ္စယော ၃၂၂

၄၈။ (၃) အဓိပတိ ပစ္စယော ၃၂၃

၄၉။ (၄) အနန္တရ ပစ္စယော ၃၂၄

၅၀။ (၅) သမနန္တရ ပစ္စယော ၃၂၅

၅၁။ (၆) သဟဇာတ ပစ္စယော ၃၂၅

၅၂။ (၇) အညမည ပစ္စယော ၃၂၅

၅၃။ (၈) နိဿယ ပစ္စယော ၃၂၇

၅၄။ (၉) ဥပနိဿယ ပစ္စယော ၃၂၈

နိဒါန်း

ရှင်တော်မြတ်ဘုရားသည် ပဌာန်းဒေသနာတော်အားဖြင့် လူနတ်ဗြဟ္မာတို့အား ပြတော်မူလိုသည့် လိုရင်းသဘောမှာ -

ရုပ်နာမ်တရားတို့သည် အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ကြသော သပ္ပစ္စယ၊ သခ်ိတတရားတို့သာ ဖြစ်ကြကုန်၏။ သတ္တဝါတို့၏ အလိုဆန္ဒအားဖြင့် ဖြစ်ပေါ်ကြသော တရားမျိုးမဟုတ်ကုန်၊ သတ္တဝါတို့၏ အလိုသို့ မလိုက်သော အဝသတ္တန တရားတို့သာ ဖြစ်ကုန်၏။ တရားတစ်ခုခုဖြစ်ပေါ်ရာ၌ အကြောင်းပစ္စည်းပေါင်းများစွာတို့ဖြင့် ကျေးဇူးပြုကာ ထူထောင်ရကုန်၏။

အနတ္တသဘောအချက်ကြီးကို အနုစိတ်အားဖြင့် ပြတော်မူ

လိုသောကြောင့် ပဌာန်းတရားကို ဟောကြားတော်မူပါသည်။

အဘိဓမ္မာ (၇)ကျမ်းတွင် နောက်ဆုံးကျမ်းဖြစ်သည့် ပဌာန်းကျမ်းတော်ကြီး၏ ရုပ်နာမ်ဓမ္မများသည် ပုထုဇဉ်တို့ နားလည်သဘောပေါက်ရန် ခဲယဉ်းလှ၏။ သာမန်ဉာဏ်အဆင့်ရှိသူ၊ ဉာဏ်နုနယ်သူတို့မှာ ပဌာန်းတရား၏ အနီးသို့ ချဉ်းကပ်ရန် ပို၍ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အဘိဓမ္မာဒေသနာကို ဟောကြားသည့်အခါ ဉာဏ်ပညာအလွန် ထက်မြက်သော နတ်ဗြဟ္မာကြီးများအား တာဝတိံသာနတ်ပြည်တွင် ဟော ကြားခဲ့ရခြင်းဖြစ်ပါသည်။ မြတ်စွာဘုရားရှင်မှ နတ်ပြည်တွင် ဟောကြားခဲ့သည့် အဘိဓမ္မာ တရားတော်ကြီးကို ရှင်သာရိပုတ္တရာ ကိုယ်တော်မှ

ငါးရာသောတပည့် ရဟန်းများအား နေ့စဉ်သင်ကြား ပို့ချ တော်မူခြင်းဖြင့် လူပြည်လောကဌ် ထွန်းကားပြန့်ပွားခဲ့ရခြင်း ဖြစ်ပါသည်။

မိမိတို့၏ ဝိပဿနာတရား ရှုမှတ်ရာတွင် နာမ်နှင့်ရုပ်၊ ပညတ်တို့၏ အကြောင်းအကျိုးဆက်နွယ်မှု တရားအမှန်တို့ကို ရှင်းလင်းမှန်ကန်စွာ သိရှိနိုင်ရန် ရည်ရွယ်၍ ပဋ္ဌာန်းတရားတော်ကြီးကို နာကြားဖတ်ရှုမှတ်သားရခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်းတရားတော်ကြီး၏ ပါဠိတော်များကို ရွတ်ဖတ်နိုင် သည့် သူတော်ကောင်း ပုဂ္ဂိုလ်များလှပါသည်။ ယခုစာစုတွင် ပဋ္ဌာန်းတရားပါဠိတော်အသီးသီး၏ နိဿယျ မြန်မာပြန်များ၊ ပစ္စည်းတရားများ၊ ပစ္စယုပ္ပန်တရားများ တစ်ပုဒ်ချင်းစီ တင်ပြထားပါသည်။ ပစ္စည်းတရားများ တစ်ခုချင်းစီ၏ ဥပမာ - ဥပမေယျရှင်းလင်းချက် ဆောင်ပုဒ်များကိုလည်း တင်ပြထားပါသည်။

သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် ပဋ္ဌာန်းပစ္စည်းတရား အသီးသီးနှင့် သက်ဆိုင်သော ဝိပဿနာတရားရှုမှတ်ပုံများကိုလည်း တင်ပြထားပါသည်။

ထို့ပြင် ပဋ္ဌာန်းတရားတော်ကြီး၏ အဓိက အချုပ်တရားဖြစ်သည့် နာမ်၊ ရုပ်၊ ပညတ်၊ နိဗ္ဗာန်တို့၏ ပစ္စည်း၊ ပစ္စယုပ္ပန်တရားအတိုကောက် သင်္ကေတအမှတ်ဇယားများဖြင့် စုပေါင်းဖော်ပြထားသဖြင့် ဖတ်ရှုသူတို့၏ မှတ်ဉာဏ်စက်ဝန်း ဖြန့်ကျက်ရှုမှတ်ရာတွင် များစွာ ထင်ရှားသိရှိရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤစာစုများသည် ဝိပဿနာတရား ရှုမှတ်သူ ကလျာဏပုဂ္ဂိုလ်များအတွက် အထောက်အပံ့များစွာ ရပါစေကြောင်း မေတ္တာဖြင့် စုစည်းတင်ပြလိုက်ရပါသည်။

ဦးညီညီစိန်
B.E (Mech) 79
PE . ACPE (Mech)
ညွှန်းကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)

ပဋ္ဌာန်းပါဠိတော်
ပစ္စယုဒ္ဒေသ နိဿယ

၁။ ဟေတုပစ္စယော = ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရား တို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

၂။ အာရမ္မဏပစ္စယော = အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၃။ အဓိပတိပစ္စယော = အကြီးအမှူးဖြစ်၍ကျေးဇူးပြုတတ်သော တရား လည်းကောင်း၊

၄။ အနန္တရပစ္စယော = အခြားမဲ့(တစ်ဆက်တည်းအကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၅။ သမနန္တရပစ္စယော = ကောင်းစွာအခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ် သောတရား လည်းကောင်း၊

၆။ သဟဇာတပစ္စယော = အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း၊

၇။ အညမညပစ္စယော = အချင်းချင်း အပြန်အလှန် ကျေးဇူးပြု

စတုဝိသတိပစ္စယာ = နှစ်ဆယ့်လေးပစ္စည်းတို့သည်၊

မဟာပကရဏော = အနန္တနယ သမန္တမဟာပဋ္ဌာန်းကျမ်းကြီး ၌၊

ဋ္ဌိတာ = တည်ကုန်သည်၊

ဟောန္တိ = ဖြစ်ကုန်၏။

တတ်သောတရား လည်းကောင်း၊

၈။ နိဿယပစ္စယော = အာရုံခြောက်ပါးဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၉။ ဥပနိဿယပစ္စယော = မြဲရာဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၀။ပုရေဇာတပစ္စယော = ရှေး၌ဖြစ်နှင့်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၁။ပစ္ဆာဇာတပစ္စယော = နောက်မှဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၂။အာသေဝနပစ္စယော = အဖန်တလဲလဲ မြဲဝဲထုံအပ်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၃။ကမ္မပစ္စယော = ပြုပြင်ကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၄။ဝိပါကပစ္စယော = အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၅။အာဟာရပစ္စယော = ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရားလည်းကောင်း၊

၁၆။ဣန္ဒြိယပစ္စယော = အစိုးရသည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၇။ဈာနပစ္စယော = စူးစိုက်ကာ ကပ်၍ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၈။မဂ္ဂပစ္စယော = ထွက်မြောက်ကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၁၉။သမ္ပယုတ္တပစ္စယော = ယှဉ်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၂၀။ဝိပ္ပယုတ္တပစ္စယော = မယှဉ်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၂၁။အတ္ထိပစ္စယော = ပစ္စုပ္ပန်၌ ထင်ရှားဆဲဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၂၂။နတ္ထိပစ္စယော = မရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၂၃။ဝိဂတပစ္စယော = ကင်းသည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

၂၄။အဝိဂတပစ္စယော = မကင်းသည်ဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း၊

ဣတိ = ဤသို့၊

တယ်၊ ပိန်တယ်ဟု မှတ်နေတဲ့အခါ ဖောင်းတာက ရုပ်တရား၊ မှတ်သိနေတာက နာမ်တရားလို့ အမှန်အတိုင်း သိမနေပါဘူးလား . . . သိနေပါတယ်ဘုရား။ မတွေ့မဝေသိနေတော့ အမောဟပဲ ဖြစ်တယ်။

လောဘ ဒေါသ မောဟတွေ မှတ်ချက်တိုင်း မှတ်ချက်တိုင်း မပယ်နေပါဘူးလား . . . ပယ်နေပါတယ်ဘုရား။ အလောဘ၊ အဒေါသ၊ အမောဟတွေကို မှတ်ချက်တိုင်း မှတ်ချက်တိုင်း တိုးတက်စေတယ်။ ဝိပဿနာတရား ရှုမှတ်နေရင်တော့ ဟေတုပစ္စည်းထဲက မကောင်းတဲ့ ဟိတ်(၃)ပါးဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ပယ်ပြီး၊ ကောင်းတဲ့ ဟိတ်(၃)ပါးဖြစ်တဲ့ အလောဘ၊ အဒေါသ၊ အမောဟတွေကို တိုးတက်ကြီးပွားစေတယ်။ ဝိပဿနာတရား ရှုမှတ်နေရတာ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ ကောင်းကျိုးတွေ မရနေပါဘူးလား . . . ရနေပါတယ်ဘုရား။

အဋ္ဌကထာဆရာတွေ ဖွင့်ပြတာ သိပ်ပြည့်စုံပါတယ်။

အနိစ္စဒဿနေန အလောဘော ဟောတိ။
ဒုက္ခဒဿနေန အဒေါသော ဟောတိ။
အနတ္တဒဿနေန အမောဟော ဟောတိ။

အနိစ္စဒဿနေန = အနိစ္စကို မြင်ခြင်းဖြင့်၊
အလောဘော = အလောဘသည်၊
ဟောတိ = ဖြစ်၏။
ဒုက္ခဒဿနေန = ဒုက္ခကို မြင်ခြင်းဖြင့်၊
အဒေါသော = အဒေါသသည်၊

(၁) ဟေတု ပစ္စယော

ဟေတူ ဟေတု သမ္မယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။

ဟေတုပစ္စည်း ။ ။ (၁) ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။
(၂) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမော တို့၏ ရုပ်၊ နာမ်ခန္ဓာ တို့အား အမြစ်မူလကိစ္စဖြင့် ကျေးဇူးပြုမှုကို "ဟေတုပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်	နာမ် + ရုပ်	ဟေတု

(စျာန်၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက)

ဟေတူ	ဟေတုသမ္မယုတ္တာနံ ဓမ္မာနံ တံ သမုဋ္ဌာနနဉ္စ ရူပါနံ		ဟေတုပစ္စယေန	ပစ္စယော
နိဒါန်း	ဟေတုပစ္စယောတိ	ဟေတုပစ္စည်းဆိုသည်မှာ		
အကြောင်း	ဟေတူ	လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော		
		ဟိတ် ၆ ပါးတို့သည်		
အကျိုး	ဟေတုသမ္မယုတ္တာနံ	ထိုဟိတ် ၆ ပါးတို့နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စိတ် စေတသိက်တရားတို့အကြောင်း		
	တံ သမုဋ္ဌာနာနံ	ထိုစိတ် စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော		
	ရူပါနဉ္စ	စိတ္တဇရုပ်၊ ပဋိသန္ဓေကံကြောင့် ဖြစ်သောရုပ်တို့ (ကမ္မဇရုပ်တို့)အားလုံး		
အကြောင်းသတ္တိ	ဟေတုပစ္စယေန	ခိုင်မြဲသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

ဆောင်ပုဒ် ။ ။ လောဘနှင့်သေ၊ ထိုသူတွေ၊
ရောက်လေ ပြိတ္တာပြည်။
ဆောင်ပုဒ် ။ ။ အလောဘနှင့်သေ၊ ထိုသူတွေ၊
ရောက်လေလူ နတ်ပြည်။
ဆောင်ပုဒ် ။ ။ ဒေါသနှင့်သေ၊ ထိုသူတွေ၊
ရောက်လေ ငရဲပြည်။
ဆောင်ပုဒ် ။ ။ အဒေါသနှင့်သေ၊ ထိုသူတွေ၊
ရောက်လေလူ နတ်ပြည်။
ဆောင်ပုဒ် ။ ။ မောဟနှင့်သေ၊ ထိုသူတွေ၊
ဖြစ်လေတိရစ္ဆာန်။
ဆောင်ပုဒ် ။ ။ အမောဟနှင့်သေ၊ ထိုသူတွေ၊
ရောက်လေ နိဗ္ဗာန်ပြည်။
ဆောင်ပုဒ် ။ ။ ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊
ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊
ငါးအင်တရားရကြောင်းတည်း။
ဆောင်ပုဒ် ။ ။ အနိစ္စမြင်တော့၊ လောဘစင်သည်၊
လောဘစင်တော့၊ အလောဘဝင်သည်၊
အလောဘဝင်၊ ဒါနလျှင်၊ အစဉ်ပြည့်စုံသည်။
ဆောင်ပုဒ် ။ ။ ဒုက္ခမြင်တော့၊ ဒေါသစင်သည်၊
ဒေါသစင်တော့၊ အဒေါသဝင်သည်၊
အဒေါသဝင်၊ သီလလျှင်၊ အစဉ်ပြည့်စုံသည်။
ဆောင်ပုဒ် ။ ။ အနတ္တမြင်တော့၊ မောဟစင်သည်၊
မောဟစင်တော့၊ အမောဟဝင်သည်၊
အမောဟဝင်၊ ဘာဝနာလျှင်၊ အစဉ်ပြည့်စုံသည်။

ဟေတုပစ္စည်းဖြင့် ဝိပဿနာတရား ရှုမှတ်ခြင်း

အလောဘ၊ အဒေါသ၊ အမောဟတွေဖြင်လာတော့ လောဘ၊ ဒေါသ၊ မောဟတွေ အလိုလို မပျောက်သွားပါဘူးလား . . . ပျောက်သွားပါတယ်ဘုရား။ ပယ်ပြီးသား ဖြစ်သွားတယ်။ "ဒါပေမဲ့လည်း အမြဲတမ်းတော့ အလျှုဒါနတွေ ပြုလုပ်နိုင်ပါရဲ့လား . . . မပြုလုပ်နိုင်ပါဘုရား။ မလုပ်နိုင်ပေဘူး။ လုပ်နိုင်တဲ့ အခါတော့ ဒေါသကင်းကင်းသွားတယ်။ ဒါနတွေ ပြုနေရတာလည်း နေရာမကျပါဘူးလား . . . နေရာကျပါတယ်ဘုရား။ "အမြဲတမ်းကင်းသွားဖို့ဆိုတာတော့ ဘယ်တရားအားထုတ်ရပါမလဲဆိုရင် သတိပဋ္ဌာန်ဝိပဿနာတရားတွေ အားထုတ်ရပါမယ်။

ဝိပဿနာတရား အားထုတ်မှ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ လောဘ၊ ဒေါသ၊ မောဟကင်းနေတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတဲ့ အခိုက်အတန့်မှာ လောဘလည်း ဖြစ်ခွင့်မရ၊ ဒေါသလည်း ဖြစ်ခွင့်မရ၊ မောဟလည်း ဖြစ်ခွင့်မရ၊ ဖောင်းတယ်၊ ပိန်တယ်ဟု မှတ်နေတဲ့ အချိန်အခါ လိုချင်စရာတွေလည်း လိုချင်နေသေးတယ်လို့ စိတ်ဟာတစ်ချိန်တည်းမှာ နှစ်ခုပြိုင်ပြီးတော့ ဖြစ်လို့မရပေဘူး။ မှတ်နေလို့ ရှိရင် အဲဒီ လောဘ ဖြစ်ခွင့်မရဘူး။

လိုချင်စရာတွေ မရလို့ စိတ်နှလုံး မသာမယာတွေ ဖြစ်နေတယ်လို့ ဒီလိုလည်း ဖြစ်ခွင့်မရဘူး။ အမှတ်ဖြစ်နေတော့ ဒေါသ ဒေါမနဿလည်း ဖြစ်ခွင့်မရဘူး။ တွေတွေဝေဝေလည်း မသိတော့ပေဘူး။ ဖောင်း

အစပိုင်းမှာ ဝိပဿနာမည်ပုံ

ပညတ္တိ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။

ပညတ္တိ = ခေါင်း၊ ကိုယ်၊ ခြေ၊ လက်စသော ပုံသဏ္ဌာန် သဏ္ဌာန ပညတ်များကို၊
ဌပေတွာ = ခွာထား၍
ဝိသေသေန = အထူးထူး အပြားပြားအားဖြင့်
ပဿတိ = ရှုတတ်၏။
ဣတိ တသ္မာ = ထိုသို့ ပညတ်ကိုခွာ၍ အထူးထူး အပြားပြား ရှုရတဲ့အတွက်ကြောင့်
ဝိပဿနာ = ဝိပဿနာမည်၏။

အစပိုင်း ဝိပဿနာရှုတဲ့အခါမှာ ပညတ်ပုံသဏ္ဌာန်တွေကို ခွာနိုင်သမျှခွာပြီးတော့ ရှုရတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ ရှုမှတ်ရာတွင် ဖောင်းတယ်လို့ ရှုမှတ်တဲ့အခါမှာ ဝမ်းဗိုက်ပုံသဏ္ဌာန်ဖြပ်ပြီးကိုတော့ ခွာနိုင်သမျှခွာ၊ ပိန်တယ်လို့ ရှုမှတ်တဲ့အခါမှာ ဝမ်းဗိုက်ပုံသဏ္ဌာန်ဖြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ ဖောင်းတယ်လို့ မှတ်တဲ့အခါမှာ အတွင်းက တောင့်တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘောတရားကို၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာ အတွင်းက လှုပ်သွားတဲ့ သဘော၊ ရွှေ့သွားတဲ့သဘောတရားကို သိအောင် မစူးစိုက်ရပါဘူးလား . . . စူးစိုက်ရပါတယ်ဘုရား။

ဟောတိ = ဖြစ်၏။
အနတ္တဒဿနေန = အနတ္တကို မြင်ခြင်းဖြင့်၊
အမောဟော = အမောဟသည်၊
ဟောတိ = ဖြစ်၏။
ဣတိ = ဤသို့
အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊
သံဝဏ္ဏေတိ = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓု

အနိစ္စဒဿနေန = အနိစ္စကို မြင်ခြင်းဖြင့်၊
အလောဘော = အလောဘသည်
ဟောတိ = ဖြစ်၏။

အနိစ္စကို မြင်အောင်ရှုနိုင်လို့ရှိရင်၊ အနိစ္စကို မြင်လို့ရှိရင် အလောဘဖြစ်လာတယ်။ မမြဲဘူးလို့ မြင်လို့ရှိရင် လိုချင်ပါတော့မလား . . . မလိုချင်တော့ပါဘုရား။ ဘာတစ်ခုမှ မြဲတာမဟုတ်ဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲက တရားသဘောတွေလည်း ဘာတစ်ခုမှ မမြဲဘူး။ ရုပ်တရားလည်း မမြဲဘူး။ နာမ်တရားလည်း မမြဲဘူး။ ပစ္စည်းပစ္စယတွေလည်း မြဲတာမဟုတ်ဘူး။ ဒီလိုသိနေတော့ လောဘဖြစ်ပါတော့မလား . . . မဖြစ်တော့ပါဘုရား။ အလောဘ ဖြစ်တယ်။

ဒုက္ခဒဿနေန = ဒုက္ခကို မြင်ခြင်းဖြင့်၊
အဒေါ်သော = အဒေါ်သသည်
ဟောတိ = ဖြစ်၏။

ဒုက္ခတွေ မြင်နေတယ်။ ကုန်ပျက် ကုန်ပျက် နှိပ်စက်တာတွေကို ဒုက္ခထင်နေတော့ ဒေါသဟာ မဖြစ်ချင်တော့ဘူး။ ဒေါသကြောင့် လူတွေဟာ ဒုက္ခမဖြစ်နေကြပါဘူးလား . . . ဖြစ်နေကြပါတယ်ဘုရား။ သြော် . . . ဒုက္ခဖြစ်ကြောင်း ဒေါသတွေ မဖြစ်ချင်တော့ဘူး။ ဒီမှာ ဒုက္ခမြင်နေတော့ ဒုက္ခထပ်ပြီးတော့ မဆင့်စေချင်တော့ပေဘူး။ ဒုက္ခမြင်တော့ ဒေါသတွေ ကင်းစင်နေတယ်။ ဝိပဿနာတရားအားထုတ်လို့ ဒုက္ခကောင်းကောင်းမြင်တဲ့ပုဂ္ဂိုလ်တို့သည် ဒေါသတွေ ကင်းစင်ပြီး မေတ္တာဓါတ်တွေ တိုးပွားလာတတ်တယ်။ ဝိပဿနာတရားအားထုတ်ပြီးလို့ရှိရင် ပိုပြီး မေတ္တာဓာတ်တွေ များပြီးတော့ သူများတွေအပေါ်မှာ ချမ်းသာစေချင်တဲ့စိတ်တွေ မထင်ရှားပါဘူးလား . . . ထင်ရှားပါတယ်ဘုရား။ သိပ်ထင်ရှားတယ်။ အရင်တုန်းက မတွေ့ချင်တဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရသော်လည်း ဒေါသတွေ မဖြစ်တော့ပေဘူး။ အဒေါသ = မေတ္တာဓာတ်တွေ ထင်ရှား ဖြစ်ပေါ်လာတယ်။

ဟေတုအရ ကောင်းတဲ့ဟိတ်တရား ပစ္စည်းတရားတွေ ဖြစ်ပေါ်လာပါတယ်။ ဘာကြောင့် ဖြစ်ပေါ်လာတာလဲ၊ ဒုက္ခမြင်အောင် ရှုနိုင်လို့ပါပဲ။ ဒုက္ခကို မြင်အောင်ကလည်း ဘယ်တရားကို ရှုရပါမလဲ . . . ဝိပဿနာတရားကို ရှုရပါမယ်ဘုရား။ ဝိပဿနာတရားကို ရှုမှ ဒုက္ခစစ်ကို မြင်နိုင်ပါတယ်။

အနတ္တဒဿနေန = အနတ္တကို မြင်ခြင်းဖြင့်၊
အမောဟော = အမောဟသည်၊ (၀၊)
မတွေမဝေခြင်းသည်၊ (၀၊)
ဉာဏ်ပညာသည်၊
ဟောတိ = ဖြစ်၏။

အနတ္တကိုမြင်အောင် ရှုနိုင်လို့ရှိရင် အမှန်အတိုင်းသိတဲ့ အမောဟ ဖြစ်လာတယ်။ ဘယ်အရာကိုမှ ကိုယ်အစိုးရတာ မရှိဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲက ရုပ်တရား နာမ်တရားတွေလည်း “ဒီလိုဖြစ်ပါ၊ ဟိုလိုဖြစ်ပါ၊ ကောင်းတာချည်းပဲဖြစ်ပါ၊ မကောင်းတာ မဖြစ်ပါစေနဲ့”လို့ ဒီလိုလည်း အစိုးရပါရဲ့လား . . . အစိုးမရပါဘုရား။ ဘယ်ပုဂ္ဂိုလ်မှ ဘယ်အရာဝတ္ထုကိုမှ အစိုးရတာမရှိဘူး။ အမှန်အတိုင်းမသိပါဘူးလား . . . အမှန်အတိုင်းသိပါတယ်ဘုရား။ အမှန်ကိုသိတာ အမောဟ ဖြစ်တယ်။ အနတ္တကိုမြင်လို့ရှိရင် အမောဟဟိတ် မိမိသန္တာန်မှာ တိုးတက်ကြီးပွားလာတယ်။ ဘယ်တရားကို ရှုလို့ပါလဲ . . . သတိပဋ္ဌာန် ဝိပဿနာတရားရှုလို့ပါဘုရား။

ဝိပဿနာရှုတဲ့အခါ ဝိပဿနာစစ်စင်ဖြစ်ဖို့ရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင် ရှုရမှာဖြစ်တယ်။ ရှေ့ပိုင်းဝိပဿနာကတော့ တရားသဘောလေးတွေ ရှေးဦးစွာ တွေ့မြင်အောင်သာ ဝိပဿနာ ရှုရပါသေးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ရှုလျှင်ရှုခြင်းတော့ မြင်မှ မြင်နိုင်ပါဦးမလား . . . မမြင်နိုင်ပါဘုရား။ မမြင်နိုင်သေးပေးဘူး။

ရတယ်။ ကိုယ်အစိုးရပါရဲ့လား . . . ကိုယ်အစိုးမရပါဘုရား။ ကိုယ် အစိုးမရတာဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . အနတ္တပါဘုရား။ မတွေ့ရပါဘူးလား . . . တွေ့ရပါတယ်ဘုရား။ တွေ့ရတယ်။

အနိစ္စ ဒုက္ခ အနတ္တ မထင်သွားပါဘူးလား . . . ထင်သွားပါ တယ်ဘုရား။ နေရာကျသွားပြီ။ လောဘ ဒေါသ မောဟဟိတ်တွေ မကောင်းတဲ့ဟိတ်တွေ ပယ်နိုင်သမျှ ပယ်လို့ရသွားပြီ။ ကောင်းတဲ့ဟိတ် အလောဘ အဒေါသ အမောဟတွေ တိုးတက်နိုင်သမျှ တိုးတက်လာပြီ ဖြစ်တယ်။

နောက် ဆရာသမားတွေ ညွှန်ပြတဲ့အတိုင်း ဆင့်ကာဆင့်ကာ ရှုမှတ်လို့ ဉာဏ်စဉ်တစ်ဆင့် တက်သွား၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက် သွားတော့ ပြောင်းပြန် ပြန်ဖြစ်သွားတယ်။ လေးလံတာ ထိုင်းမှိုင်းတာ တွေလည်း မရှိတော့ပေဘူး။ နာတာ ကျင်တာ အောင့်တာတွေလည်း မရှိတော့ပေဘူး။ မူးတာ ယားတာတွေလည်း မရှိတော့ပေဘူး။ ပေါ့ပါး သွက်လက်ပြီး ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်း ပေါ့ပါး၊ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ်ကလည်း နူးညံ့ စိတ်ကလည်း နူးညံ့။

သမ္မသနဉာဏ်တုန်းကတော့ ယောဂီက စိတ်ဆိုးနေတတ်တယ်။ စိတ်တွေလည်း ညစ်နေတတ်တယ်။ တချို့တချို့သော ယောဂီများ တော်တော်ကို ဆိုးနေတာပါပဲ။ ကမ္မဋ္ဌာန်းဆရာကိုတောင်မှ ပြန်ပြန်ပြီး ပြောနေတတ်တယ်။ ပြန်ပြီး လျှောက်ထားနေတတ်ကြတယ်။

ကြွတယ်၊ လှုပ်းတယ်၊ ချတယ်လို့ မှတ်တဲ့အခါမှာလည်း ခြေ ထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ ကြွတယ်လို့ မှတ် တဲ့အခါ အပေါ်ကို တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက်သွားတဲ့ သဘောတွေ ကို သိနိုင်သမျှသိအောင် စူးစိုက်ရတယ်။ လှုပ်းတယ်လို့ မှတ်တဲ့အခါ မှာလည်း ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကို ခွာနိုင်သမျှခွာ၊ ရွေ့ကို တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ရွေ့သွားတဲ့သဘောတွေကို သိနိုင်သမျှသိအောင် စူးစိုက်ရတယ်။ ချတယ်လို့ မှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် ဒြပ်ကြီးကို ခွာနိုင်သမျှခွာ၊ အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ရွေ့ကျ သွားတဲ့ သဘောတွေကိုတော့ သိနိုင်သမျှသိအောင် မစူးစိုက်ရပါဘူး လား . . . စူးစိုက်ရပါတယ်ဘုရား။

ဤကဲ့သို့ ပညတ်ကို ခွာခွာပြီးတော့ ဖောင်းတဲ့အမူအရာ ပိန်တဲ့ အမူအရာ ကြွတဲ့အမူအရာ လှုပ်းတဲ့အမူအရာ ချတဲ့အမူအရာ အထူးထူး အပြားပြားတွေကိုလိုက်ပြီး မရှုရပါဘူးလား . . . ရှုရပါတယ်ဘုရား။ ရှုရတဲ့အတွက်ကြောင့် အဲဒီလို ရှုရတာကို ဘာလို့ခေါ်ပါသလဲ . . . ဝိပဿနာလို့ ခေါ်ပါတယ်ဘုရား။

နောက်ဆင့်ကာဆင့်ကာ ရှုမှတ်လို့ သမာဓိဉာဏ်တွေ ရင့်ကျက်လာ၍ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တို့သို့ ရောက်လာတဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို မြင်လို့ရှိရင် အခုပြောခဲ့ပြီးတဲ့အတိုင်း အကျိုးတရားတွေ ရရှိနိုင်ပါတယ်။ သမ္မသန ဉာဏ်သို့ ရောက်လာရင် အနိစ္စ ဒုက္ခ အနတ္တတွေ သုံးသပ်ဆင်ခြင်ပြီး သိလာပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ် ရုပ်နာမ်ကွဲတဲ့အဆင့်မှာတော့ အနိစ္စ တွေ ဒုက္ခတွေ အနတ္တတွေ မထင်ရှားလာသေးပေဘူး။ ပစ္စယပရိဂ္ဂဟ

ဉာဏ်ရောက်လာတဲ့အခါမှာလည်း မထင်ရှားသေးပေဘူး။ အကြောင်းနှင့် အကျိုးမျှသာ ထင်ရှားကြတယ်။ သမ္မသနဉာဏ်သို့ ရောက်လာတဲ့အခါ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ သုံးသပ်ဆင်ခြင်ပြီးတော့ သိလာကြတယ်။ သမ္မသနဉာဏ်သို့ ရောက်လာတဲ့အခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဟု ရှုမှတ်လို့ မကြာသေးမီ တစ်ခါတစ်ခါ (၁၀)မိနစ်၊ (၁၅)မိနစ်ခန့်လောက်မှာပင် နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာ၊ အော့ချင်၊ အန်ချင်ရှိတာ၊ ယိမ်းတာ၊ ယိုင်တာ၊ ဖိတာ၊ လေးတာ၊ တွန်းနေတာ၊ ဆွဲနေတာများကို မတွေ့ရပါဘူးလား . . . တွေ့ရပါတယ်ဘုရား။ ဩော် . . . ဒီခန္ဓာကြီး ခံလိုက်ရတာ၊ ဒုက္ခတုံး ဒုက္ခခဲကြီးပါလားလို့ မထင်လာပါဘူးလား . . . ထင်လာပါတယ်ဘုရား။

ဘဝဆိုးတွေ မြင်တတ်ပုံ

ထိုင်၍ ရှုမှတ်စဉ် အာရုံနိမိတ်တွေကလည်း ဘာတွေထင်လာတတ်ပါသလဲဆိုတော့ အသုဘတွေချည်းပဲ ထင်လာတတ်တယ်။ အလောင်းကောင်တွေ၊ အရိုးစုတွေ မထင်လာတတ်ပါဘူးလား . . . ထင်လာတတ်ပါတယ်ဘုရား။ သမာဓိဉာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဘဝါဘဝက ဘဝဟောင်းတွေကဆိုးခဲ့တဲ့ ဘဝအမျိုးမျိုးတွေကိုလည်း မြင်တတ်တယ်။ တချို့တချို့ကလည်း အတိတ်ဘဝက မိကျောင်းဖြစ်ခဲ့လို့ မိမိခန္ဓာကိုယ်ဟာ မိကျောင်းပုံသဏ္ဌာန်ကြီးလို၊ အတိတ်ဘဝက လိပ်ဖြစ်ခဲ့လို့ မိမိခန္ဓာကိုယ်ဟာ လိပ်ပုံသဏ္ဌာန်ကြီးလို အမျိုးမျိုး ထင်နေတတ်ကြပေတယ်။ ကြံခင်းမြို့၊ တရားစခန်းတစ်ခုဌ် တရားထိုင်မှတ်

လိုက်လျှင် သူ့ခန္ဓာကိုယ် နဂါးပုံသဏ္ဌာန်ဖြစ်ဖြစ်သွားလို့ ဆရာတော်ကြီးများက ယောဂီတစ်ဦးကို နဂါးယောဂီဟု အမည်ပေးထားဖူးပါတယ်။

သမ္မသနဉာဏ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိပုံ

ဤကဲ့သို့ သမ္မသနဉာဏ်၌ ယောဂီမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလည်းဖြစ်နေရ၊ အဲဒီ ပုံသဏ္ဌာန်ဆိုးကြီးများကိုလည်း တွေ့ရတော့ 'ဩော် . . . မိမိဘဝဟောင်းတွေက တယ်ဆိုးခဲ့ပါလား'ဟု ဝမ်းနည်းပြီး ချုံးချုံးချ မငိုရပါဘူးလား . . . ငိုရပါတယ်ဘုရား။ ဩော် . . . ဆင်းရဲလိုက်တာ၊ မဆင်းရဲပါဘူးလား . . . ဆင်းရဲပါတယ်ဘုရား။ ဤခန္ဓာကိုယ်ကြီးကို ဒုက္ခပဲဟု သုံးသပ်ပြီးတော့ သိတယ်။ ဒုက္ခလို့ သုံးသပ်ပြီးတော့သိတာ သမ္မသနဉာဏ် ဖြစ်တယ်။

နာတာ ကျင်တာတွေကလည်း တစ်မျိုးပြီးတစ်မျိုး၊ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပြီး နာလိုက် ကျင်လိုက် အောင့်လိုက် ဖြစ်နေတော့ မြဲပါရဲ့လား . . . မမြဲပါဘုရား။ မမြဲပါလားလို့ သုံးသပ်ပြီးတော့ မသိပါဘူးလား . . . သိပါတယ်ဘုရား။ မမြဲခြင်း အနိစ္စလို့ သုံးသပ်ပြီးတော့ သိတာ သမ္မသနဉာဏ် ဖြစ်တယ်။

ဝိပဿနာတရား လာအားထုတ်တာ ချမ်းချမ်းသာသာနဲ့ အားထုတ်ချင်လို့ လာခဲ့တာ အခု ဒီဉာဏ်ကျတော့ ချမ်းချမ်းသာသာနဲ့ အားထုတ်လို့ရပါရဲ့လား . . . မရပါဘုရား။ နာတာ ကျင်တာ ကိုက်ခဲတာတွေ လိုချင်လို့ ဝိပဿနာတရား လာအားထုတ်တာပါလား . . . မဟုတ်ပါဘုရား။ မဟုတ်ပေမဲ့ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်နေ

အနိစ္စ ဒုက္ခ အနတ္တ မမြင်သွားပါဘူးလား . . . မြင်သွားပါတယ်ဘုရား။ ဘယ်တရားရှုလို့ပါလဲ . . . သတိပဋ္ဌာန်ဝိပဿနာတရား ရှုလို့ပါဘုရား။ အနိစ္စ ဒုက္ခ အနတ္တတွေမြင်တော့ လောဘ ဒေါသ မောဟ မကောင်းတဲ့ဟိတ်(၃)ပါးကို ပယ်ပြီးသား မဖြစ်သွားပါဘူးလား . . . ဖြစ်သွားပါတယ်ဘုရား။ ကောင်းတဲ့ဟိတ်(၃)ပါးက အဆင့်ဆင့် မတိုးပွားလာပါဘူးလား . . . တိုးပွားလာပါတယ်ဘုရား။ နေရာမကျပါဘူးလား . . . နေရာကျပါတယ် ဘုရား။

ဒါကြောင့် တရားနာပရိတ်သတ်များ ဝိပဿနာရှုနေရတာဟေတုပစ္စည်း အနေနဲ့ မကောင်းတဲ့ဟိတ်တွေကို ပယ်တယ်။ ကောင်းတဲ့ဟိတ်တွေကိုလည်း တိုးပွားရရှိစေတယ်။ ဆင့်ကာဆင့်ကာရှုမှတ်လို့ ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့အခါ ဖြစ်တာက မထင်ရှားတော့ပေဘူး။ ပျက်ပျက်သွားတာကပဲ ထင်ရှားတယ်။ ဖောင်းတယ်လို့ မှတ်လိုက်ရင် ဖောင်းတဲ့အမူအရာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ဖောင်းဆုံးမှာ ကုန်ပျက်ကုန်ပျက်သွားတာ ထင်ထင်ရှားရှား တွေ့သိလာရတယ်။ ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ပိန်တဲ့အမူအရာလေး ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်သွားတာ။ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်တဲ့အခါမှာလည်း ကြွတဲ့ လှမ်းတဲ့ ချတဲ့ အမူအရာလေးတွေ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာကို ပကတိသော မျက်စိနဲ့ မြင်ကြသလို တွေ့မြင်ကြရတယ်။

နောက်တော့ သမာဓိဉာဏ်တွေ တဆင့်ရင့်ကျက်အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်လို့ မှတ်လိုက်သည်ရှိသော် ဖောင်း

သမ္မသနဉာဏ်၌ ပြန်လျှောက်ထားပုံ

ကမ္မဋ္ဌာန်းဆရာက “ယောဂီမှာ ရှုမှတ်လို့သာ မကောင်းတာ၊ တရားသဘောအရတော့ ကောင်းနေပါတယ်။ ဆိုးတဲ့ဉာဏ်မှာ ဆိုးတာတွေ့ရတာ တရားကောင်းတယ်ဟု ဆိုရပါတယ်”ဟု ပြောသောအခါ “အရှင်ဘုရားကသာ ကောင်းတယ်ဟု ပြောနေတယ်။ တပည့်တော်ကတော့ သေရတော့မယ်”ဟု ပြန်ပြောတယ်။ ပြန်ပြီးလျှောက်ထားတယ်။

သမ္မသနဉာဏ်သို့ ရောက်နေကြတဲ့ အချို့သော ယောဂီများက ဤကဲ့သို့လည်း လျှောက်ထားကြတယ်။ “တပည့်တော် အိမ်မှာ နေစဉ်က စိတ်တွေ ဤမျှလောက် မဆိုးပါဘူး၊ အရှင်ဘုရားတို့ ရိပ်သာရောက်မှ တပည့်တော်၏ စိတ်တွေ ဆိုးလာကုန်တယ်”ဟု ကမ္မဋ္ဌာန်းဆရာတော်ကို အပြစ်တင်တဲ့အနေဖြင့် လျှောက်ထားကြတယ်။ ဘယ်ဉာဏ်ရောက်နေလို့လဲ . . . သမ္မသနဉာဏ်ရောက်နေလို့ပါဘုရား။ ဤကဲ့သို့ လျှောက်ထားလာသောအခါ ကမ္မဋ္ဌာန်းဆရာများက တရားရစေရန် အတွက် စိတ်ရှည်ရှည်ထား၍ ပြုပြင်ပေးကြရပါတယ်။

ဆရာသမားတွေ ညွှန်ကြားလိုက်တဲ့အတိုင်း ဆင့်ကာဆင့်ကာ မှတ်လို့ အခုပြောတဲ့အတိုင်း ဥဒယဗ္ဗယဉာဏ်ရောက်တော့ ပြောင်းပြန်ပဲ။ ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး၊ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ့်ကလည်းနူးညံ့၊ စိတ်ကလည်းနူးညံ့။ ကာယကမ္မညတာ စိတ္တကမ္မညတာ = ကိုယ်ကလည်း ခဲ့ကျန်း၊ စိတ်ကလည်း ခဲ့ကျန်း။ ကာယပါဂုညတာ စိတ္တပါဂုညတာ = ကိုယ်ကလည်း လေ့လာပြီးသား၊ စိတ်ကလည်း လေ့လာပြီးသား။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ် အလိုလို မှတ်နေသကဲ့သို့ ရှုမှတ်နေရတယ်။ ကာယိက

သုခ စေတသိကသုခတွေဖြစ်လို့ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ ရှုမှတ်နေရတယ်။ ဝိပဿနာ ပိတိသုခတွေနဲ့ တွေ့နေရလို့၊ အဲဒီ ဝိပဿနာ ပိတိ သုခတွေနဲ့ ပျော်မွေ့နေရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန် တို့သော်မှ မပျော်မွေ့နိုင်တဲ့ ပျော်မွေ့ခြင်းကို ရရှိနေကြပေတယ်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အ မာနုသီ ရတီ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

သုညာဂါရံ = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့
ပဝိဋ္ဌဿ = ဝင်လျက်
သန္တစိတ္တဿ = ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍
သမ္မာ = ကောင်းစွာ
ဓမ္မံ = ရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်း သဘောကို
ဝိပဿတော = ဝိပဿနာရှုသော
ဘိက္ခုနော = ဘေးကိုရှုတတ်ယောဂီမြတ်အား
အ မာနုသီ = လူသာမန် မတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော
ရတီ = ဝိပဿနာပိတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်
ဟောတိ = ဖြစ်၏။
ဣတိ = ဤသို့
ဘဂဝါ = မြတ်စွာဘုရားသည်
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓု

ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ် ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီး ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို ရှုမှတ်ပြီတော့နေလိုက်တာ၊ ဝိပဿနာ ပိတိသုခတို့နဲ့ ပျော်မွေ့ပြီးနေလိုက်ရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တို့ပင် မပျော်မွေ့နိုင်တဲ့ ပျော်မွေ့ခြင်းနဲ့ ပျော်မွေ့နေတယ်။ ဤကဲ့သို့ ပျော်မွေ့ခြင်းကို ဝိပဿနာတရား ရှုမှတ်တဲ့ပုဂ္ဂိုလ်မှ ပျော်မွေ့နိုင်တယ်။

ဝိပဿနာရှုမှတ်လို့ အဆင့်ဆင့် ဉာဏ်စဉ်တွေ မြင့်တက်သွားသည်ရှိသော် ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါ အဆင့်ဆင့်ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတာ၊ ပိတ်တယ်လို့ မှတ်လိုက်တဲ့အခါ အဆင့်ဆင့် ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတာ၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်လိုက်တဲ့အခါမှာလည်း အဆင့်ဆင့် ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတာကို မြင်ကြရတယ်။ အလျင်အမြန် ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတော့ မမြဲပါလား၊ မမြဲပါလားဟု စိတ်ထဲမှာ မထင်လာပါဘူးလား . . . ထင်လာပါတယ်ဘုရား။ မမြဲဘူးဆိုတာ မြန်မာလို ဖြစ်တယ်။ ပါဠိလို ကျတော့ . . . အနိစ္စပါဘုရား။ ဖြစ်တာ ပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလားဟု ထင်မြင်လာတယ်။ ဆင်းရဲပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . ဒုက္ခပါဘုရား။ ဒီလို ဖြစ်ပျက် နှိပ်စက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့မရဘူး။ သူ့သဘော အတိုင်း သူဖြစ်ပျက် နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရပါလားဟု ထင်မြင်လာတယ်။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . အနတ္တပါဘုရား။

အာရမ္မဏပစ္စည်း ။ ။ (၁) အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။
(၂) ဓာတ်ရုပ်ကြီးမှာ အပဒ္ဒ လေသလပ်မှု၊ အတွင်း၌ ဓာတ်သားချင်း ကြိတ်မှု ရှိမှုသာလျှင် ဓာတ်မီးဖြစ်ပေါ်နိုင်သကဲ့သို့ အာရုံ (၆)ပါး ထိခိုက်မှုရှိမှုသာ ထိခိုက်ရာ ဌာန၌ ဝိညာဏ် (၆)ပါး၊ နာမက္ခန္ဓာ (၄)ပါးတို့ ဖြစ်ပေါ်နိုင်ကြသည်ကို "အာရမ္မဏပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	ပညတ်+ နာမ်+ရုပ်	နာမ်	အာရမ္မဏ (ဥပနိဿယ)

၁။ ရူပါယတနံ	စက္ခုဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
နိဒါန်း	အာရမ္မဏပစ္စယောတိ	အာရမ္မဏပစ္စည်းဆိုသည်မှာ	
အကြောင်း	ရူပါယတနံ	အဆင်းမျိုးစုံတို့သည်	
အကျိုး	စက္ခုဝိညာဏဓာတုယာ	မြင်သိစိတ်အားဇင်း	
	တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	ထိုမြင်သိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မနဉ္စ	စေတသိက်တရားတို့အားဇင်း	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

တဲ့အမူအရာလေးတွေလည်း ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါလိုက်၍ ကုန်ပျက်သွားတာ၊ ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ပိန်တဲ့အမူအရာလေး ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါလိုက်၍ ကုန်ပျက်သွားတာ၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ၊ ကြွတဲ့ လှမ်းတဲ့ ချတဲ့ အမူအရာလေးတွေလည်း ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါ လိုက်ပြီးတော့ ကုန်ပျက်ကုန်ပျက်သွားတာများကို မြင်ကြရတော့ ဖောင်းတဲ့ ပိန်တဲ့ ကြွတဲ့ လှမ်းတဲ့ ချတဲ့ အမူအရာ ရုပ်တရားတွေလည်း မမြဲဘူး၊ မှတ်သိစိတ်လည်း မမြဲဘူး။ ကုန်ပျက်ကုန်ပျက်တာ တွေ့ရတော့ မြဲတယ်လို့ ထင်ပါတော့မလား . . . မထင်တော့ပါဘုရား။ မမြဲဘူးဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . အနိစ္စပါဘုရား။ အနိစ္စပါလား။

ကုန်ပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲပါလား၊ ဆင်းရဲပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ ဒုက္ခပါဘုရား။ ဒီလို ကုန်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုများ ကာကွယ်လို့ရပါမလဲ၊ ဘယ်လိုမှ ကာကွယ်လို့ မရပါလား။ သူသဘောအတိုင်း သူကုန်ပျက် နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား၊ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . အနတ္တပါဘုရား။ အနိစ္စ ဒုက္ခ အနတ္တ ဉာဏ်အမြင်တွေ ပိုင်သွားတဲ့အခါ တရားနာပရိတ်သတ်များ ဘယ်ကိုရောက်သွားကြပါမလဲ . . . နိဗ္ဗာန်သို့ ရောက်သွားပါမည်ဘုရား။

အနိစ္စ ဒုက္ခ အနတ္တတွေမြင်တော့ ဟေတုပစ္စည်းထဲက လောဘ ဒေါသ မောဟဆိုတဲ့ မကောင်းတဲ့ဟိတ်တွေကို ပယ်ပြီးသား ဖြစ်သွား တယ်။ အလောဘ အဒေါသ အမောဟဆိုတဲ့ ကောင်းတဲ့ဟိတ်တွေကို တိုးတက်ကြီးပွားလာစေတယ်။ နေရာမကျပါဘူးလား . . . နေရာ ကျပါတယ်ဘုရား။ ဟေတုပစ္စည်းတရားကို ဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဤကဲ့သို့ ယနေ့ ယခုအခါ၌ ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသပါဠိ တော်လာ ဟေတုပစ္စည်းတရားတော်ကို နာကြားရသဖြင့် နာကြားရ သောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိ တို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တို့ကို၊ ဒုက္ခ ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့် ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း . . .။

ဆရာတော်ဘုရား ပေးသနားတော်မူတဲ့ဆုနဲ့ ပြည့်စုံရပါလို၏၊ ဘုရား။

သာဓု . . . သာဓု . . . သာဓု

(၂) အာရမ္မဏ ပစ္စယောတိ

ရူပါယတနံ ၊ စက္ခုဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ၊ သောတဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ၊ ဃာန ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

ရသာယတနံ၊ ဇိဝှါ ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ၊ ကာယဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ မနောဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ၊ မနောဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

ယံယံ ဓမ္မံ၊ အာရဗ္ဘ၊ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဆောင်ပုဒ် ။ ။ ဝိညာဏ်ခြောက်ဖြာ၊ ဖြစ်ပေါ်လာ၊ မှန်စွာပွင့်မာတ်မည်။

ဆောင်ပုဒ် ။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုကကုသလာ။

ဆောင်ပုဒ် ။ ။ နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်းအကုသာ။

ဆောင်ပုဒ် ။ ။ ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိရမည်။
သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။

ဆောင်ပုဒ် ။ ။ ဖြစ်တိုင်းရှုပ်နာမ်၊ ချုပ်ပျက်ဟန်၊ ဧကန်ရှုရမည်။

ဆောင်ပုဒ် ။ ။ လက္ခဏာစစ်တွင်၊ တစ်ခုမြင်၊ အကုန်ပင် သိတော့သည်။

ဆောင်ပုဒ် ။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဆောင်ပုဒ် ။ ။ ပညတ်အာရုံ၊ မြဲနေပုံ၊ ရှုတုံသမထမည်။

ဆောင်ပုဒ် ။ ။ ပရမတ်အာရုံ၊ မမြဲပုံ၊ ရှုတုံဝိပဿ်မည်။

ဆောင်ပုဒ် ။ ။ ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတစ်မည်၊
ဝါယောဓာတ်၊ ရှုမှတ်မြတ်ယောဂီ။

ဆောင်ပုဒ် ။ ။ သစ်ပင်ဖျားခ်၊ ငှက်နားပမာ၊ အာရုံငါးပါး၊
ထိခြားထင်လာ၊ မြေခ်ငှက်ရိပ်၊ ခတ်နှိပ်ပမာ၊
မနောပေါက်၊ ဆိုက်ရောက်လေသည်သာ။

ဆောင်ပုဒ် ။ ။ အတွင်းခြောက်ထွေ၊ မြို့နယ်မြေ၊ တူလေဥပမာ။

ဆောင်ပုဒ် ။ ။ အပြင်ခြောက်ထွေ၊ ခိုးသားတွေ၊ တူလေဥပမာ။

ဆောင်ပုဒ် ။ ။ သတိပဋ္ဌာန်ပေ၊ မြို့စောင့်တွေ၊ တူလေဥပမာ။

၂။ သဒ္ဒါယတနံ	သောတဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	သဒ္ဒါယတနံ	အသံမျိုးစုံတို့သည်	
အကျိုး	သောတဝိညာဏဓာတုယာ	ကြားသိစိတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထိုကြားသိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၃။ ဃာနာယတနံ	ဃာနဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	ဃာနာယတနံ	အနံ့မျိုးစုံတို့သည်	
အကျိုး	ဃာနဝိညာဏဓာတုယာ	နံသိစိတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထိုနံသိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၄။ ရသာယတနံ	ဇိဝှါဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	ရသာယတနံ	အရသာမျိုးစုံတို့သည်	
အကျိုး	ဇိဝှါဝိညာဏဓာတုယာ	စားသိစိတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထိုစားသိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၇။ သဗ္ဗေ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	သဗ္ဗေ ဓမ္မာ	ခပ်သိမ်းကုန်သော အာရုံ ၆ ပါးတို့သည်	
အကျိုး	မနောဝိညာဏဓာတုယာ	ကြံသိစိတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထို ကြံသိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၈။ ယံ ယံ ဓမ္မံ အာရဗ္ဘ	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ		
တေ တေ ဓမ္မာ	တေသံ တေသံ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	ယံ ယံ ဓမ္မံ အာရဗ္ဘ	အကြောင် အာရုံ ၆ ပါးတို့အား အာရုံပြု၍	
အကျိုး	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ	အကြောင် အကြောင်သို့သော စိတ် စေတသိက်တို့သည်	
	ဥပ္ပဇ္ဇန္တိ	ဖြစ်ကြကုန်၏	
အကြောင်း	တေ တေ ဓမ္မာ	ထို ထို အာရုံ ၆ ပါးတို့သည်	
အကျိုး	တေသံ တေသံ ဓမ္မာနံ	ထို ထိုသော စိတ် စေတသိက်တို့အား	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

ဆောင်ပုဒ် ။ ။ ဆင်း သံ နံ့ သာ၊ တွေ့ ဓမ္မာ၊ ခြောက်ဖြာတိုက်မာတ်မည်။

ဆောင်ပုဒ် ။ ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ပါ ဤခြောက်ဖြာ၊ မှန်စွာခံမာတ်မည်။

၅။ ဖောဋ္ဌဗ္ဗာယတနံ	ကာယဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
အကြောင်း	ဖောဋ္ဌဗ္ဗာယတနံ	အတွေ့မျိုးစုံတို့သည်	
အကျိုး	ကာယဝိညာဏဓာတုယာ	ထိသိ သိစိတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထို ထိသိ သိစိတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၆။ ရူပါယတနံ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ	အာရမ္မဏပစ္စယေန	ပစ္စယော
သဒ္ဒါယတနံ			
ဂန္ဓာယတနံ			
ရသာယတနံ			
ဖောဋ္ဌဗ္ဗာယတနံ			
အကြောင်း	ရူပါယတနံ	အဆင်းမျိုးစုံတို့သည်	
	သဒ္ဒါယတနံ	အသံမျိုးစုံတို့သည်	
	ဂန္ဓာယတနံ	အနံ့မျိုးစုံတို့သည်	
	ရသာယတနံ	အရသာမျိုးစုံတို့သည်	
	ဖောဋ္ဌဗ္ဗာယတနံ	အတွေ့မျိုးစုံတို့သည်	
အကျိုး	မနောဓာတုယာ	အာရုံကိုခံယူသည့် မနောဓာတ်အားလုံး	
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားလုံး	
အကြောင်းသတ္တိ	အာရမ္မဏပစ္စယေန	အာရုံဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

တွေ ဖြစ်လာတယ်။ အပေါ်မျက်ခွံက အပေါ်သို့တက်၊ အောက်မျက်ခွံက အောက်သို့ကျ၊ အတွင်းက အားယူနေတာကို 'ကြည့်တယ်၊ ကြည့်တယ်'လို့ ရှုမှတ်ရပေတယ်။ မြင်လာတဲ့အခါကျတော့မှ မြင်ခါမျှမတ္တာမှာ တည်အောင် 'မြင်တယ်၊ မြင်တယ်'လို့ ရှုရပါတယ်။ (၃)ဆင့် ရှုမှတ်လိုက်လျှင် မြင်ခါမျှမတ္တာမှာ တည်အောင် ရှုမှတ်လို့ ရသွားကြပါတယ်။

ကြည့်ချင်တယ်၊ ကြည့်ချင်တယ်'လို့ ရှုရတာက ကြည့်ချင်တဲ့စိတ်ကို ရှုရတဲ့အတွက်ကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ မရပါဘူးလား . . . ကုသိုလ်တွေရပါတယ်ဘုရား။ 'ကြည့်တယ်၊ ကြည့်တယ်'လို့ ရှုရတဲ့အခါကျတော့ ကြည့်ရတဲ့ မျက်လုံးအမူအရာ ကိုယ်ကာယကို ရှုရတဲ့အတွက်ကြောင့် ဘာသတိပဋ္ဌာန် ဖြစ်ပါသလဲ . . . ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပါတယ်ဘုရား။ ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေရပေတယ်။ 'မြင်တယ်၊ မြင်တယ်'လို့ မြင်ခါမျှမတ္တာသဘောမှာ တည်အောင်၊ မြင်ရတဲ့ သဘောတရားမျှလေးမှာ တည်အောင် ရှုမှတ်ရတဲ့အတွက်ကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ကုသိုလ်တွေ ရရှိပေတယ်။ ဝိပဿနာ အခြေခံရှိတဲ့ ပုဂ္ဂိုလ်များ နေရာမကျကြပါဘူးလား. . . နေရာကျပါတယ်ဘုရား။ တစ်ခါကြည့်လိုက်တာ ကုသိုလ်တွေ (၃)မျိုးတောင် ရရှိသွားတယ်။

တရားနာပရိတ်များ၊ ယောဂီများရဲ့ သန္တာန်မှာ အကျဉ်းချုပ်အားဖြင့် ရုပ်တရား၊ နာမ်တရား နှစ်ပါးပဲရှိတယ်။ အဲဒီ ရုပ်တရား၊ နာမ်တရားနှစ်ပါးလုံးသည်လည်း ဖြစ်ပြီးတာနဲ့ ကုန်ပျက်၊ ဖြစ်ပြီးတာနဲ့ ကုန်ပျက်သွားတာပါပဲ။ တစ်ခဏလေးတောင် မတည်ပေဘူး။ အဲဒီ

ဝိပဿနာရှုမှတ်ခြင်းဖြင့် အလွန်ကြမ်းတဲ့အာရုံတွေ ပယ်နိုင်ပုံ

အထူးသဖြင့်တော့ အနိဋ္ဌာရုံ ဆန့်ကျင်ဘက်အာရုံတွေ မမြင်ချင်တဲ့ အာရုံတွေ၊ မတွေ့ချင်တဲ့ အာရုံတွေ၊ အလွန်ကြမ်းတမ်းတဲ့ အာရုံတွေနဲ့ သွားတွေ့ရတဲ့အခါ တစ်ခါတစ်ခါ နှလုံးသွင်းလို့မရတော့ပေဘူး။ စိတ်တွေဆိုး ဒေါမနဿတွေ မဖြစ်တတ်ပါဘူးလား . . . ဖြစ်တတ်ပါတယ်ဘုရား။ နှလုံးသွင်းမှုက တစ်ခါတစ်ခါလည်း နိုင်တယ်။ တစ်ခါတစ်ခါလည်း မနိုင်ပေဘူး။ ဘာနဲ့နိုင်အောင် ကုစားရမလဲဆိုတော့ ရှုမှတ်မှုနဲ့ ကုစားရမယ်။

ရှုမှတ်မှုကတော့ အနိုင်ဆုံးပါပဲ။ ရှုမှတ်မှုလေး ဖြစ်သွားတာနဲ့ ဒီဒေါသ ဒေါမနဿတွေ ဖြစ်ခွင့်မရတော့ဘူး။ 'စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်' 'စိတ်ညစ်တယ်၊ စိတ်ညစ်တယ်' ဟု ရှုရတယ်။ သမာဓိဉာဏ်အားကောင်းရင်တော့ စိတ်ဆိုး စိတ်ညစ်တာတွေ ပျက်ပျက်သွားတာမြင်ရမယ်။ သမာဓိဉာဏ်က အားနည်းနေလို့ရှိရင်လည်း မမြင်ရပေဘူး။ မမြင်ရတော့ ဘယ်လိုမျှား ရှုရမလဲဆိုတော့ ကိုယ်ကာယမှာ ရွှေ့ပြီး တော့ ရှုရမယ်။ မိမိက စိတ်ကိုရှုလို့ မနိုင်ရင် ဘယ်ကို ရွှေ့ရှုရပါ့မလဲ . . . ကိုယ်ကာယကို ရွှေ့ပြီးတော့ မှတ်ရပါမယ်ဘုရား။ ကိုယ်ကာယ ကို ရွှေ့ပြီးတော့ မှတ်ရမယ်။

ထိုင်လျက်ဆိုရင်လည်း 'ထိုင်တယ်၊ ထိတယ်' 'ထိုင်တယ်၊ ထိတယ်' 'ဖောင်းတယ်၊ ပိန်တယ်' 'ဖောင်းတယ်၊ ပိန်တယ်'လို့ အမှတ်ဖြစ်သွားတာနဲ့ ဒီဒေါသ ဒေါမနဿဖြစ်မှ ဖြစ်ပါတော့မလား . . .

မဖြစ်တော့ပါဘုရား။ စိတ်ဟာ တစ်ချိန်တည်းမှာ နှစ်ခုပြိုင်ပြီးတော့ ဖြစ်လို့ မရပေဘူး။ အမှတ်ဖြစ်သွားတာနဲ့ပ ဒေါသ ဒေါမနဿတွေ တဒင်္ဂ် တဒင်္ဂ် ကင်းပြတ်သွားတယ်။ ပယ်ပြီးသား ဖြစ်မသွားပါဘူးလား . . . ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။

သွားလျက်ဆိုလို့ရှိရင်လည်း 'ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်' 'ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်' 'ကြွတယ်၊ ချတယ်' ကြွတယ်၊ ချတယ်' 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်'လို့ မှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီဒေါသ ဒေါမနဿတွေဖြစ်နေတာ မရှိတော့ဘူး။ အမှတ်က မပယ်လိုက်ပါဘူးလား . . . ပယ်လိုက်ပါတယ်ဘုရား။ ရပ်လိုက်နဲ့ ဆိုရင်လည်း 'ရပ်တယ်၊ ရပ်တယ်'လို့ မှတ်လိုက်တာနဲ့ အမှတ်ဖြစ်သွားတာနဲ့ပ ဒေါသ ဒေါမနဿတွေ ဖြစ်ခွင့်မရတော့ပေဘူး။ ဝိပဿနာက တော့ မနိုင်ပါဘူးလား . . . နိုင်ပါတယ်ဘုရား။ အနိုင်ဆုံးပဲ။ တရားနာ ပရိတ်သတ်များကတော့ ဝိပဿနာကို တကယ်အားကိုးကြတာ ဖြစ်တယ်။ အားကိုးရာအစစ် မဖြစ်ပါဘူးလား . . . အားကိုးရာအစစ် ဖြစ်ပါတယ်ဘုရား။

ကိုယ့်ကိုယ်သည်သာ အားကိုးရာ အစစ်ဖြစ်တယ်။ သူတစ်ပါးဟာ မိမိရဲ့ အားကိုးရာ ဘယ်မှာဟုတ်နိုင်ပါ့မလဲ၊ ကိုယ့်ကိုယ်ကို ဘယ်လို အားကိုးရမလဲ မြတ်စွာဘုရားက မိန့်ကြားပါတယ်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါး ပွားများနေတာ ကိုယ့်ကိုယ်ကို အားကိုးနေတာဖြစ်တယ်။ အားမကိုးရပါဘူးလား . . . အားကိုးရပါတယ်ဘုရား။ အကုသိုလ်တွေဆိုတာက ရန်သူတွေ၊ ကုသိုလ်တွေဆိုတာက မိတ်ဆွေတွေ၊ ဆွေမျိုး မိဘတွေပဲ

ဖြစ်တယ်။ အကုသိုလ်တွေကို ပယ်နိုင်ဖို့ရာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေ မပွားများရပါဘူးလား . . . ပွားများရပါတယ်ဘုရား။ အားကိုးရာအစစ်ဖြစ်တယ်။ တရားနာပရိတ်သတ်များ အားကိုးရာအစစ်ကိုတော့ ရထားလို့ နေရာကျပြီးဖြစ်တယ်။

ရှုမှတ်ဖို့ရာကတော့ အာရုံ(၆)ပါးက ဒွါရ(၆)ပါး အကြည်ဓာတ်(၆)ဖြာမှာ လာတိုက်၍ ဝိညာဏ်ဖြစ်တဲ့ အခိုက်အတန့်လေးမှာ ရှုရမယ်။ ဖြစ်ခိုက်မှာ ရှုမှတ်ရမယ်။

ဖြစ်ခိုက်ကိုရှုမှ သဘာဝ သဘောလေးတွေကို သိရမယ်။ သဘောကိုသိမှ ဥဒယ- က ဖြစ်၊ ဝယ-က ပျက်။ "ဖြစ်ပျက်ကိုသိမှ အနိစ္စမြင်၊ အနိစ္စမြင်မှ ဒုက္ခထင်၊ ဒုက္ခထင်မှ အနတ္တမြင်၊ အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်" ဆိုတဲ့အတိုင်း အနတ္တဉာဏ်တွေ ပိုင်သွားတဲ့အခါ တရားနာပရိတ်သတ်များ ကောင်းမှုတွေ ပြုတိုင်းပြုတိုင်း ဆုတောင်းခဲ့တဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်သွားတာပါပဲ။

ဝိပဿနာဉာဏ်တွေ ထူထောင်ရတာတော့ ဘယ်ကနေစပြီးတော့ ထူထောင်ရပါသလဲဆိုရင် ကာယကနေစပြီး ထူထောင်နေရတယ်။ ဝိပဿနာဉာဏ်တွေ အားရှိထက်သန်လာတဲ့အခါကျတော့ မျက်စိကလည်း ရှုလို့ရ၊ နားကလည်း ရှုလို့ရ၊ နှာခေါင်းကလည်း ရှုလို့ရ၊ လျှာကလည်း ရှုလို့ရ၊ ကိုယ်ကလည်း ရှုလို့ရ၊ စိတ်ကလည်း ရှုလို့ရတာ ဖြစ်သွားတာပါပဲ။ မြင်ခါမျှမတ္တမှာ တည်အောင် ရှုရတယ်။

စကြီ်လျှောက်နေတဲ့ ယောဂီမှာ မကြည့်မဖြစ်တဲ့အာရုံဖြစ်လို့ ကြည့်မှဖြစ်မယ်ဆိုရင်တော့ 'ကြည့်ချင်တယ်၊ ကြည့်ချင်တယ်'လို့ ရှေးဦးစွာ ရှုမှတ်ရပါတယ်။ ထို့နောက်မှ ကြည့်တဲ့ မျက်လုံးအမူအရာ

ပျက် ကုန်ပျက်သွားတာ တွေ့ရပြန်တယ်။ မမြဲဘူးဆိုတာ သိသွားကြတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တွေ ဖြစ်သွားကြတယ်။

ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော ဒွါရ(၆)ပါးလုံးမှာ လှည့်လည်ပြီးတော့ ရှုမှတ်လို့ ရသွားပါတယ်။ ဒွါရ(၆)ပါးလုံး လုံခြုံသွားတာနဲ့ တစ်ပြိုင်နက်တည်း (၅)ဒွါရကို ပိတ်ထားပြီး တစ်ဒွါရကနေ ရှုမှတ်ရမယ်။

အာရမ္မဏပစ္စည်းဖြင့် ဝိပဿနာ တရားရှုမှတ်ပုံ

"အရှင်ဘုရားကို ကမ္မဋ္ဌာန်းတရား ပေးတော့မယ်။ အရှင်ဘုရား သတိထားပြီးတော့ နားထောင်ပါ။ တောထဲမှာ တောင်ပို့တစ်ခုရှိပါတယ်။ အပေါက်က (၆)ပေါက်ရှိပါတယ်။ အဲဒီတောင်ပို့ထဲမှာ ဖွက်တစ်ကောင် ဝင်နေပါတယ်။ အဲဒီဖွက်ကို လိုချင်တဲ့ ယောကျ်ားဟာ (၅)ပေါက်က ပိတ်ထားပြီးတော့ တစ်ပေါက်က စောင့်ဖမ်းရပါတယ်"။

"အရှင်ဘုရားသန္ဓာန်မှာလည်း ဒီအတိုင်းပဲ။ မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော ဒွါရ(၆)ပါး အပေါက်(၆)ပေါက် ရှိပါတယ်။ (၅)ဒွါရကို ပိတ်ပြီးတော့ တစ်ဒွါရကနေ ရှုရပါမယ်"ဟု ကိုရင်လေး မိန့်ကြားလိုက်တော့ အရှင်ပေါဠိလ သဘောတွေကျသွားပါတယ်။ "ကိုရင်. . . ဒီမျှနဲ့ပဲ တပည့်တော်အတွက် ကမ္မဋ္ဌာန်းပေးတာ ပြည့်စုံသွားပါပြီ"။ မှောင်မိုက်ထဲမှာရှိတဲ့ အဖိုးတန်ပစ္စည်းကို မီးထွန်းပြလိုက်သလို ချက်ချင်းသိသွားတယ်။ အားထုတ်လိုက်တာ မကြာမီအချိန်အတွင်းမှာပဲ ရဟန္တာဖြစ်သွားပါတယ်။ ကိုရင်လေးပေးတဲ့ ကမ္မဋ္ဌာန်း

ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွတ်ပြီးတော့ ရှုမှတ်တတ်တာဟာလည်း ကွန်ဒြေထက်ကြောင်းတရား တစ်ပါးဖြစ်တယ်။ တရားတွေ မြန်မြန်တွေ့၊ တရားထူး တရားမြတ်တွေ မြန်မြန်ရဖို့ရာဖြစ်တယ်။ မှတ်သားဖွယ်ရာ ဆောင်ပုဒ်လေးပါ ဆိုကြမယ်။

ဆောင်ပုဒ် ။ ။ ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟန်၊ ဧကန်ရှုရမည်။

ရုပ်တရား နာမ်တရားနှစ်ပါးလုံး ကုန်ပျက် ချုပ်ပျက်တဲ့ဘက်ကို စိတ်ကိုညွတ်ပြီး ရှုမှတ်တတ်တာဟာလည်း ကွန်ဒြေထက်ကြောင်းတရား တွေတက်ကြောင်း တစ်ပါးဖြစ်ပေတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု ရှုမှတ်နေတဲ့အခါမှာ ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွတ်ပြီးတော့ ရှုမှတ်ပေးရမယ်။ ဖောင်းတယ်လို့ ရှုမှတ်တဲ့အခါမှာ ရှုမှတ်ပြီးတာနဲ့ ဖောင်းတာလေး မရှိတော့ပေဘူး။ ပိန်တယ်လို့ ရှုမှတ်ရတာ အသစ်လား၊ အဟောင်းလား . . . အသစ်ပါဘုရား။ အသစ်ပဲဖြစ်ပေတယ်။ ရှုမှတ်ပြီးတာနဲ့ ကုန်သွားပြီး ပျက်သွားတာကို သိနိုင်လောက်အောင် စိတ်ကို စူးစိုက်ထားရမယ်။ ကုန်ပျက်တဲ့ဘက်ကို စိတ်ကို ညွတ်ထားရပေတယ်။

တစ်ကယ်စင်စစ်တော့ ကုန်ပျက်နေတာပဲလို့ ကုန်ပျက်တာတွေကို မြင်နိုင်လောက်အောင် စိတ်ကို အလေးပြုထားတော့ သမာဓိပိုမဖြစ်ပါဘူးလား . . . သမာဓိ ပိုဖြစ်ပေတယ်။

သမာဓိဖြစ်လာလို့ သမာဓိတွေ အားကောင်းလာတဲ့အခါ ဝိပဿနာဉာဏ် ဖြစ်လာပေတယ်။ ဝိပဿနာဉာဏ်ဖြစ်လာ၍ ကွန်ဒြေငါးပါး ညီသွားတဲ့အခါ ကုန်ပျက်တာလေးတွေ အသင့်အတင့် တွေ့

ဆောင်ပုဒ်။ ။ လက္ခဏာစစ်တွင်၊ တစ်ခုမြင်၊ အကုန်ပင်သိတော့သည်။

သန္တတိပစ္စုပ္ပန်ကို တည့်နိုင်သမျှတည့်အောင်၊ မိနိုင်သမျှမိအောင် စူးစိုက်ရပါတယ်။ ဝမ်းပိုက်ပုံသဏ္ဌာန် ပညတ်ကြီးကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။

ဝိပဿနာတရား ရှုမှတ်တဲ့အခါမှာ ပစ္စုပ္ပန်လည်းတည့်အောင်၊ ပရမတ်ကိုလည်းသိအောင် စူးစိုက်ဖို့ရာတို့သည် အရေးကြီးတဲ့ အချက်တွေပင် ဖြစ်ပေတယ်။

ဆောင်ပုဒ်။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဝိပဿနာစစ်စစ်ဖြစ်အောင် ဘယ်လိုများ ရှုရပါမလဲ?

ပညတ်ပုံသဏ္ဌာန်ဖြပ်တွေကို ခွာနိုင်သမျှခွာ၊ ပရမတ်သဘောတရားတွေကို သိနိုင်သမျှသိအောင် စူးစိုက်ပြီး ကုန်ပျက်တဲ့ဘက်ကနေပြီးတော့ ရှုမှတ်ရမယ်လို့ ပြောပြရပေမယ်။

ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ ကုန်ပျက်တာတွေ မြင်တဲ့အခါ ဒွါရ(၆)ပါးကနေ လှည့်ပြီးရှုလို့ ရသွားတတ်ပါတယ်။ အထူးသဖြင့် နားကရတဲ့ပုဂ္ဂိုလ်ကတော့ များပါတယ်။ မျက်စိကရတဲ့ပုဂ္ဂိုလ်က နည်းနည်း နည်းပေတယ်။

စွဲလမ်းစရာ အာရုံတွေကြောင့် စိတ်ကူးကြံစည်မှုလေးတွေ ဖြစ်လာတယ်ဆိုလို့ရှိရင် 'စိတ်ကူးတယ်၊ ကြံစည်တယ်'လို့ မှတ်လိုက်တဲ့အခါ စိတ်ကူးကြံစည်မှုလေးတွေ တစ်ချက်မှတ်၊ တစ်ချက်ပျောက် ကုန်ပျက်သွားတာ သမာဓိဉာဏ် အားကောင်းတဲ့ပုဂ္ဂိုလ်တွေ တွေ့ကြရတယ်။ သမာဓိဉာဏ်တွေ အားရှိလာတော့ မှတ်သိစိတ်ပါ လိုက်လိုက်ပြီး ကုန်

လာတတ်ပါတယ်။ ကုန်ပျက်တဲ့ဉာဏ်အဆင့်တော့ မရောက်သေးသော်လည်း ကုန်ပျက်တာလေးတွေကို ဣန္ဒြေငါးပါး ထက်သန်ညီမျှတဲ့အခါ တစ်ခါတစ်ရံ တွေ့လာတတ်ပါတယ်။

ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ ကုန်ပျက်တာတွေကို ပကတိသော မျက်စိဖြင့် မြင်ရလသို့ ထင်ထင်ရှားရှား တွေ့ကြပါတယ်။

နောက်သမာဓိဉာဏ်တစ်ဆင့် ရင့်ကျက်အားရှိ ထက်သန်လာတဲ့အခါ မှတ်စရာအာရုံသာ ကုန်ပျက် ကုန်ပျက်သွားတာ မဟုတ်ဘူး။ မှတ်သိစိတ်ပါ ကုန်ပျက် ကုန်ပျက်သွားတာကို တစ်ဆင့်မြင်ကြပြန်ပါတယ်။

ဖောင်းတယ်လို့ မှတ်လိုက်ရင် ဖောင်းတဲ့အမူအရာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါ လိုက်ပြီး ကုန်ပျက်သွားတာ။ မှတ်သိစိတ်ပါ လိုက်ပြီး ကုန်ပျက်သွားတာကို မြင်ကြတယ်။ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်'လို့ မှတ်နေတဲ့အခါ ကြွတဲ့အမူအရာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါလိုက်ပြီးတော့ ကုန်ပျက်သွားတာ။

ကုန်ပျက်တာတွေကို မြင်တဲ့အခါ မှတ်စရာအာရုံ ရုပ်တရားတွေလည်း မမြဲဘူး။ မှတ်သိစိတ် နာမ်တရားလည်း မမြဲဘူးလို့၊ မမြဲဘူးဆိုတာ အနိစ္စပါဘုရား။ ကုန်ပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသလိုဖြစ်၍ ဆင်းရဲပါလား။ ဒုက္ခပါဘုရား။ ဘယ်လိုမှ ကာကွယ်လို့မရဘူး။ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေတာပဲ ကိုယ်အစိုးမရပါလား။ အနတ္တပါဘုရား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ကိုယ်တိုင်တွေ့ရတော့ ဝမ်းသာဖြစ်စရာ မကောင်းပါဘူးလား။

၂။ ဝိရိယာဓိပတိ	ဝိရိယသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ		အဓိပတိပစ္စယေန	ပစ္စယော
အကြောင်း	ဝိရိယာဓိပတိ	ဝိရိယဟုဆိုအပ်သော အဓိပတိသည်		
အကျိုး	ဝိရိယသမ္မယုတ္တကာနံ	ဝိရိယနှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနံ	စိတ် စေတသိက်တရားတို့အားဖြင်း		
	တံ သမုဋ္ဌာနာနံ	ထို စိတ် စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော		
	ရူပါနဉ္စ	ရုပ်တရားတို့အားဖြင်း		
အကြောင်းသတ္တိ	အဓိပတိပစ္စယေန	အကြီးမျူးဟူသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၃။ စိတ္တာဓိပတိ	စိတ္တသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ		အဓိပတိပစ္စယေန	ပစ္စယော
အကြောင်း	စိတ္တာဓိပတိ	စိတ်ဟုဆိုအပ်သော အဓိပတိသည်		
အကျိုး	စိတ္တသမ္မယုတ္တကာနံ	စိတ်နှင့် ယှဉ်ကုန်သော		
	ဓမ္မာနံ	စိတ် စေတသိက်တရားတို့အားဖြင်း		
	တံ သမုဋ္ဌာနာနံ	ထို စိတ် စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော		
	ရူပါနဉ္စ	ရုပ်တရားတို့အားဖြင်း		
အကြောင်းသတ္တိ	အဓိပတိပစ္စယေန	အကြီးမျူးဟူသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

နည်း နေရာမကျပါဘူးလား ။ ။ ။ နေရာကျပါတယ်ဘုရား။

မျက်စိ နား နှာ လျှာ ကိုယ်ဆိုတဲ့ (၅)ဒွါရကို ပိတ်ထားရမယ်။ မနောဒွါရကနေ ရှုနေရပါမယ်ဘုရား။

မျက်စိမှာကျလာတဲ့ အာရုံကို မနောဒွါရကနေ ရှုရပါမယ်ဘုရား။

နားမှာကျလာတဲ့ အာရုံကို မနောဒွါရကနေ ရှုရပါမယ်ဘုရား။

နှာခေါင်းမှာကျလာတဲ့ အာရုံကို မနောဒွါရကနေ ရှုရပါမယ်ဘုရား။

လျှာမှာကျလာတဲ့ အာရုံကို မနောဒွါရကနေ ရှုရပါမယ်ဘုရား။

ကိုယ်မှာကျလာတဲ့ အာရုံကို မနောဒွါရကနေ ရှုရပါမယ်ဘုရား။

ဒီမှာ သဘာဝကျကျ စဉ်းစားစရာ မျက်စိမှာကျတဲ့အာရုံကို ဘယ်နှယ် မနောဒွါရက တခြားကနေရှုလို့ ရမှရပါမလားဘုရား။

ဒွါရ(၅)ပါးမှာကျလာတဲ့ အာရုံတွေဟာ မနောဒွါရသို့ ချက်ချင်းပဲ ရောက်လာတာဖြစ်ပါတယ်။ ဥပမာအားဖြင့် မွန်းတည့်ချိန်မှာ သစ်ပင်ဖျား၌ ငှက်တွေ လာနားတယ်။ နားလိုက်တာနဲ့ တစ်ပြိုင်နက်တည်း မြေမှာ အရိပ်တွေ သွားပြီး မထင်ပါဘူးလား ။ ။ ။ ထင်ပါတယ်ဘုရား။

အဲဒီလိုပဲ ဒွါရ(၅)ပါးမှာ ကျလာတဲ့အာရုံတွေဟာ မနောဒွါရကို ချက်ချင်းပဲ ရောက်လာတယ်။ မနောကနေ ရှုလို့မရပါဘူးလား ။ ။ ။ ရှုလို့ရပါတယ်ဘုရား။

ကိုရင်လေးပေးတဲ့ ကမ္မဋ္ဌာန်းသည် အခုတရားနာပရိသတ်များ ရှုနေတဲ့ကမ္မဋ္ဌာန်းနဲ့ မတူပါဘူးလား ။ ။ ။ တူပါတယ်ဘုရား။

ဆင်းရဲတာတွေ ချမ်းသာတာတွေကို မကြံစည်နေကြနဲ့။

မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော ကိုယ့်ခန္ဓာကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရမယ်။

မြို့နယ်မြေရယ်၊ သူပုန်သူကန် ခိုးသားဓားပြတွေရယ်၊ အစောင့်စစ်သားတွေရယ်လို့ ဘယ်နှမျိုးရှိပါသလဲ ။ ။ ။ သုံးမျိုးရှိပါတယ်ဘုရား။ မိမိတို့ရဲ့သန္တာန်မှာလည်း မြို့နယ်မြေနဲ့တူတဲ့ အတွင်း အဖျတ်တိကာယ တန(၆)ပါး။ သူခိုး သူပုန် ဓားပြတွေနဲ့တူတဲ့ အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အရသာရသာရုံ၊ အတွေ့အထိဖောဋ္ဌဗ္ဗာရုံ၊ သဘောဓမ္မာရုံ ဆိုတဲ့ ဗာဟိရာယတန (၆)ပါး။ အစောင့်စစ်သားတွေနဲ့တူတဲ့ သတိပဋ္ဌာန်တရား(၄)ပါး ရှိနေပေတယ်။ အာရုံ(၆)ပါးကတော့ ခိုးသားဓားပြတွေနဲ့တူတယ်။

(၃) အဓိပတိ ပစ္စယောတိ

ဆန္ဒာဓိပတိ၊ ဆန္ဒ သမ္မယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော။

ဝီရိယဓိပတိ၊ ဝီရိယ သမ္မယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ၊ စိတ္တ သမ္မယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ၊ ဝီမံသ သမ္မယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော။

ယံယံ ဓမ္မံ၊ ဂရုံကတ္ဝာ၊ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ၊ အဓိပတိပစ္စယေန ပစ္စယော။

အဓိပတိပစ္စည်း။ ။ (၁) အကြီးအမှူးဖြစ်၍ကျေးဇူးပြုတတ် သော တရား လည်းကောင်း၊

(၂) အထူးအားဖြင့် ခင်မင်ကြသော အာရုံမျိုးကို "အဓိပတိပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်+ရုပ်	နာမ် + ရုပ်	အဓိပတိ (သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာနင်္ဂ၊ မဂ္ဂင်္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ)

၁။ ဆန္ဒာဓိပတိ	ဆန္ဒသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ	အဓိပတိပစ္စယေန ပစ္စယော
နိဒါန်း	အဓိပတိပစ္စယောတိ	အဓိပတိပစ္စည်းဟူသည်မှာ
အကြောင်း	ဆန္ဒာဓိပတိ	ဆန္ဒဟုဆိုအပ်သော အဓိပတိသည်
အကျိုး	ဆန္ဒသမ္မယုတ္တကာနံ	ဆန္ဒနှင့် ယှဉ်ကုန်သော
	ဓမ္မာနံ	စိတ် စေတသိက်တရားတို့အားဖြင့်
	တံ သမုဋ္ဌာနာနံ	ထို စိတ်စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော
	ရူပါနဉ္စ	ရုပ်တရားတို့အားဖြင့်
အကြောင်းသတ္တိ	အဓိပတိပစ္စယေန	အကြီးမှူးဟူသော သတ္တိဖြင့်
နိဂုံး	ပစ္စယော	အကျိုးပြုသည်
	ဟောတိ	ဖြစ်၏

အခုတော့ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ မရပါလား။ ကိုယ်အစိုးမရပါလား။ အနတ္တကို သုံးသပ်ဆင်ခြင်ပြီးတော့ သိတယ်။ သမ္မသနဉာဏ် ဖြစ်တယ်။

စိတ္တာဓိပတိဖြစ်လာအောင် အားထုတ်ရတယ်။ အမှတ်စိပ်စိပ် မှတ်လိုက်တာနဲ့ မကြာမီရက်အတွင်းမှာပဲ ယောဂီတရားတက်သွားပါတယ်။ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားပါတယ်။ ရောက်သွားတာနဲ့ ပြောင်းပြန်ဖြစ်သွားပါတယ်။

ဥဒယဗ္ဗယဉာဏ် အနုပိုင်းရောက်ရှိသူ

တရားမှတ်ခါစက တစ်နာရီမှာ တစ်ခါ နှစ်ခါ ပြင်ခဲ့ရတဲ့ ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့အခါ တစ်ခါမှ မပြင်ရတော့ပေဘူး။ နဂိုထဲက မပြင်ရတဲ့ ယောဂီပုဂ္ဂိုလ်ကျတော့ (၂)နာရီ၊ (၃)နာရီ၊ (၄)နာရီ၊ (၅)နာရီ စသဖြင့် တစ်ဆက်တည်း ထိုင်သွားနိုင်တယ်။ ကိုယ်ကလည်းခဲ့ကျန်း၊ စိတ်ကလည်းခဲ့ကျန်းတာ မှတ်စရာ အာရုံနဲ့ မှတ်သိစိတ်တို့သည် အလိုလို မှတ်နေရသကဲ့သို့ ယောဂီမှာ ကြောင့်ကြသိပ်မစိုက်ရတော့ပေဘူး။ ဥဒယဗ္ဗယဉာဏ် အနုပိုင်းသို့ ရောက်တဲ့ ယောဂီများ မကြာခဏ လျှောက်ထားကြတယ်။ ဥဒယဗ္ဗယဉာဏ် အနုပိုင်းရောက်လို့ ချမ်းသာခွင့် ရသွားတယ်။

၄။ ဝိမံသာဓိပတိ	ဝိမံသ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ	အဓိပတိပစ္စယေန	ပစ္စယော
အကြောင်း	ဝိမံသာဓိပတိ	ပညာဟုဆိုအပ်သော အဓိပတိသည်	
အကျိုး	ဝိမံသ သမ္မယုတ္တကာနံ	ပညာနှင့် ယှဉ်ကြကုန်သော	
	ဓမ္မာနံ	စိတ် စေတသိက်တရားတို့အားဖြင်း	
	တံ သမုဋ္ဌာနာနံ	ထို စိတ် စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော	
	ရူပါနဉ္စ	ရုပ်တရားတို့အားဖြင်း	
အကြောင်းသတ္တိ	အဓိပတိပစ္စယေန	အကြီးမျှားဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

၅။ ယံ ယံ ဓမ္မံ ဂရုံ ကတွာ	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေသကိကာ ဓမ္မာ	အဓိပတိပစ္စယေန	ပစ္စယော
အကြောင်း	ယံ ယံ ဓမ္မံ ဂရုံ ကတွာ	အကြင် အာရုံ ၆ ပါးတို့အား အလေးအနက်ပြု၍	
အကျိုး	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေသကိကာ ဓမ္မာ	အကြင် အကြင်သို့သော စိတ် စေတသိက်တို့သည်	
	ဥပ္ပဇ္ဇန္တိ	ဖြစ်ကြကုန်၏	
အကြောင်း	တေ တေ ဓမ္မာ	ထို ထို အာရုံ ၆ ပါးတို့သည်	
အကျိုး	တေသံ တေသံ ဓမ္မာနံ	ထို ထိုသော စိတ် စေတသိက်တို့အား	
အကြောင်းသတ္တိ	အဓိပတိပစ္စယေန	အကြီးမျှားဟူသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

ဆောင်ပုဒ် ။ ။ ကောင်းကျိုးများစွာ၊ ဆက်စပ်ကာ၊ ဟောတာ ပဋ္ဌာန်းမည်။

ဆောင်ပုဒ် ။ ။ ဆန္ဒာ ဝီရိယ စိတ္တာတစ်ဖြာ၊ ဝီမံသာ၊ လေးဖြာ အဓိပတိ။

ဆောင်ပုဒ် ။ ။ ပညာတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဆောင်ပုဒ် ။ ။ တေနှင့်ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ်တာထင်ရှား သည်။

ဆောင်ပုဒ် ။ ။ ပနှင့်အာမာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှား သည်။

ဆောင်ပုဒ် ။ ။ အရိယာမဂ်တွေ၊ ရလိုပေ၊ ကျင့်လေသတိပဋ္ဌာန်။ နိဗ္ဗာန်မသွေ၊ ရောက်လိုပေ၊ ကျင့်လေသတိ ပဋ္ဌာန်။

ဆောင်ပုဒ် ။ ။ မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ။

ဆောင်ပုဒ် ။ ။ နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင်ပင်း ပမာ။

ဆောင်ပုဒ် ။ ။ နိဗ္ဗာန်သွားရာ၊ လမ်းဖြောင့်မှာ၊ ဝိပဿနာဖြစ် ပေသည်။

ဆောင်ပုဒ် ။ ။ နိဗ္ဗာန်ရပ်သာ၊ ဘေးကင်းရာ၊ မှန်စွာဖြစ်ပေ သည်။

ဆောင်ပုဒ် ။ ။ မဂ္ဂင်ရှစ်ဖြာ၊ ယာဉ်ဖြင့်သာ၊ မှန်စွာသွားရသည်။

ဆောင်ပုဒ် ။ ။ မဂ္ဂင်ယာဉ်မှာ၊ ဘီးနှစ်ဖြာ၊ ကောင်းစွာတပ်ထား သည်။

ဆောင်ပုဒ် ။ ။ ကာယ စိတ္တ၊ ဘီးနှစ်ဝ၊ လုံးဝသံမမြည်။

ဆောင်ပုဒ် ။ ။ ဟိရိတရား၊ နောက်မှီကား၊ မခြားတူပေသည်။

ဆောင်ပုဒ် ။ ။ သတိတရား၊ ကာရံများ၊ မခြားတူပေသည်။

ဝီမံသာဓိပတိဖြစ်ပုံ

တရားနာပရိတ်သတ်တို့ရဲ့ သန္တာန်မှာလည်း အဓိပတိတရား ဖြစ်နေကြပါတယ်။ ဘယ်လိုအချိန်အခါမှာ ဖြစ်ပါသလဲဆိုတော့ ဝိပဿနာတရား အားထုတ်တဲ့အချိန်မှာ ဖြစ်တာများကြပေတယ်။ တရားတွေ မတွေ့တွေ့အောင် အားထုတ်မယ်ဆိုတာ ဆန္ဒပဲဖြစ်တယ်။ ဆန္ဒာဓိပတိ ထိုက်ပါတယ်။

ရိပ်သာထဲကို ရောက်လာပြီးတဲ့အခါ ကြိုးကြိုးစားစား အားထုတ်နေတာ ဝီရိယာဓိပတိ ဖြစ်ပါတယ်။

ဝိပဿနာဉာဏ်စဉ်တွေက အမျိုးမျိုးရှိကြပါတယ်။ ရကို ရရမယ်ဆိုတဲ့ စိတ်မရှိပါဘူးလား။ စိတ္တာဓိပတိ ထိုက်ပါတယ်ဘုရား။

ဆိုးတဲ့ဉာဏ်စဉ်တွေ ရောက်သွားတဲ့အခါ စိတ်ဓာတ်တွေ ကျဆင်းသွားတယ်။ စိတ္တာဓိပတိထိုက်အောင် ပြန်ဟောပေးရပါတယ်။

သမ္မသနဉာဏ် - တတိယဉာဏ်သို့ ရောက်လာတဲ့အခါ "တချို့ တချို့သော ယောဂီကျတော့ နဂိုကလည်း သမာဓိဉာဏ်အခြေခံ မရှိခဲ့တော့ ဒီဉာဏ်သို့ ရောက်တဲ့အခါ သိပ်ပြီး ထင်ထင်ရှားရှား တွေ့ရတယ်။" ဆင်းရဲပါလား၊ ဒုက္ခပါဘုရား။

ဒီဒုက္ခဝေဒနာတွေကလည်း မမြဲဘူး၊ ဒီတစ်ခဏအတွင်းမှာပင် အမျိုးမျိုး ပြောင်းလဲနေတာ အနိစ္စပါဘုရား။

ပစ္စယပရိဂ္ဂဟဉာဏ်ကို ရောက်ရှိသည်ရှိသော် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေတဲ့အခါ ယောဂီက သိသိလာတယ်။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ တွေက အကြောင်းပဲ။ မှတ်သိစိတ်က အကျိုးပဲ။

နောက်တော့ တစ်ဆင့် သိမ်မွေ့သွားတဲ့အခါ "ထိုင်တယ်၊ ထိတယ်" မှတ်ရမယ်။

"ယောဂီ . . . အထွေထွေအမှတ်တွေ မှတ်လို့ရပြီလား" "မရသေးပါဘုရား" နာမရူပပရိစ္ဆေဒဉာဏ်မှာ မရသေးဘူး။ မှတ်အားကနည်းနေသေးတယ်။ သမာဓိဉာဏ်အားနည်းတော့ မှတ်လို့မရသေးဘူး။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်သွားတယ်။ အခုပြောခဲ့တဲ့အကြောင်းနှင့် အကျိုးသိတဲ့ဉာဏ်သို့ ရောက်သွားတဲ့အခါ ယောဂီ အထူးသတိထားလို့ရှိရင် အကြောင်းနှင့်အကျိုးတွေ ကွဲနေတော့ ဘယ်လိုနေရာတွေမှာ ပိုထင်ရှားလဲဆိုရင် ဣရိယာပုတ်လေးပါးမှာ ပိုထင်ရှားတယ်။

တရားထိုင်ရာက ထရတော့မယ်ဆိုရင် အမြန်မထလိုက်ပါဘဲနဲ့ မျက်စိကို မှိတ်ထားပြီး စိတ်က "ထချင်တယ်၊ ထချင်တယ်"ဟု ရှေးဦးစွာ မှတ်ရတယ်။

ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်လို့ ခန္ဓာကိုယ်အပေါ်သို့ ရွှေ့ရွှေ့တက်သွားတာကို "ထတယ်၊ ထတယ်"လို့ ရှုမှတ်ရပေတယ်။ ခန္ဓာကိုယ်အမူအရာ အပေါ်ကို ရွှေ့ရွှေ့တက်သွားတာကိုတော့ "ထတယ်"လို့ ခေါ်တယ်။ "ထတယ်၊ ထတယ်လို့ မှတ်လိုက်တဲ့အခါ အပေါ်ကို ရွှေ့ရွှေ့ပြီးတက်သွားတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီး တက်သွားတာကို တွေ့သိရပါတယ်။ ထချင်တဲ့စိတ်ကြောင့် ထရတာပဲလို့ သိသွားပါတယ်။

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းရောက်ရှိသူ

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်သွားသောအခါ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးက ပျက်။ ပိန်ကစ ဖြစ်၊ ပိန်ဆုံးက ပျက်တာတွေ့သိလာကြရပေတယ်။

ဘင်္ဂဉာဏ်ရောက်လာတော့ ဘင်္ဂဉာဏ် ရင့်ကျက်သွားတဲ့အခါ ဖောင်းတဲ့အမူအရာကလည်း ရိပ်ခနဲ ကုန်ပျက်သွားတာ၊ မှတ်သိစိတ်ပါ နောက်က လိုက်လိုက်ပြီး ကုန်ပျက်သွားတာ။ မှတ်စရာအာရုံ ရုပ်တရားတွေလည်း မမြဲဘူး၊ မှတ်သိစိတ်လည်း မမြဲဘူး။ နှစ်ပါးလုံး မမြဲပါလား၊ အနိစ္စပါဘုရား။ အလွန်လျင်မြန်တော့ နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲပါလား၊ ဒုက္ခပါဘုရား။ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာ၊ ကိုယ်အစိုးမရပါလား၊ အနတ္တပါဘုရား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ်တွေ မြင်သွားတယ်။ အဲဒီ ဘင်္ဂဉာဏ်က အခြေခံ အကောင်းဆုံးပါပဲ။ တရားမြတ်ရတဲ့အထိ ဘင်္ဂဉာဏ်က အခြေခံသွားတာပဲဖြစ်တယ်။

ဘယဉာဏ်ဖြစ်လာတယ်။ ရုပ်နာမ်တွေ ကုန်ပျက်တာတွေက လျင်မြန်လွန်းတော့ ကြောက်စရာကြီးလို ထင်လာတယ်။ ရုပ်နမ်တို့၏ အပျက်တွေက များလှ၍ ပုပ်ဆွေးနေသကဲ့သို့ အပြစ်ကို မြင်လာခြင်းသည် အာဒီနဝဉာဏ်ဖြစ်တယ်။ ငြီးငွေ့လာခြင်းသည် နိဗ္ဗိဒဉာဏ်ဖြစ်တယ်။ ရုပ်နာမ်အပျက်တွေများလှတဲ့ ဤခန္ဓာကိုယ်ကြီးမှ လွတ်မြောက်လိုခြင်းသည် မုဉ္စိတုကမျတာဉာဏ်ဖြစ်တယ်။ ဘယ်ဘုံဘဝကိုမှ မလိုချင်တော့ဘဲ ဖြစ်လာတတ်တယ်။

ပဋိသန္ဓေဉာဏ် အရင်ရှေးတုန်းက ကောင်းခဲ့ပြီးတော့ အခု ပြန်ဆိုးနေတယ်။

စိတ္တာဓိပတိတွေ မကျစမ်းပါနဲ့၊ စိတ်ဓာတ်တွေ မကျဆင်းပါနဲ့။ အားထုတ်ပါ။ ရကို ရနိုင်ပါတယ်။ ယောဂီများကို စိတ္တာဓိပတိဖြစ်အောင် ဟောပြပေးရတယ်။

(၄) ပါးအဓိပတိဖြစ်ပုံ

တရားအားထုတ်မယ်ဆိုတဲ့ ဆန္ဒဟာ အဓိပတိ မထိုက်ပါဘူးလား . . . ထိုက်ပါတယ်ဘုရား။ ရိပ်သာထဲသို့ ဝင်လာပြီး မပြတ် မလပ် ကြိုးစားပြီး အားထုတ်နေတာက ဝီရိယာဓိပတိ မထိုက်ပါဘူးလား . . . ထိုက်ပါတယ်ဘုရား။ ဉာဏ်စဉ်တွေ ဆိုးပင်ဆိုးငြား စိတ်ဓာတ်မကျဘဲ ရအောင် အားထုတ်မယ်လို့ ဆောက်တည်မထား၊ စိတ္တာဓိပတိထိုက်ပေတယ်။

ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်သွားတာ ဝီမံသာဓိပတိ ဖြစ်တာပါပဲ။ ဝီမံသာဆိုတာ ပညာဖြစ်တယ်။

အဆင့်ဆင့် တောင့်တင်း တွန်းကန်တက်လာတာကို သိနိုင်သမျှ သိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးက ပညတ်ပဲ။ ဝိပဿနာရှုဖို့ရာ မဟုတ်ပေဘူး။ တောင့်တင်း တွန်းကန်တဲ့ သဘောတရားက ပရမတ်ပဲ။ ဝိပဿနာရှုဖို့ရာ အာရုံဖြစ်တယ်။ အတွင်းကနေပြီး လှုပ်သွားတဲ့သဘော၊ လျော့သွားတဲ့သဘောကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။ လှုပ်သွား ရွေ့သွားတဲ့ သဘောက ပရမတ် ဖြစ်တယ်။ ဝါယောဓာတ်ရဲ့ လက္ခဏာဖြစ်တယ်။

ဝိပဿနာအရာမှာ ပရမတ်ကို မှတ်ရပါတယ်။ ဖောင်းတဲ့အခါ တောင့်တင်း တွန်းကန်တဲ့သဘော၊ ပိန်တဲ့အခါ လျော့သွားတဲ့သဘောတွေကို သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။

ကြွတယ်လို့ အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက်သွားတဲ့ သဘောကို သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။ လှမ်းတယ်လို့ ရှေ့သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့သွားတဲ့သဘောကို သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။ ချတယ်လို့ အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ကျသွားတဲ့သဘောက ပရမတ်ပဲ။ အဆင့်ဆင့်ရွေ့နေတဲ့အစဉ် သန္ဋတိပစ္စုပ္ပန်ကိုလည်း မိအောင် မှတ်တတ်သွားပြီဆိုရင် အပေါ်ကို ရွေ့ရွေ့ပြီး တက်သွားတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီး တက်သွားတာကိုလည်း တွေ့ရလိမ့်မယ်။

ကိုယ်တိုင်တွေ့ရတယ်။ တရား စတွေ့သွားပြီဖြစ်တယ်။ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ တရားစတွေ့ဖို့ အရေးမကြီးပါဘူးလား . . . အရေးကြီးပါတယ်ဘုရား။ တရားတွေ တွေ့သွားပြီးရင် တရားတက်ဖို့ရာ သိပ်မခက်တော့ပါဘူး။

ဘယ်တရားတွေကို တွေ့ရသလဲဆိုတော့ ပေါ့ပေါ့ပြီးတော့ အပေါ်ကို တက်သွားတာ၊ ပေါ့ပေါ့ပြီးတော့ ရှေ့ကို ရွေ့သွားတာကို တွေ့ရတာက တေဇောနှင့် ဝါယောရဲ့ သဘောကို တွေ့ရတာဖြစ်တယ်။

ခန္ဓာကိုယ်မှာ ထင်ရှားစွာဖြစ်နေတဲ့ရုပ်တရားတွေပဲ ဖြစ်တယ်။

ချလိုက်တဲ့အခါ လေးလေးပြီးကျတာကို တွေ့ရတာက ပထဝီနဲ့ အာပေါရဲ့ သဘောကို တွေ့ရတာဖြစ်တယ်။

နန္ဒဝန်ဥယျာဉ်ကြီးထဲက လွတ်မြောက်ချင်တယ်ဆိုရင် ဘယ်လမ်းက သွားရမလဲ၊ ဝိပဿနာလမ်းကပဲ သွားရမယ်။

သင်သွားရမည့် အရပ်ကတော့ ဘေးကင်းတဲ့ အရပ်ဆိုတာ နိဗ္ဗာန်အရပ်ပဲတဲ့။

ကာယိကဝီရိယဆိုတာ ခန္ဓာကိုယ်တည့်တည့်မတ်မတ်ရှိအောင်၊ ခေါင်းလေးတည့်တည့်မတ်မတ်ရှိရအောင် ကြောင့်ကြစိုက်ထားရပါတယ်။ အဲဒီ ဝီရိယလည်း ရှိစေရမယ်။

စေတသိကဝီရိယဆိုတာ ပေါ်ရာပေါ်ရာ အာရုံလေးတွေ ပေါ်ခိုက်ပေါ်ခိုက်မှာ မှတ်နိုင်ရအောင် ကြောင့်ကြစိုက်ထားရတယ်။ ဖောင်းတာ ပေါ်လာလို့ရှိရင် ဖောင်းတယ်လို့ မှတ်နိုင်ရအောင် ကြောင့်ကြမစိုက်ရပါဘူးလား . . . ကြောင့်ကြစိုက်ရပါတယ်ဘုရား။ ပိန်တာပေါ်လာလို့ရှိရင် မှတ်နိုင်ရအောင် ကြောင့်ကြစိုက်ရပါတယ်ဘုရား။ ထိုင်တာသိအောင်၊ ထိတာသိအောင် ကြောင့်ကြစိုက်ရပါတယ်ဘုရား။

နာတာကို ပိုင်းပိုင်းခြားခြားသိအောင် အဲဒီလို စိတ်ကနေပြီးတော့ ကြောင့်ကြစိုက်နေတာကို စေတသိကဝီရိယလို့ ခေါ်ပါတယ်။

ဟိရီ၊ ဩတ္တပ္ပဆိုတာ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ နောက်မှီခုံနဲ့ တူတယ်။ နောက်မှီခုံမရှိလို့ရှိရင် လူတွေနောက်ကို လန်လန်မကျသွားပါဘူးလား။ ဒုက္ခများကြတယ်။ ပုဂ္ဂိုလ်သတ္တဝါတွေမှာ သူတော်ကောင်းတွေမှာ ဟိရီ၊ ဩတ္တပ္ပ မရှိလိုရှိရင် သီလပျက်၊ သီလပျက်လို့ရှိရင် သမာဓိပျက်၊ သမာဓိပျက်လို့ရှိရင် ဝိပဿနာဉာဏ်လည်း မဖြစ်တော့ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်နိုင်တော့ပေဘူး။ ဟိရီ၊ ဩတ္တပ္ပဟာ နောက်မှီခုံနဲ့ တူပါတယ်။

ထရာကနေ သွားရတော့မယ်ဆိုတော့ "သွားချင်တယ်၊ သွားချင်တယ်"လို့ ရှုမှတ်ရပါတယ်။ သွားချင်တဲ့စိတ်ကြောင့် သွားရတာပဲလို့ အမှတ်လည်း စိပ်လို့ရသွားပြီ ဖြစ်တယ်။

ရပ်ရတော့မယ်ဆိုရင် "ရပ်ချင်တယ်၊ ရပ်ချင်တယ်"လို့ မှတ်ရတယ်။ "ရပ်တယ်၊ ရပ်တယ်"လို့ မှတ်ရတယ်။ ရပ်ချင်တဲ့စိတ်ကြောင့် ရပ်ရတာပဲ။ ရပ်ချင်တဲ့စိတ်က အကြောင်း၊ ရပ်တဲ့အမူအရာများက အကျိုးတရားလို့ သိသွားပါတယ်။

ထိုင်ရတော့မယ် "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်" မမှတ်ရပါဘူးလား။ "ထိုင်တယ်၊ ထိုင်တယ်"လို့ မှတ်ရတယ်။ တစ်ရွှေ့ပြီးတစ်ရွှေ့ အောက်သို့ ရွှေ့ကျသွားတဲ့ သဘောလေးကတော့ ပရမတ်ပဲ။ သူ့ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရတယ်။ ထိုင်ချင်တဲ့စိတ်က အကြောင်း၊ ထိုင်တဲ့ ကိုယ်အမူအရာများက အကျိုးတရားဖြစ်တယ်။

လျောင်းချရတော့မယ် "လျောင်းချင်တယ်၊ လျောင်းချင်တယ်" ဟု မှတ်ရတယ်။ လေတွေက တွန်းချလိုက်လို့ "လျောင်းတယ်၊ လျောင်းတယ်" ဟု မှတ်ရတယ်။ လျောင်းချင်တဲ့စိတ်က အကြောင်း၊ လျောင်းနေတဲ့ ကိုယ်အမူအရာများက အကျိုးဖြစ်တယ်။

"စိတ္တသမုဋ္ဌာနာနံ ရူပါနံ" မပါလာပါဘူးလား။

ထတဲ့ကိုယ်အမူအရာတို့သည် စိတ္တဇရူပ်တို့ဖြစ်တယ်။ အပေါ်ကို ရွှေ့ရွှေ့တက်သွားတာ စိတ္တဇရူပ်များပဲဖြစ်တယ်။

ထိုင်ချင်တဲ့စိတ်နှင့် ထိုင်ချင်တဲ့ဆန္ဒဟာ အဓိပတိပစ္စည်းတရားလား၊ ပစ္စည်းတရားဖြစ်တယ်။ ကိုယ်အမူအရာများမှာ သာဓိပတိစိတ္တဇရူပ်တွေပဲ ဖြစ်တယ်။

အကြောင်းနှင့်အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရောက်အောင် ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်လိုက်တဲ့ ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပြီဖြစ်တယ်။

အကြောင်းနှင့်အကျိုး မညီမျှတဲ့ အယူဝါဒ ဖြစ်တယ်။ ဖန်ဆင်းဝါဒလို့ ခေါ်တယ်။ အကြောင်းနှင့်အကျိုး မညီတဲ့ဒိဋ္ဌိတစ်မျိုးပဲလို့ ဆိုရပါတယ်။

ယခုလို လူဖြစ်လာရတာ၊ ကောင်းကျိုးတွေနဲ့ တွေ့ရတာလည်း ဘဝါဘဝက ကောင်းတဲ့ ကုသိုလ်ကံတွေ ပြုလုပ်ခဲ့လို့ဆိုတာ မှန်းဆပြီးတော့ သိနိုင်ပါတယ်ဘုရား။

သာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပါပြီ။ အငယ်စားသောတာပန်ဖြစ်သွားပြီ။ အကုသိုလ်တရားတွေက နည်းပါးတော့ အပါယ်ငရဲ ကျပါတော့မလား မကျနိုင်တော့ပေဘူး။ စူဠသောတာပန်ဖြစ်သွားပြီ။

တကယ်တမ်း ထောက်ရာတည်ရာတွေကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေမှ ထောက်ရာတည်ရာ ဖြစ်တယ်။ သံသရာမှာ ထောက်ရာတည်ရာ ရတာဖြစ်တယ်။ သံသရာမှာ ထောက်ရာတည်ရာ ရတာဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ် ရပြီးတဲ့ပုဂ္ဂိုလ် ဆက်ကာဆက်ကာ အားထုတ်လိုက်တဲ့အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့လည်း ရောက်တော့မှာ ဧကန်စင်စစ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ဖို့ရာ သေချာသလောက် ဖြစ်နေပြီဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရားလေးပါး အကျင့်လမ်းစဉ်သည် အပါယ်တံခါးပိတ်စေနိုင်တဲ့ အရိယာမဂ်တွေ ရဖို့ရာ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ဖြစ်တယ်။

အမျိုးကောင်းသားတစ်ယောက် သံသရာရဲ့ အပြစ်တွေမြင်ပြီးတော့၊ လူဘောင်လူလောကရဲ့ အပြစ်တွေမြင်ပြီးတော့၊ လူဘောင်လူလောကရဲ့ အပြစ်တွေမြင်ပြီးတော့ သာသနာ့ဘောင်ဝင်၍ ရဟန်းတရားတွေ အားထုတ်ဖို့ရာ ဝိနည်းသိက္ခာပုဒ်တွေ သင်ကြားတယ်။ တတ်မြောက်သွား၍ ငါးဝါရတဲ့အခါ တောထွက်ပြီးတော့ တရားအားထုတ်တယ်။

မအိပ်ဘဲနဲ့ အားထုတ်တော့ အားအင်တွေကုန်ခန်းပြီး တစ်နေ့သောအခါ လေဖြတ်ပြီးတော့ ပျံလွန်တော်မူသွားတယ်။

နတ်ပြည်ဆိုတာ ရဟန်းတရားအားထုတ်ဖို့ရာ နေရာမဟုတ်ပါဘူး။ နတ်ရဲ့စည်းစိမ်တွေကို ခံစားစံစားဖို့ရာ နေရာဖြစ်ပါတယ်။ အို နတ်သားကြီး ဖြစ်နေပါပကော - ရဟန်းလည်း မဟုတ်တော့ပေဘူး။ စိတ်ဓာတ်တွေ အလွန်ကျဆင်းသွားတယ်။ မြတ်စွာဘုရားရှိရာသို့ နတ်ပြည်မှ ဆင်းလာခဲ့တယ်။

ဒါကြောင့် ဒီနန္ဒဝန်ဥယျာဉ်ထဲက တပည့်တော် ဘယ်လိုမျှ ကျော်လွန်အောင် သွားရပါမလဲဘုရား။

အသံမမြည်သော ရထားမည်သည် ကာယိကဝီရိယတည်းဟူသောဘီး၊ စေတသိကဝီရိယတည်းဟူသောဘီးတို့ဖြင့် ကောင်းစွာယှဉ်တပ်ထားအပ်သော မဂ္ဂင်ယာဉ်ရထားပင်တည်း။

အနန္တရပစ္စည်း ။ ။ (၁) အခြားမဲ့ (တစ်ဆက်တည်းအကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။

(၂) တစ်ယောက်သောသတ္တဝါတွင် နာမ်တရားတို့ နှစ်ဌာနပြိုင်၍ ဖြစ်ခြင်း မရှိသည်ကို "အနန္တရပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်းနာမ်	ပစ္စယုပ္ပန်နာမ်	ပစ္စယသတ္တိများ အနန္တရ (သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္မယုတ္တ)

၁။ စက္ခုဝိညာဏာဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
နိဒါန်း	အနန္တရပစ္စယောတိ	အနန္တရပစ္စည်းဆိုသည်မှာ		
အကြောင်း	စက္ခုဝိညာဏာဓာတု	မြင်သိစိတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မြင်သိစိတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဓာတုယာစ	မနောဓာတ်အားဎင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဎင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

သတိတရားကတော့ အကာအရံနှင့်တူတယ်။ တရားနာပရိတ်သတ်များ၊ ယောဂီများ မဂ္ဂင်ယာဉ်ရထားနှင့် သွားတဲ့ပုဂ္ဂိုလ်တွေကလည်း သတိရှိရပါတယ်။ အာရုံအမျိုးမျိုးတွေဝင်ပြီးတော့ မနှောင့်ယှက်နိုင်ရအောင် အကာအရံဆိုတဲ့ သတိမရှိရပါဘူးလား . . . သတိရှိရပါတယ်ဘုရား။ အာရုံ(၆)ပါး ဒွါရ(၆)ပါးမှာ လာလာတိုက်တဲ့ အခါ တိုက်တိုင်း တိုက်တိုင်း ရှုမှတ်ပေးလိုက်တာ အကာအရံ ပြုလုပ်ထားတာနဲ့ မတူပါဘူးလား . . . တူပါတယ်ဘုရား။ လောဘ၊ ဒေါသ၊ မောဟတွေ မဖြစ်ရအောင် သတိဖြင့် ကာရံထားရတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိက ရှေ့သွားဖြစ်တယ်။ ဝိပဿနာက ရှေ့ပြေးလမ်းရှင်းပဲဖြစ်ပေတယ်။ လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းတွေ ဝိပဿနာက မပယ်သတ်ထားရပါဘူးလား။ ပယ်သတ်ထားရပေတယ်။ လမ်းရှင်းထားတော့ မဂ်သမ္မာဒိဋ္ဌိက နိဗ္ဗာန်ချမ်းသာသို့ရောက်အောင် ပို့ပေးတယ်။ ယာဉ်မောင်းသမားနှင့် တူပါတယ်။

နတ်သားကြီး သဘောတွေကျပြီးတော့ ရှုမှတ်လိုက်တာ ချက်ချင်း တစ်ခဏအတွင်းမှာပဲ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ရောက်သွားပြီးတော့ သောတာပန် ဖြစ်သွားတယ်။

နတ်ပြည်ဆိုတာ ကံအဟုန်ကြီးမားတဲ့ ဘုံဘဝဖြစ်တော့ ဉာဏ်တွေက အလွန်ထက်မြက်တယ်။ (တစ်ကွေးတစ်ဆန့်) အတွင်းမှာ တရားထူး တရားမြတ်တွေ ရသွားနိုင်တယ်။ တစ်ဂါထာပုဒ် အဆုံးမှာပင် တရားရသွားနိုင်တယ်။ လူပြည်က တရားတွေ ပါသွားဖို့ရာသာ လိုအပ်ပေတယ်။

ဗျာန်မင်ဖိုလ် မရလို့ရှိရင် နတ်ပြည်သို့ ရောက်မှာက များပါတယ်။ အဲဒီ နတ်ပြည်ကျတော့ မမွေ့သွားဖို့ရာ မမွေ့သွားဖို့ရာ အဓိကပဲ။ အာရုံအမျိုးမျိုးတွေက ဆန်းကြယ်၊ ထူးခြား၊ ကောင်းမြတ်တဲ့ အတွက်ကြောင့် မွေ့သွားတတ်တယ်။

(၄) အနုန္တရ ပစ္စယောတိ

စက္ခုဝိညာဏဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

ဃာန ဝိညာဏ၊ ဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

ဇိဝှါ ဝိညာဏဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

ကာယ ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ၊ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော။

၈။ မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	မနောဓာတုယာ စ	မနောဓာတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဝိညာဏဓာတုယာ စ	မနောဝိညာဏဓာတ်အားငင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားငင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၉။ ကာယဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ကာယဝိညာဏဓာတု	ထိသိ သိစိတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို ထိသိ သိစိတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဓာတုယာ စ	မနောဓာတ်အားငင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားငင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၂။ မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	မနောဓာတုယာစ	မနောဓာတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဝိညာဏဓာတုယာစ	မနောဝိညာဏဓာတ်အားငင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားငင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၃။ သောတဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	သောတဝိညာဏဓာတု	ကြားသိစိတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို ကြားသိစိတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဓာတုယာစ	မနောဓာတ်အားငင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားငင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၄။ မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	မနောဓာတုယာ စ	မနောဓာတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဝိညာဏဓာတုယာစ	မနောဝိညာဏဓာတ်အားဋ်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဋ်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၅။ ဃာနဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ဃာနဝိညာဏဓာတု	နှံသိစိတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို နှံသိစိတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဓာတုယာစ	မနောဓာတ်အားဋ်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဋ်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၆။ မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	မနောဓာတုယာ စ	မနောဓာတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဝိညာဏဓာတုယာစ	မနောဝိညာဏဓာတ်အားဋ်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဋ်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၇။ ဇိဂျိဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ဇိဂျိဝိညာဏဓာတု	စားသိစိတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို စားသိစိတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဓာတုယာ စ	မနောဓာတ်အားဋ်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဋ်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၀။ မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ	မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	မနောဓာတုယာ စ	မနောဓာတ်နှင့်		
	တံ သမ္မယုတ္တကာ	ထို မနောဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာ စ	စေတသိက်တရားတို့သည်		
အကျိုး	မနောဝိညာဏဓာတုယာ စ	မနောဝိညာဏဓာတ်အားဎင်း		
	တံ သမ္မယုတ္တကာနံ	ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော		
	ဓမ္မာနဉ္စ	စေတသိက်တရားတို့အားဎင်း		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၁။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	ကုသလာ	ကုသိုလ်		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	ကုသလာ	ကုသိုလ်		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၆။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	အဗျာကတာနံ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	ကုသလာ	ကုသိုလ်		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၇။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	အဗျာကတာနံ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	အကုသလာ	အကုသိုလ်		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၈။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	ကုသလာ	ကုသိုလ်		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	အဗျာကတာ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၉။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	အကုသလာ	အကုသိုလ်		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	အဗျာကတာ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၆။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	အကုသလာ	အကုသိုလ်		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	အဗျာကတာ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

၁၇။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ		အနန္တရပစ္စယေန	ပစ္စယော
အကြောင်း	ပုရိမာ ပုရိမာ	ရှေးရှေး၌ ဖြစ်ကြကုန်သော		
	အဗျာကတာနံ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့သည်		
အကျိုး	ပစ္ဆိမာနံ ပစ္ဆိမာနံ	နောက်နောက်၌ ဖြစ်ကြကုန်သော		
	အဗျာကတာ	ကုသိုလ်၊ အကုသိုလ်မဟုတ်သော		
	ဓမ္မာ	တရားတို့အား		
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်		
နိဂုံး	ပစ္စယော	အကျိုးပြုသည်		
	ဟောတိ	ဖြစ်၏		

. . စဉ်းစားသင့်ပါတယ်ဘုရား။ စဉ်းစားလိုက်တော့ ပညာရှိပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ တရားထူး တရားမြတ်တွေ မရှိလို့ တစ်မင်္ဂတစ် ဖိုလ် မရလို့ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်တရားတွေ မရရှိလို့သာလျှင် မြတ်စွာဘုရား ဒီလို မိန့်ကြားတာပဲလို့ အသိဉာဏ်ဝင်လာပြီးတော့ မနေတော့ဘူး။ တရားရအောင် ရှာတော့မယ်ဆိုပြီးတော့ တောထွက်ပါတယ်။

သံဃာ (၅၀၀) မသိအောင် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတွေ ပြင်ဆင်ပြီးတော့ တောထွက်သွားပါတယ်။ ယူဇနာ(၁၂၀)ဝေးကွာတဲ့ တောကျောင်းတစ်ကောင်းသို့ ရောက်သွားပါတယ်။ အဲဒီတောကျောင်းမှာ သံဃာ(၃၀)ရှိတယ်။ အကုန်လုံး ရဟန္တာချည်းပါပဲ။ ကိုရင်လေးထိအောင် ရဟန္တာတွေ ဖြစ်ကြတယ်။

ရှေးဦးစွာ အကြီးဆုံး မထေရ်ကြီးထံသွားပြီးတော့ ချဉ်းကပ်ပြီး လျှောက်ထားတယ်။ "ဆရာတော်ကြီးဘုရား . . . တပည့်တော်ကို သနားခြိုးမြှောက်သောအားဖြင့် ကမ္မဋ္ဌာန်းတရားတွေ ပေးသနားတော်မူပါဘုရား"ဟု သွားလျှောက်ထားတော့ ဆရာတော်ကြီးက ပြန်ပြီးတော့ မိန့်ကြားတယ်။ "အရှင်ပေါဋ္ဌိလ . . . ဘယ်လိုလျှောက်ထားတာလဲ၊ အရှင်ပေါဋ္ဌိလဆိုတာ သာသနာတော်မှာ အလွန်ထင်ရှားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ ပိဋကတ်(၃)ပုံတွေကို မွှေနှောက်ပြီးတော့ အနှစ်သာရတရားတွေ ဟောကြားနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

တပည့်တော်များကသာ အရှင်ပေါဋ္ဌိလထံမှာ နည်းခံဖို့ရှိပါတယ်။ ကမ္မဋ္ဌာန်းတရား မပေးနိုင်ပါဘူး"ဟု မြွက်ကြားလိုက်တော့ "ဆရာတော်ကြီးဘုရား . . . တပည့်တော်ကို ယခုကဲ့သို့ မင့်မည္သာ လျစ်လျူရှု

၁၈။ ယေသံ ယေသံ ဓမ္မာနံ အနုန္တရာ	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေသကိကာ ဓမ္မာ	အနန္တရပစ္စယေန	ပစ္စယော
တေ တေ ဓမ္မာ	တေသံ တေသံ ဓမ္မာနံ		
အကြောင်း	ယေသံ ယေသံ ဓမ္မာနံ	အကြင် အကြင် စိတ် စေတသိက်တို့သည်	
	အနုန္တရာ	အခြားမဲ့၌	
အကျိုး	ယေ ယေ ဓမ္မာ စိတ္တစေသကိကာ ဓမ္မာ	အကြင် အကြင်စိတ် စေတသိက်တို့အား	
	ဥပ္ပဇ္ဇန္တိ	ဖြစ်ကြကုန်၏	
အကြောင်း	တေ တေ ဓမ္မာ	ထို ထိုသော စိတ် စေတသိက်တို့သည်	
အကျိုး	တေသံ တေသံ ဓမ္မာနံ	ထို ထိုသော စိတ် စေတသိက်တို့အား	
အကြောင်းသတ္တိ	အနန္တရပစ္စယေန	မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့်	
နိဂုံး	ပစ္စယော	အကျိုးပြုသည်	
	ဟောတိ	ဖြစ်၏	

ဆောင်ပုဒ်။ ။ ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဆောင်ပုဒ်။ ။ ဘဝင်ဆင်ခြင်၊ ကြားပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဆောင်ပုဒ်။ ။ ဘဝင်ဆင်ခြင်၊ နံပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဆောင်ပုဒ်။ ။ ဘဝင်ဆင်ခြင်၊ စားပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဆောင်ပုဒ်။ ။ ဘဝင်ဆင်ခြင်၊ ထိပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဆောင်ပုဒ်။ ။ ရှေ့ရှုစ် နောက်နှစ်၊ အဗျာကတဖြစ်။
လယ်ခုနစ်မှာ၊ ကု အ ဗျာ၊ မှန်စွာဖြစ်ပေသည်။
ဆောင်ပုဒ်။ ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ကင်းသည်။
ဆောင်ပုဒ်။ ။ ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။
ဆောင်ပုဒ်။ ။ အကုသိုလ်ဟာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ရှိသည်။
ဆောင်ပုဒ်။ ။ ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။
ဆောင်ပုဒ်။ ။ ကောင်းကျိုး ဆိုးကျိုး၊ နှစ်မျိုးမပါ၊ ဗျာကတာ၊
မှန်စွာဖြစ်ပေသည်။
ဆောင်ပုဒ်။ ။ နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်းအကုသာ။
ဆောင်ပုဒ်။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုက ကုသလာ။
ဆောင်ပုဒ်။ ။ သစ်ပင်ဖျားခွံ၊ ငှက်နားပမာ၊
အာရုံငါးပါး၊ ထိခြားထင်လာ၊
မြေခွံငှက်ရိပ်၊ ခတ်နှိပ်ပမာ၊
မနောပေါက်၊ ဆိုက်ရောက်လေသည်သာ။
ဆောင်ပုဒ်။ ။ ငှက်အများနှင့်၊ အာရုံငါးတူသည်၊
သစ်ပင်ဖျားနှင့်၊ ဒွါရငါးတူသည်၊
မြေနှင့်တစ်ဝ၊ ဘဝင်္ဂတူညီ၊
လူနှင့်ကား၊ ဇောများတူပေသည်။

အဲဒီမှာ ပါဠိတော်မှာ ဟောကြားတော့ စက္ခုဝိညာဏ်လေးက စပြီး ဟောကြားပါတယ်။ စက္ခုဝိညာဏဓာတုလို့ ခေါ်တယ်။ စက္ခုဝိညာဏ်နှင့်ယှဉ်တဲ့ စေတသိတ်ကို ပြောတာဖြစ်တယ်။ သမဋ္ဌိဆိုင်းကို ပြောတာဖြစ်တယ်။ မနောဓာတုလို့ ခေါ်တယ်။

သန္တီရဏကို မနောဝိညာဏဓာတုလို့ ခေါ်တယ်။

'စ' စက္ခုဝိညာဏ်ကို ပါဠိတော်ဝေါဟာရအားဖြင့် ဘယ်လိုခေါ်ပါလဲ . . . စက္ခုဝိညာဏဓာတုလို့ ခေါ်ပါတယ်ဘုရား။ 'သံ' သမဋ္ဌိဆိုင်းကို ဘယ်လိုခေါ်ပါလဲ . . . မနောဓာတုလို့ ခေါ်ပါတယ်ဘုရား။ 'နိ' သန္တီရဏကို ပါဠိတော်အခေါ်အားဖြင့် ဘယ်လိုခေါ်ပါလဲ . . . မနောဝိညာဏဓာတုလို့ ခေါ်ပါတယ်ဘုရား။

စက္ခုဝိညာဏ်ကနေပြီးတော့ သမဋ္ဌိဆိုင်းကို ကျေးဇူးပြုပုံ၊ သမဋ္ဌိဆိုင်းကနေပြီး သန္တီရဏကို ကျေးဇူးပြုပုံ၊ အကြားမရှိ ကျေးဇူးပြုပုံကို ဟောကြားတာဖြစ်တယ်။

ကာယဝိညာဏ်စိတ်ကစပြီးတော့ သမဋ္ဌိဆိုင်းကို အကြားမရှိ ကျေးဇူးပြုပုံ၊ သမဋ္ဌိဆိုင်းကနေပြီး သန္တီရဏကို အကြားမရှိ ကျေးဇူးပြုပုံ ဖြစ်တယ်။

အနန္တရပစ္စည်းဖြင့် ဝိပဿနာတရားအားထုတ်ပုံ

"အချည်းနှီး အလကားဖြစ်သော ပေါဒ်ဒိလကြီး . . . လာခဲ့၊ ရှိခိုး၊ ထိုင်၊ သွားတော့"။ မြတ်စွာဘုရားက ဒီလိုမိန့်ကြားပါတယ်။ အဲဒီလို အချည်းနှီးပဲ၊ အချည်းနှီးပဲလို့ မိန့်ကြားတော့ အရှင်ပေါဒ်ဒိလက စဉ်းစားတယ်။ "ဘယ့်နယ်လဲသာသနာအတွက် ဂိုဏ်းကြီး (၁၈)ဂိုဏ်းကို အုပ်ချုပ်ပြီးတော့ နေ့စဉ် သံဃာ(၅၀၀)ကို စာပေကျမ်းဂန်တွေ အပင်ပန်းခံပြီးတော့ ပို့ချနေတဲ့ သာသနာပြုနေတဲ့ ပုဂ္ဂိုလ်ဖြစ်လျက်သားနဲ့ "တုဋ္ဌ၊ တုဋ္ဌ" အလကားပဲ၊ အချည်းနှီးပဲလို့ မိန့်ကြားတောမူနေသည်။ ဘယ်လိုကြောင့် မြတ်စွာဘုရား မိန့်ကြားတာပါလိမ့်"လို့ မစဉ်းစားပါဘူးလား . . . စဉ်းစားပါတယ်ဘုရား။ မစဉ်းစားသင့်ပါဘူးလား .

တူပါတယ်ဘုရား။ တူနေတယ်။ အဲဒီတောင်ပို့ကြီးထဲမှာ ဝင်နေတဲ့ဖွတ်ကို ဘယ်နှပေါက်ကို ပိတ်ပြီးတော့ ဖမ်းရပါ့မလဲ . . . (၅)ပေါက်ကို ပိတ်ပြီး ဖမ်းရပါ့မယ်ဘုရား။ (၁)ပေါက်ကနေ စောင့်ပြီးတော့ ဖမ်းရသကဲ့သို့ အခုလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တည်းဟူသော (၅)ဒွါရ၊ (၅)ပေါက်ကို ပိတ်ထားဘိသကဲ့သို့ ပိတ်ထားပြီးတော့ မနောဒွါရကနေ စောင့်ပြီးတော့ ရှုမှတ်ရမယ်ဆိုတော့ သဘောကျသွားပါတယ်။ အခုတရားနာပရိသတ်များ ရှုတာနဲ့ တူပါသလား၊ ထူးပါသလား . . . တူပါတယ်ဘုရား။ အတူတူပါပဲ။ (၅)ဒွါရကို ပိတ်ထားသကဲ့သို့ လို့ဆိုရာ၌ - အရာဝတ္ထုတွေနဲ့တော့ ပိတ်ထားလို့ ရမှရပါ့မလား . . . မရပါဘုရား။ ဒီပိတ်ထားခြင်းမျိုး မဟုတ်ပါဘူး။ ရှုမှတ်သောအားဖြင့် ပိတ်ထားခြင်းဖြစ်တယ်။

မျက်စိမှာ အဆင်းရှုပါရဲ့ လာတိုက်တဲ့အခါ လောဘလည်း မဖြစ်သွားရအောင်၊ ဒေါသလည်း မဖြစ်သွားရအောင် ရှုထားတာကိုပဲ ပိတ်ထားတယ်လို့ ဆိုရပါတယ်။ နားမှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါ ကောင်းတဲ့အာရုံကြောင့်လည်း လောဘမဖြစ်ရအောင်၊ ဆိုးတဲ့အာရုံကြောင့်လည်း ဒေါသမဖြစ်ရအောင် ရှုမှတ်နိုင်တာကို ပိတ်ထားတာလို့ ဆိုရပါတယ်။

မျက်စိအကြည်မှာ အဆင်းရှုပါရဲ့ လာတိုက်တဲ့အခါ၊ နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါ၊ နှာခေါင်းအကြည်မှာ အနံ့ဂန္ဓာရုံ လာတိုက်တဲ့အခါ၊ လျှာအကြည်မှာ အရသာရသာရုံ လာတိုက်တဲ့အခါ၊ ကိုယ်အကြည်မှာ အတွေ့ဖောဋ္ဌဗ္ဗာရုံလာတိုက်တဲ့အခါတို့၌ လောဘ ဒေါသတွေ မဖြစ်သွားရအောင် မနောဒွါရကနေ၍ စောင့်ပြီး မရှုမှတ်

ပြီးတော့ မမိန့်ကြားပါနဲ့ဘုရား။ တပည့်တော်ရဲ့ အားကိုးအားထားဖြစ်တော်မူပါဘုရား”ဟု ပြန်လျှောက်ထားသော်လည်း ဆရာတော်ကြီးက ကမ္မဋ္ဌာန်းတရားပေးတော်မမူပါ။

အရှင်ပေါဋ္ဌိလမှာ စာပေကျမ်းဂန်တတ်တဲ့ မာန်တွေရှိနေတယ်။ မာန်ရှိနေလို့ရှိရင် တရားမှ ရမှရပါ့မလား . . . မရနိုင်ပါဘုရား။ မရနိုင်တာကိုမြင်တော့ ဆရာတော်ကြီးက ပယ်လိုက်တယ်။ “ဒုတိယမထေရ်ကြီးထံ သွားလျှောက်ပါ”ဟု မိန့်ကြားလိုက်တယ်။ ဒုတိယအကြီးဆုံးဖြစ်တဲ့ မထေရ်ထံသွားလျှောက်ပြန်တော့လည်း ဒုတိယမထေရ်ကလည်း ဒီအတိုင်းပဲ ပယ်လိုက်ပြန်ပါတယ်။ “တတိယမထေရ်ကြီးထံ သွားလျှောက်ထားပါ”ဟု မိန့်ကြားလိုက်တယ်။ သွားလျှောက်ထားပြန်တော့လည်း တတိယမထေရ်ကြီးကလည်း ပယ်လိုက်ပြန်တယ်။

အဆင့်ဆင့်ပယ်လိုက်တာ ဘယ်ရောက်သွားလဲဆိုတော့ (၇)နှစ်သားအရွယ် သင်္ကန်းချုပ်နေတဲ့ ကိုရင်လေးထံ ရောက်သွားတယ်။ ရောက်သွားတော့ လက်အုပ်ချီပြီးတော့ “ကိုရင် . . . တပည့်တော်ရဲ့ အားထားရာ ဖြစ်တော်မူပါဘုရား။ ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါဘုရား”ဟု လျှောက်ထားတယ်။ “အရှင်ဘုရား . . . ဘယ်လိုမိန့်ကြားနေတာလဲဘုရား။ အံ့ဩစရာစကားတွေပါလား၊ အရှင်ဘုရားက သင်္ကေတဝါဒီတော်ကလည်းကြီး၊ စာပေကျမ်းဂန်တွေကလည်း ပိဋကတ် (၃)ပုံ တတ်မြောက်နေတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အရှင်ဘုရားထံမှာသာ တပည့်တော်က နည်းခံဖို့ရှိပါတယ်ဘုရား။

တပည့်တော်က အသက်လည်း ငယ်ပါတယ်ဘုရား။ စာကလည်း မတတ်ပါဘူးဘုရား။ ဒါကြောင့် အရှင်ဘုရားထံမှာပဲ တပည့်တော်က

နည်းခံဖို့ရှိပါတယ်ဘုရား။ အရှင်ဘုရား ဘယ်လို မိန့်ကြားတာလဲဘုရား” ဟု ကိုရင်လေးကလည်း ပယ်လိုက်ပြန်ပါတယ်။ မာန်တွေကျသွားအောင် ပယ်ရတာဖြစ်တယ်။ အရှင်ပေါဠိလက ပြန်လျှောက်ထားသည်မှာ - “ကိုရင်ဘုရား . . . ကိုရင်မှတစ်ပါး တပည့်တော်မှာ ကိုးကွယ်ရာ မရှိတော့ပါဘူးဘုရား။ သံယာ(၂၉)ပါး ကုန်ပါပြီဘုရား။ ကိုရင်တစ်ပါးပဲ ကျန်ပါတော့တယ်ဘုရား” သံယာဘယ်နှပါး ကုန်သွားပါပြီလဲ. . . (၂၉)ပါး ကုန်သွားပါပြီးဘုရား။ “ကိုရင်တစ်ပါးပဲ အားကိုးအားထားရာ ရှိပါတော့တယ်ဘုရား” လျှောက်ထားတော့ ကိုရင်လေးက နည်းနည်း သနားသွားပါတယ်။

အင်း - ဒီကိုယ်တော်ကြီးကတော့ တော်တော်မာန်တွေကျသွားပြီး။ “အရှင်ဘုရား . . . တပည့်တော်ပြောတာ တသဝေမတိမ်း နားထောင်နိုင်ပါ့မလား” “နားထောင်နိုင်ပါတယ်၊ ကိုရင်က ခိုင်းမယ်ဆိုလို့ရှိရင် မီးပုံထဲ ခုန်ချရမယ်ဆိုရင် မီးပုံထဲ အခုခုန်ချလိုက်ပါမယ်” မီးပုံတော့ မရှိဘူးဘုရား၊ ဟိုးရှေ့နားမှာ ရေအိုင်ကြီးတစ်အိုင် ရှိတယ်ဘုရား။ အဲဒီ ရေအိုင်ကြီးထဲကို အရှင်ဘုရား အခုဝတ်ထားတဲ့ သင်္ကန်းအသစ်တွေနဲ့ ဆင်းသွားရမယ်”ဟု ဆိုတဲ့အတိုင်း တစ်ခွန်းတည်းသောစကားဖြင့် ဆင်းသွားတယ်။ သင်္ကန်းတွေရေစို၊ သင်္ကန်းအနားတွေ ရေစိုတဲ့အခါ ပြန်ခေါ်လိုက်တယ်။ “အရှင်ဘုရားကြွလာပါတော့”ဟု ဆိုတဲ့အတိုင်း တစ်ခွန်းတည်းသော စကားဖြင့်ပင် ပြန်တက်လာ၊ ကြွလာတယ်။

“အရှင်ဘုရားကို တပည့်တော် ကမ္မဋ္ဌာန်းတရားပေးတော့မယ်။ အရှင်ဘုရား သတိထားပြီးတော့ နားထောင်ပါ၊ နှလုံးသွင်းပါ”

တောထဲမှာ တောင်ပို့ကြီးတစ်ခု ရှိတယ်ဘုရား။ အဲဒီတောင်ပို့ကြီး ကလည်း အပေါက်(၆)ပေါက်ရှိတယ်ဘုရား၊ အဲဒီတောင်ပို့ကြီးထဲကို ဖွတ်တစ်ကောင်ကလည်း ဝင်နေတယ်ဘုရား၊ အဲဒီဖွက်ကို အလိုရှိတဲ့ ယောကျ်ား(၅)ပေါက်ကို ပိတ်ထားပြီးတော့ တစ်ပေါက်ကနေစောင့်ပြီး တော့ ဖမ်းယူရပါတယ်ဘုရား”ဟု မိန့်ကြားလိုက်တယ်။

ဖွတ်ကို ဖမ်းယူရသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်း ဟူသော ခန္ဓာကိုယ်ထဲမှာ ဒွါရ(၆)ပါး၊ အပေါက်(၆)ပေါက်ရှိပေတယ်။ အဲဒီဒွါရ(၆)ပါးမှာ ကျရောက်လာတဲ့ အာရုံတွေကို (၅)ဒွါရကို ပိတ်ထားပြီး တော့ မနောဒွါရတစ်ပေါက်ကနေ စောင့်ပြီးတော့ ရှုရပ့ါမယ်ဘုရားဟု ကမ္မဋ္ဌာန်းတရား မိန့်ကြားလိုက်တယ်။ မိန့်ကြားလိုက်တော့ အရှင်ပေါဠိလ သဘောကျသွားပြီး “ကိုရင်၊ တပည့်တော်အတွက် ကမ္မဋ္ဌာန်းတရားပေး တာ ဤမျှနဲ့ပဲ ပြည့်စုံပါပြီ”ဟု လျှောက်ထားတယ်။

ပဋ္ဌကတ်(၃)ပုံတတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ မပြည့်စုံသွားပါဘူးလား . . . ပြည့်စုံသွားပါပြီဘုရား။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော ဒွါရ(၆)ပါးကို မြန်မာလို တံခါး(၆)ပေါက်လို့ ခေါ်ရပါသည်။

မျက်စိတည်းဟူသော တံခါးပေါက်၊
နားတည်းဟူသော တံခါးပေါက်၊
နှာတည်းဟူသော တံခါးပေါက်၊
လျှာတည်းဟူသော တံခါးပေါက်၊
ကိုယ်တည်းဟူသော တံခါးပေါက်၊
စိတ်တည်းဟူသော တံခါးပေါက်။ ဘယ်နှပေါက်ပါလဲ. . . (၆)ပေါက်ရှိပါတယ်ဘုရား။ တောင်ပို့ကြီးနဲ့ မတူပါဘူးလား . . .

ဝါဂွမ်းလေးမှာ မနားဘဲနဲ့ ပေတုံးမှာ သွားသွားပြီးတော့ ထိတော့ အသံတွေ မြည်ထွက်လာသလို ဖောဋ္ဌဗ္ဗာရုပ်ကနေပြီးတော့ ကာယအကြည်လေးကို တိုက်လိုက်တဲ့အခါ ကာယအကြည်မှာပဲ မနားဘဲနဲ့ အတွင်းက မဟာဘုတ်ကြီး(၄)ပါးမှာ သွားသွားပြီးတော့ ထိတဲ့အတွက်ကြောင့် အလွန်ထင်ရှားပါတယ်။

(အဋ္ဌသာလိနီ - ၃၀၄)

ထင်ရှားတဲ့အတွက်ကြောင့် တရားနာပရိသတ်များ ရှုမှတ်လို့ မရပါဘူးလား . . . ရှုမှတ်လို့ ရပါတယ်ဘုရား။ ဘယ်နေရာပဲထိထိ 'ထိတယ်၊ ထိတယ်'လို့ မှတ်လို့ မရပါဘူးလား . . . ရပါတယ်ဘုရား။ ကိုယ်ကာယနဲ့ အပြင်ပဝတ္ထုတွေ၊ အခင်းတွေ၊ ကြမ်းတွေနဲ့ ထိတဲ့အခါလည်း 'ထိတယ်၊ ထိတယ်'လို့ မှတ်လို့ မရပါဘူးလား . . . ရပါတယ်ဘုရား။

ကိုယ်ကာယအချင်းချင်း၊ လက်အချင်းချင်းထိတာ၊ ခြေထောက်ချင်းခြေထောက်ချင်းထိတာ၊ ကိုယ်ကာယအချင်းချင်းထိတာကိုလည်း 'ထိတယ်၊ ထိတယ်'လို့ ရှုမှတ်လို့ မရပါဘူးလား . . . ရပါတယ်ဘုရား။ ရတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဆိုတာလည်း အထိတွေပဲ။ ဖောင်းတယ်ဆိုတာလည်း လေအဆင့်ဆင့် ဝမ်းဗိုက်ကို တိုးထိပြီး ဖောင်းတက်လာတာ၊ အထိကိုပဲ မှတ်ရတာပဲဖြစ်တယ်။

အင်္ဂ မဂ္ဂီ နုသရေ ဝါယော = ဆိုတဲ့ အင်္ဂါကြီးငယ်တွေကို တွန်းကန်ပြီးနေတဲ့ ဝါယောက အင်္ဂါအစိတ်အပိုင်းလေးတွေ ထိတာကို (အတွင်းကနေ ဓာတ်သဘောတွေ ထိတာကို)'ထိတယ်၊ ထိတယ်'လို့ မှတ်လို့ မရပါဘူးလား . . . မှတ်လို့ရပါတယ်ဘုရား။ နှုတ်ခမ်းဖျား၊ နားရွက်

နေရပါဘူးလား . . . စောင့်ပြီး ရှုမှတ်နေရပါတယ်ဘုရား။ ဤကဲ့သို့ ရှုမှတ်နေခြင်းဖြင့် (၅)ဒွါရကို ပိတ်ထားသကဲ့သို့ ဖြစ်နေပေတယ်။ ဖွတ်ဖမ်းတဲ့ယောဂျီး တစ်ပေါက်က စောင့်ဖမ်းနေတာနဲ့ မတူပါဘူးလား . . . တူပါတယ်ဘုရား။ ကိုရင်လေးပေးတဲ့ ကမ္မဋ္ဌာန်း၊ တရားနာပရိသတ်များ ရှုမှတ်နေတဲ့ မြတ်စွာဘုရားပေးတဲ့ နည်းနဲ့တူပါသလား၊ ထူးပါသလား . . . တူပါတယ်ဘုရား။ နေရာကျလိုက်တာ။ ဒီအတိုင်းပင် ရှုမှတ်ကြရပေတယ်။ ကိုရင်လေးပေးတဲ့ နည်းအတိုင်း ရှုလိုက်တာ အရှင်ပေါဠိလ မကြာမီအချိန်အတွင်းမှာပဲ လေးမင်္ဂလေးဖိုလ် အဆင့်ဆင့် တက်ပြီးတော့ ရဟန္တာ ဖြစ်သွားတယ်။

ပိဋကတ်(၃)ပုံ တတ်မြောက်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ သဘောကျသွားတာနဲ့ ရှုမှတ်လိုက်တာ သမာဓိဉာဏ်တွေကလည်း အသင့်အတင့် အခြေခံရှိတဲ့ပုဂ္ဂိုလ်၊ ပါရမီအခြေခံလည်း ရင့်ကျက်လာတဲ့ပုဂ္ဂိုလ်ဖြစ်တော့ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်တဲ့နည်းကိုပဲ အခု တရားနာပရိသတ်များ ရှုမှတ်နေရတာဖြစ်တယ်။ ဒွါရ(၆)ပါး၊ အာရုံ(၆)ပါးတို့တွင် (၅)ဒွါရမှာ အာရုံ(၅)ပါး လာတိုက်တဲ့အခါ မနောဒွါရကနေပြီးတော့ တစ်ပေါက်ကနေ စောင့်ဖမ်းပြီးတော့ ရှုမှတ်နေရတယ်။ အမြဲတမ်း မပြတ်မလပ် ရှုမှတ်နေရတာကတော့ ကိုယ်ကာယကပဲ အဓိကထားပြီးတော့ ရှုမှတ်နေရတယ်။

မျက်စိအကြည်နဲ့ အဆင်းရုပါရုံ လာတိုက်တဲ့ဟာလည်း အလွန်ပဲသိမ်မွေ့ပါတယ်။ အဆင်းရုပါရုံကလည်း ဝါဂွမ်းလေးနဲ့တူတယ်။ မျက်စိအကြည်ကလည်း ဝါဂွမ်းလေးနဲ့ပဲ တူတယ်တဲ့။ ဝါဂွမ်း(၂)ခုတိုက်လိုက်တာ အလွန်သိမ်မွေ့တယ်။ အသံမြည်ပါ့မလား . . . မမြည်ပါဘုရား။ မမြည်ဘူး။ အလွန်သိမ်မွေ့တဲ့အတွက်ကြောင့် သမာဓိဉာဏ်တွေ တော်

ကိုယ်အကြည်လေး တည်နေတာက ပေတုံးကြီးနဲ့တူတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောလို့ဆိုတဲ့ ဓာတ်ကြီး(၄)ပါးပေါ်မှာ မတည်ရပါဘူးလား . . . တည်ရပါတယ်ဘုရား။ ကိုယ်အကြည်ဟာ ဥပါဒါရုပ်ပဲ၊ ဥပါဒရုပ်ကလေးတွေက မဟာဘုတ်ကိုမှီပြီးတော့ တည်နေရတယ်။ ဖောဋ္ဌဗ္ဗာရုပ်က ဘာနဲ့တူသလဲ၊ (၁)ပိဿာလောက်လေးတဲ့ သံတူကြီးနဲ့ တူတယ်။ ကာယအကြည်လေးက ပေတုံးကြီးပေါ်မှာ တင်ထားတဲ့ ဝါဂွမ်းလေးနဲ့တူတယ်။ သံတူကြီးနဲ့ ပေတုံးပေါ်မှာ တင်ထားတဲ့ ဝါဂွမ်းလေးကို ထုချလိုက်တဲ့အခါ ဝါဂွမ်းတွင် နားမှနားပါ့မလား . . . မနားပါဘုရား။ မနားပေဘူး။ ပေတုံးကြီးကို တစ်ခါတည်းသွားပြီးတော့ မထိပါဘူးလား . . . ထိသွားပါတယ်ဘုရား။ ထိသွားတော့ အသံတွေ တောင် မြည်သွားနိုင်တယ်။

အဲဒီလိုပါပဲ ဖောဋ္ဌဗ္ဗာရုပ်က ကာယအကြည်ကို လာတိုက်တဲ့အခါ သိပ်ထင်ရှားပါတယ်။ ထုချလိုက်တဲ့ တူကြီးဟာ ဝါဂွမ်းတင်မနားဘဲနဲ့ ပေတုံးမှာ သွားသွားထိဘိသကဲ့သို့ ဖောဋ္ဌဗ္ဗာရုပ်က တိုက်ချလိုက်တဲ့အခါ ကာယအကြည်မှာပဲ မနားဘဲနဲ့ မဟာဘုတ်တွေမှာပါ သွားပြီးတော့ တိုက်တော့မထင်ရှားပါဘူးလား . . . ထင်ရှားပါတယ်ဘုရား။ ပေတုံးကြီးနဲ့တူတဲ့ မဟာဘုတ်တွေမှာ သွားတိုက်တော့ ထင်ရှားတယ်။ ထင်ရှားတဲ့အခါ ရှုမှတ်ရတာ မလွယ်ပါဘူးလား . . . လွယ်ပါတယ်ဘုရား။

အပြင်ကလာတိုက်တဲ့ ဖောဋ္ဌဗ္ဗာရုပ်က (၁)ပိဿာလောက်လေးတဲ့ သံတူကြီးနဲ့တူတယ်။ အတွင်းက ကာယအကြည်လေးက ပေတုံးပေါ်မှာ တင်ထားတဲ့ ဝါဂွမ်းလေးနဲ့တူတယ်။ ပေတုံးပေါ်မှာ တင်ထားတဲ့ဝါဂွမ်းလေးကို (၁)ပိဿာလောက်လေးတဲ့ သံတူကြီးနဲ့ ထုချလိုက်တဲ့အခါ

တော်အားကောင်းမှ ရှုနိုင်ပေတယ်။ သမာဓိဉာဏ်တွေ အားနည်းနေတဲ့ အခိုက်အတန့်မှာ မရှုနိုင်သေးပေဘူး။

နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါ ဒီအတိုင်းပါပဲ။ နားအကြည်မှာ အသံသဒ္ဒါရုံ လာတိုက်တဲ့အခါလည်း အသံသဒ္ဒါရုံက လည်း ဝါဂွမ်းလေးနဲ့ပဲ တူတယ်။ နားအကြည်ကလည်း ဝါဂွမ်းလေးနဲ့ တူတယ်။ ဥပါဒါရုပ်တွေဆိုတော့ မဟာဘုတ်ကိုမှီပြီးမှ ဖြစ်လို့ရတယ်။ သူတို့ချည်းသက်သက် ဖြစ်လို့မရဘူး။ အလွန်သိမ်မွေ့ပေတယ်။ သိမ်မွေ့တဲ့ရုပ်နဲ့ သိမ်မွေ့တဲ့ရုပ် တိုက်တာဖြစ်တယ်။ သိမ်မွေ့တဲ့ရုပ် အချင်းချင်း တိုက်လိုက်တာ မထင်ရှားပေဘူး။ အလွန်သမာဓိ အားကောင်းတဲ့အခါ ကျမှ 'ကြားတယ်၊ ကြားတယ်'လို့ ရှုမှတ်လို့ ရတယ်။

နှာခေါင်းအကြည်မှာ အနံ့ဂန္ဓာရုံ လာတိုက်တဲ့အခါ ဒီအတိုင်းပဲ။ အနံ့ကလေးကလည်း ဝါဂွမ်းလေးလောက်ပဲ သိမ်မွေ့တယ်။ နှာခေါင်း အကြည်ကလည်း ဝါဂွမ်းလေးလိုပဲ သိမ်မွေ့တယ်။ ဝါဂွမ်း ဝါဂွမ်းချင်း တိုက်လိုက်သကဲ့သို့ အလွန်သိမ်မွေ့တဲ့အတွက်ကြောင့် တော်တော်နဲ့ ရှုမှတ်လို့ မရပေဘူး။ လျှာအကြည်မှာလည်း ထိုနည်းလည်းကောင်းပဲ။

ကိုယ်အကြည်မှာတော့ လာတိုက်တဲ့ ဖောဋ္ဌဗ္ဗာရုံက ဘာနဲ့တူလဲ ဆိုရင် ဖောဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ၊ တေဇော၊ ဝါယော မဟာဘုတ်ကြီး (၃)ပါးကို ဖောဋ္ဌဗ္ဗာရုံလို့ ခေါ်တယ်။ အဲဒီ ဖောဋ္ဌဗ္ဗာရုံက ဘာနဲ့တူလဲ ဆိုတော့ သံတူကြီးနဲ့တူတယ်။ ကိုယ်အကြည်လေးက ဝါဂွမ်းနဲ့ပဲတူတယ်။ အဲဒီ ကိုယ်အကြည် ဝါဂွမ်းလေးကို ပေတုံးကြီးပေါ်မှာ တင်ထားတာနဲ့ တူတယ်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ၊ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

သမနန္တရပစ္စည်း ။ ။(၁) ကောင်းစွာအခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။

(၂) တစ်ယောက်သောသတ္တဝါတွင် နာမ် တရားတို့ နှစ်ဌာနပြိုင်၍ ဖြစ်ခြင်း မရှိသည်ကို "သမနန္တရ ပစ္စည်း" ဆိုသတည်း။

ဖျား၊ ခြေဖျား၊ လက်ဖျားတွေမှာလည်း တိုးနေတဲ့၊ ထိနေတဲ့ သဘောလေးတွေကိုလည်း 'ထိတယ်၊ ထိတယ်' 'တိုးတယ်၊ တိုးတယ်'လို့ မှတ်လို့ မရပါဘူးလား . . . ရပါတယ်ဘုရား။ အလွန်ထင်ရှားတာပဲ။ ဝါဂွမ်းလေးကို သံတူကြီးနဲ့ ထုချလိုက်တော့ ပေတုံးမှာ သွားသွားတိုက်သလို ကိုယ်ကာယမှာ အထိတွေဟာ အလွန်ထင်ရှားပါတယ်တဲ့။

အထိကို (၃)မျိုး ရှုမှတ်လို့ ရပါတယ်။

- ကိုယ်ကာယနဲ့အပြင်က ဝတ္ထုဒြပ်တွေနဲ့ ထိတဲ့အခါလည်း 'ထိတယ်၊ ထိတယ်'။
- ကိုယ်ကာယအချင်းချင်း ထိတာကိုလည်း 'ထိတယ်၊ ထိတယ်'။
- အတွင်းက ဓာတ်သဘောတွေ တွန်းသွားတဲ့၊ အတွင်းက တိုးနေတဲ့ ထိတဲ့သဘောတွေကိုလည်း 'ထိတယ်၊ ထိတယ်၊ တိုးတယ်၊ တိုးတယ်'။
- "သမာဓိဉာဏ်တက်ရင်လာတော့ ခန္ဓာကိုယ်အနှံ့မှာ မှတ်လို့ရသည်။"

"သမာဓိဉာဏ် အသင့်အတင့် ရင့်ကျက်လာတဲ့အခါကျတော့ ခန္ဓာကိုယ်အနှံ့အပြားမှာ မှတ်လို့မရပါဘူးလား" . . . ရပါတယ်ဘုရား။ ခေါင်းမှာလည်း တလှုပ်လှုပ် တရွရွ၊ မျက်နှာမှာလည်း တလှုပ်လှုပ် တရွရွ၊ နှုတ်ခမ်းဖျား၊ နားရွက်ဖျားတွေမှာလည်း တလှုပ်လှုပ် တရွရွ၊ ခြေဖျားလက်ဖျားတွေမှာလည်း တလှုပ်လှုပ် တရွရွ တိုးနေတာတွေ မှတ်လို့ မရပါဘူးလား . . . မှတ်လို့ရပါတယ်ဘုရား။ သိမ်မွေ့တဲ့ ရုပ်ကလေးတွေ မှတ်လို့ရသွားပြီ။ ရပြီးတဲ့နောက်ပိုင်းမှာ သိမ်မွေ့တဲ့

ရုပ်ထက် သိမ်မွေ့တဲ့ နာမ်တရားတွေကိုလည်း ရှုမှတ်လို့ ရသွားကြပေတယ်။

ဤကဲ့သို့ ယနေ့ ယခုအခါ၌ ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ ပါဠိတော်လာ အနန္တရပစ္စည်းတရားကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီး လျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ် တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူ သော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါ စေကုန်သတည်း ။ ။ ။

ဆရာတော်ဘုရား ပေးသနားတော်မူတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓုပါဘုရား။

(၅) သမနန္တရ ပစ္စယောတိ

စက္ခု ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတု ယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

သောတ ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

ဃာန ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

ဇိဝှါ ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

ကာယ ဝိညာဏ ဓာတု၊ တံ သမ္ပယုတ္တကာစ ဓမ္မာ၊ မနော ဓာတုယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။

	- တံသမွယုတ္တကာနံ	= ထိုမနောဝိညာဏာ ဓာတ်နှင့် ယှဉ်ကြ ကုန်သော
	- ဓမ္မာနဉ္စ	= စေတသိတ်တရား တို့အားလည်းကောင်း
အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၅။အကြောင်း	- ဃာနဝိညာဏဓာတု	= နံသိစိတ်နှင့်
	- တံ သမွယုတ္တကာ	= ထိုနံသိစိတ်နှင့် ယှဉ်ကြကုန်သော
	- ဓမ္မာ	= စေတသိတ်တရား တို့သည်
အကျိုး	- မနောဓာတုယာစ	= မနောဓာတ်အား လည်းကောင်း
	- တံသမွယုတ္တကာနံ	= ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
	- ဓမ္မာနဉ္စ	= စေတသိတ်တရား တို့အားလည်းကောင်း

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်	ရူပ်	သမနန္တရ (အနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမွယုတ္တ)

၁။ နိဒါန်း -

သမနန္တရပစ္စယောတိ = သမနန္တရပစ္စည်း ဆိုသည်မှာ

အကြောင်း	- စက္ခုဝိညာဏဓာတု	= မြင်သိစိတ်နှင့်
	- တံ သမွယုတ္တကာ	= ထိုမြင်သိစိတ်နှင့် ယှဉ်ကြကုန်သော
	- ဓမ္မာ	= စေတသိတ်တရား တို့သည်
အကျိုး	- မနောဓာတုယာစ	= မနောဓာတ်အား လည်းကောင်း
	- တံသမွယုတ္တကာနံ	= ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
	- ဓမ္မာနဉ္စ	= စေတသိတ်တရား တို့အားလည်းကောင်း
အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်

- ဟောတိ = ဖြစ်၏။

၂။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ စ = စေတသိတ်တရားတို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၃။အကြောင်း - သောတဝိညာဏဓာတု = ကြားသိစိတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုကြားသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ = စေတသိတ်တရားတို့သည်

အကျိုး - မနောဓာတုယာစ = မနောဓာတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၄။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ စ = စေတသိတ်တရားတို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ်အားလည်းကောင်း

- တံသမ္ပယုတ္တကာနံ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၅။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ စ = စေတသိတ်တရားတို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ်အားလည်းကောင်း

- တံသမွယုတ္တကာနံ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား တို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၀။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမွယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ စ = စေတသိတ်တရား တို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ် အားလည်းကောင်း
- တံသမွယုတ္တကာနံ = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား တို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၆။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမွယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ စ = စေတသိတ်တရား တို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ် အားလည်းကောင်း
- တံသမွယုတ္တကာနံ = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား တို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်

- ဟောတိ = ဖြစ်၏။

၇။ အကြောင်း - ဇိဝှါဝိညာဏဓာတု = စားသိစိတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုစားသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ = စေတသိတ်တရားတို့သည်

အကျိုး - မနောဓာတုယာစ = မနောဓာတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၈။ အကြောင်း - မနောဓာတုယာ စ = မနောဓာတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော

- ဓမ္မာ စ = စေတသိတ်တရားတို့သည်

အကျိုး - မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၉။ အကြောင်း - ကာယဝိညာဏဓာတု = ထိသိ သိစိတ်နှင့်
- တံ သမ္ပယုတ္တကာ = ထိုထိသိသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာ = စေတသိတ်တရားတို့သည်

အကျိုး - မနောဓာတုယာစ = မနောဓာတ်အားလည်းကောင်း

		မဟုတ်သော
	- ဓမ္မာ	= တရားတို့အား
အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၆။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- အဗျာကတာ	= ကုသိုလ်၊အကုသိုလ် မဟုတ်သော
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- ကုသလာ	= ကုသိုလ်
	- ဓမ္မာ	= တရားတို့အား
အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၇။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြ

အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၁။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- ကုသလာ	= ကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- ကုသလာ	= ကုသိုလ်
	- ဓမ္မာ	= တရားတို့အား
အကြောင်းသတ္တိ	- သမနန္တရပစ္စယေန	= မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၂။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- ကုသလာ	= ကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌

ဖြစ်ကြကုန်သော
- အဗျာကတာ = ကုသိုလ်၊ အကုသိုလ် မဟုတ်သော
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၃။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- အကုသလာ = အကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အကုသလာ = အကုသိုလ်
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၄။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- အကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အဗျာကတာ = ကုသိုလ်၊အကုသိုလ် မဟုတ်သော
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၅။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- အကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အဗျာကတာ = ကုသိုလ်၊အကုသိုလ် မဟုတ်သော
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၆။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- အကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အဗျာကတာ = ကုသိုလ်၊အကုသိုလ် မဟုတ်သော
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၇။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- အကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အဗျာကတာ = ကုသိုလ်၊အကုသိုလ်

(၆) သဟဇာတ ပစ္စယောဒိ

စတ္တာရော ခန္ဓာ အရူပိနော၊ အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ၊ အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော။

သြက္ကန္တိက္ခဏော နာမရူပံ အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော။

စိတ္တ စေတသိကာ ဓမ္မာ၊ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ၊ သဟဇာတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါ ရူပါနံ၊ သဟဇာတ ပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ၊ အရူပိနံ ဓမ္မာနံ၊ ကိဉ္စိကာလေ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန၊ သဟဇာတ ပစ္စယေန ပစ္စယော။

သဟဇာတပစ္စည်း။ ။ (၁) အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

(၂) ခက်မာမှု၊ ဖွဲ့စည်းမှု၊ ပူမှု၊ အေးမှု အစရှိသော ရုပ်ခန္ဓာသာလျှင် ရုပ်ခန္ဓာချင်း၊ သိမှု၊ ခံစားမှု၊ မှတ်မှု၊ စေ့ဆော်မှု၊ အစရှိသော နာမ်ခန္ဓာ သာလျှင် နာမ်ခန္ဓာချင်း ပြိုင်းခနဲ ပြိုင်းခနဲ အတူတကွ ဖြစ်ပေါ်ကြသည်ကို "သဟဇာတ ပစ္စည်း" ဆိုသတည်း။

ကုန်သော

- အဗျာကတာ = ကုသိုလ်၊အကုသိုလ် မဟုတ်သော
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော

- အကုသလာ = အကုသိုလ်
- ဓမ္မာ = တရားတို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်

- ဟောတိ = ဖြစ်၏။

၁၈။ အကြောင်း - ယေသံယေသံဓမ္မာနံ = အကြင် အကြင်စိတ် စေတသိတ်တို့သည်

- သမနန္တရာ = အခြားမဲ့၌

အကျိုး - ယေ ယေ ဓမ္မာ = အကြင် အကြင်စိတ်
စိတ္တစေတသိကာ ဓမ္မာ စေတသိတ်တို့အား

- ဥပ္ပဇ္ဇန္တိ = ဖြစ်ကြကုန်၏။

အကြောင်း - တေ တေ ဓမ္မာ = ထို ထိုသောစိတ် စေတသိတ်တို့သည်

အကျိုး - တေသံ တေသံ ဓမ္မာနံ = ထို ထိုသော စိတ် စေတသိတ်တို့အား

အကြောင်းသတ္တိ - သမနန္တရပစ္စယေန = မိမိ၏အခြားမဲ့၌ ဖြစ်စေသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်

- ဟောတိ = ဖြစ်၏။

သမနန္တရပစ္စည်းက အနန္တရပစ္စည်းနဲ့ သဘောတရားချင်းတူတဲ့အတွက်ကြောင့် သမနန္တရပစ္စည်းကို မဟောပါဘဲနဲ့ သဟဇာတပစ္စည်းကို ဟောကြားပါ့မယ်။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် တရားကိုယ် အားဖြင့် အတူတူပင် ဖြစ်ပါတယ်။ အတူတူဖြစ်လျက်သားနဲ့ မြတ်စွာဘုရား ဘာ့ကြောင့် အနန္တရပစ္စည်းတရားကို ဟောကြားပြီးတော့ သမနန္တရပစ္စည်းတရားကို ထပ်ပြီး ဟောကြားရသလဲဆိုတော့ ပုဂ္ဂလဏ္ဌာသယအားဖြင့် ထပ်ပြီး ဟောကြားတော်မူတာဖြစ်တယ်။

အချို့အချို့သောပုဂ္ဂိုလ်တွေက "အနန္တရပစ္စယော"လို့ ဟောကြားလိုက်လို့ရှိရင် နားလည်သဘောပေါက်သွားတယ်။ နာမက္ခန္ဓာတရားတွေ အကြားမရှိ ကျေးဇူးပြုနေကြတယ်ဆိုတာ သဘောပေါက်သွားတယ်။ အချို့အချို့သော ပုဂ္ဂိုလ်တွေက သဘောမပေါက်ပေဘူး။ "အနန္တရပစ္စယော"လို့ ဟောလိုက်လို့ရှိရင် သဘောမပေါက်သေးပေဘူး။ သဘောမပေါက်သေးလို့ရှိရင် "သမနန္တရပစ္စယော"လို့ မြတ်စွာဘုရား ထပ်ပြီး ဟောကြားပေးတော် မူလိုက်သော အခါကျမှ သဘောပေါက်သွားကြပေတယ်။

ရှေ့ရှေ့ နာမ်တရားတွေကနေပြီးတော့ နောက်နောက် နာမ်တရားတွေကို အခြားမရှိ၊ အကြားမရှိ ကျေးဇူးပြုတယ်ဆိုတာ ကောင်းစွာ အကြားမရှိ ကျေးဇူးပြုတာလို့ ဟောလိုက်တဲ့အခါကျတော့မှ အချို့အချို့သော ပုဂ္ဂိုလ်တွေက သဘောကျကြပေတယ်။ သဘောပေါက်ကြပေတယ်တဲ့။

အနန္တရနှင့် သမနန္တရ နှစ်ပါးမှာ အနန္တရက စကြဝတေးမင်းကြီး ကွယ်လွန်သွားတာ၊ နတ်ရွာစံသွားတာ သားကြီးရတနာ မင်းဖြစ်ဖို့ရာ ကျေးဇူးပြုသကဲ့သို့ ရှေ့စိတ် ချုပ်ပျောက်သွားခြင်းသည် နောက်စိတ် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတယ်လို့ ဆိုလိုပေတယ်။

သမနန္တရကလည်း ဒီအတိုင်းပဲ။ စကြဝတေးမင်းကြီး ရဟန်းပြုသွားတာ၊ ရဟန်းပြုလိုက်တဲ့အခါမှာ သားကြီးရတနာဟာ အကြားမရှိ၊ အခြားသော မင်းတရားတွေ ဒီမှာ အုပ်စိုးလို့မရအောင်၊ ချက်ချင်း အကြားမရှိ မင်းဖြစ်အောင် ကျေးဇူးပြုပါတယ်လို့ ဆိုလိုပေတယ်။ စကြဝတေးမင်းကြီး ရဟန်းပြုသွားတာဟာ သားကြီးရတနာ မင်းဖြစ်ဖို့ရာ ကောင်းစွာ ကျေးဇူးပြုသကဲ့သို့ သမနန္တရသတ္တိဖြင့် ကျေးဇူးပြုတာလည်း ဒီအတိုင်းပါပဲ။ ရှေ့ရှေ့စိတ်တွေ ချုပ်ပျောက်သွားတာ နောက်နောက်စိတ်တွေ ဖြစ်ပေါ်လာဖို့ရာ ကောင်းစွာ ကျေးဇူးပြုခဲ့ပါတယ်ဟု ဆိုလိုပါတယ်။ အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် ဤမျှလောက်ပင် ထူးခြားကြပေသည်။

ဆောင်ပုဒ်။ ။ နာမ်ကနာမ်တွေ၊ ဖြစ်ပေါ်စေ၊ ပြုလေ သဟဇာတ။
ဆောင်ပုဒ်။ ။ ရူပ်ကရူပ်တွေ၊ ဖြစ်ပေါ်စေ၊ ပြုလေသဟဇာတ။
ဆောင်ပုဒ်။ ။ ရူပ်နာမ်နှစ်ထွေ၊ ဖြစ်ပေါ်စေ၊ ပြုလေသဟဇာတ။
ဆောင်ပုဒ်။ ။ နာမ်ကရူပ်တွေ၊ ဖြစ်ပေါ်စေ၊ ပြုလေသဟဇာတ။
ဆောင်ပုဒ်။ ။ ရူပ်ကရူပ်တွေ၊ ဖြစ်ပေါ်စေ၊ ပြုလေသဟဇာတ။

(၇) အညမည ပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော၊ အညမညပစ္စယေန ပစ္စယော။
စတ္တာရော မဟာဘူတာ၊ အညမညပစ္စယေန ပစ္စယော။
သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

အညမညပစ္စည်း။ ။ (၁) အချင်းချင်း အပြန်အလှန် ကျေးဇူးပြု တတ်သောတရား လည်းကောင်း။
(၂) ခက်မာမှု၊ ဖွဲ့စည်းမှု၊ ပူမှု၊ အေးမှု အစရှိသော ရူပ်ခန္ဓာသာလျှင် ရူပ်ခန္ဓာချင်း၊ သိမှု၊ ခံစားမှု၊ မှတ်မှု၊ စေ့ဆော်မှု၊ အစရှိသော နာမ်ခန္ဓာ သာလျှင် နာမ်ခန္ဓာချင်း ပြိုင်းခနဲပြိုင်းခနဲ အတူတကွ ဖြစ်ပေါ်ကြသည်ကို "အညမည ပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်+ရူပ်	နာမ် + ရူပ်	သဟဇာတ (အဓိပတိ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အဝိဂတ)

၁။ နိဒါန်း - သဟဇာတပစ္စယောတိ = သဟဇာတပစ္စည်း ဆိုသည်မှာ
အကြောင်း - စတ္တာရော ခန္ဓာ အရူပိနော=နာမ်ခန္ဓာ(၄)ပါး တို့သည်
အကျိုး - အညမည် = အချင်းချင်းအား
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၂။ အကြောင်း - စတ္တာရော မဟာဘူတာ = မာတ်ကြီး(၄)ပါး တို့သည်
အကျိုး - အညမည် = အချင်းချင်းအား
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၃။ အကြောင်း - ဩကန္တန္တိကဘဝော = ပဋိသန္ဓေခဏာ၌
- နာမရူပံ = နာမ်နှင့်ရုပ်တို့သည်
အကျိုး - အညမညံ = အချင်းချင်းအား
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၄။ အကြောင်း - စိတ္တာစေတသိကာဓမ္မာ = စိတ္တာစေတသိတ် တရားတို့သည်
အကျိုး - စိတ္တသမုဋ္ဌာနာနံ = စိတ္တာစေတသိတ် တို့ကြောင့် ဖြစ်ကြ ကုန်သော
- ရူပါနံ = ရုပ်တရားတို့အား
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၅။ အကြောင်း - မဟာဘူတာ = ဓာတ်ကြီး(၄)ပါး တို့သည်

အကျိုး - ဥပါဒါရူပါနံ = ဓာတ်ကြီးကို မှီ၍ ဖြစ်ကြကုန်သော ရုပ်တရားတို့အား
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၆။ အကြောင်း - ရူပီနော ဓမ္မာ = ဟဒယဝတ္ထုသည်
အကျိုး - အရူပီနော ဓမ္မာနံ = နာမ်ခန္ဓာ(၄)ပါး တို့အား
- ကိဉ္စိကာလေ = ပဋိသန္ဓေကာလ၌
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။
အကျိုး - ကိဉ္စိကာလေ = ပဝတ္တိကာလ၌
အကြောင်းသတ္တိ - သဟဇာတပစ္စယေန = အတူတူဖြစ်ခြင်း သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

လူပန်းဖြစ်ရလိမ့်မယ်။ မြားငြောင့်ကို အရင်နုတ်ပြီးတဲ့အခါကျတော့မှ လိုအပ်တဲ့အကျိုးတရားတွေ ရရှိနိုင်သလိုပါပဲ။

မိမိခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာ ပေါ်လာလို့ရှိရင် ရှေးဦးစွာ လွှမ်းမိုးအောင် ရှုမှတ်ရမယ်။

သမ္မသနဉာဏ်ရောက်လာတော့ ဝေဒနာတွေ ထင်ရှားလာတယ်။ ပေါ်လာတဲ့အခါ သည်းခံမယ်လို့ နှလုံးမသွင်းရပါဘူးလား . . . နှလုံးသွင်းရပါတယ်ဘုရား။ "သည်းခံမှ နိဗ္ဗာန်ရ"ဆိုတာ ဝိပဿနာ ရှုမှတ်တဲ့အခါမှာ အသုံးအကျဆုံးပါပဲ။

"အို အရှင်ဘုရား . . . ရဟန်းတော်ဆိုတာ သည်းခံရခြင်း သဘောရှိပါတယ်ဘုရား"လို့ မိန့်ကြားလိုက်တဲ့အခါ "သာဓုပါဘုရား" သည်းခံပါတော့မယ် ဆိုတဲ့အဓိပ္ပါယ်နဲ့ တစ်ချက်တည်း ငြိမ်ကျသွားပေတယ်။

လေထိုးတဲ့ ရောဂါဝေဒနာကို ရှုမှတ်တယ်။ ချက်ကစပြီး ထိုးနာတာကို အစဉ်အတိုင်း ရှုမှတ်သွားလိုက်တာ ရင်ဝလည်းရောက်တော့ အနာဂါမ်လည်းဖြစ်ပြီး ပျံလည်း ပျံလွန်တော်မူသွားပါတယ်။

"သည်းခံမှ နိဗ္ဗာန်ရ" သည်းခံမယ်လို့ နှလုံးသွင်းပြီးတော့ ဝေဒနာကို ရှုမှတ်ရပေတယ်။ ပြင်းထန်တာနှင့်အမျှ စိတ်ကိုလည်းတင်း၊ ခန္ဓာကိုယ်ကိုလည်း တင်းမိလိုက်တတ်တယ်။ အဲဒီလိုလည်း မတင်းမိစေရပေဘူး။ ဝေဒနာပြင်းထန်လာလို့ရှိရင် ခန္ဓာကိုယ်ကိုလည်း အနည်းငယ် လျှော့ထား၊ စိတ်ကိုလည်း အနည်းငယ်လျှော့ထားရပါမယ်။

ဒီဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချထားရပါတယ်။ ကြောင့်ကြပူပန်မှုလေးလည်း မရှိစေရပေဘူး။ နာနေတာ ဘယ်လောက်

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်+ရူပ်	နာမ် + ရူပ်	အညမည (အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြေယ၊ ဝိပ္ပယုတ္တ၊ အဝိဂတ)

၁။ နိဒါန်း - အညမညပစ္စယောတိ = အညမညပစ္စည်း ဆိုသည်မှာ
အကြောင်း - စတ္တာရော ခန္ဓာ အရူပိနော=နာမ်ခန္ဓာ(၄)ပါး တို့သည်
အကျိုး - အညမည် = အချင်းချင်းအား
အကြောင်းသတ္တိ - အညမညပစ္စယေန = အပြန်အလှန်အားဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၂။ အကြောင်း - စတ္တာရော မဟာဘူတာ= ဓာတ်ကြီး(၄)ပါး တို့သည်
အကျိုး - အညမည် = အချင်းချင်းအား
အကြောင်းသတ္တိ - အညမညပစ္စယေန = အပြန်အလှန်အားဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ သညာအမှတ်၊ တံလျှပ်သဏ္ဌာန်၊ အနိစ္စပဲ၊ မမြဲကော်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ၊ မုချဝေကန်။

ဆောင်ပုဒ်။ ။ သခ်ါရသဘော၊ ဌက်ပျောသဏ္ဌာန်၊ အနိစ္စပဲ၊ မမြဲကော်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ၊ မုချဝေကန်။

ဆောင်ပုဒ်။ ။ ဝိညာဏ်အသိ၊ မျက်လှည့်ပုံဟန်၊ အနိစ္စပဲ၊ မမြဲကော်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ၊ မုချဝေကန်။

ဝေဒနာနုပဿနာသတိပဋ္ဌာန် ရှုမှတ်ပုံ

ဝေဒနာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ဝေဒနာကို ရှုလို့ရပါတယ်။ ဒေသနာအစဉ်အားဖြင့်တော့ သုခက ရှေ့ကဖြစ်တယ်။

တရားအားထုတ်လိုက်တော့ ဒုက္ခကို ရှေးဦးစွာ တွေ့ရတယ်။ ဒုက္ခဝေဒနာကို ရှုတတ်ဖို့၊ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုနိုင်ဖို့ အရေးကြီးတယ်။

ဒုက္ခဝေဒနာမှာ ဒေါမနဿ ဒေါသ = ပဋိဃကိန်းနေတယ်။ စိတ်တွေမချမ်းသာတော့ပေဘူး။ စိတ်နှလုံးမသာယာမှုတွေ ဖြစ်ပါတယ်။

ဒုက္ခဝေဒနာကို များများစားစား သဖွယ်ထင်အောင် ရှုမှတ်နိုင်ရမယ်။ ဆူးစူးတဲ့အခါ များများစားစား ကိုမဖယ် မနုတ်ပါဘဲနဲ့ အလုပ်ကိုသာ ဖိလုပ်နေတယ်ဆိုရင် ထိုပုဂ္ဂိုလ်မှာ အလုပ်ကိစ္စ မပြီးပါဘဲနဲ့ အချိန်သာကုန်

၃။ အကြောင်း - သြကာန္တိကဝေါ = ပဋိသန္ဓေခဏာ၌
- နာမရူပံ = နာမ်နှင့်ရုပ်တို့သည်
အကျိုး - အညမညံ = အချင်းချင်းအား
အကြောင်းသတ္တိ - အညမညပစ္စယေန = အပြန်အလှန်အား ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ ဒုက္ခကိန်းလာ၊ ဒေါသသာ၊ မှန်စွာပယ်ရမည်။

ဆောင်ပုဒ်။ ။ သုခကိန်းလာ၊ ရာဂသာ၊ မှန်စွာပယ်ရမည်။

ဆောင်ပုဒ်။ ။ သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင်ရှုရမည်။

ဆောင်ပုဒ်။ ။ ဥပေက်ကိန်းလာ၊ မောဟသာ၊ မှန်စွာပယ်ရမည်။
ဥပေက်ပေါ်လျှင်၊ မြဲမထင်၊ အမှန်ပင်ရှုရမည်။

ဆောင်ပုဒ်။ ။ ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတစ်မည်။
ယိမ်းယိုင်လူပ်ရှား၊ ရွေ့သွားတတ်သည်၊
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်၊
ဝါယောဓာတ်၊ ရှုမှတ်မြတ်ယောဂီ။

ဆောင်ပုဒ်။ ။ ရူပံဤရူပ်၊ ရေမြုပ်သဏ္ဌာန်၊ အနိစ္စပဲ၊ မမြဲကော်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ၊ မုချဝေကန်။

ဆောင်ပုဒ်။ ။ ဝေဒနာစက်၊ ရေပွတ်သဏ္ဌာန်၊ အနိစ္စပဲ၊ မမြဲကော်၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရအမှန်၊ အနတ္တ၊ မုချဝေကန်။

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်က ရှုမှတ်လိုက်ရင် ချမ်းသာတာလေးက ပေါ်ပြီးတာနဲ့ပျောက်၊ ပေါ်ပြီးတာနဲ့ ပျောက်သွားတာကို မြင်ကြပါတယ်။ ဖြစ်ပျက် မြင်ကြပါတယ်။ သမာဓိဉာဏ် ရင့်ကျက် အားရှိထက်သန်တာနဲ့အမျှ ဖြစ်ပျက်တွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ မဖြစ်တတ်ပါဘူးလား။ . . ဖြစ်တတ်ပါတယ်ဘုရား။ ဆင်းရဲတစ်မျိုးပါလားလို့ မထင်သွားပါဘူးလား။ . . ထင်သွားပါတယ်ဘုရား။ ထင်သွားတာနဲ့ ရာဂါနုသယ = လောဘကို ပယ်ပြီးဖြစ်တယ်။

အဒုက္ခမသုခဝေဒနာ = ဥပေက္ခာဝေဒနာမှာ မောဟကိန်းနေတတ်တယ်။ အဝိဇ္ဇာနုသယ ကိန်းနေတတ်တယ်။

ဥပေက္ခာဝေဒနာမှာ ကိန်းလာတဲ့ မောဟကို ဘယ်လိုမျှား ပယ်ရမလဲဆိုတော့ ဥပေက္ခာဝေဒနာ ပေါ်လာလို့ရှိရင် အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ဥပေက္ခာဝေဒနာက ဝိပဿနာတရား ရှုတဲ့အခါ သဒ္ဓါ ရုပေက္ခာဉာဏ်ရောက်မှသာ ထင်ရှားနေတတ်ပါတယ်။ ဥပေက္ခာဝေဒနာဆိုတာ အလွန်မထင်ရှားတဲ့ ဝေဒနာပဲ ဖြစ်ပေတယ်။

ကျောက်ဖျာပေါ်ကို သမင်ကျော်သွားတယ်။ ကျော်နေတဲ့ အခိုက်အတန့်မှာ လူကမရှိပေဘူး။ နောက်မှရောက်သွားတဲ့အခါ သမင်၏ အတက်ခြေရာကိုလည်း တွေ့ရတယ်။ သမင်ဆင်းသွားတဲ့ အဆင်းခြေရာကိုလည်း တွေ့ရတယ်။ ဒီတော့ ဒီကျောက်ဖျာပေါ်က သမင်ဖြတ်ကျော်သွားတယ်လို့ မသိရပါပေဘူးလား။ . . သိရပါတယ်ဘုရား။

နာနေသလဲ။ အသားပေါ် အရေပေါ် အကြောထိအောင်၊ အရိုးထိအောင်၊ ရိုးတွင်းခြင်ဆီထိအောင် စိတ်ဖြင့် စူးစိုက်ပြီးတော့မှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ နာနေတဲ့ အတိုင်းအရှည်ကို သိအောင်ရှုမှတ်ရပေမယ်။ သိအောင်မှတ်ရပါမယ်ဘုရား။

ဒုက္ခဝေဒနာ ပေါ်လာလို့ရှိရင် ဒုက္ခဝေဒနာကို သိအောင် ရှုမှတ်ရမယ်။ မြတ်စွာဘုရား မိန့်ကြားတာပါဘုရား။ ပျောက်အောင် မှတ်နေတော့ တရားတော်တော်နဲ့ တက်မှတက်ပါ့မလား . . . မတက်ပါဘုရား။

စိတ်နဲ့စူးစိုက်ပြီးတဲ့အခါမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု ပိုင်းခြားပိုင်းခြားပြီးတော့ ရှုမှတ်ရပါတယ်။

"ပိုင်းခြား ပိုင်းခြားပြီးတော့ မှတ်ရမယ်" သိအောင်စူးစိုက်ပြီး သိပြီးမှ ရှုမှတ်နေတာကို ပိုင်းခြားတယ်လို့ မခေါ်ရပါဘူးလား။ . . ခေါ်ရပါတယ်ဘုရား။

အပေါ်ယံရှုပ်ပြီး ရှုမှတ်နေရင်တော့ ဝေဒနာကို လွှမ်းမှလွှမ်းမိုးနိုင်ပါ့မလာ။ . . မလွှမ်းမိုးနိုင်ပါဘုရား။ ဒါကြောင့် အတိုးအလျော့ကို သိအောင် စူးစိုက်ရတယ်။

အထွတ်အထိပ်သို့ရောက်အောင် နာ၊ ကျင်၊ အောင့်ပြီးတဲ့အခါ ဝေဒနာလည်း သူ့သဘောအတိုင်းသူ အကြောင်းအားလျော်စွာ ပြန်လျော့လာတတ်ပါတယ်။

ဝေဒနာလျော့လာတဲ့အခါ စူးစိုက်မှုကို မလျှော့လိုက်ပါဘဲနဲ့ စူးစိုက်ပြီး လေးငါးချက်လောက် ဆင့်ကာဆင့်ကာ ပိုင်းခြားပိုင်းခြားပြီး ရှုမှတ်လိုက်တဲ့အခါ သက်သာသွားတာ၊ တခြားနေရာသို့ ရွှေ့သွားတာ

ကိုယ်တိုင်ပဲ တွေ့ကြရပါတယ်။ ဝေဒနာဟာ အမြဲတမ်း တစ်သမတ်တည်း နာနေတာတော့ မဟုတ်ဘူး။ အမြဲတမ်း ပြောင်းလဲနေတာပဲဟု မသိရပါဘူးလား။ . . သိရပါတယ်ဘုရား။ ပြောင်းလဲနေတဲ့ သဘောလေးကို သိရတော့ ယောဂီက ပိုပြီး စိတ်ဝင်စားပြီးတော့ မှတ်အားတွေ ပိုမကောင်းပါဘူးလား။ . . ပိုကောင်းပါတယ်ဘုရား။

"နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု မှတ်လိုက်တာနဲ့ နာတာလေးက ပေါ်ပြီးတာနဲ့ ပျောက်သွား၊ ပေါ်ပြီးတာနဲ့ ပျောက်သွား။ ပေါ်တာလည်းထင်ရှား၊ ပျောက်သွားတာလည်း ထင်ရှားတယ်။ ဖြစ်ပျက် မထင်ရှားပါဘူးလား။ အရင်က ကြားဖူးနေတဲ့ ဖြစ်ပျက်ကို အခုကိုယ့်ခန္ဓာကိုယ်ထဲမှာ မတွေ့နေရပါဘူးလား။ တွေ့နေရပါတယ်ဘုရား။ ဖြစ်ပျက်တွေ့ရတော့ နေရာကျသွားပေပြီ။"

ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ ဖြစ်တာက မထင်ရှားတော့ဘူး။ ပျက်ပျက်သွားတာပဲ ထင်ရှားတယ်။ နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု မှတ်လိုက်တဲ့အခါ ပျောက်ပျောက်သွားတာကပဲ ထင်ရှားတယ်။ ပုံသဏ္ဌာန်တွေကလည်း မထင်ရှားတော့ ဘယ်က နာနေတယ်ဆိုတာ မထင်ရှားတော့ပေဘူး။ ကျောက နာနေတယ်၊ ဘေးက နာနေတယ် စသည်ဖြင့် အထူးခွာမနေရတော့ပေဘူး။

နာတယ်ဟု မှတ်လိုက်ရင် နာတာလေး ကုန်ပျက် ကုန်ပျက်သွားတာ မြင်ရတော့ ယောဂီက ပိုပြီး သဘောကျပေတယ်။ ဒုက္ခဝေဒနာကို မှတ်သိစိတ်က လွှမ်းမိုးသွားပေပြီ။ နာတာက အဓိကမဟုတ်တော့ဘူး။ ကုန်ပျက် ကုန်ပျက်သွားတာတွေကို သိရတာက အဓိက ဖြစ်သွားပေပြီ။

နာတာလေးလည်း ကုန်ပျက်၊ နာတယ်လို့ မှတ်လိုက်တဲ့ မှတ်

စိတ်ကလေးလည်း ကုန်ပျက်။ နာတာလေးလည်း ကုန်ပျက်၊ နာတယ်လို့ သိနေတဲ့ အသိစိတ်ကလေးလည်း ကုန်ပျက်၊ နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လည်း ကုန်ပျက်။

နာတာလည်း မမြဲဘူး၊ အသိစိတ်လည်း မမြဲဘူး၊ မှတ်သိစိတ်လည်း မမြဲဘူး။ အနိစ္စပါဘုရား။ ကုန်ပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲပါလား။ ဒုက္ခပါဘုရား။ ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ။ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ အနတ္တပါဘုရား။

ဝေဒနာ အနိစ္စ၊ ဝေဒနာ ဒုက္ခ၊ ဝေဒနာ အနတ္တတွေ မြင်သွားတဲ့အခါ မြားငြှောင့်ကို ပယ်နုတ်သကဲ့သို့ ဖြစ်သွားပါတယ်။ ဝေဒနာကို လွှမ်းမိုးသွားတော့ ပဋ္ဌိယာနုသယကို ပယ်သတ်ပြီး မဖြစ်သွားပါဘူးလား။

သုခဝေဒနာမှာ ဘာကိန်းတတ်သလဲဆိုရင် ရာဂါနုသယ = လောဘကိန်းတတ်တယ်။ အဲဒီချမ်းသာလေးမှာ သာယာတပ်မက်နေတာကို ရာဂလို့ ခေါ်တယ်။ လောဘပဲဖြစ်ပေတယ်။ အဲဒီ လောဘကို ဘယ်လို ပယ်ရမလဲဆိုတော့ . . .

သုခဝေဒနာ ပေါ်လာလို့ရှိရင် ဒုက္ခလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ဒုက္ခထင်အောင် ဘယ်လိုရှုရမလဲဆိုရင် ကိုယ်က ချမ်းသာတာ ထင်ရှားရင်လည်း ချမ်းသာတဲ့ ကိုယ်ကာယကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်ရမယ်။ စိတ်က ချမ်းသာတာက ထင်ရှားလို့ရှိရင်လည်း ချမ်းသာတဲ့စိတ်ကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်ရမယ်။ ဝိပဿနာရှုတယ်ဆိုတာ ထင်ရှားရာကို မရှုရပါဘူးလား။ . . ရှုရပါတယ်ဘုရား။

အတက်ခြေရာနဲ့ သုခဝေဒနာနဲ့ တူတယ်။ အဆင်းခြေရာနဲ့ ဒုက္ခဝေဒနာနဲ့ တူတယ်။ ကျောက်ဖျာပေါ်က ခြေရာနှင့် ဥပေက္ခာဝေဒနာနှင့်တူတယ်။ ဘယ်ဉာဏ်ရောက်ရင် ထင်ရှားသလဲ။ . . သခ်ါရုပေက္ခာဉာဏ်ရောက်ရင် ထင်ရှားပေပြီ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်ဟု မှတ်နေတဲ့အခါ မှတ်စရာအာရုံနဲ့ မှတ်သိစိတ် အလိုလို မှတ်နေသကဲ့သို့ ယောဂီက ထိုင်ပြီးကြည့်နေရသကဲ့သို့ လွယ်လွယ်လေး မှတ်လို့ရသွားပါတယ်။ လျစ်လျူရှုပြီး မှတ်နေရတာဟာ ဥပေက္ခာဝေဒနာပဲ ဖြစ်ပေတယ်။

လွယ်အားကြီးပြီး တွေဝေတဲ့မောဟ ဝင်နေတတ်ပါတယ်။ ကုန်ပျက်တာတွေ မထင်ရှားတော့ပေဘူး။ တွေဝေနေရင်တော့ မကောင်းပေဘူး။ မောဟကိန်းနေပါတယ်ဘုရား။ မောဟဝင်နေပေပြီ။ တရားတွေကလည်း တော်တော်ရင့်နေပြီ။ တရားမတတ်တော့ပေဘူး။

အဲဒီ ဥပေက္ခာဝေဒနာမှာ ကိန်းနေတဲ့မောဟကို ဘယ်လိုရှုမှတ်ပြီး ပယ်ရမလဲဆိုတော့ ရိုရိုသေသေ စူးစူးစိုက်စိုက်ရှုမှတ်ပြီး ပယ်ရမယ်။ သခ်ါရုပေက္ခာဉာဏ်ဆိုတာ ဘင်္ဂဉာဏ်အခြေခံ ရှိပြီးသား ဖြစ်ပေတယ်။ သတိထားပြီး စူးစူးစိုက်စိုက် ပြန်ရှုမှတ်ရပါတယ်။ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တဲ့အခါ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ရိပ်ခနဲ ကုန်ပျက်သွားတာကို ပြန်မမြင်နိုင်ပါဘူးလား။ . . မြင်နိုင်ပါတယ်ဘုရား။

ဖောင်းတယ်လို့ မှတ်လိုက်ရင် ဖောင်းတဲ့အမူအရာလေး ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်။ ပိန်တဲ့အမူအရာလေး ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်။ ထိတယ်လို့မှတ်လိုက်ရင်လည်း ကုန်ပျက်၊ မှတ်သိစိတ်ပါ ကုန်ပျက်။ မှတ်စရာအာရုံ ရုပ်တရားလည်း မမြဘူး။ မှတ်သိစိတ်လည်း မမြဘူးလို့ မထင်သွားပါဘူးလား။ . . မမြဘူးလို့ ထင်သွား

တွေ့မြင်ပြီး ယောဂီမှာ တရားတွေ တက်သွားနိုင်ပေတယ်။

သူလိုရာဘက်ကို တွန်းတာ ဆွဲတာ မရှိပါဘူးလား။ . . ရှိပါတယ်ဘုရား။ နောက်ကိုလည်း ဆွဲချ၊ ဘေးကိုလည်း ဆွဲချ။ ဘာဓာတ်သဘောတွေ တွေ့နေတာပါလဲ။ . . ဝါယောဓာတ်သဘောတွေ တွေ့နေတာပါဘုရား။ ဓာတ်သဘောတွေ သူ့သဘောအတိုင်းသူ ဖြစ်နေတာပဲ။ ကိုယ်အစိုးမရဘူးဆိုတာ မထင်ရှားပါဘူးလား။ . . ဝါယောဓာတ်ကိုတော့ အများဆုံး မှတ်ကြရတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

စိတ်စေတသိတ်တရားတွေက စိတ္တဇရုပ်ကို ကျေးဇူးပြုနေတာဖြစ်တယ်။ ထင်ရှားတော့ ထချင်တယ်၊ ထချင်တယ်။ ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ တွန်းကန်လိုက်လို့ ထတဲ့အမူအရာ ပေါ်လာတဲ့အခါကျမှ ထတယ်၊ ထတယ်ဟု ရှုမှတ်ရပါတယ်။

ထချင်တယ်၊ ထချင်တယ်ဟု "စိတ္တာစေတသိကာ" ၌ မရပါဘူးလား။ . . ရပါတယ်ဘုရား။ ထတယ်၊ ထတယ်ဟု ရှုမှတ်တာက ထချင်တဲ့ စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်လို့ တရွေ့ပြီးတရွေ့ အပေါ်သို့တက်တဲ့ စိတ္တဇရုပ် ခန္ဓာကိုယ်အမူအရာကို မှတ်တာဖြစ်တဲ့အတွက်ကြောင့် "စိတ္တသမုဋ္ဌာနာနံ ရူပါနံ"၌ ရပါတယ်ဘုရား။

ထချင်တယ်၊ ထချင်တယ်ဟု မှတ်တာက "စိတ္တာစေတသိကာ ဓမ္မာ"ကို ရှုမှတ်တာ ဖြစ်ပေတယ်။ ထတယ်၊ ထတယ်ဟု မှတ်တာက "စိတ္တသမုဋ္ဌာနာနံ ရူပါနံ" ကို ရှုမှတ်တာ ဖြစ်ပေတယ်။

တော့ တွေဝေတဲ့မောဟ မရှိတော့ပေဘူး။ ပယ်ပြီးသား ဖြစ်သွားပေတယ်။

ဝိပဿနာဉာဏ်နဲ့ မောဟမှာ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ပေတယ်။ အပျက်ကိုမြင်သွားတဲ့ ဘင်္ဂဉာဏ်က မောဟကို မပယ်လိုက်ပါဘူးလား။ . . . ပယ်လိုက်ပါတယ်ဘုရား။

ကုန်ပျက်တာတွေကို မြင်အောင်ရှုမှတ်လိုက်တော့ မမြဲဘူးဆိုတာ မသိသွားပါဘူးလား။ . . သိသွားပါတယ်ဘုရား။ မောဟကို ပယ်ပြီးသား၊ အဝိဇ္ဇာကို ပယ်ပြီးသား ဖြစ်သွားပေတယ်။

ဝိညာဏ်(စိတ်)ကို ရှုမှတ်ပုံကိုတော့ တရားနာပရိသတ်များ ရှုမှတ်တတ်နေပါတယ်။ စိတ်ကူးတယ်၊ ကြံစည်တယ်၊ စိတ်ထွက်တယ်ဟု ဝိညာဏ် လေးငါးချက်လောက် ရှုမှတ်လိုက်တဲ့အခါ ဒီစိတ်ကူးကြံစည်မှုလေး ပျောက်ပျောက်ပြီးသွားတာ ထင်ရှားပေတယ်။

ဘင်္ဂဉာဏ်ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ စိတ်ကူးတယ်။ စိတ်ကူးကြံစည်တဲ့ စိတ်ကလေး ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်ကုန်ပျက်သွားတာ၊ တစ်ချက်မှတ် တစ်ချက်ရှေ့စိတ်ကလေး ကုန်ပျက်ကုန်ပျက်တာကို မြင်ပြီးတဲ့အပြင် မှတ်သိစိတ်ပါ နောက်က လိုက်လိုက်ပြီး ကုန်ပျက်တာ မြင်သွားပါတယ်။

မှတ်စရာအာရုံလည်း မမြဲဘူး၊ မှတ်သိစိတ်လည်း မမြဲဘူး။ မမြဲဘူးဆိုတာ အနိစ္စပါ။ ကုန်ပျက်ကုန်ပျက်တာတွေ လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲပါလား။ ဒုက္ခပါဘုရား။ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရပါလား။ အနတ္တပါဘုရား။

ဒီမှာ ရှုကွက်ကတော့ ဒီ(၂)ခုလောက်ပဲ ကောင်းပါတယ်။ ဒုတိယအချက်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ဖြစ်ကြပါတယ်။ ဒါလည်း တရားထိုင်တဲ့အခါမှာတော့ ထင်ရှားနေတတ်ပါတယ်။ ပထဝီဓာတ်ရဲ့ သဘော ထင်လာတာဖြစ်တယ်။

"နှာရည်တွေ အလိုလို ယိုကျပါတယ်ဘုရား၊ မျက်ရည်တွေလည်း ယိုကျပါတယ်ဘုရား၊ ငိုလည်းမငိုချင်ဘူးဘုရား။ အာပေါဓာတ်ကို တွေ့နေတာပါဘုရား။ ချွေးတွေက အလွန်ထွက်တာပဲဘုရား" အာပေါဓာတ်ရဲ့ သဘောကို ရှုမှတ်တာပဲ ဖြစ်ပေတယ်။

ထောက်ကန်တာ၊ တောင့်တင်းတာ၊ လျော့သွားတာ၊ ဝါယောဓာတ်ရဲ့ လက္ခဏာဖြစ်ပါတယ်။

သမ္မသနဉာဏ်ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်များ ယိမ်းနေတာ၊ ယိုင်နေတာ ထိန်းထားလို့ ရပါရဲ့လား။ . . မရပါဘုရား။ မထိန်းနဲ့လို့ မပြောရပါဘူးလား။ . . ပြောရပါတယ်ဘုရား။

ညွတ်လည်း ညွတ်ကျတယ်။ ဘယ်ထိအောင် ညွတ်ကျသလဲ . . . ကြမ်းထိအောင် ညွတ်ကျပါတယ်ဘုရား။ များများညွတ်ကျလေများများမှတ်နိုင်လေ၊ မြန်မြန်တက်လေပဲ။ ညွတ်တယ်၊ ညွတ်တယ်၊ ကျတယ်၊ ကျတယ်ဟု ရှုမှတ်ရပါတယ်။ ကုန်ပျက် ကုန်ပျက်တာတွေကို တညွတ်ကတညွတ်သို့ လိုက်မပါသွားတာတွေကို သိအောင် စူးစိုက်ပြီး မှတ်လိုက်ရင် တရားတက်သွားနိုင်ပါတယ်။

ဘယ်လိုမှတ်ရပါ့မလဲဆိုရင် တရွေ့ကတရွေ့ လိုက်မပါ ကုန်ပျက်ကုန်ပျက်သွားတာကို စိတ်ကညွတ်ပြီး ရွေ့ရွေ့သွားတာလေးကို မီအောင် ရှုမှတ်ရမယ်။ မကြာခဏပဲ ရွေ့တာတွေ ပျောက်ပျောက်သွားတာကို

သောတာယတန်၊ သောတဝိညာဏာ ဓာတုယာ၊ တံ သမ္မယုတ္တကာ နဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော။

ဃာနာယတန်၊ ဃာနဝိညာဏာ ဓာတုယာ၊ တံ သမ္မယုတ္တကာ နဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော။

ဇိဝှါယတန်၊ ဇိဝှါဝိညာဏာ ဓာတုယာ၊ တံ သမ္မယုတ္တကာ နဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော။

ကာယာယတန်၊ ကာယဝိညာဏာ ဓာတုယာ၊ တံ သမ္မယုတ္တကာ နဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ၊ မနော ဓာတု စ၊ မနော ဝိညာဏာ ဓာတုစ၊ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ၊ မနော ဝိညာဏာ ဓာတုယာ စ၊ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ နိဿယပစ္စယေန ပစ္စယော။

နိဿယပစ္စည်း။ ။ (၁) အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။

(၂) ရုပ်လျှင်ရုပ်ချင်း၊ နာမ်လျှင်နာမ်ချင်း မှီကြရ သည်ကိုလည်းကောင်း၊ နာမက္ခန္ဓာတို့သည် ရုပ်ခန္ဓာတို့၌ မှီကြရသည် ကိုလည်းကောင်း "နိဿယ ပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်+ရုပ်	နာမ် + ရုပ်	နိဿယ

(အဓိပတိ၊ သဟဇာတ၊ အညမည၊ အာဟာရ၊ ဣန္ဒြေယ၊ ဝိပ္ပယုတ္တ၊ အဝိဂတ)

ထရာကနေ သွားရတော့မယ်ဆိုရင်လည်း စိတ်ကို အာရုံပြုလိုက်တဲ့အခါ သွားချင်တဲ့စိတ်တွေ မထင်ရှားပါဘူးလား။ . . သွားချင်တယ်ဆိုတာ စိတ္တစေတသိကာ ဓမ္မာကို ရှုမှတ်နေတာပါဘုရား။

နောက်ပြီးမှ သွားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းပို့လိုက်လို့ သွားတဲ့ကိုယ်အမူအရာ ဖြစ်လာတဲ့အခါမှာ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စိတ္တသမုဋ္ဌာနာနံ ရူပါနံကို ရှုမှတ်နေတာပါဘုရား။

ရပ်ချင်တဲ့စိတ်တွေ မဖြစ်နေပါဘူးလား။ . . ဖြစ်နေပါတယ်ဘုရား။ ရပ်ချင်တယ်၊ ရပ်ချင်တယ်ဟု မရှုမှတ်ရပါဘူးလား။ . . ရှုမှတ်ရပါတယ်ဘုရား။ စိတ္တစေတသိကာ ဓမ္မာကို ရှုမှတ်နေတာပါဘုရား။ ရပ်တယ်၊ ရပ်တယ်ဟု ရှုမှတ်နေတာက စိတ္တသမုဋ္ဌာနာနံကို ရှုမှတ်နေတာပါဘုရား။

ထိုင်ရတော့မယ်ဆိုရင်လည်း အထူးသတိထားလိုက်တဲ့အခါ ထိုင်ချင်တဲ့စိတ်တွေ မထင်ရှားနေပါဘူးလား။ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဟု မရှုမှတ်ရပါဘူးလား။ စိတ္တစေတသိကာ ဓမ္မာကို ရှုမှတ်နေတာပါဘုရား။ လေတွေက တွန်းချလိုက်လို့ ထိုင်တဲ့ ကိုယ်အမူအရာပေါ်လာမှ ထိုင်တယ်၊ ထိုင်တယ် ဟု ရှုမှတ်ရပါတယ်။

ခေါင်း၊ ကိုယ်၊ ခြေလက်ပုံသဏ္ဌာန်များကို ခွာနိုင်သမျှခွာ၊ အောက်သို့ တရွေ့ပြီးတရွေ့ ရွေ့ကျသွားတဲ့သဘောနှင့် ရွေ့ကျတဲ့ အစဉ် သန္တတိပစ္စုပ္ပန်ကို သိနိုင်သမျှသိအောင်၊ မိနိုင်သမျှမိအောင် စူးစိုက်ရပါတယ်။ လေးလေးပြီးတော့ ကျသွားတာကိုလည်း သိကြရပေတယ်။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ နိဗ္ဗာန်သို့သွားဖို့ရာ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပေတယ်။

ရုပ်တရားဆိုတာ ရေမြုပ်စိုင်ကြီးနှင့်တူတယ်။ ဘာတစ်ခုမှ ခိုင်မာတာ မရှိဘူး၊ ချက်ချင်းပဲ ပျက်ပျက်သွားနိုင်တယ်။ တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ ရုပ်တရားလည်း ဒီအတိုင်းပါပဲ။ အကြောင်းကြောင်းတွေကြောင့် ပျက်စီးသွားနိုင်ပါတယ်ဘုရား။ မမြဲတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကြောင်းညီညွတ်လို့ မပျက်စီးတာတောင်မှ သက်တမ်းစေ့သွားတော့ မပျက်သွားပါဘူးလား။

ဝေဒနာသည် ရေပွက်လျှင် ဥပမာရှိ၏။ ရေပြင်ပေါ်မှာ ကျလာတဲ့ မိုးရေပေါက်ပွက်လေးတွေ ကျပြီးတာနဲ့ ပျက်သွား၊ ကျပြီးတာနဲ့ ပျက်သွား။ ဝေဒနာဟာလည်း ဒီအတိုင်းပဲ။ ပေါ်ပြီးတာနဲ့ ပျောက်သွား၊ ပေါ်ပြီးတာနဲ့ ပျောက်သွား။ သမာဓိဉာဏ်ရင့်ကျက်လာတဲ့ ပုဂ္ဂိုလ်တွေ မထင်ရှားပါဘူးလား။ ။ ။ ထင်ရှားပါတယ်ဘုရား။

တံလျှပ်လျှင် ဥပမာရှိ၏။ ဘာတစ်ခုမှ ခိုင်မြဲတာမရှိပါဘူး။ အမြဲတမ်း ဖြစ်ပျက်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပါပဲ။

သညာအမှတ်တွေ လွဲနေလို့ပဲဖြစ်တယ်။ သူပဲ၊ ငါပဲ၊ နိစ္စပဲ၊ သုခပဲ၊ သုဘပဲ၊ အတ္တပဲဟု သညာအမှတ်တွေ လွဲနေတော့ အိုရတဲ့ဘဝ၊ နာရတဲ့ဘဝ၊ သေရတဲ့ဘဝတွေ မဆုံးနိုင်တော့ပါဘူး။

သခ်ၤါရတရားတို့သည်၊ ဌက်ပျော်တုံးနှင့် တူကုန်၏။ ဌက်ပျော်တုံးမှာ အဖတ်ဖတ်တွေ မများပါဘူးလား။ ။ ။ များပါတယ်ဘုရား။ အနှစ်သာရ မရှိပါဘုရား။ အိမ်ဆောက်လို့ မရပါဘုရား။ သခ်ၤါရတရားတွေလည်း တစ်ခုမျှ အသုံးမကျဘူး။ ဖြစ်ပြီးတာနဲ့ပျက်၊ မမြဲတဲ့သဘောတရားတွေပဲ ဖြစ်ပါတယ်။ တရားတစ်ပါးနှင့်တစ်ပါး မတူကြပေဘူး။ သူ့လက္ခဏာနဲ့သူ အမြဲတမ်း ပြောင်းလဲပျက်စီး ကုန်ပျက်နေကြတာပဲ။

ဝိညာဏ်သည် မျက်လှည့်ရုပ်လျှင် ဥပမာရှိ၏။ ဝိညာဏ်က မျက်လှည့်ရုပ်နဲ့တူတယ်။ ချက်ချင်းပဲ အမြန်ပြောင်းလဲလိုက်တယ်။ မြန်အားကြီးတော့ လူတွေ မသိလိုက်ဘူး။ အမြန်ပြောင်းလဲလိုက်တော့ အမြင်တွေ မမှားသွားပါဘူးလား။ ။ ။ မှားသွားပါတယ်ဘုရား။

ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေအတွက် သွားတဲ့စိတ်ကလည်း တစ်ခု၊ ရပ်တဲ့စိတ်ကလည်း တစ်ခု၊ တစ်ခုပြီးတစ်ခု ဖြစ်နေတာကို မြန်အားကြီးတော့ ဒီစိတ်ပဲထင်နေရတာ မျက်လှည့်သမားနဲ့ မတူပါဘူးလား။ ။ ။ တူပါတယ်ဘုရား။

(၈) နိဿယ ပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော၊ အညမညံ၊ နိဿယ ပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ၊ အညမညံ၊ နိဿယ ပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ၊ နိဿယ ပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ နိဿယ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါ ရူပါနံ၊ နိဿယ ပစ္စယေန ပစ္စယော။

စက္ခာ ယတနံ စက္ခုဝိညာဏာ ဓာတုယာ၊ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော။

အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၈။အကြောင်း - ဃာနာယတနံ = နှာခေါင်းအကြည်သည်
အကျိုး - ဃာနဝိညာဏာဓာတုယာ = နံသိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုနံသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၉။အကြောင်း - ဇိဝှါယတနံ = လျှာအကြည်သည်
အကျိုး - ဇိဝှါဝိညာဏာဓာတုယာ = စားသိစိတ်အားလည်းကောင်း

၁။ နိဒါန်း - နိဿယပစ္စယောတိ = နိဿယပစ္စည်းဆိုသည်မှာ
အကြောင်း - စတ္တာရော ခန္ဓာ အရူပိနော = နာမ်ခန္ဓာ(၄)ပါးတို့သည်
အကျိုး - အညမညံ = အချင်းချင်းအား
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၂။အကြောင်း - စတ္တာရော မဟာဘူတာ = ဓာတ်ကြီး(၄)ပါးတို့သည်
အကျိုး - အညမညံ = အချင်းချင်းအား
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၃။အကြောင်း - ဩကန္တိကာဓေ = ပဋိသန္ဓေခဏ၌
- နာမရူပံ = နာမ်နှင့်ရုပ်တို့သည်
အကျိုး - အညမညံ = အချင်းချင်းအား
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ ဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၄။အကြောင်း - စိတ္တာစေတသိကာ ဓမ္မာ= စိတ္တာစေတသိတ် တရားတို့သည်
အကျိုး - စိတ္တသမုဋ္ဌာနာနံ = စိတ်စေတသိတ် တို့ကြောင့် ဖြစ်ကြကုန်သော
- ရူပါနံ = ရုပ်တရားတို့အား
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၅။အကြောင်း - မဟာဘူတာ = မဟာတ်ကြီး(၄)ပါးတို့သည်
အကျိုး - ဥပါဒါရူပါနံ = မဟာတ်ကြီး (၄)ပါး ကိုမှီ၍ဖြစ်ကြကုန်သောရုပ်တရားတို့အား
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၆။အကြောင်း - စက္ခာယတနံ = မျက်စိအကြည်သည်
အကျိုး - စက္ခုဝိညာဏဓာတုယာ = မြင်သိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမြင်သိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၇။အကြောင်း - သောတာယတနံ = နားအကြည်သည်
အကျိုး - သောတာဝိညာဏဓာတုယာ = ကြားသိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုကြားသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

နိဿယပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

အစပိုင်းမှာ ဘယ်က ရှုမှတ်နေရလဲဆိုရင် ကာယကနေ၍ ရှုမှတ်ရတယ်။ နောက်တော့ မျက်စိကလည်း ရှုမှတ်လို့ရ၊ နားကလည်း ရှုမှတ်လို့ရ၊ နှာခေါင်းကလည်း ရှုမှတ်လို့ရ၊ လျှာကလည်း ရှုမှတ်လို့ရ၊ ကိုယ်ကလည်း ရှုမှတ်လို့ရ၊ စိတ်ကလည်း ရှုမှတ်လို့ရသွားကြပါတယ်။ (၆)ဒွါရလုံး ရှုမှတ်လို့ရသွားတဲ့အခါကျတော့ ယောဂီအတွက် အောင်မြင်သွားပါပြီ။ တစ်ဒွါရထဲသာ ရှုမှတ်နေလို့ရှိရင်တော့ နေရာမကျသေးပေဘူး။

မြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်များ ဒီမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် (၅)ဒွါရကို တစ်ဒွါရစီသာ ရှုမှတ်နေကြလို့ ပြဿနာတွေ ဖြစ်ခဲ့ကြတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် ရဟန်း(၅)ပါး အတူတကွ တရားအားထုတ်ကြတယ်။ အားထုတ်ကြတဲ့အခါ တစ်ပါးကတော့ ပုဂ္ဂိုလ်သတ္တဝါတွေကို ဒုက္ခပေးတာ မျက်စိပဲ။ မျက်စိကို မထိန်းသိမ်းနိုင်ကြလို့ အပါယ်ငရဲသို့ ကျကြတယ်ဆိုပြီးတော့ မျက်စိကိုပဲ လုံခြုံအောင် စောင့်ထိန်းတယ်။ မျက်စိကပဲ ရှုမှတ်တယ်။

နောက်တစ်ပါးကတော့ ထိုထိုသတ္တဝါတွေကို နားက ဒုက္ခပေးတာဖြစ်တယ်။ နားကြောင့် အပါယ်ငရဲကို ကျရတာဖြစ်တယ်။ နားကို လုံခြုံအောင် စောင့်ထိန်းတယ်။ နားကပဲ ဝိပဿနာရှုမှတ်တယ်။

တစ်ပါးကတော့ ပုဂ္ဂိုလ်သတ္တဝါတွေ ဒုက္ခရောက်ရတာ လျှာက

- တံသမ္မယုတ္တကာနံ = ထိုစားသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိဖြင့်

နိဂုံး
- ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၀။အကြောင်း - ကာယာယတနံ = ကိုယ်အကြည်သည်
အကျိုး - ကာယဝိညာဏာဓာတုယာ = ထိသိသိစိတ်အားလည်းကောင်း
- တံသမ္မယုတ္တကာနံ = ထိုထိသိသိစိတ်နှင့် ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း

အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိဖြင့်

နိဂုံး
- ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၁။အကြောင်း - ယံ ရှုပံ နိဿယ = အကြင်ဟဒယကို
အမှီပြု၍
အကျိုး - မနောဓာတု စ = မနောဓာတ်သည်
လည်းကောင်း
- မနောဝိညာဏဓာတုစ = ကြံ သိ စိ တ် သည်
လည်းကောင်း
- ဝတ္ထန္တိ = ဖြစ်ကြကုန်၏။
အကြောင်း - တံ ရှုပံ = အကြင်ဟဒယရုပ်
သည်
အကျိုး - မနောဓာတုယာစ = မနောဓာတ်အား
လည်းကောင်း
- မနောဝိညာဏဓာတုစ = ကြံ သိ စိ တ် အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုကြံသိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - နိဿယပစ္စယေန = မှီရာဟူသောသတ္တိ
ဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ စက္ခုရူပါ၊ ထင်စွာအလင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာမြင်စိတ် ဖြစ်ကြောင်းတည်း။

ဆောင်ပုဒ်။ ။ သောတသဒ္ဒါ၊ အာကာရှိခြင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာကြားစိတ် ဖြစ်ကြောင်းတည်း။
ဆောင်ပုဒ်။ ။ ဃာနဂန္ဓာ၊ ဆောင်လာလေညင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာနံစိတ် ဖြစ်ကြောင်းတည်း။
ဆောင်ပုဒ်။ ။ ဇိဝှါရသာ၊ စိုတာရှိခြင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာစားစိတ် ဖြစ်ကြောင်းတည်း။
ဆောင်ပုဒ်။ ။ ကာယဖောဋ္ဌာ၊ မာခဲရှိခြင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာထိစိတ် ဖြစ်ကြောင်းတည်း။
ဆောင်ပုဒ်။ ။ ဘဝင်အာရုံ၊ ဝတ္ထုံဟဒယာ၊
ထင်စွာဖြစ်ခြင်း ၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာကြံစိတ် ဖြစ်ကြောင်းတည်း။
ဆောင်ပုဒ်။ ။ ငါ့ဉစွာမှန်၊ စွဲယူပြန်၊ အမှန်တကဲ့စွဲ။
ဆောင်ပုဒ်။ ။ ငါသာဖြစ်ဟန်၊ စွဲယူပြန်၊ အမှန်မာနစွဲ။
ဆောင်ပုဒ်။ ။ ငါ့ကိုယ်အတွံ၊ စွဲယူပြန်၊ အမှန်ဒိဋ္ဌစွဲ။
ဆောင်ပုဒ်။ ။ ဆီခွက်နှင့်သာ၊ ကာယဂတာ၊ မှန်စွာတူပေသည်။
ဆောင်ပုဒ်။ ။ ဆီခွက်ကိုင်ယူ၊ သွားနေသူ၊ ရှုသူတူပေသည်။
ဆောင်ပုဒ်။ ။ ပွဲကြည့်သွားလာ၊ လူများမှာ၊ များစွာအာရုံတူပေသည်။
ဆောင်ပုဒ်။ ။ သံလျက်ကိုင်ထား၊ သူယောကျ်ား၊
စိတ်ကားတူပေသည်။
ဆောင်ပုဒ်။ ။ ဆီဖိတ်ကျတာ၊ ကိလေသာ၊ ဖြစ်တာတူပေသည်။
ဆောင်ပုဒ်။ ။ ခေါင်းဖြတ်လိုက်ပြန်၊ အရိယာဉာဏ်၊
အမှန်မဖြစ်တူပေသည်။

သဗ္ဗဒုက္ခာ = အလုံးစုံသော ဆင်းရဲဟူသမျှမှ၊
ပမုစ္စတိ = လွတ်မြောက်ကြ၏။
ဣတိ = ဤသို့
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

တစ်ဒွါရတည်းတော့ သင်တို့ စောင့်ရှောက်လို့ တရားမနိုင်ကြပေဘူး။ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင် ကြပေဘူး။ (၆)ဒွါရလုံး သင်တို့လုံခြုံအောင် စောင့်စည်းနိုင်ရမည်။ သင်တို့ အဲဒီလို (၆)ဒွါရလုံးကို လုံခြုံအောင် မစောင့်စည်းနိုင်ခဲ့တဲ့အတွက်ကြောင့် သင်တို့ အတိတ်ဘဝက ဘီလူးစားခံခဲ့ရဖူးပြီလို့ မြတ်စွာဘုရား မိန့်ကြားလိုက်တော့ အဲဒီအတိတ်အကြောင်းကို သိလိုတဲ့အတွက်ကြောင့် လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက အတိတ်ဇာတ်လမ်းကို ပြန်ပြီးတော့ ဟောကြားပါတယ်။

တစ်ချိန်သောအခါ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်မှာ မင်းသားငယ်ဖြစ်တယ်။ သူ့အထက်တွင် အစ်ကိုကြီးတွေက (၉၉၉) ယောက်ရှိတယ်။ မင်းသားပေါင်း (၁၀၀၀)ရှိကြရာတွင် ဘုရားလောင်းက အငယ်ဆုံး ဖြစ်ပေတယ်။ မင်းသားငယ်လေးဆိုတော့ မင်းမဖြစ်ချင်ပါဘူးလား . . . မင်းဖြစ်ချင်ပါတယ်ဘုရား။ မင်းဖြစ်ချင်တယ်။ ဒီဗာရာဏသီပြည်မှာ မင်းဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဟု သူ

အရသာကြောင့် ဒုက္ခရောက်ရတာဖြစ်တယ်။ ရသတဏှာကြောင့် ပုဂ္ဂိုလ်သတ္တဝါတွေ ဆင်းရဲဒုက္ခဖြစ်ကြရတာဖြစ်တယ်။ မဖြစ်ကြရပါဘူးလား. . . ဖြစ်ကြရပါတယ်ဘုရား။ ဒါကြောင့် လျှာကိုပဲ စောင့်စည်းတယ်။ လျှာကပဲ ရှုမှတ်တယ်။

တစ်ပါးကတော့ ပုဂ္ဂိုလ်သတ္တဝါတွေ ဒုက္ခရောက်တယ်ဆိုတာ ကိုယ်ကြောင့် အထိအတွေ့တွေကြောင့် သတ္တဝါတွေ ဒုက္ခရောက်ကြတာပဲ။ ကောင်းတဲ့အတွေ့တွေကိုလိုချင်လို့ မတရားတာ၊ တရားတာ မသိဘဲနဲ့ ယူကြ၊ လုပ်ကြ၊ ကိုင်ကြလို့ ဒုက္ခရောက်ကြရတာပဲဆိုပြီး ကိုယ်ကာယကိုပဲ လုံခြုံအောင် စောင့်ရှောက်ကြတယ်။ ကာယကပဲ ရှုမှတ်တယ်။

တစ်နေ့သောအခါ အစည်းအဝေးထိုင်ပြီး တရားအကြောင်းဆွေးနွေးကြတော့ တစ်ပါးနဲ့တစ်ပါး အချေအတင်တွေဖြစ်ပြီး မပြေလည်ကြပေဘူးတဲ့။ တစ်ပါးက မျက်စိကအရေးကြီးတယ်။ မျက်စိကို လုံခြုံအောင်စောင့်ရမယ်။ တစ်ပါးက နားကအရေးကြီးတယ်။ တစ်ပါးက နှာခေါင်းကအရေးကြီးတယ်။ တစ်ပါးက လျှာကအရေးကြီးတယ်။ တစ်ပါးက ကိုယ်ကာယက အရေးကြီးတယ်လို့ ပြောကြတော့ ပြေလည်ပါရဲ့လား . . . မပြေလည်ပါဘုရား။

မပြေလည်တော့ မြတ်စွာဘုရားထံ ရောက်သွားကြပါတယ်။ "မြတ်စွာဘုရား . . . တပည့်တော်တို့ ယခုလိုပဲ ဖြစ်ကြပါတယ်ဘုရား။ မပြေလည်ကြပါဘုရား။ တပည့်တော်တို့ စောင့်ရှောက်တာ မှန်ပါရဲ့လားဘုရား"ဟု လျှောက်ထားတော့ မြတ်စွာဘုရားက "မှန်တော့ မှန်တယ်။ တစ်ဒွါရစီစောင့်ရှောက်လို့တော့ သင်တို့ တရားမရနိုင်ပေဘူး။ သင်တို့

ဘဝါဘဝကလည်း ဒီလို မျက်စိစတဲ့ စက္ခုဒွါရ စတဲ့ဒွါရတွေကို မစောင့်ရှောက်နိုင်ခဲ့လို့ ဘီလူးစားခံခဲ့ရပြီးပြီ" စသည်ဖြင့် မြတ်စွာဘုရားက အတိတ်အကြောင်းတွေ မြွက်ကြားတော်မူပါတယ်။

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

စက္ခုနာ = စက္ခုဒွါရဖြင့်
သံဝရော = လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာသို့ ပို့ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။
သောတေန = သောတဒွါရဖြင့်
သံဝရော = လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = ကောင်းလှပါပေ၏။
ဃာနေန = နှာခေါင်းဖြင့်၊
သံဝရော = လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = ကောင်းလှပါပေ၏။

ဇိဝှါယ = လျှာဖြင့်
သံဝရော = လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ပို့ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။
ကာယေန = ကိုယ်ဖြင့်
သံဝရော = လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = ကောင်းလှပါပေ၏။
မနသာ = စိတ်ဖြင့်၊
သံဝရော = လောဘ၊ ဒေါသ၊ မောဟတို့ မဖြစ်အောင် စောင့်စည်းခြင်းသည်၊
သာဓု = လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ပို့ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။
သဗ္ဗတ္ထသံဝရော= အလုံးစုံသော မျက်စိ နား နှာ လျှာ ကိုယ် စိတ် တည်းဟူသော ဒွါရ(၆)ပါးဌ လုံခြုံအောင် စောင့်ခြင်းသည်၊
သာဓု = လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ပို့ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။
သဗ္ဗတ္ထသံဝုတော= အလုံးစုံသော ဒွါရ(၆)ပါးဌ စောင့်ရှောက်နိုင်သော
ဘိက္ခု = ဘေးကိုရှုတတ်သော ယောဂီမြတ်သည်၊
ဘိက္ခု = ဘေးကိုရှုတတ်သော ရဟန်းမြတ်သည်၊

ပျော်မွေ့နေပါတော့မယ်” ဆိုပြီး နေခဲ့ပေတယ်။ ဘီလူးတွေက ဖြားယောင်းပြီး စားလိုက်ကြပေတယ်။

ရှေ့တစ်ခါ ဆက်သွားတော့ အတွေ့ဖောဋ္ဌဗ္ဗာရုံနဲ့ ဖြားယောင်းကြပြန်တယ်။ ဖောဋ္ဌဗ္ဗာရုံနဲ့ ဖြားယောင်းတဲ့အခါ အတွေ့ဖောဋ္ဌဗ္ဗာရုံကို ကြိုက်တတ်တဲ့ တပည့်လည်း ဒီလိုပဲ ဘီလူးစားခံခဲ့ရတယ်။ ဘယ်သူကျန်ပါတော့သလဲ၊ ဘုရားလောင်းလေးပဲ ကျန်တော့တယ်။

ဘုရားလောင်း တစ်ယောက်ထဲသွားနေတော့ ဘီလူးမတစ်ယောက်က ဒီလောက် အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို အင်မတန်ပဲ စားချင်တယ်တဲ့။ ဒီပုဂ္ဂိုလ်ကို စားပြီးမှ ပြန်မယ်ဆိုပြီး ဘုရားလောင်း မင်းသားလေးနောက်က လိုက်သွားတယ်။ လိုက်တော့လည်း ဘယ်လိုလိုက်လာသလဲဆိုရင် ဘီလူးမက လူယောင်ဖန်ဆင်းထားတယ်။ အလွန်လှပတင့်တယ်တဲ့ အမျိုးသမီးဟန် ဖန်ဆင်းထားတယ်။ ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားပြီး ယူစရာ ကိုင်စရာတွေလည်း ဆွဲလာပြီး ဘုရားလောင်းနောက်က လိုက်လာတယ်။

လိုက်လာတော့ ဟို ဂန္ဓာရတိုင်းဘက်သို့ နားသွားတဲ့အခါ တောအုပ်ထဲမှာ ဂန္ဓာရတိုင်းကလာပြီး အလုပ်လုပ်နေကြသည့် အလုပ်သမားတွေက မြင်ကြတဲ့အခါ ဘုရားလောင်းက ရှေ့ကသွား၍ နောက်က အမျိုးသမီးက ကလေးသူငယ်ကို ပွေ့ချီကာ အဝတ်အထည်တွေ ကိုင်စရာတွေလည်းဆွဲကာ သွားနေတာကို လူတွေက မြင်ရတော့ မေးကြတယ်။ “ရှေ့ကသွားနေတာ သင်နဲ့ ဘာတော်သလဲ”လို့ မေးတော့ “ကျွန်ုပ်ရဲ့ လင်ယောကျ်ားပါပဲ”ဟု ပြောတယ်။ “အို ဒီလူက နေရာမကျလိုက်တာ။ နောက်က အမျိုးသမီးက မနိုင်မနင်းနဲ့ ဖြစ်နေတာကို ဘာ

အကြိမ်ကြိမ်အထပ်ထပ် စဉ်းစားတယ်။

သူ့အထက်က အစ်ကိုကြီး (၉၉၉)ယောက်တောင် ရှိနေတော့ မင်းဖြစ်ဖို့ရာ မလွယ်ဘူးလို့ သူ့စိတ်ထဲမှာထင်လာတော့ မိမိထက်တတ်သိစွမ်းနိုင်တဲ့ အရှင်ပစ္စေကဗုဒ္ဓါရဟန္တာတွေကို ချဉ်းကပ်ပြီး မေးလျှောက်မည်ဟု ကြံစည်ကာ အရှင်ပစ္စေကဗုဒ္ဓါရဟန္တာတွေထံ ချဉ်းကပ်ပြီး လျှောက်ထားတယ်။ “အရှင်မြတ်တို့ဘုရား . . . တပည့်တော်သည် ဒီဗာရာဏသီပြည်မှာ မင်းဖြစ်နိုင်ပါ့မလားဘုရား။ မဖြစ်နိုင်ပါဘူးလားဘုရား”လို့ လျှောက်ထားတော့ အရှင်ပစ္စေကဗုဒ္ဓါရဟန္တာတွေက “သင် ဗာရာဏသီပြည်မှာ မင်းမဖြစ်နိုင်ဘူး။ မင်းနိုင်တဲ့ တိုင်းပြည်တော့ရှိတယ်။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှာတော့ သင် မင်းဖြစ်နိုင်တယ်။ ဒါပေမဲ့လည်း သင် ဒီ(၇)ရက်အတွင်းမှာ သွားနိုင်မှ မင်းဖြစ်ပါလိမ့်မယ်” ဟု မိန့်ကြားတော်မူလိုက်ပေတယ်။

“သွားဖို့ရာက မလွယ်ဘူး။ ယူဇနာ(၅၀)ခရီးမှာ ဘီလူးတွေ အလွန်ဆိုးဝါးတယ်။ ဒီခရီးကို ကျော်ဖြတ်နိုင်ဖို့ရာ အလွန်ခက်ခဲတယ်” ဟု မိန့်ကြားတော့ “သွားပါမယ်ဘုရား၊ အရှင်ဘုရားတို့ထံမှ အဆုံးအမ ဩဝါဒကို ခံယူပြီးတော့ သွားပါ့မယ်ဘုရား။ အရှင်ဘုရားတို့ ပရိတ်တရားတော်တွေ ရွတ်ပေးတော်မူကြပါဘုရား”ဟု ဆိုပြီး ပရိတ်တွေနာယူ၊ ပရိတ်ကြိုးတွေယူပြီး အရှင်ပစ္စေကဗုဒ္ဓါရဟန္တာတွေရဲ့ အဆုံးမ ဩဝါဒ ခံယူလိုက်ပါတယ်။

ကိုယ့်စိတ်ကို ကိုယ်လုံခြုံအောင် ထိန်းနိုင်ရမယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရ(၆)ပါးကို လုံခြုံအောင် ထိန်းသွားလို့ ရှိရင် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ သင်ရောက်သွားနိုင်တယ်။ အဆုံး

အမည်ဝါဒတွေ နာခံပြီးတော့ သွားခါနီးမှာ မိခင် ဖခင် မင်းကြီးတွေထံ သွားကန်တော့တယ်။ သွားကန်တော့ပြီးတဲ့အခါ တပည့်တွေဆီသွားပြီး နှုတ်ဆက်တယ်။

"တပည့်တို့ . . . ဆရာကတော့ ဒီဗာရာဏသီပြည်မှာ မင်းမဖြစ်နိုင်ဘူး။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကို သွားတော့မယ်။ သင်တို့ နေရစ်ခဲ့ကြပေတော့"လို့ မှာကြားတဲ့အခါ တပည့်တွေက -

"ဟာ ဆရာသွားရင် တပည့်တို့လည်း လိုက်ကြမယ်"။

"လိုက်လို့မဖြစ်ဘူး။ ယုဇနာ(၅၀)ခရီးမှာ ဘီလူးတွေ အလွန်ဆိုးတယ်။ သင်တို့ဘီလူးစားခံရလိမ့်မယ်။ မလိုက်ခဲ့ကြနဲ့"။

"ဟာ ဆရာရဲ့ အဆုံးအမည်ဝါဒကို ခံယူပြီးသွားရင် မစားပါဘူး။ လိုက်ကြမယ်"။

"အေး ဒီလိုဆိုလည်း လိုက်ခဲ့ကြ"။ တပည့်(၅)ယောက် သူနောက်က လိုက်ပါလာကြပါတယ်။ မင်းသားလေးပါ (၆)ယောက် သွားကြပေတယ်။

တောအုပ်ထဲ ဝင်သွားတာနဲ့ ဘီလူးတွေက ရူပါရုံအဆင်းတွေနဲ့ ဖြားယောင်ကြတယ်။ နတ်မိမယ်တမျှ လှပတဲ့ ရူပါရုံတွေ ဖန်ဆင်းပြီး ဖြားယောင်ကြတဲ့အခါ ရူပါရုံအဆင်းကို တပ်မက်တဲ့ တပည့်တစ်ယောက်က ရူပါရုံအဆင်း၌ သာယာတပ်မက်ပြီး နောက်ချန်နေခဲ့တယ်။ နောက်ချန်နေရစ်တော့ ဘုရားအလောင်းက ပြန်လှည့်ခေါ်တယ်။

"တပည့် ဘယ့်နှယ်လဲ မင်းဟာ နောက်ကျလှချည်လား"

"ကျွန်ုပ် ခြေထောက်နာနေလို့ပါခင်ဗျာ"ဟု ပြောတယ်။ မှန်တာပြောရဲ့လား . . . မပြောပါဘုရား။ လိုချင်နေတော့ မလိမ်ပါဘူးလား

. . . လိမ်ပါတယ်ဘုရား။

"အို မင်းဟာ သိပ်နေရာမကျဘူးထင်တယ်။ မြန်မြန်လိုက်ခဲ့"ဟု ဆိုပြီး ရှေ့ဆက်သွားပြန်ပါတယ်။ တော်တော်ဝေးသွားတဲ့အခါ နောက်ကျန်နေခဲ့ပြန်တယ်။

"တပည့် မင်းဘယ့်နှယ်တုံး၊ မင်းနောက်ကျလှချည်လား"

"ဆရာရယ် ဖြစ်ချင်တာပဲ ဖြစ်ပါစေတော့။ ဒီရူပါရုံတွေနဲ့ပဲ ပျော်ပျော်ပါးပါး နေပါရစေတော့"

"အေး - မင်းကံပဲ"လို့ ပြောကာ ထားခဲ့တော့ ထိုတပည့်ကို ဘီလူးတွေ ဖြားယောင်းပြီး စားလိုက်ကြတယ်။

ရှေ့ဆက်သွားတဲ့အခါ အသံသဒ္ဒါရုံတွေနဲ့ ဖြားယောင်းကြတယ်။ အသံသဒ္ဒါရုံကို စွဲလမ်းတတ်တဲ့ တပည့်တစ်ယောက်က ဒီလိုပဲ နောက်ချန်ပြီး နေခဲ့လို့ သွားခေါ်တော့ မရတော့ပြန်ဘူး။ "ဆရာ- ဖြစ်ချင်တာတွေ ဖြစ်ပါစေတော့။ ဒီအသံတွေနဲ့ပဲ ပျော်မွေ့ပါရစေ"။ ပျော်မွေ့နေခဲ့တဲ့အခါ ဘီလူးတွေစားလိုက်ကြပြန်တယ်။ ဘာကြောင့် ဘီလူးစားခံရသလဲ . . . နားကြောင့် ဘီလူးစားခံရပါတယ်ဘုရား။

ဆက်သွားတဲ့အခါ အနံ့ဂန္ဓာရုံတွေနဲ့ ဖြားယောင်းပြန်ပါတယ်။ ဖြားယောင်းတဲ့အခါ အနံ့ကို အလွန်နှစ်သက်တတ်တဲ့ တပည့်ကလည်း ဒီလိုပဲ နောက်ချိန်ခဲ့ပြန်တယ်။ ဘီလူးစား ခံရပြန်ပေတယ်။

ရှေ့နားရောက်သွားတဲ့အခါ အစားအသောက်တွေနဲ့ ဖြားယောင်းကြပြန်တယ်။ ဖြားယောင်းတော့ အစားအသောက် တပ်မက်တတ်တဲ့ တပည့်ကလည်း ဒီလိုပဲ နောက်ချန်ပြီး နေခဲ့ပြန်တယ်။ ဆရာဘယ်လိုမှ ပြောလို့မရပေဘူး။ "ဖြစ်ချင်တာ ဖြစ်ပါစေတော့။ ဒီအာဟာရတွေနဲ့ပဲ

သင့်နောက်က သံလျက်ထမ်းပြီးတော့ သူသတ်ယောကျ်ားတစ်ယောက်
ကလည်း လိုက်လာလိမ့်မယ်။ ဆီမဖိတ်လို့ရှိရင် သင်အသက်ရှင်လိမ့်
မယ်။ ဆီဖိတ်တာနဲ့ သင့်ခေါင်းကို ဖြတ်လိမ့်မယ်။ သင်သွားနိုင်ပါ့မလား"
လို့ဆိုတော့ သွားနိုင်ပါတယ်ဟု ဝန်ခံတယ်။ ချက်ချင်း သေရတော့မယ့်
အစား မသွားနိုင်ပါဘူးလား၊ သွားနိုင်ပါတယ်ဘုရားလို့ ပြောတယ်။

ဇနပဒကလျာဏီ ကနေတဲ့ ပွဲသဘင်ကြားက သွားရတဲ့ပုဂ္ဂိုလ်
ဆီမဖိတ်အောင် သွားရတာ လွယ်ပါသလား၊ ခက်ပါသလား . . .
ခက်ပါတယ်ဘုရား။ ပရိသတ်တွေကလည်းများပြား၊ ဇနပဒကလျာဏီ
ကလည်း အဆိုအကတွေကလည်း အလွန်ကောင်းတော့ ကြည့်မိလို့
ရှိရင်လည်း ဆီဖိတ်တော့မှာပဲ။ "လွယ်ပါသလား၊ ခက်ပါသလား"လို့
ရဟန်းတော်တွေကို မေးတော့ ရဟန်းတော်တွေက "အလွန်ခက်လှ
ပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။ မြတ်စွာဘုရားက "မခက်
လှပါဘူး"တဲ့။ သင်တို့ တရားထူး တရားမြတ်ရအောင် ရှုမှတ်ဖို့ရာ
ကာယဂတာသတိကမ္မဋ္ဌာန်းကို ရှုမှတ်တဲ့အခါ အမှတ်တွေ မလွတ်သွား
ရအောင် ရှုမှတ်ရတာက ပိုပြီးခက်ပါတယ်ဟု မိန့်ကြားတော်မူပါတယ်။
မခက်ပါဘူးလား . . . ခက်ပါတယ်ဘုရား။ အဲဒါကို ဋီကာဆရာက
ဥပမာနဲ့ ဖွင့်ပြပါတယ်။

တေလပတ္တံ ဝိယ ကာယဂတာသတိ။ (သံ - ဋီ - ၂/၄၈၂)

တေလပတ္တံဝိယ = ဆီခွက်ကဲ့သို့၊
ကာယဂတာသတိ = ကာယဂတာ သတိကမ္မဋ္ဌာန်းကို
ဒဋ္ဌဗ္ဗာ = မှတ်အပ်၏။

တစ်ခုမှလည်း အကူအညီမပေးပါလား"ဟုဆိုကာ ကဲ့ရဲ့ပြောဆိုကြတော့
ဘုရားလောင်းက "အဲဒါ ကျွန်ုပ်ရဲ့ ဇနီးသည်လည်း မဟုတ်ပါဘူး။
လူလည်းမဟုတ်ပါဘူးတဲ့။ သူဟာ ဘီလူးမပါပဲ"ဟု ပြောလိုက်တယ်။

ဘုရားလောင်းဆိုတော့ အမှန်အတိုင်း မပြောရဲပါဘူးလား . . .
ပြောရဲပါတယ်ဘုရား။ အမှန်အတိုင်း ပြောရဲတယ်။ ပြောတော့ ဘီလူး
မ ကလည်း အည့်မခံဘူးတဲ့။ "အမျိုးသားတွေ၊ ယောကျ်ားတွေဆိုတာ
သူတို့ သဘောမကျလို့ရှိရင် အမျိုးသမီးတွေကို ဘီလူးမပဲ၊ သရဲမပဲလို့
ပြောတာ ထုံးစံပါပဲ"ဟု ပြန်ပြောတယ်။ ဘာပြောပြော ဘုရားလောင်း
ကတော့ လှည့်မကြည့်ဘဲ သွားတာပါပဲ။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ ရောက်သွားတဲ့အခါ မြို့ပြင်က
သာလာယံ တည်းခိုဇရပ်တစ်ခုမှာ တည်းခိုနေပါတယ်။ အဲဒီ ဘီလူးမ
အမျိုးသမီးက ကလေးငယ်မရှိတဲ့ (၁၆)နှစ်အရွယ် အလွန်လှပတင့်
တယ်တဲ့ အမျိုးသမီးဟန် ဖန်ဆင်းပြီးတော့ သာလာယံဇရပ် အပြင်မှာ
ပဲ နေရပေတယ်။ ဘုရားလောင်းနားတော့ ကပ်လို့မရပေဘူး။

ဘုရားလောင်းက ဘုန်းတန်ခိုးအာနုဘော်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်
ဖြစ်တော့ ဘီလူးမဟာ အပြင်မှာပဲ နေထိုင်ရတယ်။ အဲဒီအချိန်မှာပဲ
တက္ကသိုလ်ပြည် ဘုရင်ကြီးကလည်း တိုင်းခန်းလှည့်လည်လာတယ်။
နတ်သမီးလို ဖန်ဆင်းထားတဲ့ အဲဒီအမျိုးသမီးကိုမြင်တော့ အလွန်
သဘောကျသွားပေတယ်။ မင်းချင်းယောကျ်ားတွေကို သွားမေးခိုင်း
တယ်။ သသာမိကလား၊ အသာမိကလား။ အရှင် ယောကျ်ားရှိသလား၊
မရှိဘူးလားလို့ သွားမေးလိုက်တဲ့အခါကျတော့ "သူမှာ အရှင်ယောကျ်ား
ရှိပါတယ်။ ဟို အတွင်းမှာ ထိုင်နေတာ သူ့ရဲ့ အရှင်ယောကျ်ားပါပဲ"လို့

ပြောတော့ မင်းသားလေးက ဟိုလူတွေကို ပြန်ပြောတယ်။ "ကျွန်ုပ်ရဲ့ ဇနီးလည်း မဟုတ်ပါဘူး။ လူလည်းမဟုတ်ပါဘူး။ သူကတော့ ဘီလူးမပဲ" ဟု အမှန်အတိုင်းပဲ ပြောတယ်။

ဘုရင်ကြီးကို ပြန်ပြောတော့ ဒီလို အသာမိက = အရှင်မရှိဘူး ဆိုရင်တော့ သူပဲ ကောက်ယူတယ်၊ ခေါ်ခဲ့လို့ဆိုပြီး ဆင်ပေါ်တင်ပြီး နန်းတော်သို့ ခေါ်သွားတယ်။ ညကျတော့ အားလုံး နန်းတွင်းသူ နန်းတွင်းသားတွေ အိပ်နေတဲ့အခိုက်အတန့်မှာ ဘီလူးအပေါင်းအသင်းတွေ ခေါ်ပြီး ဘုရင်ကြီးနဲ့တကွ အကုန်လုံး နန်းတော်တွင်းရှိတဲ့ ပုဂ္ဂိုလ်တွေ စားပစ်လိုက်ကြတာ အရိုးပဲ ကျန်ခဲ့တော့တယ်။

မနက်ကျတော့ နန်းတော်ဖွင့်ချိန်မှာ မဖွင့်၍ တိုင်းသူပြည်သားတွေက လာကြည့်ကြပြီး ဖွင့်ကြတဲ့အခါမှာ တစ်နန်းတော်လုံးပဲ ဘီလူးစားခံရတာ မြင်ကြရသောကြောင့် တိုင်းပြည်မှာ ဘုရင်မရှိရင် မဖြစ်ပေဘူးဟုဆိုကာ ဘုရင်လောင်း ရှာကြသောအခါ ဘုရားလောင်းလေးထံ ရောက်သွားကြတယ်။ "ဒီပုဂ္ဂိုလ်ကတော့ ဘီလူးကို ဘီလူးမှန်းသိတယ်။ တို့ဘုရင်ကြီးကတော့ ဘီလူးကို ဘီလူးမှန်းမသိလို့ ဘီလူးစားခံရတယ်။ သူ့ကို ဘုရင်အဖြစ် တင်မြှောက်မယ်"ဟုဆိုပြီး မင်းအဖြစ် တင်မြှောက်လိုက်ကြပါတယ်။

သူစိတ်ကို သူနိုင်အောင် ထိန်းသိမ်းနိုင်တော့ ဘာဖြစ်သွားပါသလဲ . . . ဘုရင်ဖြစ်သွားပါတယ်ဘုရား။ တပည့်(၅)ယောက်ကတော့ သူတို့ရဲ့စိတ်ကို မထိန်းသိမ်းနိုင်တဲ့အတွက်ကြောင့် ဘီလူးစားခံရတယ်။ မျက်စိက ဘီလူးစားခံရတဲ့ပုဂ္ဂိုလ်က ရဟန်းဖြစ်သွားတဲ့အခါ မျက်စိကပဲ သူ့ကို ဒုက္ခပေးမှာ ကြောက်နေတယ်။ မျက်စိကိုပဲ လုံခြုံအောင် မစောင့်

ရှောက်ပါဘူးလား . . . စောင့်ရှောက်ပါတယ်ဘုရား။ နားက ဘီလူးစားခံရတဲ့ ရဟန်းတော်ကလည်း နားကိုပဲ လုံခြုံအောင် စောင့်ရှောက်တယ်။ နှာခေါင်းက ဘီလူးစားခံရတဲ့ ရဟန်းတော်ကလည်း နှာခေါင်းကိုပဲ လုံခြုံအောင် စောင့်ရှောက်တယ်။ လျှာက ဘီလူးစားခံရတဲ့ ရဟန်းတော်ကလည်း လျှာကိုပဲ လုံခြုံအောင် စောင့်ရှောက်တယ်။ ကိုယ်က ဘီလူးစားခံရတဲ့ ရဟန်းတော်ကလည်း ကိုယ်ကိုပဲ လုံခြုံအောင် စောင့်ရှောက်တယ်လို့ မြတ်စွာဘုရား ဇာတ်တော်ပေါင်းပြီး ဟောကြားလိုက်တော့ ရဟန်းတော်တွေ သံဝေဂဉာဏ်တွေဖြစ်ပြီး ကြိုးကြိုးစားစား အားထုတ်ကြပေတယ်။ အဲဒီမှာ အားထုတ်ဖို့ရာကို မြတ်စွာဘုရား ဇနပဒကလျာဏီသုတ္တန် တေလပတ္တဇာတ်တော်ကို ဟောကြားတော်မူပါတယ်။

တစ်ချိန်သောအခါ မြို့တော်မှာ ဇနပဒကလျာဏီ အမည်ရှိသည့် အလွန်လှပတင့်တယ်တဲ့ အမျိုးသမီး၊ မီးမထွန်းရဘဲနဲ့ (၁၂)တောင်ထိအောင် လင်းနေတဲ့ အမျိုးသမီး၊ အဆိုကလည်းကောင်း၊ အကကလည်းကောင်းတဲ့ နိုင်ငံကျော် အဆိုကျော် အကကျော်မင်းသမီး ပွဲတော်ကျင်းပနေတဲ့ အချိန်ဖြစ်တယ်။ လူတွေက ထောင်နဲ့သောင်းနဲ့ချီပြီး လာကြည့်နေကြတယ်။

အဲဒီအချိန်မှာ ယောကျ်ားတစ်ယောက်က သေဒဏ်ကြိုးဒဏ်ကျလို့လာတယ်။ ကျလာတဲ့အခါ မင်းကြီးက ပွဲတော်အချိန်မှာ ဒီယောကျ်ားကို သေဒဏ်ကြိုးဒဏ်လည်း မပေးချင်၍ "အပြစ်ဒဏ်တစ်ခုပေးမယ်"ဟု ဆိုကာ "သင် နှုတ်ခမ်းအထိ ပြည့်နေတဲ့ ဆီခွက်ကိုကိုင်ပြီးတော့ ဇနပဒကလျာဏီကနေတဲ့ ပွဲသဘင်ကြားက သွားရလိမ့်မယ်။

ဆီမဖိတ်ကျအောင် ဇနပဒကလျာဏီ ပွဲသဘင်ကြားက သွားနေတဲ့ ယောကျ်ား ပွဲကနေသည်ကို ကြည့်မိလို့ ဆီဖိတ်ကျသွားတာနဲ့ မပြတ်မလပ် ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ ကိလေသာဖြစ်သွားတာနဲ့ တူတယ်။

ဆောင်ပုဒ်။ ။ ဆီဖိတ်ကျတာ၊ ကိလေသာ၊ ဖြစ်တာတူပေသည်။

ဆီဖိတ်ကျသွားတာနဲ့ ယောဂီပုဂ္ဂိုလ် ကိလေသာ ဖြစ်သွားတာနဲ့ တူတယ်တဲ့။

သီသပါတနံ ဝိယ အရိယမဂ္ဂဉာဏာသီသာနုပ္ပတ္တိ။

သီသပါတနံဝိယ = ခေါင်းကိုဖြတ်လိုက်သကဲ့သို့၊
အရိယမဂ္ဂဉာဏာ သီသာနုပ္ပတ္တိ = အရိယာမဂ်ဉာဏ်တည်းဟူသော ခေါင်းကို မဖြစ်ခြင်းကို၊
ဒဋ္ဌဗ္ဗာ = မှတ်အပ်၏။

ဆီဖိတ်ကျသွားတော့ သံလျက်ကိုင်ထားတဲ့ ယောကျ်ားက ခေါင်းကို မဖြတ်လိုက်ပါဘူးလား . . . ဖြတ်လိုက်ပါတယ်ဘုရား။ ခေါင်းဖြတ်လိုက်သကဲ့သို့ အမှတ်လွတ်သွားတဲ့ ယောဂီပုဂ္ဂိုလ်မှာ ကိလေသာကြားဝင်ညှပ်လိုက်တော့ အရိယာမဂ်ဉာဏ်တွေ ပျက်စီးသွားတာနဲ့ မတူပါဘူးလား . . . တူပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ခေါင်းဖြတ်လိုက်ပြန်၊ အရိယာဉာဏ်၊ အမှန်မဖြစ်တူပေသည်။

နှုတ်ခမ်းပြည့်နေတဲ့ ဆီခွက်နဲ့ တရားနာပရိသတ်များ ရှုမှတ်နေတဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းနဲ့ တူတယ်တဲ့။ ဆီမဖိတ်အောင်သွားဖို့ရာ အမှတ်မလွတ်အောင် ရှုမှတ်ဖို့ရာ အမှတ်မလွတ်အောင် ရှုမှတ်ဖို့ရာ မခက်ပါဘူးလား . . . ခက်ပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ဆီခွက်နှင့်သာ၊ ကာယဂတာ၊ မှန်စွာတူပေသည်။

တဿ ပရိဟရဏာ ပုဂ္ဂလောဝိယ ဝိပဿကော။

တဿ = ထိုပြည့်နေသော ဆီခွက်ကို၊
ပရိဟရဏာ ပုဂ္ဂလောဝိယ = ကိုင်ဆောင်သော ပုဂ္ဂိုလ်ကဲ့သို့
ဝိပဿကော = ဝိပဿနာရှုနေသော ပုဂ္ဂိုလ်ကို၊
ဒဋ္ဌဗ္ဗော = မှတ်အပ်၏။

သေဒဏ်ကြိုးဒဏ်ကျနေတဲ့ ယောကျ်ား နှုတ်ခမ်းအထိပြည့်နေတဲ့ ဆီခွက်ကိုကိုင်ပြီး သွားနေတာနဲ့ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တူတယ်တဲ့။

ဆောင်ပုဒ်။ ။ ဆီခွက်ကိုင်ယူ၊ သွားနေသူ၊ ရှုသူတူပေသည်။

သေဒဏ်ကြိုးဒဏ်ကျနေတဲ့ ဆီခွက်ကိုင်ပြီးသွားတဲ့ ယောကျ်ားကတော့ တစ်ဘဝအတွက် သေဒဏ်မှလွတ်အောင် မသွားနေရပါဘူးလား . . . သွားနေရပါတယ်ဘုရား။ အထူးသတိထားပြီး သွားနေတယ်။ တရားနာပရိသတ်များလို ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေကတော့ တစ်ဘဝတွက်သာ မဟုတ်ပေဘူး။ နောက်နောင်ဘဝတွေအတွက် အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတွေမှ လွတ်မြောက်အောင်

မရှုနေရပါဘူးလား . . . ရှုနေရပါတယ်ဘုရား။ မတူပါဘူးလား . . . တူပါတယ်ဘုရား။ တူလိုက်တာ။

ဇနကာယာဝိယ ပုထုတ္တာရမ္မဏာနိ။

ဇနကာယာဝိယ = ပွဲကြည့်သွားလာ လူများစွာကဲ့သို့၊
ပုထုတ္တာရမ္မဏာနိ = များစွာသောအာရုံတို့ကို၊
ဒဋ္ဌဗ္ဗာနိ = မှတ်အပ်ကုန်၏။

ဇနပဒကလျာဏီ ပွဲသဘင်သို့ လူတွေအများအပြား လာနေကြတာ ဆီဖိတ်ခြင်းရဲ့ အကြောင်းပဲဖြစ်တယ်။ တရားနာပရိတ်သတ်များ ယောဂီများ နိဗ္ဗာန်ရောက်ဖို့ရာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့မှ ကင်းတဲ့ နိဗ္ဗာန်ရောက်ဖို့ရာ ဝိပဿနာတရား ရှုမှတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အာရုံတွေများတာ အမှတ်လွတ်ခြင်းရဲ့ အကြောင်းပဲဖြစ်တယ်။ မတူပါဘူးလား . . . တူပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ပွဲကြည့်သွားလာ၊ လူများမှာ၊ များစွာအာရုံတူပေသည်။

ဆီခွက်ကိုင်ပြီးသွားရတဲ့ ယောကျ်ားအတွက် ပွဲကြည့်သွားလာ လူများစွာသည် ဆီဖိတ်ခြင်းရဲ့ အကြောင်းဖြစ်တယ်။ တရားနာပရိသတ်များလို မင်းရောက် ဖိုလ်ရောက် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အာရုံတွေများတာ အမှတ်လွတ်ခြင်းရဲ့ အကြောင်းဖြစ်တယ်။

အသိပုရိသောဝိယ မနော။

အသိပုရိသောဝိယ = သံလျက်ခားကို ကိုင်ဆောင်ထားသော ယောကျ်ားကဲ့သို့၊
မနော = နောက်စိတ်ကို၊
ဒဋ္ဌဗ္ဗော = မှတ်အပ်၏။

သံလျက်ကိုင်ထားတဲ့ ယောကျ်ားက ရှေ့ကယောကျ်ား ဆီဖိတ်တာနဲ့ ခေါင်းကိုဖြတ်လိုက်ဖို့ရာ အမြဲမကြည့်နေရပါဘူးလား . . . ကြည့်နေရပါတယ်ဘုရား။ ကြည့်နေတယ်။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေရဲ့ စိတ်တွေမှာလည်း ရှေ့စိတ်ကမှတ်နေတာကို နောက်စိတ်က သိနေတယ်။ "အမှတ်လွတ်သွားတယ်၊ လွတ်သွားတယ်"ဆိုတာ မသိပါဘူးလား . . . သိပါတယ်ဘုရား။ နောက်စိတ်က သိနေတယ်။ သံလျက်ကိုင်ထားသည့် ယောကျ်ားနှင့် နောက်က စိတ်နဲ့တူတယ်။

ဆောင်ပုဒ်။ ။ သံလျက်ကိုင်ထား၊ သူယောကျ်ား၊ စိတ်ကားတူပေသည်။

သံလျက်ကိုင်ထားတဲ့ ယောကျ်ားကလည်း ဆီဖိတ်သလား၊ မဖိတ်ဘူးလားဆိုတာ ရှေ့ကသွားနေတဲ့ယောကျ်ားကို မကြည့်နေရပါဘူးလား . . . ကြည့်နေရပါတယ်ဘုရား။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေရဲ့ နောက်စိတ်ကလည်း ရှေ့စိတ် ဝိပဿနာရှုနေတာကို ကြည့်နေတယ်။ "အမှတ်လွတ်တော့မယ်၊ လွတ်တော့မယ်၊ လွတ်တယ်၊ လွတ်တယ်"ဟု မသိပါဘူးလား . . . သိပါတယ်ဘုရား။ မတူပါဘူးလား . . . တူပါတယ်ဘုရား။

တေလဿ စဇနံဝိယ ကိလေသုပ္ပါဒနံ။

တေလဿ = ဆီ၏၊
စဇနံဝိယ = ဖိတ်ကျသကဲ့သို့၊
ကိလေသုပ္ပါဒနံ = ယောဂီပုဂ္ဂိုလ်၏ ကိလေသာဖြစ်ခြင်းကို၊
ဒဋ္ဌဗ္ဗံ = မှတ်အပ်၏။

ဖြစ်ကြကုန်သော

- ကုသလာနံ = ကုသိုလ်
- ဓမ္မာနံ = တရားတို့အား

အကြောင်းသတ္တိ - ဥပနိဿယပစ္စယေန = အားကြီးသောမှီရာသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၂။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော
- ကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- အကုသလာနံ = အကုသိုလ်
- ဓမ္မာနံ = တရားတို့အား
- ကေသဉ္စိ = အချို့တွင်

အကြောင်းသတ္တိ - ဥပနိဿယပစ္စယေန = အားကြီးသောမှီရာသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၃။ အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော

ဦကာဆရာ နှိုင်းယှဉ်ပြတာ အလွန်နေရာကျတယ်။ အမှတ်တွေ စိပ်စိပ်မှတ်ဖို့ရာ တရားနာပရိသတ်များလို တကယ်တမ်း မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ရောက်လိုတဲ့ပုဂ္ဂိုလ်တွေ နည်းယူစရာမကောင်းပါဘူးလား ကောင်းပါတယ်ဘုရား။ ဘာနဲ့တူနေလဲဆိုလျှင် သေဒဏ်ကျနေတဲ့ ပုဂ္ဂိုလ်နဲ့ တူနေတယ်။ သေဒဏ်ကြိုးဒဏ်ကျတဲ့ ပုဂ္ဂိုလ်က သေဒဏ်မှလွတ်အောင် တစ်ဘဝအတွက်သာကြိုးပမ်းရတာဖြစ်ပါတယ်။ တရားနာပရိသတ်များကတော့ နောက်နောင်ဘဝသံသရာတို့၌ အို၊ နာ၊ သေတို့မှ လွတ်မြောက်အောင် မကြိုးစားနေရပါဘူးလား . . . ကြိုးစားနေရပါတယ်ဘုရား။ ပိုပြီးမခက်နေပါဘူးလား . . . ခက်နေပါတယ်ဘုရား။ ခက်နေတယ်။ အဲဒီလိုဟောပြလိုက်တော့ ရဟန်းတော်တွေ သဘောကျပြီး တရားတွေ ရှုမှတ်လိုက်ကြတာ တရားထူး တရားမြတ်တွေ ရသွားကြပါတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ နိဿယပစ္စည်းမှ ပုရေဇာတနိဿယပစ္စည်း တရားတော်ကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း . . .။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၉) ဥပနိဿယ ပစ္စယောတိ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ ကေသဉ္စိ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ကေသဉ္စိ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ ဥပနိဿပစ္စယေန ပစ္စယော။

ဥတုဘောဇနပွဲ၊ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနပွဲ ဥပနိဿယပစ္စယေန ပစ္စယော။

ဥပနိဿယပစ္စည်း။ ။ (၁) မှီရာဖြစ်၍ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

(၂) အမိကျေးဇူး၊ အဖကျေးဇူး၊ သားကျေးဇူး၊ သမီးကျေးဇူး၊ အိမ်ကျေးဇူး၊ ယာကျေးဇူး၊ နွားကျေးဇူး၊ ကျွဲကျေးဇူး၊ မြေကျေးဇူး၊ ရေကျေးဇူး၊ မီးကျေးဇူး၊ ထင်းကျေးဇူး၊ မိုး ကျေးဇူး၊ လေကျေးဇူး၊ တောကျေးဇူး၊ တောင်ကျေးဇူး၊ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူး၊ ဆရာသမား ကျေးဇူး အစရှိသော လောကဉာဏ်ရှိသမျှ သိမြင်ကျရသော လောကဌ ကျေးဇူး ကြီး၊ ငယ် အနန္တတို့ကို "ဥပနိဿယပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	ပညတ်+နာမ်+ရုပ်	နာမ်	ဥပနိဿယ (အာရမ္မဏ)

၁။ နိဒါန်း - ဥပနိဿယပစ္စယောတိ = ဥပနိဿယပစ္စည်း ဆိုသည်မှာ

အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကြကုန်သော

- ကုသလာ = ကုသိုလ်

- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌

၈။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- အဗျာကတာ	= ကုသိုလ်၊ အကုသိုလ် မဟုတ်သော
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- ကုသလာနံ	= ကုသိုလ်
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၉။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- အဗျာကတာ	= ကုသိုလ်၊ အကုသိုလ် မဟုတ်သော
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- အကုသလာနံ	= အကုသိုလ်
	- ဓမ္မာနံ	= တရားတို့အား

	- ကုသလာ	= ကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- အဗျာကတာနံ	= ကုသိုလ်၊ အကုသိုလ် မဟုတ်သော
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၄။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ ဖြစ်ကြကုန်သော
	- အကုသလာ	= အကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ ဖြစ်ကြကုန်သော
	- အကုသလာနံ	= အကုသိုလ်
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်

နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၅။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေးဌ ဖြစ်ကြကုန်သော
	- အကုသလာ	= အကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်ဌ ဖြစ်ကြကုန်သော
	- ကုသလာနံ	= ကုသိုလ်
	- ဓမ္မာနံ	= တရားတို့အား
	- ကေသဉ္စိ	= အချို့တွင်
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၆။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေးဌ ဖြစ်ကြကုန်သော
	- အကုသလာ	= အကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်ဌ ဖြစ်ကြကုန်သော
	- အဗျာကတာနံ	= ကုသိုလ်၊ အကုသိုလ်

		မဟုတ်သော
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၇။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေးဌ ဖြစ်ကြကုန်သော
	- အဗျာကတာ	= ကုသိုလ်၊အကုသိုလ် မဟုတ်သော
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်ဌ ဖြစ်ကြကုန်သော
	- အဗျာကတာနံ	= ကုသိုလ်၊အကုသိုလ် မဟုတ်သော
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။

ကျောင်းအိပ်ရာနေရာသည်လည်း

ဥပနိဿယပစ္စယေန = အားကြီးသော ပကတူပနိဿယ သတ္တိဖြင့်၊

ပစ္စယော + ဥပကာရကော = ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်၊

ဟောတိ = ဖြစ်၏။

သင့်လျော်လျောက်ပတ်တဲ့ ကျောင်းအိပ်နေရာလေးမှာ နေထိုင်ပြီး ဝိပဿနာတရားတွေ အားထုတ်ရတော့ သင့်လျော်သော ကျောင်းအိပ်ရာနေရာက တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်တွေ မြန်မြန်ရဖို့ရာ အားကြီးတဲ့ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုတာပါပဲ။ ဒါကြောင့် ဝိပဿနတရား အားထုတ်တဲ့အခါ သင့်လျော်တဲ့ ဥတုရှိတဲ့အရပ်ဒေသ၊ သင့်လျော်တဲ့ ဥတုရှိတဲ့ အချိန်အခါ၊ သင့်လျော်တဲ့ ဘောဇဉ်တွေ မှီဝဲသုံးဆောင်ရတယ်။ သင့်လျော်တဲ့ ပုဂ္ဂိုလ်များနဲ့ အတူတကွ နေထိုင်ပြီးတော့ အားထုတ်ရတယ်။ သင့်လျော်တဲ့ ကျောင်းအိပ်ရာနေရာ ရိပ်သာကျောင်းကို ရွေးချယ်ပြီးတော့ အားမထုတ်ရပါဘူးလား . . . အားထုတ်ရပါတယ်ဘုရား။ အားထုတ်ရပါတယ်။ သင့်လျော်သော ကျောင်းအိပ်ရာနေရာ စသည်တို့သည် တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်တွေ မြန်မြန်ရအောင် ကျေးဇူးပြုတဲ့ ပကတူပနိဿယပစ္စည်းတွေပဲ ဖြစ်ကြပါတယ်။

ဥပနိဿယပစ္စည်းက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် (၃)ပါးလုံးကနေပြီးတော့ ကျေးဇူးပြုနိုင်တယ်။ ကာလဝိမုတ်ဖြစ်တဲ့ တရားတွေက

အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၀။ အကြောင်း	- ဥတုဘောဇနမွိ	= စားဖွယ်သောက်ဖွယ် တို့သည်
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၁။ အကြောင်း	- ပုဂ္ဂလောပိ	= ပုဂ္ဂိုလ်သည်
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၂။ အကြောင်း	- သေနာသနမွိ	= နေရာထိုင်ခင်းသည်
အကြောင်းသတ္တိ	- ဥပနိဿယပစ္စယေန	= အားကြီးသောမှီရာသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။

ဆောင်ပုဒ်။ ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ကင်းသည်။
ဆောင်ပုဒ်။ ။ ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။
ဆောင်ပုဒ်။ ။ အကုသိုလ်ဟာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ရှိသည်။ ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။
ဆောင်ပုဒ်။ ။ ကောင်းကျိုး ဆိုးကျိုး၊ နှစ်မျိုးမပါ၊ ဗျာကတာ၊ မှန်စွာဖြစ်ပေသည်။
ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ လက်နှင့်ကား၊ မခြားတူပေသည်။
ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ ဥစ္စာများ၊ မခြားတူပေသည်။
ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ မျိုးစေ့များ၊ မခြားတူပေသည်။
ဆောင်ပုဒ်။ ။ ရဟန်းများထံမှ၊ အမှီရ၊ ဖြစ်ရအနာဂါမ်။
ဆောင်ပုဒ်။ ။ မာတိကာထံမှ၊ ဆွမ်းမှီရ၊ ဖြစ်ကြရဟန္တာ။
ဆောင်ပုဒ်။ ။ ပါရမီပုည၊ အမှီရ၊ ဖြစ်ရအနာဂါမ်။
ဆောင်ပုဒ်။ ။ ပါရမီပုည၊ အမှီရ၊ ဖြစ်ကြရဟန္တာ။

ဥပနိဿယပစ္စည်းဖြင့် ဝိပဿနာရှုပုံ

ကောင်းတဲ့ဥတုကနေပြီးတော့ ကုသိုလ်တွေဖြစ်အောင် ကျေးဇူးပြုတယ်။ ကောင်းတဲ့ ဘောဇဉ်တွေကနေပြီးတော့ ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုတယ်။ သူလည်းအားကြီးတဲ့ ပကတူပနိဿယသတ္တိဖြစ်ပါတယ်။ တရားအားထုတ်တဲ့နေရာမှာ ပိုပြီးထင်ရှားပါတယ်။ ဥတုကောင်းတဲ့အခါ၊ အအေးအပူ မျှတတဲ့အခါ အဲဒီဥတုကနေပြီးတော့ ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်များကို ဝိပဿနာကုသိုလ်တွေ

မြန်မြန်တိုးတက်သွားအောင်၊ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်အောင် ကျေးဇူးပြုနိုင်ပေတယ်။ ဘာသတ္တိနဲ့လဲဆိုတော့ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာဖြစ်တယ်။

ဘောဇဉ်ကလည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတယ်။ တရားနာပရိသတ်များ ဝိပဿနာတရား အားထုတ်တော့ သင့်တင့်တဲ့ ဘောဇဉ်တွေ မှီဝဲသုံးဆောင်ရတာ တရားတွေ မြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်၊ တရားထူး တရားမြတ်တွေ မြန်မြန်ရဖို့ရာ ဘောဇဉ်ကနေပြီးတော့ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ = ကလျာဏမိတ္တပုဂ္ဂိုလ်သည်လည်း၊
ဥပနိဿယပစ္စယေန = အားကြီးသော ပကတူပနိဿယသတ္တိဖြင့်၊
ပစ္စယော + ဥပကာရကော = ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်၊
ဟောတိ = ဖြစ်၏။

ဝိပဿနာတရား အားထုတ်တဲ့အခါမှာ ပိုပြီးထင်ရှားတယ်။ မိမိနဲ့သဘောတူ အမှတ်ကလေးတွေ စိပ်စိပ်ကလေးမှတ်တတ်တဲ့ ယောဂီနဲ့ အတူတကွနေထိုင်ပြီး အားထုတ်ရတာ တရားရဖို့ရာ အားကြီးသော ပကတူပနိဿယသတ္တိ ပစ္စည်းတစ်ခုကို ရရှိတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သဘောတူပုဂ္ဂိုလ်များနဲ့ အတူတကွ နေထိုင်ပြီး အားမထုတ်ရပါဘူးလား . . . အားထုတ်ရပါတယ်ဘုရား။ အားထုတ်ရတယ်။

သေနာသနမ္ပိ = ကောင်းမြတ်သော သင့်လျော်သော

တော့ ရဟန်းတော်တွေက ပြန်ပြီးဖြေကြပါတယ်။ "မဟုတ်ပဘူး ဒါယိကာမကြီး . . . အသီးသီး နေရာယူပြီးတော့ ရဟန်းတရားတွေ အားထုတ်နေကြလို့ ယခုလို အသီးသီး ကြွလာခြင်း ဖြစ်ပါတယ်"။

ရဟန်းတရားလို့ ကြားလိုက်တာနဲ့ မာတိကာမာတာက တရား အားထုတ်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ "အရှင်ဘုရားတို့ . . . ရဟန်း တရားဆိုတာ တပည့်တော်တို့လို အမျိုးသမီးများလည်း အားမထုတ် ကောင်းပါဘူးလားဘုရား"။ "အားထုတ်ကောင်းပါတယ်။ တားမြစ်ချက် မရှိပါဘူး။ အမျိုးသားပဲဖြစ်စေ၊ အမျိုးသမီးပဲဖြစ်စေ၊ ရဟန်းယောကျ်ား ပဲဖြစ်စေ၊ ရဟန်းမိန်းမပဲဖြစ်စေ ရဟန်းတရား အားထုတ်ကောင်းပါ တယ်"။

"ဒီလိုအားထုတ်ကောင်းလို့ရှိရင် တပည့်တော်ကိုလည်း အဲဒီ အရှင်ဘုရားတို့ အားထုတ်နေတဲ့ ရဟန်းတရာတွေ သင်ပေးကြပါဘု ရား"ဟု လျှောက်ထားတယ်။ ပါရမီအခြေခံ ရင့်ကျက်တဲ့ပုဂ္ဂိုလ်၊ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ ရဟန်းတရားလို့ ကြားလိုက်တာနဲ့ တရားအား မထုတ်ချင်ပါဘူးလား . . . အားထုတ်ချင်ပါတယ်ဘုရား။ တရားနာ ပရိသတ်များ သူတစ်ပါးတွေ တရားအားထုတ်ကြတယ်လို့ ကြားရင် အားထုတ်ချင်တဲ့စိတ်တွေ မဖြစ်လာပါဘူးလား . . . ဖြစ်လာပါတယ် ဘုရား။ ပါရမီတွေက နှိုးဆော်နေတာဖြစ်တယ်။ ပါရမီရှိလား၊ မရှိလား လို့ ကိုယ့်ကိုယ်ကို အကဲခတ်ချင်ရင် အဲဒါနဲ့ပဲ အကဲခတ်လို့ မရပါဘူး လား . . . ရပါတယ်ဘုရား။

သူတစ်ပါးတွေ အားထုတ်တာကို မြင်ရ၊ ကြားရသောအခါ 'ဒို့လည်း အချိန်ရခိုက် အားထုတ်လိုက်မယ်' လို့ ဒီလို ဖြစ်ဖြစ်နေတာ

လည်း ကျေးဇူးပြုနိုင်တယ်။ အဲဒီကျေးဇူးပြုနိုင်တဲ့ သာဓကတွေဟော ပြီး တရားအဆုံးသတ်ရအောင် -။

ဘောဇန် = ဘောဇဉ်ကနေ ကျေးဇူးပြု၊
သေနာသန = ကျောင်းအိပ်ရာနေရာကနေ ကျေးဇူးပြု၊
ပုဂ္ဂလော = သင့်လျော်သော ပုဂ္ဂိုလ်ကနေ ကျေးဇူးပြုတာတွေ က တရားရကြောင်းတွေပါပဲ။

ဘောဇဉ်ကနေ ကျေးဇူးပြုတာ၊ ပုဂ္ဂလောက ကျေးဇူးပြုတာ တွေ ထင်ရှားတဲ့ သာဓကလေးတွေ ဖော်ပြပါမယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ တစ်နေ့သောအခါ ရဟန်း တော် (၆)ကျိပ် = ရဟန်းတော် (၆၀) ဝါဆိုခါနီးအချိန်ကာလ မြတ်စွာ ဘုရားထံမှာ ကမ္မဋ္ဌာန်းတရားတွေ တောင်းယူပြီးတော့ ဝိပဿနာတရား အားထုတ်ဖို့ရာ ဒေသစာရီ ကြွချီကြတယ်။

ကောသလတိုင်း ကောသလဇနပုဒ် မာတိကာရွာကြီးသို့ ရောက် သွားကြတယ်။ ရွာနာမည်က မာတိကာရွာ၊ ဒီရွာကိုအုပ်ချုပ်တဲ့ သူကြီး ကို မာတိကာသူကြီး၊ သူကြီးရဲ့မယ်တော်ကိုလည်း မာတိကာမာတာဟု ခေါ်ကြပေတယ်။ မာတိကာမာတာ နေထိုင်တဲ့ ရွာထဲကနေဖြတ်ပြီး တော့ ရဟန်းတော်(၆၀) ကြွသွားကြတယ်။

မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတရားတွေ တောင်းယူလာတဲ့ ပုဂ္ဂိုလ်တွေဖြစ်သည့်အားလျော်စွာ အမှတ်သတိနဲ့ ကြွသွားကြတာကို မာတိကာမာတာမြင်တော့ ကြည်ညိုပြီး အိမ်ကိုပင့်ကာ ဆွမ်းခဲဖွယ်

ဘောဇဉ်တွေ၊ အာဟာရတွေ ဆက်ကပ်လျှဒါန်းပြီး လျှောက်ထားတယ်။ "အရှင်ဘုရားတို့ ဘယ်အရပ်ဒေသကို ကြွကြမှာလဲဘုရား" "သင့်တော်ရာအရပ်ကို ကြွကြမယ်" ဘယ်အရပ်ဒေသလို့ ပါပါရဲ့လား . . . မပါပါဘုရား။ အဲဒီလိုကြားလိုက်တာနဲ့ မာတိကာမာတာက ရိပ်မိသွားတယ်။

"ဒီရဟန်းတော်တွေဟာ တရားအားထုတ်ဖို့ရာ နေရာရှာနေကြတာပဲ"ဟု သိသွားတဲ့အခါကျတော့ "အရှင်ဘုရားတို့ ဒီလိုဆိုလို့ရှိရင် တပည့်တော်တို့ရှာ၊ တပည့်တော်တို့ကျောင်းမှာပဲ သီတင်းသုံးတော်မူကြပါဘုရား။ ဝါဆိုတော်မူကြပါဘုရား။ အရှင်ဘုရားတို့ ဝါဆိုတဲ့အတွက်ကြောင့် တပည့်တော်တို့လည်း ဥပုသ်သီလတွေ ဆောက်တည်ရလို့ အကျိုးများပါမယ်ဘုရား။ အရှင်ဘုရားတို့အတွက်လည်း တပည့်တော်စွမ်းနိုင်သမျှ ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရတွေစီမံပြီး လျှဒါန်းပါ့မယ်ဘုရား"ဟု လျှောက်ထားတော့ ရဟန်းတော်တွေ ဝါဆိုဖို့ရာ လက်ခံလိုက်ကြတယ်။

မာတိကာမာတာ ကျောင်းတွေပြင်ဆင်ပြီးတော့ ရဟန်းတော်တွေပင့်ပြီး ကျောင်းမှာကိုးကွယ်ထားတယ်။ ရဟန်းတော်တွေ အတူတကွ နေထိုင်ကြတော့ သတိသံဝေဂတွေရလာကြတယ်။ "အလွန်အလေးပြုအပ်တဲ့ မြတ်စွာဘုရားထံတော်က ကမ္မဋ္ဌာန်းတရားတွေ တောင်းယူထားပြီး တပေါင်းတည်း အတူတကွ ပေါ့ပေါ့ဆဆနေလို့တော့ မတော်ကြပေဘူး။ ကြိုးကြိုးစားစားနဲ့ တရားအားထုတ်မှပဲဆိုပြီး တစ်ပါးစီ တစ်ပါးစီခွဲကာ အသီးသီးနေရာယူကြပြီး အားထုတ်မှတော်မယ်။ အားထုတ်ကြရအောင်။ မကျန်းမားခြင်းစတဲ့ အကြောင်းကိစ္စရှိလာတဲ့အခါ ကျောင်းလယ်မှာရှိတဲ့ ကြေးစည်ခေါင်းလောင်းကို

ထိုးကြပါ။ ထိုးလိုက်လို့ရှိရင် စည်းဝေးရာအရပ်မှာ လာ၍ စည်းဝေးကြပါ"လို့ ကတိကဝတ်ထားပြီး အသီးသီး နေရာယူပြီး အားထုတ်နေကြတယ်။

တစ်နေ့သောအခါ မာတိကာမာတာ ညနေဘက်မှာ ရဟန်းတော်တွေ မှီဝဲသုံးဆောင်ဖို့ရာ တင်လဲတို့၊ ပျားရည်တို့၊ ဆီတို့၊ ထောပတ်တို့ ယူလာပြီးတော့ ကျောင်းသို့ နောက်လိုက်နောက်ပါ တပည့်တွေ၊ အမျိုးသား အမျိုးသမီးတွေနဲ့ ထွက်လာခဲ့တယ်။ ကျောင်းထဲရောက်တဲ့အခါ ရဟန်းတော်တွေ တစ်ပါးမှမရှိပေ။ ရဟန်းတော်တွေမရှိတော့ မာတိကာမာတာ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ "ရဟန်းတော်တွေ ဒီကျောင်းမှာ မသင့်မတင့်လို့၊ မလျောက်ပတ်လို့ တခြားဒေသမျှားသို့ ကြွသွားပြီလား"ဟု နောက်လိုက်နောက်ပါတွေ မေးလိုက်တဲ့အခါ ရဟန်းတော်တွေရဲ့ သဘောကိုသိတဲ့သူတွေက "မဟုတ်ပါဘူး။ အသီးသီးနေရာယူကာ တရားအားထုတ်နေကြတာ ဖြစ်ပါတယ်။ ကြေးစည်ခေါင်းလောင်းထိုးလိုက်တဲ့အခါ ရဟန်းတော်တွေ အသီးသီးကြွလာကြတယ်။ တစ်ပါးစီ တစ်ပါးစီး ကြွလာကာ စည်းဝေးရာနေရာဌာနမှာ စုဝေးပြီး သီတင်းသုံးနေကြတယ်။

မာတိကာမာတာ လက်အုပ်ချီကာ ရဟန်းတွေရှိရာသို့ ဝင်သွားပြီး လျှောက်ထားတယ်။ "အရှင်ဘုရားတို့ . . . တပည့်တော်တို့အိမ်ကို ကြွတဲ့အခါတိုင်း တပေါင်းတစည်းတည်း စီတန်းပြီး ကြွလာပါတယ်။ အခု အရှင်ဘုရားတို့ ကြွလာကြတာ တစ်ပါးစီ တစ်ပါးစီ၊ တခြားစီ တခြားစီ ကြွလာပါတယ်ဘုရား။ အရှင်ဘုရားတို့အချင်းချင်း မသင့်မတင့် ဖြစ်နေကြပါသလားဘုရား"။ ဘယ်သူလျှောက်ထားနေပါသလဲ . . . မာတိကာမာတာ လျှောက်ထားပါတယ်ဘုရား။ လျှောက်ထား

မာတိကာမာတာသည် ရဟန်းတော် (၆)ကျိပ်နဲ့ သင့်လျော်တဲ့ အာဟာရတွေ၊ ရဟန်းတော်တွေ မှီဝဲချင်တဲ့ အာဟာရတွေ စီမံပေးပါတယ်။ ရဟန်းတော်တွေ စိတ်ကညွတ်လိုက်တာများကိုသိပြီး အချို့စားချင်တဲ့ ရဟန်းတော်တွေအတွက် အချို့စီမံထား။ အချဉ်စားချင်တဲ့ ရဟန်းတော်တွေအတွက် အချဉ်စီမံထား။ အစပ်စားချင်တဲ့ ရဟန်းတော်တွေအတွက် အစပ်စီမံထား။ ရဟန်းတော်တွေရဲ့ အဖျာသယအလိုက် အာဟာရအမျိုးမျိုးတွေ စီမံထားပြီး အိမ်သို့ပင့်ကာ "အလိုရှိသလို ဘုဉ်းပေးကြပါဘုရား"ဟု လျှောက်ထားပြီး လျှဒါန်းလိုက်တယ်။ ရဟန်းတော်တွေ အာဟာရ ပြည့်စုံသွားတဲ့အခါ အားထုတ်လိုက်တာ (၄)မင် (၄)ဖိုလ် အဆင့်ဆင့်တက်ပြီး ရဟန္တာဖြစ်သွားကြတယ်။

ရဟန္တာဖြစ်သွားကြတော့ ဝါလည်းကျွတ်ခါနီးအချိန် ဖြစ်သွားတယ်။ ဝါကျွတ်သွားတဲ့အခါ မာတိကာမာတာကို ပန်ကြားပြီး မြတ်စွာဘုရားထံ ပြန်သွားကြပါတယ်။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ . . . ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါရဲ့လား၊ ဆွမ်းခဖွယ်ဘောဇဉ်တွေ အာဟာရတွေ လုံလုံလောက်လောက် ရှိပါရဲ့လား"ဟု နှုတ်ဆက်စကား မိန့်ကြားတော်မူပါတယ်။ မိန့်ကြားတဲ့အခါ "ချမ်းချမ်းသာသာ ရှိကြပါတယ်ဘုရား။ အာဟာရတွေလည်း ပြည့်ပြည့်စုံစုံ ရှိကြပါတယ်ဘုရား"ဟု ပြန်လျှောက်ထားကြပါတယ်။ "မာတိကာမာတာဆိုတာ တပည့်တော်တို့ရဲ့ အဖျာသယ အလိုဆန္ဒကို သိသကဲ့သို့ အာဟာရတွေ ပြည့်စုံအောင် စီမံပေးတဲ့အတွက်ကြောင့် တပည့်တော်တို့ အားထုတ်နိုင်ခဲ့ပါတယ်ဘုရား"။ တရားထူး တရားမြတ်တွေ ရတဲ့အကြောင်း လျှောက်ထားကြပါတယ်။

ပါရမီရှိလို့ဖြစ်တယ်။ သူတစ်ပါးတွေ အားထုတ်နေတာကို တွေ့သိရပါသော်လည်း ကိုယ့်မှာတော့ ရိပ်သာကျောင်းတောင်မှ မရောက်ပေဘူးဆိုရင်တော့ နေရာမှ ကျမှကျပါ့မလား . . . မကျပါဘူးဘုရား။ ပါရမီရင့်လို့လား၊ နုလို့လား . . . နုလို့ပါဘုရား။ အခု တရားနာပရိသတ်များတော့ ဒီလိုမဟုတ်ဘူး။ အားထုတ်ချင်လိုက်တာ။ အချိန်ရရင်တော့ အားထုတ်မယ်၊ အားထုတ်မယ်။ ဒီလိုဖြစ်နေတာ ပါရမီရှိနေလို့ဆိုတာ မသိရပါဘူးလား . . . သိရပါတယ်ဘုရား။

"တပည့်တော်ကိုလည်း ရဟန်းတရား သင်ပေးကြပါဘုရား"ဟု လျှောက်ထားလိုက်တော့ မာတိကာမာတာကို ရဟန်းတော်များက သင်ပေးကြတယ်။ (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းနဲ့ အနိစ္စာနုပဿနာကမ္မဋ္ဌာန်းကို သင်ပေးကြတယ်။ (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းဆိုတာ 'ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား' စသည်ဖြင့် ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ အရာဝတ္ထုတွေကို (၃၂)ပုံ ပုံပြီးတော့ ရှုရတာဖြစ်တယ်။ 'ဆံပင်'လို့ ရှုရတယ်။ 'မွေးညင်း'လို့ ရှုရတယ်။

'ဆံပင်' လို့ ရှုလိုက်တဲ့အခါ ဆံပင်ချည်းသက်သက် မြင်သွားရအောင်၊ 'မွေးညင်း'လို့ ရှုလိုက်ရင် မွေးညင်းချည်းသက်သက် မြင်သွားရအောင်။ တခြားခန္ဓာကိုယ် အစိတ်အပိုင်းတွေနဲ့ မစပ်ရအောင်။ 'ခြေသည်းလက်သည်း' ဆိုလည်း ခြေသည်းလက်သည်းကို မြင်သွားရအောင်။ 'သွား' ဆိုလည်း သွားချည်းပဲ မြင်သွားရအောင်။ အဲဒီ အစိတ်အပိုင်းလေးတွေအပေါ်မှာ စိတ်ကလေး တစ်ခဏလေး တစ်ခဏလေး တည်တည်သွားအောင် ရှုရတယ်။ (၃၂)ကောဋ္ဌာသ (သမထ)ကမ္မဋ္ဌာန်းကိုလည်း သင်ပေးကြတယ်။

အနိစ္စာနုပဿနာလည်း သင်ပေးတယ်။ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ရူပနာမ်(၂)ပါး၊ ခန္ဓာ(၅)ပါးလုံး တစ်ခုမှ မြဲတာမရှိဘူး။ ကုန်ပျက်ကုန်ပျက်နေတာပဲ။ ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွှတ်ပြီး ရှုမှတ်ရမယ်။ သမာဓိဖြစ်လာပြီးတဲ့အခါ ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွှတ်ပြီး မရှုမှတ်ရပါဘူးလား . . . ရှုမှတ်ရပါတယ်ဘုရား။ ရဟန်းတော် (၆)ကျိပ်ပေးတဲ့ ကမ္မဋ္ဌာန်းကို အခု တရားနာပရိသတ်များလည်း မရှုမှတ်နေရပါဘူးလား . . . ရှုမှတ်နေရပါတယ်ဘုရား။ ကုန်ပျက် ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွှတ်ပြီး ရှုမှတ်တာများ၍ သမာဓိဉာဏ်တွေ ရင့်ကျက်လာတဲ့အခါ ကုန်ပျက်တာတွေ မြင်ကြရတယ်။ မှတ်လိုက်တာနဲ့ ကုန်ပျက်၊ မှတ်လိုက်တာနဲ့ ကုန်ပျက်။ မှတ်စရာအာရုံတွေလည်း ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်။ ကုန်ပျက် ကုန်ပျက်သွားတာတွေ တွေ့မြင်ရတော့ မြဲတယ်လို့ ထင်ပါ့မလား . . . မထင်ပါဘုရား။ မမြဲဘူး။ မမြဲဘူးဆိုတာ မြန်မာလိုဖြစ်တယ်၊ ပါဠိလိုကျတော့ အနိစ္စ။ အဲဒီ အနိစ္စာနုပဿနာကမ္မဋ္ဌာန်းကိုလည်း သင်ပေးလိုက်တယ်။

မာတိကာမာတာသည် ဒီကမ္မဋ္ဌာန်း (၂)မျိုးကို သင်ယူပြီးလျှင် အားထုတ်လိုက်တာ မကြာမီရက် အချိန်အတွင်းမှာပဲ (၃)မင်၊ (၃)ဖိုလ် အဆင့်ဆင့်တက်ပြီး အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်။ အနာဂါမ်ဖြစ်သွားတဲ့အခါမှာလည်း သာမန်အနာဂါမ် မဟုတ်ပါဘူး။ အဘိညာဉ် သမာပတ်နဲ့ ပြည့်စုံတဲ့ အနာဂါမ် ဖြစ်သွားတယ်။

အဘိညာဉ်ရတယ်လို့ သူသိလိုက်တာနဲ့ တစ်ပြိုင်နက်တည်း သူကိုးကွယ်ထားတဲ့ ရဟန်းတော်(၆၀) ဘယ်အဆင့်များ ရောက်နေကြပြီလဲလို့ သူ့အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ ဘယ်အဆင့်မှ မရောက်

ကြသေးဘူးဆိုတာကို သိသွားတယ်။ မိမိအလေးဂရုပြုပြီး ကိုးကွယ်ထားတဲ့ ရဟန်းတော်တွေဆိုတာ အထူးသတိမရပါဘူးလား . . . အထူးသတိရပါတယ်ဘုရား။

အထူးသတိရတော့ သူတို့ကိုပဲ အရင်ကြည့်လိုက်တော့ တရားမရကြသေးပေဘူး။ သမာဓိတောင် မဖြစ်ကြသေးပေဘူးဟု သိသွားတယ်။ 'ဒီရဟန်းတော်တွေ ဘာကြောင့်ပါလိမ့်မလဲ။ ဘဝါဘဝက ကုသိုလ်ပါရမီအထူးတွေ ဆည်းပူးခဲ့တာ မရှိလို့လား'လို့ သူ့ရဲ့အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ ဘဝါဘဝက ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့တာ ရဟန္တာဖြစ်သည့်တိုင်အောင် ပါရမီဆည်းပူးခဲ့တာကို မြင်ရတယ်။ မြင်ရတော့ "ဒီရဟန်းတော်တွေ အာဝါသ သပ္ပါယ = ကျောင်းအိပ်ရာနေရာတွေက မသင့်တင့်မလျော်က်ပတ်လို့လား'လို့ ကြည့်လိုက်ပြန်တော့လည်း ကျောင်းအိပ်ရာနေရာတွေက သင့်တင့်လျော်က်ပတ်တဲ့ ကျောင်းအိပ်ရာ နေရာတွေကို မြင်ရတယ်။

'ဒီရဟန်းတော်တွေ ပုဂ္ဂလသပ္ပါယ = အချင်းချင်းမတည့်လို့ တရားမရတာလား'လို့ ကြည့်လိုက်တော့ ဒီလိုလည်း မဟုတ်ပေဘူး။ ရဟန်းတော်တွေ အချင်းချင်း သင့်မြတ်နေတာ မြင်ရတယ်။ 'ဒီရဟန်းတော်တွေ ဘောဇနသပ္ပါယ = အာဟာရတွေ ဘောဇဉ်တွေ မလျော်က်ပတ်လို့လား'လို့ ကြည့်လိုက်တဲ့အခါကျတော့ မလျော်က်ပတ်လို့ ဖြစ်တယ်။ သူတို့ မှီဝဲလိုတဲ့ အာဟာရတွေ မမှီဝဲရတဲ့အတွက်ကြောင့်၊ အာဟာရချို့တဲ့နေတဲ့အတွက်ကြောင့် သမာဓိမဖြစ်။ သမာဓိမဖြစ်တော့ ဝိပဿနာဉာဏ်တွေလည်း မဖြစ်။ ဝိပဿနာဉာဏ်တွေမဖြစ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေလည်း မရကြသေးတာကို မြင်ရပေတယ်။

ဘဂဝါ = မြတ်စွာဘုရားသည်၊

အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ ဥပနိဿယပစ္စည်း (၉)ချက်ကို နာကြားရသဖြင့် နာကြားရသော အတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခ ခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါ စေကုန်သတည်း . . . ။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အဲဒီမှာ မာတိကာမာတာ တရားရသွားတာလည်း ပကတူပ နိဿယသတ္တိ ပစ္စည်းပဲဖြစ်တယ်။ 'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော'ဟု ဟောတော်မူသည့်အတိုင်း ရဟန်းတော်တွေတည်းဟူသောပုဂ္ဂိုလ်ကို အမှီပြုပြီး မာတိကာမာတာ ဘာတရားရသွားပါသလဲဆိုရင် အနာဂါမ်ထိအောင် တရားရသွားတယ်။ ရဟန်းတော်တွေက ပကတူပနိဿယပစ္စည်းတရား။ မာတိကာမာတာရသွားတဲ့ တရားထူး တရားမြတ်တွေက ပကတူပနိဿယ ပစ္စယုပ္ပန်တရား။ 'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော'၌ မထင်ရှားပါဘူးလား . . . ထင်ရှားပါတယ်ဘုရား။ ဥပနိဿယပစ္စည်းက ကျေးဇူးပြုလိုက်တာဖြစ်တယ်။

ဆောင်ပုဒ်။ ။ ရဟန်းများထံမှ၊ အမှီရ၊ ဖြစ်ရအနာဂါမ်။

'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော'။ ရဟန်းတော်တည်းဟူသော ပုဂ္ဂိုလ်ထံမှ အမှီဥပနိဿယပစ္စည်းကိုရပြီး မာတိကာမာတာ ဘာဖြစ်သွားပါသလဲ . . . အနာဂါမ်ဖြစ်သွားပါတယ်ဘုရား။ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုလိုက်တာဖြစ်တယ်။ ရဟန်းတော်တွေ ရဟန္တာဖြစ်သွားကြတာလည်း မာတိကာမာတာရဲ့ ဆွမ်းကို အမှီရပြီးတော့ ဖြစ်သွားကြတာ ဖြစ်တယ်။

ဘောဇနမွိ ဥပနိဿယပစ္စယေန ပစ္စယော။

ဘောဇနမွိ = သင့်လျော်လျောက်ပတ်သော ဘောဇဉ် သည်လည်း၊

ဥပနိဿယပစ္စယေန = အားကြီးသော ပကတူပနိဿယ သတ္တိဖြင့်၊

ပစ္စယော+ဥပကာရကော = ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်၊
ဟောတိ = ဖြစ်၏

ဆိုတဲ့အတိုင်း ရဟန်းတော်များ မာတိကာမာတာရဲ့ ဆွမ်းကို အမှီပြုပြီး ဘာဖြစ်သွားကြပါသလဲ . . . ရဟန္တာဖြစ်သွားကြပါတယ် ဘုရား။

ဆောင်ပုဒ်။ ။ မာတိကာထံမှ၊ ဆွမ်းမှီရ၊ ဖြစ်ကြရဟန္တာ။

မာတိကာမာတာ စီမံလိုက်တဲ့ သင့်လျော်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရတွေက ပကတူပနိဿယပစ္စည်း အကြောင်းတရားဖြစ်တယ်။ ရဟန္တာဖြစ်သွားကြတာက ပကတူပနိဿယပစ္စယုပ္ပန်တရား အကျိုးတရားဖြစ်တယ်။ ရဟန်းတော်တွေ တရားထူး တရားမြတ်တွေ ရကြတာ ပကတူပနိဿယပစ္စည်းကြောင့် ရသွားတာဖြစ်တယ်။

မာတိကာမာတာ တရားထူးရတယ်ဆိုတာကလည်း ဘဝါဘဝက ကုသိုလ်ပါရမီထူး ဆည်းပူးခဲ့လို့ဖြစ်တယ်။ ကုသိုလ်ပါရမီထူး မရှိခဲ့လို့ရှိရင် အနာဂါမ်ဖြစ်အောင် တရားထူး တရားမြတ်တွေ ရမှရနိုင်ပဲ့ မလား . . . မရနိုင်ပါဘုရား။ အဲဒီကုသိုလ်ပါရမီထူးတွေက ပကတူပနိဿယပစ္စည်းတရား ဖြစ်တယ်။ အတိတ်ပစ္စည်းတရားဖြစ်တယ်။ မာတိကာမာတာ ဘဝါဘဝက ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့တာ ဒီဘဝမှာ တရားထူး တရားမြတ်ရဖို့ရန် ပကတူပနိဿယပစ္စည်း အကြောင်းတရားဖြစ်တယ်။ ဒီဘဝမှာ တရားထူး တရားမြတ်ရသွားတာ အနာဂါမ် ဖြစ်သွားတာက ပကတူပနိဿယပစ္စယုပ္ပန် တရားဖြစ်တယ်။

ဆောင်ပုဒ်။ ။ ပါရမီပုညဲ၊ အမှီရ၊ ဖြစ်ရအနာဂါမ်။

မာတိကာမာတာ အတိတ်ကဖြည့်ခဲ့တဲ့ ပကတူပနိဿယပစ္စည်း ပါရမီကုသိုလ်တွေအမှီရပြီး အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရတယ်။ ရဟန်းတော်တွေလည်း ဘဝါဘဝက ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့လို့ ရဟန္တာမဖြစ်ပါဘူးလား . . . ဖြစ်ပါတယ်ဘုရား။ အတိတ်က ပကတူပနိဿယပစ္စည်း ပါရမီပုညတို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်ကြရတယ်။

ဆောင်ပုဒ်။ ။ ပါရမီပုညဲ၊ အမှီရ၊ ဖြစ်ကြရဟန္တာ။

ရဟန္တာဖြစ်ကြရတာ မာတိကာမာတာထံမှ ဆွမ်းအမှီရလို့ ဖြစ်တယ်။ 'ဘောဇနမွိ ဥပနိဿယပစ္စယေန ပစ္စယော' ဟူသော ပစ္စည်းနဲ့ မကိုက်ညီပါဘူးလား . . . ကိုက်ညီပါတယ်ဘုရား။ မာတိကာမာတာက ရဟန်းတော်တွေထံမှ တရားနာကြားရတော့ ရဟန်းတော်တွေကို အမှီရတဲ့အတွက်ကြောင့် အနာဂါဖြစ်မသွားပါဘူးလား . . . ဖြစ်သွားပါတယ်ဘုရား။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ = ကလျာဏမိတ္တပုဂ္ဂိုလ်သည်လည်း၊
ဥပနိဿယပစ္စယေန = အားကြိုးသော ပကတူပနိဿယသတ္တိဖြင့်၊
ပစ္စယော + ဥပကာရကော = ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်၊
ဟောတိ = ဖြစ်၏။
ဣတိ = ဤသို့၊

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၂။ အကြောင်း - သောတာယတနံ = နားအကြည်သည်
အကျိုး - သောတဝိညာဏမာတုယာ = ကြားသိစိတ်အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုကြားသိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၃။ အကြောင်း - ဃာနာယတနံ = နှာခေါင်းအကြည်
သည်
အကျိုး - ဃာနဝိညာဏမာတုယာ = နံ သိ စိ တ် အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထို နံ သိ စိ တ် နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်

(၁၀) ပုရေဇာတ ပစ္စယောတိ

စက္ခာယတနံ စက္ခု ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာန ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခု ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာန ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယ ဝိညာဏာ မာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနော ဓာတုယာ၊ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတ ပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ၊ မနော ဓာတု စ၊ မနော ဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနော ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတ ပစ္စယေန ပစ္စယော။

မနောဝိညာဏ ဓာတုယာ၊ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန၊ ပုရေဇာတ ပစ္စယေန ပစ္စယော။

ပုရေဇာတပစ္စည်း။ ။ (၁) ရှေး၌ဖြစ်နှင့်၍ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

(၂) နှလုံးသွေး၌ ဖြစ်ပေါ်ကြသော နာမကွန္ဓာ(၄)ပါးတို့သည်ကား အတိတ် အနာဂတ်ဖြစ်သော ရှေးရှေးနှောင်းနှောင်း အာရုံတို့ကို လည်းကောင်း၊ မိမိနှင့် အပြိုင်ဖြစ်သော အာရုံ တို့ကိုလည်းကောင်း အစွဲပြု၍ ဖြစ်ပေါ်နိုင် ကြကုန်၏။

နှလုံးသွေးမှတစ်ပါး စက္ခု၊ သောတ အစရှိသော တစ်ကိုယ်လုံး တစ်ကောင်လုံး၌ ဖြစ်ပေါ် ကျကုန်သော နာမကွန္ဓာ (၄)ပါး တို့သည်မူကား ထိုသို့ မဟုတ်ကျကုန်၊ စက္ခု၊ သောတ

အစရှိသော ကိုယ်အင်္ဂါတို့၌ အဆင်းအသံ အစရှိသော ပစ္စုပ္ပန်အာရုံတို့၏ ခိုက်မှု တိုက်မှုကို အစွဲပြု၍ဖြစ်ပေါ်နိုင်ကျကုန်၏။ ခိုက်တိုက်လာသော ပစ္စုပ္ပန်အာရုံတို့ကိုသာ အာရုံပြုနိုင်ကျကုန်၏။ အာရုံတို့ကဖြစ်ပေါ်မှု အတန်ငယ် ရှေ့ကျလိုက်လျင်တင်ကူး၍ လှုံဆော်ကြရကုန်၏။ ဤသို့သော ကျေးဇူးကို "ပုရေဇာတပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္ထိများ
၁	ရူပ်	နာမ်	ပုရေဇာတ
၁။ နိဒါန်း		- ပုရေဇာတပစ္စယောတိ	= ပုရေဇာတပစ္စည်း ဆိုသည်မှာ
အကြောင်း		- စက္ခာယတနံ	= မျက်စိ အကြည်သည်
အကျိုး		- စက္ခုဝိညာဏဓာတုယာ	= မြင်သိစိတ် အားလည်းကောင်း
		- တံသမ္မယုတ္တကာနံ	= ထိုမြင်သိစိတ်နှင့် ယှဉ်ကြကုန်သော
		- ဓမ္မာနဉ္စ	= စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္ထိ		- ပုရေဇာတပစ္စယေန	= ရှေ့ကဖြစ်နှင့်သော သတ္ထိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၀။ အကြောင်း - ဖောဋ္ဌဗ္ဗာယတနံ = အတွေ့မျိုးစုံတို့သည်
အကျိုး - ကာယဝိညာဏမာတုယာ = ထိသိသိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိထိသိသိစိတ်နှင့်ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သောသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၁၁။အကြောင်း - ရူပါယတနံ = အဆင်းမျိုးစုံတို့သည်
- သဒ္ဒါယတနံ = အသံမျိုးစုံတို့သည်
- ဂန္ဓာယတနံ = အနံ့မျိုးစုံတို့သည်
- ရသာယတနံ = အရသာမျိုးစုံတို့သည်
- ဖောဋ္ဌဗ္ဗာယတနံ = အတွေ့မျိုးစုံတို့သည်
အကျိုး - မနောဓာတုယာ = အာရုံကိုခံယူသည့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၄။ အကြောင်း - ဇိဝှါယတနံ = လျှာအကြည်သည်
အကျိုး - ဇိဝှါဝိညာဏမာတုယာ = စားသိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုစားသိစိတ်နှင့်ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သောသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၅။ အကြောင်း - ကာယာယတနံ = ကာယအကြည်သည်
အကျိုး - ကာယဝိညာဏမာတုယာ = တွေ့ထိသိစိတ်အားလည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိတွေ့ထိသိစိတ်နှင့်ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရားတို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၆။ အကြောင်း - ရူပါယတနံ = အဆင်းမျိုးစုံတို့
သည်
အကျိုး - စက္ခုဝိညာဏာဓာတုယာ = မြင်သိစိတ်အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုမြင်သိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၇။ အကြောင်း - သဒ္ဒါယတနံ = အသံမျိုးစုံတို့သည်
အကျိုး - သောတဝိညာဏာဓာတုယာ = ကြားသိစိတ်အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုကြားသိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၈။ အကြောင်း - ဃာနာယတနံ = အနံ့မျိုးစုံတို့သည်
အကျိုး - ဃာနဝိညာဏာဓာတုယာ = နံ့သိစိတ်အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုနံ့သိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

၉။ အကြောင်း - ရသာယတနံ = အရသာမျိုးစုံတို့
သည်
အကျိုး - ဇိဝှါဝိညာဏာဓာတုယာ = စားသိစိတ်အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုစားသိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်

ပုရေဇာတပစ္စည်းဖြင့် ဝိပဿနာရှုပုံ

တစ်ချိန်သောအခါ မြတ်စွာဘုရား ဉာတိကရွာ အုတ်တိုက်ပြဿဒ်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ တစ်ပါးတည်း ကျောင်းထဲမှာ ကိန်းအောင်းပြီး သီတင်းသုံးနေတဲ့ အခိုက်အတန့်မှာ မြတ်စွာဘုရား ဉာဏ်တော်မှာ ပဋ္ဌာန်စသမုပ္ပါဒ်တရားတွေ ဆင်ခြင်လိုတဲ့စိတ် ဖြစ်ပေါ်လာတယ်။ ဘဝင်တိုင်အောင် (၃၁)ဘုံမှာရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ပဋ္ဌာန်စသမုပ္ပါဒ် စက်ရဟတ်ကြီးလည်ပုံ၊ ပြတ်အောင်ရှုမှတ်ပုံ၊ ပြတ်သွားပုံများကို မြတ်စွာဘုရား ရှေးဦးစွာ စိတ်တော်ဖြင့် ဆင်ခြင်ပါတယ်။ ဆင်ခြင်ပြီးတဲ့နောက် နှုတ်တော်ဖြင့် ရွတ်ဆိုပါတယ်။

စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(နိဒါန၀ဂ္ဂသံယုတ္တ - ၃၀၂)

ပဋ္ဌာန်စသမုပ္ပါဒ်စက်ရဟတ်ကြီး လည်နေပုံကို ရှေးဦးစွာ မြတ်စွာဘုရား ရွတ်ဆိုပါတယ်။ နောက်တစ်ခါ သံသရာစက်ပြတ်ပုံကိုလည်း မြတ်စွာဘုရား ဆက်လက်ပြီး ရွတ်ဆိုပါတယ်။

စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊

		မနောဓာတ်အား လည်းကောင်း
	- တံသမ္ပယုတ္တကာနံ	= ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော
	- ဓမ္မာနဉ္စ	= စေတသိတ်တရား တို့အားလည်းကောင်း
အကြောင်းသတ္တိ	- ပုရေဇာတပစ္စယေန	= ရှေ့ကဖြစ်နှင့်သော သတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၁၂။ အကြောင်း	- ယံ ရူပံ နိဿယ	= အကြင်ဟဒယကို အမှီပြု၍
အကျိုး	- မနောဓာတု စ	= မနောဓာတ်သည် လည်းကောင်း
	- မနောဝိညာဏဓာတုစ	= ကြံသိစိတ်သည် လည်းကောင်း
	- ဝတ္တန္တိ	= ဖြစ်ကြကုန်၏။
အကြောင်း	- တံ ရူပံ	= အကြင်ဟဒယရူပ် သည်
	- မနောဓာတုယာစ	= မနောဓာတ်အား လည်းကောင်း
အကျိုး	- တံသမ္ပယုတ္တကာနဉ္စမဓာနံ	= ထိုမနောဓာတ်နှင့် ယှဉ်ကြကုန်သော

စေတသိတ်တို့အား
လည်းကောင်း
- မနောဝိညာဏဓာတုစ = ကြံ သိ စိ တ် အား
လည်းကောင်း
- တံသမ္ပယုတ္တကာနံ = ထိုကြံသိစိတ်နှင့်
ယှဉ်ကြကုန်သော
- ဓမ္မာနဉ္စ = စေတသိတ်တရား
တို့အားလည်းကောင်း
အကြောင်းသတ္တိ - ကိစ္စိကာလေ = ဖြစ်နေဆဲပဝတ္တိ
ကာလ၌
- ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။
အကြောင်းသတ္တိ - ကိစ္စိကာလေန = ပဋိသန္ဓေ ကာလ၌
- ပုရေဇာတပစ္စယေန = ရှေ့ကဖြစ်နှင့်သော
သတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ တယောကြိုးတံ၊ ပွတ်တိုက်ပြန်၊ အသံဖြစ်ပေါ်
သည်။
ဆောင်ပုဒ်။ ။ အာရုံကြည်မှန်၊ တိုက်ခိုက်ပြန်၊ ဝိညာဏ်ဖြစ်ပေါ်
သည်။

ဆောင်ပုဒ်။ ။ မြင်သိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ဆောင်ပုဒ်။ ။ မြင်သိရာတွင်၊ ရှုမှတ်လျှင်၊ သံသာစက်ပြတ်သည်။
ဆောင်ပုဒ်။ ။ ကြားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
နံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
စားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ထိသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ကြံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ဆောင်ပုဒ်။ ။ မျက်စိရှုပ၊ ရုပ်ကနှစ်ဖြာ၊ မြင်တွေ့ခံစား၊
နာမ်ကားသုံးဖြာ၊ မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ၊
မြင်တယ်ဟု၊ မှတ်ရှုသိရပါ။
ဆောင်ပုဒ်။ ။ မြင်သိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။
ကြားသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။
နံသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။
စားသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။
ထိသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။
ကြံသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ်
ပြတ်နိုင်သည်။

ဧဝံ = ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအဆက်ဆက်ဖြင့်
ကေဝလဿ = ချမ်းသာမဖက် ဆင်းရဲသက်သက်သာ ဖြစ်သော၊
ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဆင်းရဲအစုကို၊
သမုဒယော = ဖြစ်ခြင်းသည်၊
ဟောတိ = ဖြစ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

စက္ခာယတနလို့ခေါ်တဲ့ မျက်စိအကြည်၊ ရူပါယတနလို့ ခေါ်တဲ့ အဆင်းရူပါရုံ၊ သူတို့နှစ်ခုတိုက်ပြီးတော့ ပေါင်းဆုံလိုက်တဲ့အခါမှာ စက္ခုဝိညာဏ်ဖြစ်တယ်။ စက္ခုဝိညာဏ်ဖြစ်လို့ရှိရင် သူတို့သုံးခု ပေါင်းဆုံလိုက်တဲ့ အခိုက်အတန့်မှာ ပေါင်းဆုံလိုက်ခြင်းကြောင့် ဖဿဖြစ်တယ်။ ပြီးတော့ ဝေဒနာဖြစ်၊ ဝေဒနာဖြစ်ပြီးတော့ တဏှာဖြစ်၊ တဏှာဖြစ်ပြီးတော့ ဥပါဒါန်ဖြစ်၊ ဥပါဒါန်ဖြစ်ပြီးတော့ ဘဝတွေဖြစ်၊ ဘဝတွေဖြစ်ပြီးတော့ ဇာတိဖြစ်၊ ဇာတိဖြစ်ပြီးတော့ ဇရာ မရဏ = အိုရ နာရ သေရ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ = စိုးရိမ်ရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့ မဖြစ်ကြ

တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဧဝံ = ဤသို့သော အကြောင်းအဆက်ဆက်ဖြင့်၊
ကေဝလဿ = ချမ်းသာမဖက် ဆင်းရဲသက်သက်ဖြစ်သော၊
ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဒုက္ခအစုကို၊
နိရောဓော = ချုပ်ခြင်းသည်၊
ဟောတိ = ဖြစ်၏။
ဣတိ = ဤသို့
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း . . .။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ပုရေဇာတပစ္စည်းတွေမှာ ထင်ရှားပါလာတယ်။ 'စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' မပါလာပါဘူးလား . . . ပါလာပါတယ်ဘုရား။ 'စက္ခာယတနံ' နှင့် 'စက္ခုဥ္စ'လို့ ဆိုတာနဲ့ အတူတူဖြစ်တယ်။ 'ရူပေစ'နှင့် 'ရူပါယတနံ' နဲ့ အတူတူဖြစ်တယ်။ 'စက္ခုဝိညာဏံ'က 'စက္ခုဝိညာဏာဓာတုယာ'နဲ့ အတူတူဖြစ်မနေပါဘူးလား . . . ဖြစ်နေ

ပါတယ်ဘုရား။ ပဋိစ္စသမုပ္ပါဒ်ရဲ့ အခြေခံပဲ ဖြစ်ပေတယ်။ ဒီနေရာမှာ စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ ရှုမှတ်နိုင်ရင် သံသရာစက် ပြတ်ပေလိမ့်မယ်။ မရှုမှတ်နိုင်လို့ရှိရင်တော့ လည်လိမ့်မယ်။

'တိဏ္ဏံ သင်္ဃာတိ ဖဿော'။

တိဏ္ဏံ = မျက်စိအကြည်ရှုပါရုံ စက္ခုဝိညာဏ်မြင်သိစိတ်တို့၏၊
သင်္ဃာတိ = ပေါင်းဆုံခြင်းသည် (ဝါ) ပေါင်းဆုံခြင်းကြောင့်၊
ဖဿော = ဖဿသည်၊
သမ္ပဉ္စတိ = ဖြစ်၏။

ဒီသုံးခု ပေါင်းဆုံလိုက်တော့ ဖဿ = အတွေ့လေးဖြစ်တယ်။ မျက်စိထဲမှာ တွေ့သွားသလို တွေ့သွားသလို။ သမာဓိဉာဏ် အသင့်အတင့် ရင့်ကျက်လာတဲ့ပုဂ္ဂိုလ်တွေ 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်လိုက်ရင် မျက်စိထဲမှာ တွေ့တွေ့သွားသလို၊ မျက်စိအကြည်လေးမှာ လာပြီးတော့ တိုက်တိုက်သွားသလို သိရတာ အဲဒါ ဖဿပဲ ဖြစ်ပေတယ်။

တိဏ္ဏံ = သုံးပါးကုန်သော မျက်စိအကြည် ရှုပါရုံ မြင်သိစိတ် တို့၏၊
သင်္ဃာတိ - သင်္ဃာတိယာ = ပေါင်းဆုံခြင်းကြောင့်၊
ဖဿော = ဖဿသည်၊
သမ္ပဉ္စတိ = ဖြစ်၏။
ဖဿပစ္စယော = ဖဿဟူသော အကြောင်းကြောင့်၊
ဝေဒနာ = ဝေဒနာသည်၊

သမ္ပဉ္စတိ = ဖြစ်၏။
ဝေဒနာပစ္စယာ = ဝေဒနာဟူသော အကြောင်းကြောင့်၊
တဏှာ = တဏှာသည်၊
သမ္ပဉ္စတိ = ဖြစ်၏။
တဏှာပစ္စယာ = တဏှာဟူသော အကြောင်းကြောင့်၊
ဥပါဒါနံ = စွဲလမ်းခြင်း ဥပါဒါန်သည်၊
သမ္ပဉ္စတိ = ဖြစ်၏။
ဥပါဒါနပစ္စယာ = စွဲလမ်းခြင်း ဥပါဒါန်ဟူသော အကြောင်းကြောင့်
ဘဝေါ = ကမ္မဘဝ ဥပပတ္တိဘဝသည်၊
သမ္ပဉ္စတိ = ဖြစ်၏။
ဘဝပစ္စယာ = ဘဝဟူသော အကြောင်းကြောင့်၊
ဇာတိ = ပဋိသန္ဓေနေရခြင်းဇာတိသည်၊
သမ္ပဉ္စတိ = ဖြစ်၏။
ဇာတိပစ္စယာ = ဇာတိဟူသော အကြောင်းကြောင့်၊
ဇရာ မရဏံ = အိုရခြင်း သေရခြင်းသည်၊
သမ္ပဉ္စတိ = ဖြစ်၏။
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ = စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်ခြင်းတို့သည်၊
သမ္ပဉ္စတိ = ဖြစ်၏။

အသေသဝိရာဂနိရောဓာ = အကြွင်းမဲ့ချုပ်ခြင်းကြောင့်'ဟု ဟောကြားတော်မူသည့်အတိုင်း ရှုမှတ်လိုက်တော့ ဝေဒနာ ဖြစ်နိုင်ပါတော့မလား . . . မဖြစ်နိုင်ပါဘုရား။ ရှုမှတ်နေတဲ့အခိုက်အတန့်မှာ ဝေဒနာ ဖြစ်ခွင့်မရတော့ လိုချင်စရာတွေ လိုချင်နေတဲ့ တဏှာလည်း ဖြစ်နိုင်ပါတော့မလား . . . မဖြစ်နိုင်တော့ပါဘုရား။ ရှုမှတ်နေတော့ ဝေဒနာထိအောင် ရှုမှတ်လို့ရသွားသောကြောင့် တဏှာဖြစ်ခွင့် မရတော့ပေဘူး။

တဿာယေဝ တဏှာယ = ထိုတဏှာ၏သာလျှင်၊
အသေသဝိရာဂ နိရောဓာ = အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊
ဥပါဒါနနိရောဓော = စွဲလမ်းခြင်း ဥပါဒါန်၏ ချုပ်ခြင်းကြောင့်၊
သမ္ဘဝတိ = ဖြစ်၏။
ဥပါဒါနနိရောဓာ = စွဲလမ်းခြင်း ဥပါဒါန်ချုပ်ခြင်းကြောင့်၊
ဘဝနိရောဓော = ကမ္မဘဝ ဥပပတ္တိဘဝ၏ချုပ်ခြင်းသည်၊
သမ္ဘဝတိ = ဖြစ်၏။
ဘဝနိရောဓာ = ဘဝချုပ်ခြင်းကြောင့်၊
ဇာတိနိရောဓော = ပဋိသန္ဓေနေရခြင်း ဇာတိ၏ချုပ်ခြင်းသည်၊
သမ္ဘဝတိ = ဖြစ်၏။
ဇာတိနိရောဓာ = ဇာတိ၏ချုပ်ခြင်းကြောင့်၊
ဇရာ မရဏံ = အိုရခြင်း သေရခြင်းသည်၊
နိရုဇ္ဈတိ = ချုပ်၏။

ပါဘူးလား . . ဖြစ်ကြပါတယ်ဘုရား။ ဘာဖြစ်လို့ ဖြစ်ရတာပါလဲ၊ ဖြစ်ခိုက်ကလေးမှာ မရှုမှတ်နိုင်လို့ ဖြစ်ရတာဖြစ်တယ်။

ဆောင်ပုဒ်။ ။ မြင်သိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။

မမှတ်တော့ အကုန်လုံး တရစပ် မဖြစ်သွားပါဘူးလား . . . ဖြစ်သွားပါတယ်ဘုရား။ 'သံသာလည်ပတ်' ဒီဘဝမှာလည်း ဒီလိုပဲ လည်ပတ်၊ နောက်နောင်ဘဝတွေမှာလည်း ဒီလိုပဲ လည်ပတ်ပြီးတော့ ဒုက္ခအဆက်ဆက်တွေ ဖြစ်ကြရတယ်။ ကေဝလဿ = ချမ်းသာမဖက်ဆင်းရဲသက်သက်သာ ဖြစ်သော။ ချမ်းသာလေးတွေတော့ ပါတော့ပါပါတယ်။ ဒါပေမဲ့လည်း ဝိပရိဏာမဒုက္ခတွေပဲ ဖြစ်တယ်။

လူ့ဘုံ လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘုံ နတ်ဘဝ နတ်ချမ်းသာလေးတွေ အသင့်အတင့် မရှိကြပါဘူးလား . . . ရှိကြပါတယ်ဘုရား။ အဲဒါတွေဟာ တကယ်ကြည့်တော့ ချမ်းသာအစစ်တော့ မဟုတ်ပေဘူး။ **ဝိပရိဏာမဒုက္ခ** = ဖောက်ပြန်တဲ့ဆင်းရဲတစ်မျိုးပဲဖြစ်တယ်။ ချမ်းသာဆိုပေမယ့် ဖောက်ပြန်တော့ မဆင်းရဲရပါဘူးလား . . . ဆင်းရဲရပါတယ်ဘုရား။ ချမ်းသာတာနဲ့အမျှ ဆင်းရဲဒုက္ခတွေ ပြန်ဖြစ်ကြရတယ်။ ဒါကြောင့် 'ကေဝလဿ' အလုံးစုံလို့ပဲ မြတ်စွာဘုရား ဟောတော်မူပါတယ်။ ချမ်းသာတာတွေဟာလည်း ဆင်းရဲမျိုးတွေပါပဲ။ **'ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤဆင်းရဲအစု၏၊ **သမုဒယော** = ဖြစ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏'။ ဘာဖြစ်လို့ဖြစ်ရတာလဲ၊ မျက်စိက မရှုနိုင်လို့၊ မမှတ်နိုင်လို့ ဖြစ်ရတယ်။ နားကလည်း ဒီအတိုင်းပဲ၊ မရှုနိုင် မမှတ်နိုင်လို့ရှိရင် သံသရာလည်ပတ်မှာပါပဲ။

ဆောင်ပုဒ်။ ။ ကြားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
နံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
စားသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ထိသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။
ကြံသိရာတွင်၊ မမှတ်လျှင်၊ သံသာလည်ပတ်သည်။

(၆)ဌာနလုံးမှာ မမှတ်ရင် သံသရာလည်ပတ်ဖို့ရာဖြစ်တယ်။ တရားနာပရိသတ်များ လည်ချင်ပါသေးလား . . . မလည်ချင်ပါဘုရား။ **'ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ'** ဆိုတာပဲ။ **'ဧဝံ** = ဤအကြောင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ** = ချမ်းသာမဖက်ဆင်းရဲသက်သက်သာဖြစ်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤဆင်းရဲအစု၏'။ ဆင်းရဲအစုကြီးပဲ။ ဘယ်လည်ပတ်ချင်ပါတော့မလဲ။ မလည်ပတ်ချင်တော့ပါဘူး။ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်လည်ပတ်ချင်ပါတော့မလား . . . မလည်ပတ်ချင်တော့ပါဘုရား။ ကြောက်စရာကြီးပါလားလို့ မသိရပါဘူးလား . . . သိရပါတယ်ဘုရား။

အဲဒါတွေ လည်ပတ်နေရတာ ဘယ်လောက်ကြာခဲ့ပြီလဲလို့ မေးရင်လည်း သံသရာအစကို ရှာမတွေ့လောက်အောင် ခံခဲ့ရပြီ။ ရှေ့ကိုလည်း မဖြတ်နိုင်ရင်တော့ ဘယ်လောက် ခံရဦးမည်လဲဆိုတာ ခန့်မှန်းလို့ မရသေးဘူး။ အခုအချိန်အခါမှာ ဖြတ်နိုင်တဲ့အချိန်လား၊ မဖြတ်နိုင်တဲ့အချိန်လား . . . ဖြတ်နိုင်တဲ့အချိန်ပါဘုရား။ ဖြတ်နိုင်တဲ့အချိန်မှာ ဖြတ်မှပဲ။ နောင်ကျမ္မ သောကတွေ သွားဖြစ်နေလို့တော့ နေရာမကျတော့ဘူး။ မဖြစ်နိုင်တဲ့ ဘဝမျိုးရောက်သွားတော့ "ဩော် . . . မဖြတ်နိုင်ခဲ့ပါလား၊ ဒုက္ခတွေ ခံခဲ့ရပါလား"။ အပါယ်ငရဲကျတဲ့အခါ

ကျမ္မ သောကတွေ ပရိဒေဝတွေ နောင်တပူပန်မှုတွေ ဖြစ်နေတတ်တယ်။ "ဩော် . . . ဖြတ်နိုင်တဲ့အခါမှာ မဖြတ်လို့ ခံနေရတာပဲ"ဟု နောင်တပူပန်မှုတွေ မဖြစ်ရအောင် အခုအချိန်ကစပြီးတော့ ဖြတ်ဖို့ရာ ဖြစ်ပေတယ်။

သံသရာစက်ကို ဖြတ်ဖို့ရာနည်းလမ်းက ဘာနဲ့ဖြတ်ရမလဲဆိုတော့ ဝိပဿနာနဲ့ပဲ ဖြတ်ရမယ်။ မြင်ဆဲမှာလည်း ရှုမှတ်ရမယ်။ ကြားဆဲမှာလည်း ရှုမှတ်ရမယ်။ နံဆဲမှာလည်း ရှုမှတ်ရမယ်။ စားဆဲမှာလည်း ရှုမှတ်ရမယ်။ ထိဆဲမှာလည်း ရှုမှတ်ရမယ်။ ကြံဆဲမှာလည်း ပစ္စုပ္ပန်တည့်တည့်လေး မြင်သိစိတ်ကလေး ဖြစ်ခိုက်မှာ ရှုမှတ်လိုက်လို့ရှိရင် သမာဓိဉာဏ်တွေ အားကောင်းတဲ့ပုဂ္ဂိုလ်တွေ ပြတ်နိုင်ပါတယ်။ ဘယ်လို ရှုရပါ့မလဲဆိုရင် 'မြင်တယ်၊ မြင်တယ်'လို့ပဲ ရှုမှတ်ရမယ်။ သမာဓိဉာဏ်တွေ အားရှိလာတဲ့အခါကျတော့ တရားနာပရိသတ်များ ကိုယ်တိုင်ပဲ သိကြရပါလိမ့်မယ်။ သိတဲ့ပုဂ္ဂိုလ်လည်း သိနေကြပါပြီ။

အဲဒီမှာ မြင်လျှင် 'မြင်တယ်၊ မြင်တယ်'ဟု ရှုမှတ်တဲ့အခါမှာ တရား(၅)မျိုး ပါဝင်သွားပါတယ်။ စက္ခာယတနလို့ဆိုတဲ့ မျက်စိအကြည်ရယ်၊ ရူပါယတနလို့ ခေါ်တဲ့ အဆင်းရူပါရုံရယ်၊ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်ရယ်၊ အတွေ့ဖဿရယ်၊ ဖဿပစ္စယာ ဝေဒနာဆိုတဲ့ ဝေဒနာလေးရယ် ဒီ(၅)မျိုးကို မှတ်မိတတ်ပါတယ်။ ဝေဒနာသိအောင် မှတ်လို့ရသွားတော့ ဝေဒနာပြတ်သွားတော့ တဏှာဖြစ်ပါတော့မလား . . . မဖြစ်တော့ပါဘုရား။ မဖြစ်တော့ပေဘူး။

ဒါကြောင့် **တဿယေဝ တဏှာယ အသေသဝိရာဂနိရောဓာ။**
'တဿာယေဝ တဏှာယ = ရှုမှတ်တဲ့အတွက်ကြောင့် ထိုတဏှာ၏၊

ဒွါရ(၆)ပါးတည်းဟူသော အကြည်ဓါတ် (၆)ဖြာမှာ အာရုံ(၆)ပါး လာတိုက်တဲ့အခါ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ် အဲဒီစိတ်တွေ ဖြစ်ခိုက်မှာ ရှုမှတ်လိုက်လို့ရှိရင် သံသရာစက် ပြတ်သွားနိုင်တယ်။ ပြတ်အောင်ရှုနိုင်ဖို့ပါပဲ။ မျက်စိက ရှုမှတ်ဖို့ကတော့ တော်တော်လေး သမာဓိဉာဏ်တွေ ရင့်ကျက်မှ ရှုမှတ်နိုင်ပါတယ်။ ရှုမှတ်ခါစမှာတော့ မြင်ခါမျှမတွေ့မှာ တည်သွားအောင် ရှုမှတ်ရမယ်။ ရှုမှတ်တဲ့အခါ ဒီ(၅)ခုထဲက တစ်ခုခုကို ရှုမှတ်နိုင်လို့ရှိရင် မြင်ခါမျှမတွေ့မှာ တည်တယ်ဟု ဆိုရတယ်။

နောက် သမာဓိဉာဏ် ရင့်ကျက်လာတဲ့အခါကျတော့ 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်လိုက်ရင် မြင်ရတဲ့ အဆင်းရူပါရုံလေး တရိပ်ရိပ် ပြောင်းလဲနေတာ၊ မြင်သိစိတ်လေး တစ်ခုပြီးတစ်ခု ပျောက်ပျောက်သွားတာ မြင်ကြရပါတယ်။ အလေ့အကျင့်ရအောင် ရှုမှတ်ပေးရပါတယ်။ ဘယ်ကျရင် ရှုလို့ရတတ်သလဲဆိုတော့ ဘင်္ဂဉာဏ်ရောက်လာတဲ့အခါ ရှုမှတ်လို့ ရတတ်ပါတယ်။

ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်များ ဘင်္ဂဉာဏ်ရောက်တဲ့အခါ 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်လိုက်ရင် မြင်ရတဲ့ အဆင်းရူပါရုံလေး တရိပ်ရိပ် ကုန်ပျက်ကုန်ပျက်သွားတာကို၊ မြင်သိစိတ်လေး တစ်ခုပြီးတစ်ခု ကုန်ပျက်ကုန်ပျက်သွားတာကို မြင်ကြရပါတယ်။ တစ်ခုကိုလည်း မြင်တတ်ကြပါတယ်တဲ့။ မြင်သိစိတ်လေး ပျက်ပျက်သွားတာကို မြင်တဲ့ပုဂ္ဂိုလ်လည်း တော်တော်များများ ရှိပါတယ်။

သမာဓိဉာဏ်အားကောင်းပြီး ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်များကျတော့ (၃)မျိုးလုံးလည်း မြင်နိုင်ပါတယ်။ 'မြင်တယ်၊ မြင်တယ်'ဟု ရှုမှတ်တဲ့

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ = စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည်၊

နိရုဇ္ဈန္တိ = ချုပ်ကြကုန်၏။

ဧဝံ = ဤသို့၊

ကေဝလဿ = ချမ်းသာမဖက် ဆင်းရဲသက်သက်သာ ဖြစ်သော။

ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဆင်းရဲအစုကြီး၊

နိရောဓော = ချုပ်ခြင်းသည်၊

ဟောတိ = ဖြစ်၏။

ဣတိ = ဤသို့၊

ဘဂဝါ = မြတ်စွာဘုရားသည်၊

အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

မြင်ဆဲခဏလေးမှာ ရှုမှတ်လိုက်လို့ရှိရင် တရား(၅)မျိုးတွင် တစ်မျိုးမျိုးကို ရှုမှတ်ပြီးသား ဖြစ်သွားတတ်ပါတယ်။ အဲဒီ ဆောင်ပုဒ်ကလေးဆိုရအောင် -။

ဆောင်ပုဒ်။ ။ မျက်စိရှုပ၊ ရုပ်ကနှစ်ဖြာ၊ မြင်တွေ့ခံစား၊
နာမ်ကားသုံးဖြာ၊ မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ၊
မြင်တယ်ဟု၊ မှတ်ရှုသိရပါ။

"မျက်စိရူပ"၌ 'မျက်စိ'ဆိုတာ မျက်စိအကြည်ဖြစ်တယ်။ "ရူပ" ဆိုတာ ရူပါရုံဖြစ်တယ်။ မျက်စိဆိုတာ စက္ခာယတနံကို ပြောတာပဲ ဖြစ်တယ်။ မျက်စိဆိုတာ ဘယ်သူ့ကိုပြောတာပါလဲ . . . စက္ခာယတန ပါဘုရား။ ရူပဆိုတာက ရူပါယတနကို ပြောတာပါပဲ။ ဒီထဲမှာ ပါမနေ ပါဘူးလား . . . ပါနေပါတယ်ဘုရား။ အဲဒီနှစ်ပါးဟာ ရူပ်တွေပဲ။ သူတို့ကိုလည်း ရှုမိတတ်တယ်။

'မြင်တယ်၊ မြင်တယ်'လို့ မှတ်လိုက်ရင် တစ်ခါတစ်ရဲ မျက်စိ အကြည်လေးကို သိနေတတ်တယ်။ "မျက်စိထဲမှာ ကြည်ကြည်သွား သလိုပဲ"၊ "မျက်စိထဲမှာ ကြည်ကြည်သွားသလိုပဲ" ဆိုတာ စက္ခာယတန မျက်စိအကြည်လေးကို ရှုမိတာပဲဖြစ်တယ်။ ရူပဆိုတဲ့ ရူပါရုံကိုလည်း တစ်ခါတလေ ရှုမိတတ်တယ်။ မြင်ကာမျှမတ္တမှာ တည်တည်သွားတာ ရူပါရုံအဆင်းကို ရှုမိတာဖြစ်ပေတယ်။ **မျက်စိရူပ၊ ရူပ်ကနှစ်ဖြာ** - ကို ဟောကြားတာ ပြည့်စုံသွားပြီ။

'မြင်တွေ့ခံစား'ကို ဟောကြားပါတော့မယ်။ 'မြင်'ဆိုတာ မြင် သိစိတ်ကို ပြောတာဖြစ်တယ်။ "မျက်စိထဲက သိသိ သိသိသွားတာပဲ" ဟု တစ်ခါတစ်ခါ ရှုမှတ်လိုက်တဲ့အခါ ဉာဏ်ထဲမှာ ထင်ထင်လာတတ် တယ်။ မြင်သိစိတ်ရဲ့ သဘောကို သိတာဖြစ်တယ်။ 'တွေ့'ဆိုတာက ဖဿကိုပြောတာဖြစ်တယ်။ "မျက်စိထဲမှာ တိုက်သွားသလို တိုက်သွား သလိုပဲ"ဟု ဒီလိုလည်း ထင်လာတတ်တယ်။ ဘယ်နှမျိုးရှိသွားပါပြီးလဲ . . . လေးမျိုးရှိသွားပါပြီဘုရား။ 'ခံစား'ဆိုတာ ဝေဒနာကို ပြောတာ ဖြစ်တယ်။ 'မြင်တယ်၊ မြင်တယ်' လို့ ရှုလိုက်တဲ့အခါ မြင်လို့ကောင်း သလိုလို၊ မကောင်းသလိုလို ဒီလိုလည်း ထင်ထင်သွားတတ်တယ်။

မြင်လို့ကောင်းတာက သုခဝေဒနာ၊ မြင်လို့မကောင်းတာက ဒုက္ခ ဝေဒနာဖြစ်တယ်။

မျက်စိအကြည်လေးကိုလည်း ရှုမိတတ်တယ်။ ရူပါရုံအဆင်းကို လည်း ရှုမိတတ်တယ်။ ဒီရူပ်နှစ်ပါးကိုလည်း ရှုမိတတ်တယ်။ 'မြင်'လို့ ဆိုတဲ့ မြင်သိစိတ်ကလေးကိုလည်း ရှုမိတတ်တယ်။ 'တွေ့'ဆိုတဲ့ ဖဿ ကိုလည်း ရှုမိတတ်တယ်။ 'ခံစား'ဆိုတဲ့ ဝေဒနာကိုလည်း ရှုမိတတ် တယ်။ အဲဒါတွေရှုလို့ရထားတော့ ဝေဒနာကြောင့် တဏှာဖြစ်နိုင်ပါ တော့မလား . . . မဖြစ်နိုင်တော့ပါဘုရား။

"တဿာယေဝ တဏှာယ = ထိုတဏှာ၏သာလျှင်၊ **အသေသ ဝိရာဂနိရောဓာ** = အကြွင်းမဲ့ချုပ်ခြင်းကြောင့်"။ တဏှာဖြစ်ခွင့်မရ အောင် ချုပ်ခြင်းကြောင့် ဥပါဒါန်လည်း ချုပ်တယ်။ မချုပ်သွားပါဘူး လား . . . ချုပ်သွားပါတယ်ဘုရား။ ဥပါဒါန်ချုပ်တော့ ဘဝကံတွေချုပ်၊ ကံချုပ်တော့ ဇာတိလည်းချုပ်၊ ဇာတိချုပ်တော့ ဇရာ မရဏ သောက ပရိဒေဝတွေ အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ သံသရာစက် ပြတ်သွား တာပါပဲ။ မြင်ဆဲမှာ ရှုမှတ်တော့ သံသရာစက် မပြတ်သွားပါဘူးလား . . . ပြတ်သွားပါတယ်ဘုရား။

မြင်သိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။
ကြားသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။
နံသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။
စားသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။
ထိသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။
ကြံသိရာတွင်၊ ရှုမှတ်လျှင်၊ သံသရာပင်၊ အစဉ် ပြတ်နိုင်သည်။

ကောင်း အခါကောင်းကြီး သာသနာတော်ကြီး ရှိနေတဲ့ အခိုက်အတန့် သံသရာစက်ကို ပြတ်အောင် အားထုတ်နေရမယ်ဆိုတဲ့ အဓိပ္ပါယ် ဖြစ်တယ်။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရ (၆)ပါး၌ အာရုံ(၆)ပါးလာတိုက်လို့ ဝိညာဏ်(၆)ပါး ဖြစ်ခိုက်မှာ ရှုမှတ်နေလို့ရှိရင် လုံခြုံသွားမယ်။ သံသရာစက်ရဟတ်ကြီး ပြတ်သွားမယ်ဆိုတဲ့ အဓိပ္ပါယ်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ ဒါကြောင့် တရားနာပရိသတ်များ သာသနာတော်ကြီးတည်းဟူသော အခွင့်ကောင်း အခါကောင်းကြီးနှင့် ကြုံနေတဲ့အခိုက်အတန့်မှာ အနည်းဆုံး အပါယ်သံသရာ ပြတ်သွားအောင် ရှုမှတ်မနေကြရပါဘူးလား . . . ရှုမှတ်နေကြရပါတယ်ဘုရား။

မရှုမှတ်နိုင်လို့ရှိရင် မျက်စိကလည်း လည်နိုင်တယ်။ နားကလည်း လည်နိုင်တယ်။ နှာခေါင်းကလည်း လည်နိုင်တယ်။ လျှာကလည်း လည်နိုင်တယ်။ ကိုယ်ကလည်း လည်နိုင်တယ်။ စိတ်ကလည်း လည်နိုင်တယ်။ ရှုမှတ်နိုင်လို့ရှိရင်တော့ ပြတ်သွားမှာ ဖြစ်ပေတယ်။ မျက်စိက ရှုမှတ်ပုံလေး ဟောခဲ့တာ အသင့်အတင့် ပြည့်စုံသွားပြီ။ နားက ရှုမှတ်ပုံလေး ဟောကြားပါဦးမယ်။

နား၌ အသံလာတိုက်တဲ့အခါ သောတဝိညာဏ်လေး ဖြစ်ခိုက်မှာ ဘယ်လိုမှတ်ရပါ့မလဲဆိုရင် ကြားတယ်၊ ကြားတယ် ရှုမှတ်ရပါမယ်။ ဒီမှာတော့ အစုံပါလာတယ်နော်။ သောတာယတနံက နားအကြည်ဖြစ်တယ်။ သဒ္ဒါယတနံက အသံသဒ္ဒါရုံဖြစ်တယ်။ သောတဝိညာဏာ ဓာတုယာက ကြားသိစိတ်ဖြစ်တယ်။ အဲဒီနားအကြည်မှာ အသံ

အခါ မြင်ရတဲ့ အဆင်းရှုပါရုံလေး ရိပ်ခနဲရိပ်ခနဲ ကုန်ပျက်သွားတာ၊ မြင်သိစိတ်လေးလည်း ကုန်ပျက်ကုန်ပျက်သွားတာ၊ 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်လိုက်တဲ့ မှတ်သိစိတ်ပါ ကုန်ပျက်သွားတာကို တွေ့ကြရပေတယ်။

ကုန်ပျက်ကုန်ပျက်သွားတာကို တွေ့ရတော့ မမြဲဘူးလို့ မသိသွားပါဘူးလား . . . သိသွားပါတယ်ဘုရား။ မြင်ရတာတွေ ဘာတစ်ခုမှ မမြဲဘူး။ မမြဲဘူးဆိုတာ မြန်မာလိုဖြစ်တယ်၊ ပါဠိလိုကျတော့ . . . အနိစ္စပါဘုရား။ ကုန်ပျက်တာလေးတွေက လျင်မြန်လွန်းအားကြီးတော့ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲပါလား။ ဆင်းရဲပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . ဒုက္ခပါဘုရား။ ဒီလို ကုန်ပျက်နှိပ် စက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုကာကွယ်လို့ ရပ့ါမလဲ။ ဘယ်လိုမှ ကာကွယ်လို့ မရပေဘူး။ သူ့သဘောအတိုင်းသူ ကုန်ပျက်ကုန်ပျက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာ လိုဖြစ်တယ်၊ ပါဠိလိုကျတော့ . . . အနတ္တပါဘုရား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တွေပိုင်ပြီးတော့ တရားထူး တရားမြတ်တွေ ရသွားနိုင်တယ်။ သံသရာစက်ကြီး မပြတ်သွားနိုင်ပါဘူးလား . . . ပြတ်သွားနိုင်ပါတယ်ဘုရား။ ပြတ်သွားနိုင်တယ်။ သောတာပတ္တိမဂ်ဉာဏ် ရောက်သွားတာနဲ့ အပါယ်သံသရာစက်ကြီး မပြတ်သွားပါဘူးလား . . . ပြတ်သွားပါတယ်ဘုရား။ ဘယ်သောအခါမှ အပါယ်ရောက်နိုင်တဲ့သံသရာ မကျင်လည်ရတော့ပေဘူး။ ဖြတ်နိုင်ဖို့ အရေးမကြီးပါဘူးလား . . . အရေးကြီးပါတယ်ဘုရား။ အရေးအကြီးဆုံးပါပဲ။ အပါယ်သံသရာစက်ရဟတ်ကြီး မလည်နိုင်အောင် ယခုနေအချိန်အခါမှာ မဖြတ်နိုင်ပါဘူးလား . . . ဖြတ်နိုင်ပါတယ်ဘုရား။

ဖြတ်နိုင်တဲ့အချိန်အခါမှာဖြတ်မှ၊ ဖြတ်နိုင်တဲ့အချိန်အခါမှာ မဖြတ်ဘဲနဲ့ နေလိုက်လို့ရှိရင်တော့ နောင်ကျမှ နောင်တပူပန်မှုတွေ ဖြစ်လို့မဆုံးဘူးလို့ မြတ်စွာဘုရား မကြာခဏ ဟောကြားပါတယ်။

နဂရံ ယထာ ပစ္စန္တံ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာဟိ သောစန္တိ၊ နိရယမ္ဟိ သမပ္ပိတာ။

ပစ္စန္တံ = တိုင်းစွန်တိုင်းဖျားဌဖြစ်သော၊
နဂရံ = မြို့ကို၊
သန္တရဗာဟိရံ = အတွင်းအပနှင့်တကွ၊
ဂုတ္တံယထာ = လုံခြုံအောင် စောင့်ရှောက်ရသကဲ့သို့၊
ဧဝံ = ဤအတူ၊
အတ္တာနံ = မိမိကိုယ်ကို။
အတ္တာနံ = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူ သော မိမိကိုယ်ကို၊
ဂေါပေထ = လုံခြုံအောင် စောင့်ရှောက်ကြကုန်လော့၊
ခဏော = ဘုရားပွင့်တော်မူလာသော အခွင့်ကောင်း အခါကောင်းသည်၊
မာဥပစ္စဂါ = မလွန်သွားစေလင့်၊
ခဏာတီတာ = ဘုရားပွင့်တော်မူလာသော အခွင့်အကောင်း အခါကောင်းကို လွန်စေကြကုန်သောသူတို့သည်၊
နိရယမ္ဟိ = ငရဲ၌၊
သမပ္ပိတာ = ကျရောက်ကုန်သည်ဖြစ်၍၊

သောစန္တိ = အဖန်တလဲလဲ စိုးရိမ်ကြရကုန်လတ္တံ့။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

တိုင်းစွန်တိုင်းဖျားဌရှိတဲ့ မြို့သူမြို့သားတွေ မိမိတို့ရဲ့မြို့ကို သူပုန်သူကန် ရန်သူတွေမှ လုံခြုံအောင် စောင့်ရှောက်ကြသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော မိမိခန္ဓာကိုယ် အတွင်ဘောကိုလည်း လုံခြုံအောင် စောင့်ရှောက်ကြရမယ်။ သံသရာစက် မလည်ပတ်နိုင်အောင် မစောင့်ရှောက်ရပါဘူးလား . . . စောင့်ရှောက်ရပါတယ်ဘုရား။

(၂) ပုဂ္ဂလာဓိဋ္ဌာန်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

ဘုရားပွင့်တော်မူလာသည့် အခါမှသာလျှင် စောင့်ရှောက်နိုင်တယ်။ ဘုရားပွင့်တဲ့အခါကောင်း အခွင့်ကောင်းကြီးကို ကျော်လွန်သွားပြီဆိုလို့ရှိရင်၊ သာသနာတော်ကြီး မရှိတော့ဘူးဆိုရင် အခုလို ရှုမှတ်တဲ့နည်းတွေ မရှိသောကြောင့် လုံခြုံအောင် စောင့်စည်းနိုင်ပါတော့မလား . . . မစောင့်စည်းနိုင်တော့ပါဘုရား။ မစောင့်စည်းနိုင်လို့ရှိရင် အပါယ်သံသရာထဲသို့လည်း ပြန်ရောက်သွားနိုင်တယ်။ အဲဒီအခါကျမှ စိုးရိမ်ရလိမ့်မယ်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ အခွင့်

ပြန်ပြန်မဝင်ကြပါဘူးလား . . . ဝင်ကြပါတယ်ဘုရား။ ရပ်ချင်လို့လား . . . မဟုတ်ပါဘုရား။ မရပ်ချင်ပေဘူး။ ရှေ့သာ ဆက်ချင်တာပဲဖြစ်တယ်။ သောတာပန်ဆိုတော့ ဒုက္ခတွေ ပိုမမြင်ပါဘူးလား . . . ပိုမြင်ပါတယ်ဘုရား။ ပိုမြင်တော့ ပိုကြောက်တယ်။ "တစ်ဆင့်တက်ချင်တယ်ဘုရား၊ ဘယ်လိုများ မှတ်ရပါ့မလဲ"ဟု လျှောက်ထားတယ်။ ဘယ်လိုမှတ်ရမလဲဆိုရင် ဒီအတိုင်းပဲ မှတ်ရမယ်။ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ဖြစ်ပေတယ်။

အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ရောက်သည့်တိုင်အောင် တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ကို မြတ်စွာဘုရား ဟောကြားထားတော့ ဘယ်တရားကို မှတ်ရပါ့မလဲဆိုရင် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား (၄)ပါးတို့ကို ဆက်လက်ပြီးတော့ မှတ်ရပေမယ်။

ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာန။

ယဒိဒံ = **ယေ+ကမေ၊ စတ္တာရော သတိပဋ္ဌာနာ**
= အကြင်ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား (၄)ပါးတို့သည်၊
သန္တိ = ရှိကြကုန်၏၊
အယံ = ဤကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါး အကျင့်လမ်းစဉ်သည်၊

သဒ္ဒါရုံလာတိုက်တဲ့အခါ ကြားသိစိတ်ကလေး ဖြစ်ခိုက်မှာ ရှုမှတ်ရပေမယ်။ တခြားအချိန်တွေမှာတော့ ရှုလို့မရပေဘူး။ မကြားဘဲနဲ့ ကြားတယ်၊ ကြားတယ်ဟု ရှုလို့ ဝိပဿနာဉာဏ်ဖြစ်မှ ဖြစ်ပါ့မလား . . . မဖြစ်ပါဘုရား။ ကြားသိစိတ်ကလေးဖြစ်တဲ့ အခိုက်အတန့်မှာ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်နိုင်ရပေမယ်။ သမာဓိဉာဏ်တွေ အားနည်းနေတဲ့ အခိုက်အတန့်မှာတော့ ရှုမှတ်လို့ မရသေးဘူး။ သမာဓိဉာဏ် အားရှိလာတဲ့အခါ ရှုမှတ်လို့ရလာပါတယ်။

တရားနာပရိသတ်များ၊ ယောဂီများ မကြာခဏ အသံကို ရှုမှတ်နေကြရတယ်။ တရားထိုင်နေတဲ့အခိုက်အတန့်၊ စကြိုလျှောက်နေတဲ့ အခိုက်အတန့် အသံတွေ ကြားလာတဲ့အခါ ကြားတယ်၊ ကြားတယ်ဟု မရှုမှတ်ရပါဘူးလား . . . ရှုမှတ်ရပါတယ်ဘုရား။ အဲဒီ ကြားတယ်ဟု ရှုမှတ်တာက မျက်စိထက် နည်းနည်းပိုပြီးရလွယ်တယ်။ အသံရှုမှတ်လို့ ရသွားလို့ရှိရင် အောင်မြင်မှုတစ်ခု ရသွားတာ ဖြစ်ပါတယ်။

အစပိုင်းမှာတော့ ကြားခါမျှမတ္တမှာတည်အောင် ရှုမှတ်ရတယ်။ အသံနောက်ကိုလည်း စိတ်က မလိုက်သွားစေရဘူး။ ဘာသံတွေလဲလို့ ကြံစည်စိတ်ကူးမှုလည်း မဖြစ်စေရပေဘူး။ နားအကြည်၌ အသိစိတ်ကလေးကို ကပ်ထားရမယ်။ ကပ်ပြီးနေလို့ရှိရင် အသံနောက်ကို စိတ်ကလိုက်ပါတော့မလား . . . မလိုက်တော့ပါဘုရား။ မလိုက်လို့ရှိရင် ကြားခါမျှမတ္တမှာ တည်သွားပေတယ်။

နောက်တော့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျင်အားရှိလာတဲ့အခါ ကြားတဲ့အသံတွေက ဝေးဝေးသွားတတ်တယ်။ အသံအောကြီးတွေလည်း ဖြစ်သွားတတ်တယ်။ တစ်ခါတလေ နီးနီးလာသလို ဖြစ်

တတ်တယ်။ အသံလေးတွေ မိုန်မိုန်သွားသလိုလည်း ဖြစ်တတ်တယ်။ ဒီလို မဖြစ်တတ်ပါဘူးလား . . . ဖြစ်တတ်ပါတယ်ဘုရား။ အဲဒီလိုဖြစ်လာလို့ရှိရင် နားက မှတ်လို့ရတော့မယ်။ နားက မှတ်လို့ရလို့ရှိရင် ယောဂီအတွက် အတော်ကို အောင်မြင်သွားပေပြီ။

နောက်တော့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက်အားရှိလာတဲ့အခါ ကြားတယ်ဟု ရှုမှတ်လိုက်ရင် ကြားတဲ့အသံလေး တစ်လုံးပြီးတစ်လုံးပျောက်၊ ပျောက်ပျောက်သွားတာ ယောဂီဟောင်းများ မကြာခဏတွေ့သိကြရပါတယ်။ အသံ ပျောက်ပျောက်သွားတာ တော်တော်ပဲ ထင်ရှားတယ်။

အသံပျောက်ပျောက်သွားတော့ ဒီအသံဟာ မမြဲဘူးဆိုတာ မသိရပါဘူးလား . . . သိရပါတယ်ဘုရား။ အသံကိုမှတ်တာတော့ တော်တော်ရကြတာများပါတယ်။ အမျိုးသားလို့ ကြားတဲ့အခါ ယောဂီက ကြားတယ်လို့ မှတ်လိုက်ရင် 'အ'ကသတ်သတ်ပြတ်သွား၊ 'မျိုး'က သတ်သတ်ပြတ်သွား၊ 'သား'က သတ်သတ်ပြတ်သွားသဖြင့် အသံမဆက်တော့ နားလည်ပါ့မလား . . . နားမလည်ပါဘုရား။ နားမလည်တော့ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်ခွင့်မရတော့ပေဘူး။ အမှန်အတိုင်းသိတော့ အဝိဇ္ဇာ မပျောက်သွားပါဘူးလား . . . ပျောက်သွားပါတယ်ဘုရား။ အဝိဇ္ဇာပျောက်သွားတော့ သံသရာစက်ပြတ်သွားတော့တာပဲ။

အသံလေးတွေ တစ်လုံးပြီးတစ်လုံး ပျောက်သွားတဲ့အခါ အသံက မမြဲဘူး။ မမြဲဘူးဆိုတဲ့ အနိစ္စဉာဏ်ဝင်သွားတော့ အနိစ္စဉာဏ်နှင့် အဝိဇ္ဇာက ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တယ်။ အဝိဇ္ဇာဖုံးထားလို့

ရှိရင် အနိစ္စဉာဏ် မဖြစ်နိုင်ပေဘူး။ အနိစ္စဉာဏ်ဖြစ်တာနဲ့ တစ်ပြိုင်နက်တည်း ဒီအဝိဇ္ဇာပျောက်သွား၍ ပယ်ပြီးသား ဖြစ်သွားတယ်။

နောက်တော့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ကြားတယ်၊ ကြားတယ်ဟု မှတ်လိုက်ရင် ကြားတဲ့အသံလေးလည်း တစ်လုံးပြီးတစ်လုံးပျောက်။ ကြားသိစိတ်ကလေးလည်း တစ်လုံးပြီးတစ်လုံးပျောက်။ ကြားတဲ့အသံလည်း မမြဲဘူး။ ကြားသိစိတ်လည်း မမြဲဘူး။ မမြဲဘူးဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ အနိစ္စပါဘုရား။ ကုန်ပျက်တာတွေ လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဖြစ်ရကာ ဆင်းရဲပါလား။ ဆင်းရဲပါလားဆိုတာ မြန်မာလိုဖြစ်တယ်။ ပါဠိလိုကျတော့ . . . ဒုက္ခပါဘုရား။ ဒီလိုကုန်ပျက် နှိပ်စက်နေတဲ့ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ။ ဘယ်လိုမှ ကာကွယ်လို့ မရပေဘူး။ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလိုဖြစ်တယ်၊ ပါဠိလိုကျတော့ . . . အနတ္တပါဘုရား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တွေ ပိုင်သွားတော့ တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေလည်း ရသွားနိုင်ကြပါတယ်။ သံသရာစက် ပြတ်သွားနိုင်ပါတယ်။ အပါယ်သံသရာစက်က ရှေးဦးစွာပြတ်တယ်။ ပြတ်ပြီးလို့ရှိရင် အပါယ်သံသရာစက်ပြတ်ပြီးတော့ သောတာပန်အဆင့် ရောက်ပြီးတဲ့အခါ ရပ်နေမလား . . . မရပ်ပါဘုရား။

သောတာပန်ဖြစ်ပြီးတဲ့ပုဂ္ဂိုလ် မရပ်ချင်တော့ဘူး။ ရှေ့သာဆက်မှတ်ချင်တယ်။ ယောဂီဟောင်းများ မကြာခဏ တရားရိပ်သာ

. . . အရေးကြီးပါတယ်ဘုရား။ အရေးကြီးဆုံးပဲ။ တရားနာပရိသတ်များတော့ ဖြတ်နိုင်သလောက် ဖြတ်နေကြတာပါပဲ ဖြစ်ပါတယ်။

မရှုမှတ်ဘဲနေရင်တော့ လည်ပတ်ဖို့ရာပဲဖြစ်တယ်။ ရှုမှတ်နေရင်တော့ ဖြတ်နေတာပဲ။ နားကလည်း ရှုမှတ်ရတယ်။ နှာခေါင်းကလည်း ရှုမှတ်ရတယ်။ လျှာကလည်း ရှုမှတ်ရတယ်။ ကိုယ်ကလည်း ရှုမှတ်ရတယ်။ ကိုယ်ကာယကတော့ ရှုမှတ်ရတာ အထင်ရှားဆုံး၊ အများဆုံးလည်း ဖြစ်ပါတယ်။ သံသရာစက်ဖြတ်ဖို့ရာတွေ တစ်ကိုယ်လုံးမှာ မရှိနေပါဘူးလား . . . တစ်ကိုယ်လုံးမှာ ရှိနေပါတယ်ဘုရား။ ဆံပင်ဖျား၊ လက်သည်းဖျားတို့ကို အပထား၍ တစ်ကိုယ်လုံးမှာ ကာယအကြည်ရှိပါတယ်။ အပ်ဖျားလေးနဲ့ တို့တို့ကြည့်လိုက်တဲ့အခါ သိသိနေလို့ရှိရင် ကာယအကြည်ရှိပေတယ်။ ဝိပဿနာရလို့ ရပေတယ်။

ယခုတရားနာပရိသတ်များလို သမာဓိဉာဏ်ရင့်ကျက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်နေရာကိုပဲ ရှုလိုက်ရှုလိုက် ရှုလို့မရပါဘူးလား . . . ရပါတယ်ဘုရား။ ဒီအထိကလည်း(၃)မျိုးရှိပါတယ်။ ကိုယ်ကာယနဲ့ အပြင်ကဝတ္ထုတွေနဲ့ အခင်းအရံတွေ ကြမ်းပြင်တွေနဲ့ ထိတာကိုလည်း ထိတယ်၊ ထိတယ်ဟု ရှုလို့မရပါဘူးလား . . . ရပါတယ်ဘုရား။ ကိုယ်ကာယအချင်းချင်း ထိနေတာခြေထောက်နဲ့ ခြေထောက်ချင်း ထိနေတာ လက်နဲ့လက်ချင်း ထိနေတာကိုလည်း ထိတယ်၊ ထိတယ်ဟု ရှုလို့ရပါတယ်။

အတွင်းက ဓာတ်သဘောတွေထိပြီး ရွှေ့သွားတာကိုလည်း ထိတယ်၊ ထိတယ်၊ ရွှေ့တယ်၊ ရွှေ့တယ်ဟု ရှုလို့မရပါဘူးလား . . . ရပါတယ်ဘုရား။ ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်တာ အတွင်းက ဓာတ်

ဉာယဿ = အထက်အထက်သော အရိယာမဂ်ကို
အဓိဂမာယ = ရခြင်းငှာ၊
ဧကာယနောမဂ္ဂါ = နှစ်ကြောင်းမကွဲ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ပေတည်း။
နိဗ္ဗာနဿ = ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို၊
သစ္ဆိကိရိယာယ = မျက်မှောက်ပြုခြင်းငှာ၊
ဧကာယနောမဂ္ဂါ = နှစ်ကြောင်းမကွဲ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ပေတည်း။
ဣတိ = ဤသို့
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓု ပါဘုရား။

သောတာပန်အဆင့်မှာ အပါယ်သံသရာစက်ကို ဖြတ်နိုင်ပြီးတဲ့နောက်ပိုင်းမှာလည်း ကာမ(၁၁)ဘုံတည်းဟူသော သံသရာစက်၊ (၃၁)ဘုံတည်းဟူသော သံသရာစက်တို့ကို ဖြတ်ဖို့ရာလည်း ဒီသတိပဋ္ဌာန်တရား (၄)ပါးတည်းဟူသော တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ပဲ ဖြစ်ပါတယ်။ တခြားလမ်းတွေရှာဖို့ မလိုတော့ပါပေဘူး။ မိမိဟာ ဘယ်သတိပဋ္ဌာန်နဲ့ ဉာဏ်စဉ်တွေအတက်ဆုံး၊ ရှုမှတ်လို့အကောင်းဆုံးလဲ။ ကိုယ်ကိုယ်တိုင် ရွေးချယ်ဖို့ပါပဲ။

ကာယနဲ့ကောင်းလျှင် ကာယနဲ့ပဲ ဆက်လက်ပြီးတော့ ရှုမှတ်ရမယ်။ ဝေဒနာနဲ့ မိမိဟာ တရားတက်တယ်ဆိုရင် ဝေဒနာနဲ့ပဲ ရှုမှတ်ရမယ်။ စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ စိတ်ကိုရှုမှတ်တာ မိမိအတွက် တရားတွေအတက်ဆုံးပဲ၊ ရှုမှတ်လို့ အကောင်းဆုံးပဲဆိုရင်လည်း စိတ်ကိုပဲ ရှုမှတ်ရမယ်။ မြင်တယ်၊ ကြားတယ်၊ နံတယ်စသည်ဖြင့် သဘောတရား ဓမ္မာနုပဿနာကိုမှတ်မှ မိမိမှာ တရားတွေ ပိုတက်တယ်ဆိုလို့ရှိရင်လည်း ဓမ္မာနုပဿနာကိုပဲ ရှုမှတ်ရမယ်။

ဒီလမ်းကတော့ တစ်လမ်းတည်းပါပဲ။ ကိုယ်နဲ့ သင့်လျော်ရာကို တော့ မရှုမှတ်ရပါဘူးလား . . . ရှုမှတ်ရပါတယ်ဘုရား။ ကိုယ်နဲ့ သင့်လျော်ရာကို ဘယ်သူ ရွေးပေးရပါ့မလဲဆိုရင် ကိုယ်တိုင်ပဲ ရွေးရမည်ဖြစ်တယ်။ ဆရာသမားတွေ ရွေးတာလည်း ဆရာသမားတွေက သေသေချာချာ မေးပြီးတော့ ရွေးပေးရင်တော့ တော်မှာပေါ့လေ။ သူ့ရဲ့အတွေ့တွေကို ဆရာသမားတွေကလည်း သာမန်ပဲ သိရတာပါပဲ။ သူရဲ့အတွေ့ကို သူမှသာပိုပြီး မသိရပါဘူးလား . . . သိရပါတယ်ဘုရား။ ကိုယ့်ဝေဒနာကို ကိုယ်ပိုသိဆိုတာမျိုးလို ကိုယ့်တရားကို ကိုယ်ပိုပြီးတော့ မသိရပါဘူးလား . . . ပိုပြီးတော့ သိရပါတယ်ဘုရား။

ကာယက ပိုပြီးတော့ ရှုမှတ်လို့ကောင်းတယ်ဆိုရင်လည်း ကာယကိုပဲ အဓိကထားပြီးတော့ ရှုမှတ်ရပေတယ်။ ဝေဒနာက ပိုလို့ ရှုမှတ်ကောင်းတယ်၊ တရားတက်တယ်ဆိုလို့ရှိရင်လည်း ဝေဒနာကိုပဲ အဓိကထားပြီးတော့ ရှုမှတ်ရမယ်။ စိတ်ကိုရှုမှတ်တာမှ ပိုပြီးတော့ ရှုမှတ်လို့ကောင်းတယ်၊ မိမိတရားတွေ ပိုပြီးတော့ တိုးတက်တယ်ဆိုလို့ ရှိရင်တော့ စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ စိတ္တာနုပဿနာသတိ

ပဋ္ဌာန်ကိုပဲ အဓိကထားပြီးတော့ ရှုမှတ်ရမယ်။ မြင်တယ်၊ ကြားတယ်၊ နံတယ် စသည်ဖြင့် သဘောတရားတွေ ရှုမှတ်ရမှ မိမိအမှတ်က ပို ကောင်းတယ်ဆိုလို့ရှိရင်လည်း သဘောတရားတွေ ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ရှုမှတ်ရမယ်။ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ဖြစ်တယ်။

အထက်အထက် မဂ်ဖိုလ်ဉာဏ်တွေ ရောက်သွားချင်ရင်လည်း ဒီသတိပဋ္ဌာန်တရား(၄)ပါးကိုပဲ ရှုမှတ်ရမည်ဖြစ်ပေတယ်။ တခြားလမ်းမှတော့ သွားလို့မရပေဘူး။ အနာဂါမ်ဖြစ်ပြီးတဲ့အခါ ဆက်ကာဆက်ကာ ရှုလို့ရှိရင် လူ့ပြည်မှာပဲ ရဟန္တာမဖြစ်လို့ရှိရင်လည်း ဘယ်ရောက်သွားပါမလဲ။ ဗြဟ္မာပြည်သုဒ္ဓါဝါသ(၅)ဘုံ ဗြဟ္မာပြည် ရောက်သွားမှာဖြစ်တယ်။

အဲဒီမှာ သုဒ္ဓါဝါသဘုံမှာ ဆက်လက်ပြီး ဒီသတိပဋ္ဌာန်တရားတွေကိုပဲ ရှုမှတ်ပွားများလို့ ဉာဏ်စဉ်တွေပြည့်သွားတဲ့အခါ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်သွားတဲ့အခါ (၃၁)ဘုံမှာဖြစ်ရမယ့် အိုရ နာရ သေရမယ့် သံသရာဝဋ်ဒုက္ခ အမျိုးမျိုးတွေ အပြီးတိုင် ကင်းပြတ်သွားတယ်။ သံသရာစက်ပြီးမပြတ်သွားပါဘူးလား . . . ပြတ်သွားပါတယ်ဘုရား။ ဘာနဲ့ဖြတ်ရပါသလဲ၊ သတိပဋ္ဌာန်နဲ့ ဖြတ်ရတယ်။ ပဋိစ္စသမုပ္ပါဒ် ပြတ်ချင်တယ်ဆိုရင် ဘာနဲ့ဖြတ်ရပါသလဲ . . . သတိပဋ္ဌာန်နဲ့ ဖြတ်ရပါတယ်ဘုရား။ ပြတ်ဖို့ရာတော့ အဓိကဖြစ်ပါတယ်။ သိတာကတော့ ပဋိစ္စသမုပ္ပါဒ်ကို သိနေကြပေပြီ။ ဖြတ်ဖို့ရာ နည်းလမ်းကိုလည်း ရထားပေပြီ။ ဖြတ်နိုင်ဖို့ပဲ အဓိကဖြစ်ပါတယ်။ အနည်းဆုံး အပါယ်သံသရာတည်းဟူသော သံသရာစက်ကို ဖြတ်နိုင်ဖို့ရာ အရေးမကြီးပါဘူးလား

သဒ္ဓါနုသာရီပုဂ္ဂိုလ်လည်း သောတာပန် ဖြစ်နိုင်တယ်။ ပညာနုသာရီပုဂ္ဂိုလ်လည်း သောတာပန်ဖြစ်နိုင်တယ်။ မိမိရဲ့ အမှတ်ပေါ်မှာ မူတည်နေတယ်။ အမှတ်ပြည့်သွားရင် ရောက်သွားမှာပဲ။ အမှတ်မပြည့်သေးရင် မရောက်သေးပေဘူး။ မိမိအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ မရသေးပေဘူး။ ဒါကြောင့် အမှတ်ပြည့်အောင် အချိန်ရသမျှ မရှုမှတ်နေရပါဘူးလား . . . ရှုမှတ်နေရပါတယ်ဘုရား။ ယခုတရားနာပရိသတ်များ သဘောတွေကျနေကြပါတယ်။ အမှတ်ပြည့်ဖို့ရာက အဓိကဖြစ်ပေတယ်။ အမှတ်တွေ ပြည့်သွားတဲ့အခါ မိမိအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရသွားနိုင်တာပဲ ဖြစ်ပေတယ်။

ဟောမှု ကျင့်မှု ဒိန္နစ်ခု ပြည့်စုံသွားလို့ရှိရင် မိမိအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရသွားနိုင်ပါတယ်။ ဟောမှုက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး . . . စတဲ့ ဆရာသမားများက ကိုယ်တော်တိုင် အားထုတ်ပြီးတော့ ညွှန်ပြထားတဲ့ မဂ်ရောက်ဖိုလ်ရောက် နည်းလမ်းတွေ ဖြစ်ပေတယ်။ ဒါကြောင့် ဟောမှုကတော့ မပြည့်စုံပါဘူးလား . . . ပြည့်စုံနေပါတယ်ဘုရား။

ကျင့်မှုကို မိမိတို့ဘက်က ပြည့်စုံဖို့ပဲ။ အချိန်ရသမျှ ကျင့်ကြံအားထုတ်နေကြရတယ်။ ကျင့်မှုပြည့်စုံဖို့ရာ အားထုတ်နေရတယ်။ ကျင့်မှုပြည့်စုံသွားတာနဲ့ပဲ အစဆုံး အပါယ်သံသရာမှ လွတ်မြောက်သွားတယ်။ အပါယ်သံသရာစက်ရဟတ် ပြတ်သွားမှာပါပဲ။ အဲဒါလေးတွေ သဘောပေါက်ပြီး ယခုတရားနာပရိသတ်တွေ ရှုမှတ်နေရကြရတာဖြစ်တယ်။

သဘောတွေကို ရှုမှတ်နေတာပဲ ဖြစ်ပါတယ်။ လေရှူသွင်းလိုက်တဲ့အခါ အတွင်းက ဝါယောသဘောက ထောက်ကန်လိုက်သောကြောင့် ဝမ်းဗိုက် ကာယအကြည်ကို ထိသွားတော့ ဖောင်းတယ်ဟု ရှုမှတ်ရပါတယ်။ အသက်ရှူထုတ်လိုက်တော့ ရှူထုတ်လိုက်တဲ့ ဝါယောဓါတ် သဘောက တွန်းတွန်းပြီးကျသောအခါ ထိတာကိုသိပြီး ပိန်တယ်ဟု ရှုမှတ်ရပါတယ်။

သမာဓိဉာဏ်တွေ ရင့်ကျက်အားရှိလာတဲ့အခါ ဘယ်နေရာကိုပဲမှတ်မှတ် အဂ်ၤမဂ်ိၤနုသာရီဝါယော -လို့ဆိုတဲ့ အဂ်ိၤကြီးငယ်တွေ အကုန်လျော်သွားနေတဲ့ လေဖြစ်ပေတယ်။ ခြေဖျားလက်ဖျားတွေမှာ တိုးနေတာကိုလည်း တိုးတယ်၊ တိုးတယ်၊ ထိတယ်၊ ထိတယ်။ နားရွက်ဖျား၊ နှုတ်ခမ်းဖျားတွေမှာ ထိနေတာ တိုးနေတာကိုလည်း တိုးတယ်၊ တိုးတယ်၊ ထိတယ်၊ ထိတယ်။ ခေါင်းကလှုပ်လှုပ်ရွရွလေး ဖြစ်နေတာကိုလည်း ထိတယ်၊ ထိတယ်၊ တိုးတယ်၊ တိုးတယ်ဟု ရှုမှတ်လို့ မရပါဘူးလား . . . ရပါတယ်ဘုရား။ မျက်နှာတစ်ပြင်လုံး တစ်ကိုယ်လုံးမှာပဲ တရွရွဖြစ်နေတာ မရှိကြပါဘူးလား . . . ရှိကြပါတယ်ဘုရား။ အဲဒါတွေဟာ ကာယတွေ ဖြစ်ပါတယ်။

အဲဒီကာယကတော့ ရှုမှတ်စရာကလည်းများ၊ အထင်ကလည်း အထင်ရှားဆုံးဖြစ်လို့ အခုတရားနာပရိသတ်များ အဲဒီကာယကပဲ အားယူပြီး ရှုမှတ်နေကြရပေတယ်။ အဲဒီက ရှုမှတ်ရင်းနဲ့လည်း သံသရာစက် ပြတ်သွားနိုင်ပါတယ်။ ဘင်္ဂဉာဏ်ရောက်လာတဲ့အခါ သံသရာစက်ပြတ်ဖို့ရန် တော်တော်ကို နီးကပ်လာပါပြီ။

ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်မှာ ပုံသဏ္ဌာန်ဒြပ်တွေ မထင်ရှားတော့ပေဘူး။ ဖောင်းတယ်ဟု မှတ်တဲ့အခါ ဝမ်းဗိုက်ပုံ

သဏ္ဌာန်ဖြပ်မထင်ရှားပေဘူး။ တောင့်တင်းတွန်းကန်တဲ့ သဘော လောက်ပဲ ထင်ရှားတယ်။ ပိန်တယ်ဟု မှတ်ရင်လည်း ဝမ်းဗိုက်ပုံသဏ္ဌာန် ဖြပ်က မထင်ရှားပေဘူး။ ရွေ့သွား လှုပ်သွားတဲ့ သဘောလောက်ပဲ ထင်ရှားပေတယ်။ ထိုင်တယ်ဟု မှတ်ရင်လည်း ထိုင်တဲ့ကိုယ်အမူအရာ အထည်ဖြပ်ကြီးက မထင်ရှားပေဘူး။ ထိုင်နေတဲ့သဘောတရားမျှ၊ တောင့်တင်းနေတဲ့ သဘောတရားမျှ ထင်ရှားတယ်။ ထိတယ်ဟု မှတ်ရင်လည်း ထိတဲ့ပုံသဏ္ဌာန်ဖြပ်တွေ၊ ကြမ်းပြင်ဖြပ်တွေ၊ တင်ပါး သဏ္ဌာန်ဖြပ်တွေ မထင်ရှားဘဲနဲ့ ထိနေတဲ့ ပူတဲ့ မာတဲ့ သဘောတရား မျှပဲ ထင်ရှားပေတယ်။

မှတ်တဲ့အခါမှာလည်း မှတ်လိုက်တာနဲ့ပဲ ကုန်ပျက်ကုန်ပျက် သွားတာ တွေ့ရပေတယ်။ ဖောင်းတယ်ဟု မှတ်လိုက်ရင် ဖောင်းတာ လေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်။ ပိန်တယ်ဟု မှတ်လိုက်ရင် ပိန်တာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ ထိုင်တယ်ဟု မှတ်လိုက်ရင် ထိုင်တဲ့အမူအရာ လေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်။ ထိတယ်ဟု မှတ်လိုက်ရင် ထိတဲ့ သဘောတရားလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်တာများကို ဘင်္ဂဉာဏ် ရောက်တဲ့ ယောဂီများ ကိုယ်တိုင်သိနေကြပါတယ်။ “ခေါင်း၊ ကိုယ်၊ ခြေ လက်ပုံသဏ္ဌာန်တွေ မရှိတော့ဘူးဘုရား”ဟု မလျှောက်တတ်ပါ ဘူးလား . . . လျှောက်တတ်ပါတယ်ဘုရား။ သဘောတရားမျှ သက် သက်ကိုပဲ ရှုမှတ်နေကြရပေတယ်။

ကုန်ပျက်တာကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြပေ ဘူး။ တချို့ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်က ထင်ထင်ရှားရှား ကုန်ပျက်သွားတာ ကို တွေ့ရတယ်။ ဉာဏ်နည်းနည်း နုံတဲ့ပုဂ္ဂိုလ်များကျတော့ သဘော

တရားမျှပဲ တရွေ့ပြီးတရွေ့ ရွေ့ရွေ့သွားတာ အခိုးတွေလို အငွေ့တွေ လို ဒီလောက်ပဲ တွေ့ရတယ်။

သဒ္ဓါနုသာရီပုဂ္ဂိုလ်နဲ့ ပညာနုသာရီပုဂ္ဂိုလ်(၂)မျိုးရှိတယ်။ ပညာ နုသာရီပုဂ္ဂိုလ်ကတော့ တရားသဘောတွေ ထင်ထင်ရှားရှား တွေ့ရပေ တယ်။ ဖြစ်တယ် ပျက်တယ်ဆိုလို့ရှိရင်လည်း ပေါ်ပြီးတာနဲ့ ပျောက်သွား တာ၊ ပေါ်ပြီးတာနဲ့ ပျောက်သွားတာ ဥဒယဗ္ဗယဉာဏ်မှာ ထင်ထင်ရှားရှား တွေ့ရတယ်။

ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့အခါလည်း ကုန်ပျက်ကုန်ပျက်တာ တွေ ထင်ထင်ရှားရှား တွေ့ရတယ်။ မှတ်လိုက်တာနဲ့ ကုန်ပျက်၊ မှတ် လိုက်တာနဲ့ ကုန်ပျက်တာကို တွေ့ရတယ်။ အဲဒီပုဂ္ဂိုလ်မျိုးက ပညာ နုသာရီပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။ ပညာဉာဏ် အခြေခံပါလာတဲ့ပုဂ္ဂိုလ် မျိုး ဖြစ်ပါတယ်။ ပညာဓာတ်ခံပါလာတဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးလည်း သံသရာစက်ပြတ်အောင် ဖြတ်နိုင်ပါတယ်။

သဒ္ဓါနုသာရီပုဂ္ဂိုလ်ဆိုတာကတော့ အဲဒီလို တရားသဘောတွေ ထင်ထင်ရှားရှား မတွေ့ရဘူး။ ဒါပေမဲ့ ယုံကြည်ချက်ကတော့ အပြည့် ရှိတယ်။ ယခုလို မိမိမှတ်နေရင်းဖြင့် မိမိအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရနိုင်တယ်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သွားနိုင်တယ်ဟု ယုံကြည်ချက် အပြည့်အဝရှိတယ်။ ယုံကြည်ချက် က သိပ်အားကောင်းတော့ မရှုမှတ်နေပါဘူးလား . . . ရှုမှတ်နေပါတယ် ဘုရား။ ရှုမှတ်နေတော့လည်း မပြတ်သွားပါဘူးလား . . . ပြတ်သွား ပါတယ်ဘုရား။ ပြတ်နိုင်ပါတယ်။ အားမငယ်ပါနဲ့ . . . ။

ပထမဘဝင်စသည်ကို ကျေးဇူးပြုသောအခါ ပထမဘဝင်စသည်က ပဝတ္တိကာလဖြစ်၍ ပထမဘဝင်စသည်မှ ရှေ့ကမဖြစ်နေပါဘူးလား . . . ပုရေဇာတ မဖြစ်နေပါဘူးလား . . . ပုရေဇာတဖြစ်နေပါတယ်ဘုရား။ ပဝတ္တိကာလ၌ ပဋိသန္ဓေစိတ်နဲ့အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပထမဘဝင် စသည်တို့ကို ကျေးဇူးပြုတဲ့အခါ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုတယ်။

ပဋိသန္ဓေအခိုက်အတန့်မှာတော့ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုလို့ မရပေဘူး။ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုတစ်ပြိုင်နက်တည်း ဥပါဒ်တာဖြစ်တယ်။ တစ်ပြိုင်နက်ဥပါဒ်သောကြောင့် ပုရေဇာတဟု ဆိုလို့ ရမှရပါ့မလား . . . မရပါဘုရား။ တစ်ပြိုင်နက် ဥပါဒ်တယ်ဆိုတာ တစ်ပြိုင်နက်ဖြစ်တာကို ပြောတာဖြစ်တယ်။ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုဟာ ပဋိသန္ဓေအခိုက်အတန့်မှာ တစ်ပြိုင်နက်ဖြစ်သောကြောင့် ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုလို့ မရပေဘူး။

ဒါကြောင့် 'ကိုဠိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော' ဟု မြတ်စွာဘုရား ဟောတော်မူပါတယ်။ ရှင်းသွားပါပြီ။ ရှုစရာမှတ်စရာလေးတွေလည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ၊ ပြတ်ပုံ အသင့်အတင့် သိရပါပြီ။

အဲဒီတရားကို ဟောကြားခဲ့တာ ဘယ်သူရှေးဦးစွာ သိသလဲ ဆိုရင် ရဟန်းတစ်ပါး ရှေးဦးစွာသိတယ်။ မြတ်စွာဘုရား ဉာတိကရွာအုတ်ကျောင်းမှာ သီးတင်းသုံးတော်မူပါတယ်။ ခုနပြောခဲ့တဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံကို ရှေးဦးစွာ နှလုံးသွင်းပါတယ်။

တစ်ပါးတည်း ကိန်းအောင်းပြီး ရှေးဦးစွာ ဘဝင်တိုင်အောင် (၃၁)ဘုံတစ်ပြင်တည်းဖြစ်အောင် မြတ်စွာဘုရား စိတ်တော်ဖြင့် ဆင်ခြင်

ကိုယ်ကာယက ရှုမှတ်ဖို့ရာ အထင်ရှားဆုံး၊ အများဆုံးဖြစ်လို့ ယခု တရားနာပရိသတ်များ ကိုယ်ကာယကို အဓိကထားပြီး ရှုမှတ်နေကြရတယ်။ ကိုယ်ကာယက ရှုမှတ်နေလို့ရှိရင် (၆)ဒွါရလုံးလည်း လုံခြုံသွားတာပါပဲ။ ဝတ္ထုပုရေဇာတနဲ့ အာရမ္မဏပုရေဇာတ တွဲစပ်ပြီး ဟောကြားခဲ့တာ အသင့်အတင့် ပြည့်စုံသွားပေပြီ။ ဝတ္ထာရမ္မဏပုရေဇာတ ဟောကြားပါဦးမယ်။

ယံ ရူပံ နိဿာယ၊ မနော ဓာတု စ၊ မနော ဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနော ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတ ပစ္စယေန ပစ္စယော။

မနောဝိညာဏ ဓာတုယာ၊ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ၊ ကိဉ္စိ ကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန၊ ပုရေဇာတ ပစ္စယေန ပစ္စယော။

ယံ ရူပံ	=	အကြင်ဟဒယဝတ္ထုရုပ်ကို၊
နိဿယ	=	အမှီပြု၍၊
မနောဓာတုစ	=	မနောဓာတ်သည်လည်းကောင်း၊
မနောဝိညာဏဓာတုစ	=	မနောဝိညာဏဓာတ်သည်လည်းကောင်း၊
ဣမေ	=	ဤတရားတို့သည်၊
ဝတ္တန္တိ	=	ဖြစ်ကုန်၏။
တံ ရူပံ	=	ထိုဟဒယဝတ္ထုရုပ်သည်၊
မနောဓာတုယာစ	=	မနောဓာတ်(၃)ခုအားလည်းကောင်း၊
တံသမ္မယုတ္တကာနဉ္စ	=	ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော၊

ဓမ္မာနုဒ္ဓ = စေတသိတ်တို့အားလည်းကောင်း၊
ပုရေဇာတပစ္စယေန = ဝတ္ထာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့်၊
ပစ္စယော+ဥပကာရကော = ကျေးဇူးပြုသည်၊
ဟောတိ = ဖြစ်၏။
တံ ရူပံ = ထိုဟဒယဝတ္ထုရုပ်သည်၊
မနောဝိညာဏဓာတုယာစ = မနောဝိညာဏဓာတ်(၇၂)ခုအားလည်းကောင်း၊
တံသမ္ပယုတ္တကာနုဒ္ဓ = ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော
ဓမ္မာနုဒ္ဓ = စေတသိတ်(၅၂)ပါးတို့အားလည်းကောင်း၊
ကိဉ္စိကာလေ = အချို့သောပဝတ္တိကာလ၌၊
ပုရေဇာတပစ္စယေန = ဝတ္ထာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့်၊
ပစ္စယော+ဥပကာရကော = ကျေးဇူးပြုတတ်သည်၊
ဟောတိ = ဖြစ်၏။
ကိဉ္စိကာလေ = အချို့သော ပဋိသန္ဓေကာလ၌၊
ရေဇာတပစ္စယေန = ဝတ္ထာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့်၊
ပစ္စယော+ဥပကာရကော = ကျေးဇူးပြုတတ်သည်၊
န ဟောတိ = မဖြစ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓု ပါဘုရား။

အနက်ပေးလိုက်တာနဲ့ ပါဠိတော်ရဲ့ သဘောတရားလေး ထင်ရှားသွားပါပြီ။ ဟဒယဝတ္ထုနဲ့ ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာဖြစ်တယ်။ ယံ ရူပံ နိဿာယ တံ ရူပံ - အရ ဟဒယဝတ္ထု ပစ္စည်းတရားဖြစ်တယ်။ ဟဒယဝတ္ထုပစ္စည်းတရားက ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပဝတ္တိကာလမှာ ကျေးဇူးပြုနိုင်တယ်။

ပဝတ္တိကာလဆိုတာ ပဋိသန္ဓေကာလကို လွန်သွားတဲ့ကာလဖြစ်တယ်။ ပဋိသန္ဓေကာလဆိုတာ ဥပါဒ်+ဌိ+ဘင်ဆိုတဲ့ စိတ္တက္ခဏတစ်ချက်လေးပဲ ရှိပါတယ်။ ပဋိသန္ဓေစိတ် လွန်သွားတာနဲ့ ဘဝင် ၁၅၊ ၁၆ -ချက် ဘဝနိကန္တိက လောဘဇော စသည်ဖြစ်တယ်။ ပဋိသန္ဓေဝီထိ ချလိုက်တဲ့အခါ ဥပါဒ်+ဌိ+ဘင် ဆိုတဲ့ ပဋိသန္ဓေစိတ္တက္ခဏတစ်ချက် လွန်သွားပြီး ပထမဘဝင်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း ပဝတ္တိကာလဖြစ်သွားပေပြီ။

ပဋိသန္ဓေအခါကတည်းက ဟဒယဝတ္ထုက ရှေ့ကဖြစ်နေနှင့်ပြီ၊ ပဝတ္တိနာမက္ခန္ဓာ (စိတ်)က ပဋိသန္ဓေကာလ မဟုတ်တော့ပေဘူး။ လွန်သွားပေပြီ။ ပထမဘဝင်စသည်သို့ ရောက်သွားပေပြီ။ ဟဒယဝတ္ထုက ရှေ့က၊ ပထမဘဝင်၊ ဒုတိယဘဝင် စသည့် ပဝတ္တိနာမက္ခန္ဓာများက နောက်က မဖြစ်သွားပါဘူးလား . . . ဖြစ်သွားပါတယ်ဘုရား။

ရူပ်သက်တစ်ချက်ကို စိတ်သက်(၁၇)ချက်တောင် အသက်ရှည်တယ်။ ဒီဟဒယဝတ္ထုက ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်တာ ဖြစ်ပေတယ်။ ဒါကြောင့် ပဋိသန္ဓေစိတ်(၁)ချက်နဲ့ ဘဝင်က (၁၆)ချက်၊ ပေါင်း (၁၇)ချက်မှာ နောက်ဆုံးအချက်နဲ့ကျမှ ဒီဟဒယဝတ္ထုက ချုပ်မှာဖြစ်ပါတယ်။ ဒီဟဒယဝတ္ထုဟာ ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သောကြောင့်

နောက်တစ်ခါ ဒီစိတ်တွေက ဒီဟဒယဝတ္ထုကိုပဲ ပြန်ပြီး အာရုံပြုနိုင်ပေတယ်။

ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

ဧတံ = ဤဟဒယဝတ္ထုရုပ်သည်၊
မမ = ငါ၏ဥစ္စာတည်း။
ဧသော = ဤဟဒယဝတ္ထုသည်၊
အဟံ = ငါသည်၊
အသ္မိ = ဖြစ်၏။
ဧသော = ဤဟဒယဝတ္ထုသည်၊
မေ = ငါ၏၊
အတ္တာ = အတ္တတည်း -ဟု ဒီလိုစွဲလိုက်မယ်ဆိုရင် လောဘမူစိတ်တွေ ပြန်ဖြစ်တယ်။ ဒီဟဒယဝတ္ထုကို အာရုံပြုပြီး မနောဝိညာဏ်စိတ်တွေ ပြန်ဖြစ်နိုင်တဲ့အတွက်ကြောင့် အာရုံလည်း ဟဒယဝတ္ထုပဲ ပြန်မဖြစ်ပါဘူးလား . . . ပြန်ဖြစ်ပါတယ်ဘုရား။

တရားသဘောအရလည်း ဒီဟဒယဝတ္ထုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပြန်ရှုတယ်ဆိုလို့ရှိရင် ဝိပဿနာကုသိုလ်တွေ ဖြစ်ပေတယ်။

ဒီစိတ်တွေဟာ ဒီဟဒယဝတ္ထုကိုပဲ မှီပြီးတော့ ဖြစ်တဲ့အတွက်ကြောင့် ဝတ္ထုအနေနဲ့ မှီရာလည်းဖြစ်ပြီး ကျေးဇူးပြုနိုင်တယ်။ ဟဒယဝတ္ထုကိုပဲ ဝိပဿနာပြန်ရှုတဲ့အခါ အာရုံအဖြစ်ဖြင့်လည်း ရှေ့ကဖြစ်ပြီး ကျေးဇူးပြုနိုင်တယ်။ ဒါကြောင့် ဝတ္ထာရမ္မဏ ဖြစ်ပါတယ်။

မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတာက ဝတ္ထု -ဟုခေါ်တယ်။ အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတာက အာရမ္မဏ-ဟု ခေါ်တယ်။ နှစ်ခုပေါင်း

တော်မူပါတယ်။ ဒီအထဲမှာရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တွေ ဒုက္ခတွေ ခံနေရတာပဲဟု စက်ရဟတ်လည်ပုံကို ရှေးဦးစွာ ဆင်ခြင်တော်မူပါတယ်။ နောက်တစ်ခါ စက်ရဟတ်ပြတ်ပုံကိုလည်း ဆင်ခြင်တော်မူပါတယ်။ ပြီးတော့ နှုတ်ဖြင့်တစ်ခါ ရွတ်ဆိုတော်မူလိုက်တယ်။ အဲဒီလို ရွတ်ဆိုတော်မူတာကို တံမြက်စည်း လာလှည်းတဲ့ ရဟန်းတော် ရှေးဦးစွာ ကြားသိပေတယ်။ (သံ - ၁/ ၃၀၂)

မြတ်စွာဘုရား ရွတ်ဖတ်နေစဉ် အဲဒီနားမှာ ရဟန်းတစ်ပါး ရောက်နေပါတယ်။ ဘာကိစ္စနဲ့ ရောက်နေသလဲဆိုရင် မြတ်စွာဘုရား၏ ဂန္ဓကုဋိကို တံမြက်စည်းလှည်းဖို့ ရောက်နေတယ်။ မြတ်စွာဘုရား သရဏ္ဂုံသံကို ကြားတဲ့အခါ ရဟန်းက အထဲကို ဝင်မလာပေဘူး။ စောင့်ပြီး နာယူနားထောင်နေတယ်။ မြတ်စွာဘုရား ရွတ်ဆိုသရဏ္ဂုံပြီးတဲ့အခါ "ဒီနားမှာ ဘယ်သူများရှိသလဲ"ဟု ဉာဏ်တော်နဲ့ ဆင်ခြင်လိုက်သောအခါ ရပ်နေတဲ့ ရဟန်းတော်ကို မြင်တော်မူတယ်။ မြင်ရတော့ ရဟန်းကို မြတ်စွာဘုရားက တရားဟောတော် မူပါတယ်။

ဥဂ္ဃာဟိ တွံ ဘိက္ခု ဣမံ ဓမ္မပရိယာယံ၊
ပရိယာပုဏာဟိ တွံ ဘိက္ခု ဣမံ ဓမ္မပရိယာယံ၊
ဓာရေဟိ တွံ ဘိက္ခု ဣမံ ဓမ္မပရိယာယံ၊
အတ္ထသံဟိတော အယံ ဘိက္ခု ဓမ္မပရိယာယော
အာဒိဗြဟ္မစရိယကော။

ဘိက္ခု = ရဟန်း၊
တွံ = သင်သည်၊
ဣမံ ဓမ္မပရိယာယံ = ဤဓမ္မအကြောင်းကို ဤတရားအကြောင်းကို ဤပဋိစ္စသမုပ္ပါဒ်ကို၊

ဥဂ္ဂဏှာဟိ = နှလုံးဖြင့် စိတ်ဖြင့် မှတ်ထားလော့။
ဘိက္ခု = ရဟန်း၊
တွံ = သင်သည်၊
ဣမံ ဓမ္မပရိယာယံ = ဤတရားအကြောင်းကို ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားကို၊
ပရိယာပုဏာဟိ = နှုတ်ဖြင့် မှတ်ထားလော့။
ဘိက္ခု = ရဟန်း၊
တွံ = သင်သည်၊
ဣမံ ဓမ္မပရိယာယံ = ဤတရားအကြောင်းကို ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားကို၊
ဓာရေဟိ = စိတ်အစဉ်၌ မမေ့အောင် ဆောင်ထားလော့။
ဘိက္ခု = ရဟန်း၊
အယံ ဓမ္မပရိယာယော = ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားသည်၊
အတ္ထသံဟိတော = အကျိုးစီးပွားနှင့်စပ်၏၊
အာဒိဗြဟ္မစရိယကော = မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော ဗြဟ္မစရိယ၏ အစတည်ရာလည်းဖြစ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေသတည်း . . .။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

"ရဟန်း . . . ဒီပဋ္ဌိစ္စသမုပ္ပါဒ်တရားကို သင်စိတ်ဖြင့်လည်း မှတ်သားထား။ နှုတ်နဲ့လည်း ရအောင်ရွတ်ဆို။ ရပြီးတဲ့အခါ အမြဲတမ်း လည်း ဆောင်ထား။ ပဋ္ဌိစ္စသမုပ္ပါဒ်တရားဟာ အကျိုးတရားနဲ့လည်း စပ်တယ်။ သင့်အတွက်အများကြီး အကျိုးရှိနိုင်တယ်။ အာဒိဗြဟ္မစရိယ = မဂ္ဂင်ရှစ်ပါး သင့်သန္တာန်မှာ ပွားများဖို့ရာ အစဆုံးတည်ရာလည်းဖြစ်တယ်"ဟု မြတ်စွာဘုရားမိန့်ကြားတော်မူပါတယ်။ သင်္ဂီယနာ(၆)တန် တင်ခဲ့လို့ တရားနာပရိသတ်များ ပြန်ပြီး နာကြားရတာဖြစ်တယ်။ ပဋ္ဌိစ္စသမုပ္ပါဒ်တွေ လည်ပုံ ပြတ်ပုံ၊ သံသရာလည်ပုံ ပြတ်ပုံတွေကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ဘယ်မှာ ဖြတ်ရမလဲဆိုတဲ့ အချက်ကလေးက လိုရင်းဖြစ်ပါတယ်။ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိသိခိုက် ကြံစည်စိတ်ကူးခိုက်မှာ မရှုမှတ်ရပါဘူးလား . . . ရှုမှတ်ရပါတယ်ဘုရား။ အဲဒီလို ရှုမှတ်နေခြင်းသည်ပင် ဖြတ်တာပဲ ဖြစ်ပါတယ်။ ကိုယ်စွမ်းနိုင်တဲ့နေရာက ဖြတ်ရမှာပဲ ဖြစ်ပါတယ်။ မျက်စိက စွမ်းနိုင်ရင်လည်း မျက်စိက ဖြတ်ရမှာပဲ။ နားက စွမ်းနိုင်ရင်လည်း နားက ဖြတ်ရမှာပဲ။ နှာခေါင်းက စွမ်းနိုင်ရင်လည်း နှာခေါင်းက ဖြတ်ရမှာပဲ။ လျှာက စွမ်းနိုင်ရင်လည်း လျှာက ဖြတ်ရမှာပဲ။ ကိုယ်က စွမ်းနိုင်ရင်လည်း ကိုယ်က ဖြတ်ရမှာပဲ။

ဝတ္ထာရမ္မဏဆိုတာ ဝတ္ထုလည်းဖြစ်ရတယ်၊ အာရုံလည်း ဖြစ်ရတယ်။ ဝတ္ထုဆိုတာ ဟဒယဝတ္ထုပဲ ဖြစ်ပါတယ်။ မနောဓာတ် မနောဝိညာဏဓာတ်တို့က ဒီဟဒယဝတ္ထုကို မှီပြီး ဖြစ်ကြရပါတယ်။ စက္ခုဝတ္ထု = မျက်စိအကြည်ကို မှီပြီး မြင်သိစိတ် ဖြစ်ရသလို ဟဒယဝတ္ထုကိုမှီပြီး မနောဓာတ်(၃)ခု၊ မနောဝိညာဏဓာတ်(၇၂)ခု၊ စိတ် စေတသိတ်တို့ ဟာလည်း ဖြစ်ကြရပါတယ်။ ဒါကြောင့် ဝတ္ထုပုရေဇာတ ဖြစ်ပါတယ်။

. . . ပေါက်ပင်ဆိုတာ ဘယ်လိုနေပါသလဲခင်ဗျာ"ဟု မေးတော့ ပေါက်ပင်သိတဲ့ ယောကျ်ားကပြောတယ်။ "သေယျထာပိ စျာမထူဏော ပေါက်ပင်ဆိုတာ မီးလောင်ငုတ်ကြီးလိုပဲ"တဲ့။ ပေါက်ပင်မှာ အရွက်တွေ ကြွေကျနေတဲ့အခါ မီးလောင်ငုတ်ကြီးလို မဲမဲကြီးပဲ ဖြစ်နေပေတယ်။ "အိုး-နေရာမကျလိုက်တာ ပေါက်ပင်ဆိုတာ မီးလောင်ငုတ်လိုဟု ပြောတယ်"။

နောက်တစ်ခါ ပေါက်ပင်သိတဲ့ ပုဂ္ဂိုလ်ကိုသွားပြီး ချဉ်းကပ်ပြန်တယ်။ "အို-ဆရာကြီး . . . ပေါက်ပင်ဆိုတာ ဘယ်လိုနေပါသလဲ" ဟု မေးပြန်တယ်။ "သေယျထာပိ မံသပေသီ - ပေါက်ပင်ဆိုတာ သားတစ်တုံးကြီးလိုပဲ"။ ပေါက်ပွင့် ပွင့်တဲ့အခါ နီရဲမနေပါဘူးလား . . . နီရဲနေပါတယ်ဘုရား။ ပိုပြီးတော့ သံသယဖြစ်လာတယ်။ "အိုး- ရှေ့ဆရာကြီးနဲ့ ဒီဆရာကြီး မတူပါလား"။

နောက်ဆရာတစ်ယောက် သွားမေးဦးမယ်ဆိုပြီး တတိယမြောက်ဆရာကြီးကို မေးပြန်တယ်။ "အို-ဆရာကြီး . . . ပေါက်ပင်ဆိုတာ ဘယ်လိုနေပါသလဲခင်ဗျာ" "သေယျထာပိ သိရီသော - ကုက္ကိုပင်ကြီးလိုပဲတဲ့။ တွဲရဲ့ကျနေတာ ပေါက်ပင်ပဲ" အသီးတွေ တွဲကျနေတဲ့အချိန် ပေါက်ပင်ကို ရည်ရွယ်၍ ပြောတာဖြစ်တယ်။ "အိုး - တစ်ယောက်နဲ့ တစ်ယောက်လည်း မတူကြပါလား။ နေရာမကျသေးပါဘူး"။

တစ်ခါ စတုတ္ထမြောက်ပုဂ္ဂိုလ်ကို သွားမေးပြန်တယ်။ "အို-ဆရာကြီး . . . ပေါက်ပင်ဆိုတာ ဘယ်လိုနေပါသလဲခင်ဗျာ" "သေယျထာပိ နိရောဓရုက္ခော - ပညောင်ပင်ကြီးလိုပဲ"။ အရွက်တွေ သိပ်စည်ကားနေတဲ့အခါ ညောင်ပင်နဲ့ မတူပါဘူးလား . . . တူပါတယ်ဘုရား။

လိုက်တော့ ဝတ္ထာရမ္မဏာ-ဟုခေါ်ပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုလိုက်တဲ့အခါ ဝိပဿနာကုသိုလ်တွေ ဖြစ်တာကလည်း အာရုံပြုပြီးတော့ ဖြစ်တာပါပဲ။ ဘယ်သူ့ကိုမှီပြီးတော့ ဒီစိတ်တွေ ဖြစ်နေတာလဲ ဆိုရင်လည်း ဒီဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်ပါတာပါပဲ။ ဒါကြောင့် ဝတ္ထာရမ္မဏာ-ဟု ခေါ်ပါတယ်။

ဘယ်ဟာကိုပဲ ရှုမှတ်ရှုမှတ် မိမိသမာဓိဉာဏ်အားလျော်စွာ၊ မိမိပါရမီအားလျော်စွာ တရားထူး တရားမြတ်တွေ ရကြမှာပါပဲ။ ရှုနိုင်ဖို့သာ အဓိကဖြစ်ပါတယ်။ အမှတ်တွေ ပြည့်အောင်ရှုဖို့သာ အဓိကဖြစ်ပါတယ်။ ရှုနည်းမှတ်နည်းကလည်း မှန်ကန်နေကြပြီ။ ပါရမီအခြေခံတွေရှိခဲ့လို့ သာသနာထွန်းကားတဲ့ အခိုက်အတန့်မှာ လူလည်း လာဖြစ်နေကြပြီ။ တရားရဖို့ရာ ဟောမှု ကျင့်မှု (၂)ခုပြည့်စုံရင် မုချဧကန်ရရမှာပဲ ဖြစ်ပါတယ်။ တခြားသူကတော့ တရားတွေ အတွေ့ကောင်းလို့ ကိုယ်တွေ့ရတဲ့တရားတွေက သိပ်မထူးခြားပါလား -ဟု ဒီလို အားငယ်နေရမလား . . . အားမငယ်ရပါဘုရား။

သဒ္ဓါနုသာရီပုဂ္ဂိုလ်ဆိုတာ ဒီလိုပဲ တရားမထင်ရှားဘူး။ ဒါပေမဲ့ သူကြိုးစားပြီး ရှုမှတ်သွားတော့ သူအလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရရှိသွားနိုင်ပါတယ်။ မြတ်စွာဘုရား လက်ထက်တော်အခါက ဒီလိုပဲ တရားရရှိပုံ မတူကြတာလေးတွေ အများအပြားပဲ ရှိခဲ့ပါတယ်။

(၃) ပုရေဇာတပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

တစ်ချိန်သောအခါ ရဟန်းတစ်ပါး တရားထူး တရားမြတ်တွေ ရချင်တာနဲ့ တရားထူး ရပြီးသော ရဟန္တာပုဂ္ဂိုလ်ကြီး (၄)ပါးထံ သွားရောက် ချဉ်းကပ်ပြီး လျှောက်ထားတယ်။ ပထမ ရဟန္တာပုဂ္ဂိုလ် ကြီးထံက သူရ ခဲ့တဲ့ တရားဟာ အဏ္ဏတ္တိကာယတန (၆)ပါးနဲ့ ရခဲ့ပါတယ်-ဟု ကြားသိ ခဲ့ရတယ်။

နောက်တစ်ပါးထံ ချဉ်းကပ်ပြီး လျှောက်ထားဦးမယ်ဆိုပြီး နောက်တစ်ပါးထံ လျှောက်ထားတယ်။ "ဆရာတော်ကြီးဘုရား . . . ဒဿနဝိသုဒ္ဓိ အမြင်စင်ကြယ်တာ ရဟန္တာဖြစ်တာ ဘယ်တရားနဲ့ ရခဲ့ ပါသလဲဘုရား" "ခန္ဓာငါးပါး"လို့ ပြောတယ်။ အဲဒီတော့ ပိုပြီးတော့ သံသယတွေ ဖြစ်သွားပြန်တယ်။ "အို . . . ပထမရဟန္တာကြီးက အဏ္ဏတ္တိကာယတန(၆)ပါး၊ ဒုတိယရဟန္တာကြီးကျတော့ ခန္ဓာငါးပါးဟု ပြောတယ်"။

တတိယမထေရ်ကြီးထံ ချဉ်းကပ်ဦးမယ်ဆိုပြီး "ဆရာတော်ကြီး ဘုရား . . . ဘယ်တရားနှင့် အမြင်ပေါက်ခဲ့ပါသလဲဘုရား" "စတု မဟာဘူတ = မဟာဘုတ်လေးပါးနဲ့ တရားရခဲ့တယ်" စိတ်တွေပိုပြီးတော့ တွေဝေသွားပြန်တယ်။ "သိချင်သည့်အတိုင်း မဖြစ်သေးပါဘူး၊ တစ်ပါး နှင့်တစ်ပါးလည်း မတူကြပါလား" တရားကလည်း ကျင့်ချင်လှပြီဖြစ် တယ်။

နောက်တစ်ပါးထံ သွားပြီးတော့ ချဉ်းကပ်ပြန်တယ်။ "ဆရာ တော်ကြီးဘုရား . . . ဘယ်တရားနဲ့ တရားထူး တရားမြတ်တွေ ရခဲ့

ပါသလဲဘုရား" "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။ အလုံးစုံ သော တရားတွေဖြစ်ပြီး ချုပ်ပျက်တာပဲဟု ရှုတာနဲ့ပဲ ရခဲ့ပါတယ်။

မတူကြတော့ ထိုရဟန်းသည် ဘယ်တရားရှုရမှန်း မသိတော့ ပေဘူး။ စိတ်တွေ တွေဝေပြီး မြတ်စွာဘုရားထံ သွားလျှောက်တယ်။ "မြတ်စွာဘုရား . . . ယခုလို ကြားရပါတယ်ဘုရား။ ပထမဆရာတော် ကြီးက (၆)ပါးဟု ပြောပါတယ်ဘုရား။ ဒုတိယဆရာတော်ကြီးက (၅)ပါး ဟု ပြောပါတယ်ဘုရား။ တတိယဆရာတော်ကြီးက (၄)ပါးဟု ပြောပါ တယ်ဘုရား။ စတုတ္ထဆရာတော်ကြီးက အားလုံးပဲ ရှုရတယ်ဟု ပြောပါ တယ်ဘုရား။ ဘယ်တရားကို အမှန်ယူပြီး ရှုရပါ့မလဲဘုရား"ဟု လျှောက်ထားတဲ့အခါ "အားလုံးပဲ ရဟန္တာမထေရ်ကြီးတွေက ပြောတာ မှန်ပါတယ်။ သင်ကိုယ်တိုင်ကိုက နေရာမကျလို့ပဲ"။ ကိုယ်ကနေရာ မကျရင် ရမှရပါ့မလား . . . မရပါဘုရား။

အားလုံးပဲ မှန်ကန်ကြပါတယ်။ အဏ္ဏတ္တိကာယတန(၆)ပါးဖြင့် လည်း တရားမရနိုင်ပါဘူးလား . . . ရနိုင်ပါတယ်ဘုရား။ ခန္ဓာ(၅) ပါးဖြင့်လည်း ရနိုင်ပါတယ်ဘုရား။ ဓာတ်ကြီး(၄)ပါးဖြင့်လည်း . . . ရနိုင်ပါတယ်ဘုရား။ အားလုံးခြုံပြီး ရှုလို့ရှုရင်လည်း . . . ရနိုင်ပါတယ် ဘုရား။ ရနိုင်ပေတယ်။ တရားနာပရိသတ်များ ထို(၄)မျိုးထဲက ကိုယ် သဘောကျရာ ရှုရမယ်ဆိုတာ မထင်ရှားပါဘူးလား . . . ထင်ရှားပါ တယ်ဘုရား။

မြတ်စွာဘုရား ဥပမာနဲ့ ဟောကြားပါတယ်။ "သင်ဟာ - ပေါက် ပင်မသိတဲ့ ယောကျ်ားလို ဖြစ်နေပြီ။ ပေါက်ပင်မသိတဲ့ ယောကျ်ားက ပေါက်ပင်သိတဲ့ ပုဂ္ဂိုလ်များထံ ချဉ်းကပ်ပြီး မေးတယ်။ အို-ဆရာကြီး

က ထပ်ထပ်ပြီး အစဉ်မပြတ် ဖြစ်နေပါတယ်၊ ဒါဟာ နောက်နောက်မှာ ရှိတဲ့ စိတ်စေတသိတ်တွေက ရှေးရှေးမှာရှိတဲ့ ရုပ်တရားတို့ကို ကျေးဇူးပြုနေတာ ဖြစ်ပါတယ်။

ပုရေဇာတမှာ ရုပ်က ရှေ့ကနေပြီး၊ နောက်မှ ဖြစ်တဲ့ နာမ်တရားကို ကျေးဇူးပြုပါတယ်။ ပစ္စာဇာတမှာ နာမ်တရားက နောက်ကနေပြီး၊ ရှေ့မှာရှိတဲ့ ရုပ်တရားကို ကျေးဇူးပြုတယ်။

ဆောင်ပုဒ်။ ။ ပဋိသန္ဓေ၊ ဥပါဒ်ပေ၊ ဖြစ်လေကမ္မဇ။
ဆောင်ပုဒ်။ ။ ပဋိသန္ဓေ၊ ဌီဒ္ဓပေ၊ ဖြစ်လေဥတုဇ။
ဆောင်ပုဒ်။ ။ ပထမဘဝင်၊ ဥပါဒ်ပေ၊ ဖြစ်လေစိတ္တဇ။
ဆောင်ပုဒ်။ ။ သြဇာရုပ်တွေ၊ ပျံ့နှံ့ပေ၊ ဖြစ်လေအာဟာရဇ။
ဆောင်ပုဒ်။ ။ ပဋိသန္ဓေ၊ ဌီဒ္ဓပေ၊ တစ်ထွေးကဇမည်။
ဆောင်ပုဒ်။ ။ ပဋိသန္ဓေ၊ ဘင်ဒ္ဓပေ၊ နှစ်ထွေးဒွိဇမည်။
ဆောင်ပုဒ်။ ။ ပထမဘဝင်၊ ဌီဒ္ဓပေ၊ သုံးထွေးတိဇမည်။
ဆောင်ပုဒ်။ ။ အာဟာရတွေ၊ ပျံ့နှံ့ပေ၊ လေးထွေးစတုဇမည်။
ဆောင်ပုဒ်။ ။ ဘုတ်(၄)ကြည်(၅)၊ အာရုံ(၅)၊ နှစ်ပါးဘာဝမည်။
ဆောင်ပုဒ်။ ။ သီးခြားသုံးပါ၊ ဆယ့်ရှစ်ဖြာ၊ သဘာဝရုပ်မည်။
ဆောင်ပုဒ်။ ။ သဘာဝရုပ်ဓာတ်၊ ပရမတ်၊ ဝိပဿီရှုရမည်။
ဆောင်ပုဒ်။ ။ ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ။
ဆောင်ပုဒ်။ ။ အာကာသဓာတ်၊ နှစ်ဝိညတ်၊ ပေါ့လတ်နူးခွံသည်။
ဆောင်ပုဒ်။ ။ ဖြစ်ပွားရင့်လာ၊ သေပျက်မှာ၊ ပညတ်ဆယ်ရုပ်မည်။

"အဲဒီလိုပြောလိုက်ကြတဲ့အခါ ပေါက်ပင်ကိုသိလိုတဲ့ ယောကျ်ားဟာ စိတ်တွေ တွေတွေဝေဝေဖြစ်ပြီး မဝေခွဲနိုင်သလို သင်လည်းပဲ ဒီလိုပါပဲ။ ရဟန္တာမထေရ်မြတ်ကြီးတွေ တရားထူးရပုံကို ပြောတာတော့ အမှန်ပဲဖြစ်ပါတယ်"။ ဘယ်တရားနဲ့မဆို တရားရနိုင်တယ်ဆိုတာ မထင်ရှားပါဘူးလား . . . ထင်ရှားပါတယ်ဘုရား။

တရားနာပရိသတ်များ ရှုမှတ်နေတဲ့ တရားဟာလည်း နည်းမှန်လမ်းမှန်တွေချည်း ဖြစ်ပါတယ်။ မျက်စိကပဲရှုရှု၊ နားကပဲရှုရှု၊ နှာခေါင်းကပဲရှုရှု၊ လျှာကပဲရှုရှု၊ ကိုယ်ကပဲရှုရှု၊ စိတ်ကပဲရှုရှု အဲဒီဌာနတွေက ရှုစရာဌာနတွေချည်း ဖြစ်ပါတယ်။

တရားကတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါးဖြင့်သာ ရှုမှတ်နေပါ။ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပါတယ်။ နိဗ္ဗာန်ချမ်းသာသို့ ဧကန်ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ သံသရာစက် လုံးဝပြတ်စဲသွားဖို့ရာ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပါတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စုယနိဒ္ဒေသပါဠိတော်လာ ပုရေဇာတပစ္စည်းကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသော အတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း . . . ။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၁၁) ပဋ္ဌာဇာတ ပစ္စယောတိ

ပဋ္ဌာဇာတာ စိတ္တစေတသိကာ ဓမ္မာ၊ ပုရေဇာတဿ ဏ္ဍမဿ ကာယဿ၊ ပဋ္ဌာဇာတ ပစ္စယေန ပစ္စယော။

ပဋ္ဌာဇာတပစ္စည်း ။ ။ (၁) နောက်မှဖြစ်၍ကျေးဇူးပြုတတ်သော တရား လည်းကောင်း။
(၂) ရှေးရှေးတင်ကူး၍ ပေါက်ရောက်ပြီးသော မြက်သစ်ပင်တို့အား ကြီးပွားခြင်းငှာ၊ နောက်နောက် ရွာသွန်းသော မိုးရေသည် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးတင်ကူး၍ ဖြစ်ပေါ်ကြနှင့်ကုန်သော ရုပ်ခန္ဓာတို့အား ထက်သန်ကြစေခြင်းငှာ နောက်နောက်၌ တစ်သုတ်တစ်သုတ် ဖြစ်ပေါ်ကြကုန် သော နာမက္ခန္ဓာ (၄)ပါး တို့သည် ကျေးဇူးပြုကြကုန်၏။ ဤသို့သော ကျေးဇူးကို "ပဋ္ဌာဇာတပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်	ရုပ်	ပဋ္ဌာဇာတ

ပစ္စည်း = အကြောင်း		ပစ္စယုပ္ပန် = အကျိုး	
နာမ်	ပဋ္ဌာဇာတာ စိတ္တစေတသိကာ ဓမ္မာ	ရုပ်	ပုရေဇာတဿ ဏ္ဍမဿ ကာယဿ

၁။ နိဒါန်း	- ပဋ္ဌာဇာတပစ္စယောတိ	= ပဋ္ဌာဇာတပစ္စည်း ဆိုသည်မှာ
အကြောင်း	- ပဋ္ဌာဇာတ	= နောက်ကဖြစ်နှင့်သော
	- စိတ္တစေတသိကာဓမ္မာ	= စိတ် စေတသိတ် တရားတို့သည်
အကျိုး	- ပုရေဇာတဿ	= ရှေ့ကဖြစ်နှင့်သော
	- ဏ္ဍမဿ	= ဤသို့သော
	- ကာယဿ	= ရုပ်(၄)ပါးတို့အား
အကြောင်းသတ္တိ	- ပဋ္ဌာဇာတပစ္စယေန	= နောက်ကဖြစ်နှင့် သောသတ္တိ ဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။

ပဋိသန္ဓေစိတ်က စပြီး သေတဲ့အထိ အဆက်မပြတ်ဖြစ်တဲ့ ရုပ်များကို နောက်နောက်စိတ်များက ပဋ္ဌာဇာတသတ္တိနှင့် ကျေးဇူးပြုပါတယ်၊ ကမ္မဇရုပ်ကလဲ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ကစပြီး စုတိစိတ်မရောက်မီ (၁၇)ချက် အလိုအထိ အဆက်မပြတ် ဖြစ်နေပါတယ်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်ဆိုတဲ့ ရုပ်တရားတွေဟာ "နဒီသောတောဝိယ = မြစ်ရေအလျဉ်နဲ့တူတယ်၊ ဒီပဇာလာဝိယ = ဆီမီးအလျှံနဲ့တူတယ်"လို့ ဆိုပါတယ်။ မြစ်ထဲ ရေစီးနေတဲ့အခါ ရှေ့ရေ နောက်ရေ ခွဲလို့ မရသလို မီးတစ်ခုကို ကိုင်ပြီး လှုပ်တဲ့အခါ ဝိုင်းဝိုင်းလည်လည်နေတဲ့ မီးကွင်းမီးဝိုင်းကြီးကို မြင်ရတော့ မီးတစ်ခုထဲ ဖြစ်နေသလို ရုပ်တွေ

ပစ္စည်း = အကြောင်း		ပစ္စယုပ္ပန် = အကျိုး	
နာမ်	ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	နာမ်	ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ
နာမ်	ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	နာမ်	ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ
နာမ်	ပုရိမာ ပုရိမာ ကိရိယာ ဗျာကတာ ဓမ္မာ	နာမ်	ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာ ဗျာကတာနံ ဓမ္မာနံ

၁။ နိဒါန်း - အာသေဝနပစ္စယောတိ = အာသေဝနပစ္စည်း ဆိုသည်မှာ

အကြောင်း - ပုရိမာ ပုရိမာ = ရှေးရှေး၌ဖြစ်ကြ ကုန်သော
- ကုသလာ = ကုသိုလ်
- ဓမ္မာ = တရားတို့သည်

အကျိုး - ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော
- ကုသလာနံ = ကုသိုလ်
- ဓမ္မာနံ = တရားတို့အား

အကြောင်းသတ္တိ - အာသေဝနပစ္စယေန = အဖန်ဖန်တလဲလဲ မှီဝဲခြင်းသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ပဋ္ဌာန၏တပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ

သဘာဝရုပ်ဓာတ်တွေ ထင်ရှားတဲ့ရုပ်ဓာတ်တွေဖြစ်လို့ ဝိပဿနာရှုရမှာ ဖြစ်တယ်။ ဝိပဿနာယောဂီတွေဆိုတော့ ဝိပဿနာရှုရမယ့် ရုပ်တွေကို သိထားရင် မကောင်းပါဘူးလား . . . ကောင်းပါတယ်ဘုရား။ ဗဟုသုတအနေနဲ့ သိထားရအောင်ဖြစ်တယ်။ မဂ်ရောက် ဖိုလ်ရောက်ရှုတော့ ဧကော ဓမ္မော - တစ်ခုပဲရှုနေရတာပါပဲ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်။ ကာယအကြည်တစ်ခုတည်းကို မရှုရပါဘူးလား . . . ရှုရပါတယ်ဘုရား။ တစ်ခုတည်းကပင် အောင်မြင်သွားရင်တော့ တရားနာပရိသတ်များ ရည်မှန်းတဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်သွားမှာပါပဲ။ အပြည့်အစုံသိထားတာ မကောင်းပါဘူးလား . . . ကောင်းပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ။

ကြွင်းတဲ့ရုပ် ဆယ်ခုဖြစ်တယ်။ ရုပ် (၂၈)ပါးထဲက (၁၈)ပါးက ဝိပဿနာရှုရမည့် ရုပ်တရားတွေဖြစ်တယ်။ ကျန်တဲ့(၁၀)ပါးကို ဝိပဿနာ မရှုရပေဘူး။ ပညတ်တွေဖြစ်လို့ မရှုမှတ်ရပေဘူး။ အာကာသဓာတ်ကို ဝိပဿနာ ရှုလို့မရပေဘူး။ အကြားအပေါက်တွေ ရုပ်တွေနှစ်ခုကြားမှာ အပေါက်လေးတွေ၊ ကြားလေးတွေရှိတယ်။ အဲဒီအာကာသဓာတ်ကိုတော့ ဝိပဿနာရှုလို့ မရပေဘူး။ ဝိညတ်ဒွေးကိုလည်း အမူအရာမျှပဲဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။ ပေါ့တဲ့သဘော ရူပဿ လဟုတာ - ရုပ်ရဲ့ ပေါ့တဲ့သဘော၊ ရူပဿ မုဒုတာ - ရုပ်ရဲ့ နူးညံ့တဲ့သဘော၊ ရူပဿ ကမ္မညတာ - ရုပ်ရဲ့ ခံကျန်းတဲ့သဘောတို့ကို ရုပ်အမူအရာမျှ ပညတ်ဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။

ဥပစယ- ရုပ်ရဲ့ဖြစ်စဉ်၊ ဒါလည်း ရုပ်ရဲ့အမူအရာမျှဖြစ်တယ်။ သန္တတိ-ရုပ်ရဲ့ဖြစ်စဉ်၊ ပွား-ရုပ်တွေ တိုးပွားလာတဲ့အစဉ်ဖြစ်တယ်။ အဲဒါတွေကိုလည်း ဝိပဿနာရှုလို့ မရပေဘူး။ ပညတ်တွေပဲဖြစ်တယ်။ ရင့် - ရူပဿ ဇရတာ အနိစ္စတာ။ ဇရတာ -ရုပ်ရဲ့ရင့်ကျက်မှု အမူအရာပဲဖြစ်တယ်။ အနိစ္စတာ -ရုပ်ရဲ့ပျက်သွားတဲ့သဘောဖြစ်တယ်။ အဲဒါတွေကို ပညတ်တွေဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။

ဆောင်ပုဒ်။ ။ အာကာသဓာတ်၊ နှစ်ဝိညတ်၊ ပေါ့လတ်နူးခဲ့သည်။

အဘိဓမ္မာသင်ဖူးတဲ့ပုဂ္ဂိုလ်တို့ ကောင်းကောင်းသိပါတယ်။ "အာကာသဓာတ်"က အကြားအပေါက်၊ "နှစ်ဝိညတ်"က ကာယဝိညတ်၊ ဝစီဝိညတ်။ ရုပ်ရဲ့အမူအရာမျှပဲ။ "ပေါ့"ဆိုတာ ရူပဿ လဟုတာ- ရုပ်တွေ ပေါ့ပါးတဲ့ သဘောလက္ခဏာပဲဖြစ်တယ်။ "နူး" ရူပဿ မုဒုတာ နူးညံ့တယ်။ အထည်ကိုယ်ဖြပ်ရယ်လို့ မရှိပေဘူး။ ရုပ်ရဲ့ အမူအရာလေးတွေပဲဖြစ်တယ်။ "ခဲ့"ရူပဿ ကမ္မညတာ - အမူအရာလေးမျှပဲဖြစ်တယ်။ ဝိပဿနာရှုလို့ ရပါရဲ့လား . . . ရှုလို့မရပါဘုရား။ မရပေဘူး။ ပညတ်ပဲဖြစ်တယ်။

ဆောင်ပုဒ်။ ။ဖြစ်ပွားရင့်လာ၊ သေပျက်မှာ၊ ပညတ်ဆယ်ရုပ်မည်။

"ဖြစ်"ဆိုတာ ဥပစယ။ "ပွား"ဆိုတာ သန္တတိ-အစဉ်ပွားများလာတယ်။ "ရင့်"ဆိုတာ ဇရတာရုပ်။ "သေ"ဆိုတာ အနိစ္စတာရုပ်။ အဲဒီရုပ်တွေကို ရုပ်တွေရဲ့ အမူအရာပညတ်မျှဖြစ်လို့ ဝိပဿနာရှုလို့ မရပေဘူး။ ပစ္စာဇာတပစ္စည်းမှာ ဝိပဿနာရှုစရာ ရုပ်တရားနဲ့ ဝိပဿနာမရှုရမည့်တရား ကွဲပြားပြီးတော့ သိဖို့ရာ ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယထဲက ထုတ်ပြီးတော့ ပြထားပါတယ်။ ပစ္စာဇာတပစ္စည်းကတော့ ဤမျှနဲ့ပဲ အသင့်အတင့် ပြည့်စုံသွားပါပြီ။

(၁၂) အာသေဝန ပစ္စယောတိ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာ ဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ ဗျာကတာနံ ဓမ္မာနံ၊ အာသေဝန ပစ္စယေန ပစ္စယော။

အာသေဝနပစ္စည်း။ ။ (၁) အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ (၂) စက်ကိရိယာတို့သည် အဆင့်ဆင့် အားပေးကြကုန်သကဲ့သို့ နောက် နောက်သော ဇောနာမက္ခန္ဓာတို့အား ရှေးရှေးသော ဇောနာမက္ခန္ဓာတို့သည် အဆင့်ဆင့် အားပေးကြကုန်၏။ ဤသို့သော အားပေးမှုကို "အာသေဝနပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္ထိများ
၁	နာမ်	နာမ်	အာသေဝန

(အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ သမ္ပယုတ္တ)

သုတ္တန်နည်းအရတော့ အတိတ်အတိတ်ဘဝတွေကရှိခဲ့တဲ့ ကုသိုလ်တွေကနေပြီးတော့ ယခုပစ္စုပ္ပန်ဘဝမှာဖြစ်နေတဲ့ ကုသိုလ်တွေကို အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနေတယ်။ ဝိပဿနာရှုတဲ့အခါမှာလည်း ဒီအတိုင်းပါပဲ။ ရှေးရှေးကရှုခဲ့တဲ့ ဝိပဿနာကုသိုလ်တွေက နောက်နောက်မှာဖြစ်တဲ့ ဝိပဿနာကုသိုလ်တွေကို ဝိပဿနာဉာဏ်တွေကို အဆင့်ဆင့် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။

နာမရူပပရိစ္ဆေဒဉာဏ်က ဝိပဿနာကုသိုလ်တွေ ဝိပဿနာဉာဏ်တွေက ပစ္စယပပရိဂ္ဂဟဉာဏ် ဖြစ်လာရအောင် သူကနေပြီးတော့ ရင့်ကျက်လာအောင် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်က ကုသိုလ်တွေကလည်း သမ္မသနဉာဏ်ဖြစ်အောင် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတယ်။ သမ္မသနဉာဏ်က ကုသိုလ်တွေကလည်း ဥဒယဗ္ဗယဉာဏ်ကုသိုလ်တွေကို အာသေဝနသတ္တိဖြင့် အဆင့်ဆင့် ကျေးဇူးပြုတယ်။ သုတ္တန်နည်းအရ အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်။

ဒါကြောင့် ဟို. . . ရှေ့ပိုင်းမှာ ဝိပဿနာရှုရတာ မထင်ရှားပေဘူး။ အာသေဝနက အားနည်းတဲ့အတွက်ကြောင့် နောက်ပိုင်းနောက်ပိုင်းကျတော့ မထင်ရှားလာပါဘူးလား . . . ထင်ရှားလာပါတယ်ဘုရား။ ထင်ရှားလာတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်ရင်တော့ အတော့်ကို ထင်ရှားလာပြီ။ ဝိပဿနာရှုရတာ အတော်အားရှိလာပြီ။ ဘာဖြစ်လို့လဲဆိုရင် နောက်နောက်က ဝိပဿနာဉာဏ်တွေ ဝိပဿနာကုသိုလ်တွေက အာသေဝနပစ္စည်းကို ရခဲ့လို့ပါပဲ။ အလယ်ပိုင်းကျတော့ ပို ထင်ရှားလာတယ်။

၂။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ဖြစ်ကြကုန်သော
	- အကုသလာ	= အကုသိုလ်
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ဖြစ်ကြကုန်သော
	- အကုသလာနံ	= အကုသိုလ်
	- ဓမ္မာနံ	= တရားတို့အား
အကြောင်းသတ္တိ	- အာသေဝနပစ္စယေန	= အဖန်ဖန်တလဲလဲမှီဝဲခြင်းသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၃။ အကြောင်း	- ပုရိမာ ပုရိမာ	= ရှေးရှေး၌ဖြစ်ကြကုန်သော
	- အဗျာကတာနံ	= ကုသိုလ် အကုသိုလ် မဟုတ်သော
	- ဓမ္မာ	= တရားတို့သည်
အကျိုး	- ပစ္ဆိမာနံ ပစ္ဆိမာနံ	= နောက်နောက်၌ဖြစ်ကြကုန်သော
	- အဗျာကတာနံ	= ကုသိုလ် အကုသိုလ် မဟုတ်သော

- ဓမ္မာနံ = တရားတို့အား
အကြောင်းသတ္တိ - အာသေဝနပစ္စယေန = အဖန်ဖန်တလဲလဲ မှီဝဲခြင်းသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ ရှေ့ရှုစ်နောက်နှစ်၊ အဗျာကတဖြစ်၊ လယ်(၇)ခုမှာ၊ ကုအဗျာ၊ မှန်စွာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ကင်းသည်။ ပြုပြီးနောက်ခါ၊ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။

ဆောင်ပုဒ်။ ။ အကုသိုလ်ဟာ၊ ပြုဆဲမှာ၊ မှန်စွာပြစ်ရှိသည်။ ပြုပြီးနောက်ခါ၊ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။

ဆောင်ပုဒ်။ ။ ကောင်းကျိုးဆိုးကျိုး၊ နှစ်မျိုးမပါ၊ ဗျာကတာ၊ မှန်စွာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုကကုသလာ။

ဆောင်ပုဒ်။ ။ နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်းအကုသာ။

ဆောင်ပုဒ်။ ။ ဘဝငါးရာ၊ ရွှေ၌သာ၊ ထုံလာစိတ်တည်ကြည်။

ဆောင်ပုဒ်။ ။ နီရောင်ကမ္မဋ္ဌာန်း၊ ထိုရဟန်း၊ စီးဖြန်းစေခဲ့သည်။

ဆောင်ပုဒ်။ ။ ဂါထာဆုံးမှာ၊ ရဟန္တာ၊ မှန်စွာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အာသေဝန၊ အထုံရ။ ဖြစ်ရ ရဟန္တာ။

(၁) အာသေဝနပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ

အဲဒီအာသေဝနဟာ အဘိဓမ္မာဒေသနာတော်အရတော့ အခုဝီထိအစဉ်နှင့် ပစ္စုပ္ပန်အခိုက်အတန့်မှာပဲရတယ်။ သုတ္တန်ဒေသနာတော်အရကျတော့ ဘဝါဘဝက မိမိတို့ထုံခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်အားလျော်စွာ လိုက်ပါပြီးတော့ ကုသိုလ်၊ အကုသိုလ်တွေကို ရှေးရှေးကဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ်တွေက နောက်နောက်မှာဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ်တွေကို လိုက်ပြီးတော့ ကျေးဇူးပြုတယ်။

တရားနာပရိသတ်များအနေနဲ့ ဆင်ခြင်ကြည့်ရင် ပိုပြီးသိပါတယ်။ မိမိတို့ ဘဝါဘဝက ဒါနတွေပြုလုပ်ခဲ့လို့ အခုပစ္စုပ္ပန်ဘဝရောက်လာတော့ ဒါနတွေ ပြုချင်တဲ့စိတ်တွေ မဖြစ်ကြပါဘူးလား . . . ဖြစ်ကြပါတယ်ဘုရား။ အဲဒါအာသေဝနဖြစ်တယ်။ အတိတ်အတိတ်ဘဝက ဒါနကုသိုလ်တွေက ထုံပေးလိုက်လို့ ပစ္စုပ္ပန်ဘဝမှာ ဒါနပြုစရာရှိလို့ရှိရင် လက်မနှေးပေဘူး။ ပြုနေတာပါပဲ။ ပြုလုပ်ချင်နေတာ အာသေဝနသတ္တိပါပဲ။ သီလတွေလည်း အဖန်ဖန်အထပ်ထပ် ဆောက်တည်နိုင်တာဟို . . . အတိတ်အတိတ်ဘဝတွေကတည်းက တရားနာပရိသတ်များသီလဆောက်တည်ခဲ့တဲ့ အာသေဝနပစ္စည်းတွေ ရှိခဲ့လို့ပဲတဲ့။

သမထ ဝိပဿနာတရားတွေ အခုပွားများအားထုတ်နေတာလည်း အတိတ်အတိတ်ဘဝတွေက မိမိတို့ သမထ ဝိပဿနာတရားတွေ အထုံဝါသနာအလေ့ ရှိခဲ့လို့ပင်ဖြစ်တယ်။ အဲဒီအတိတ်ဘဝက သမထ ဝိပဿနာကုသိုလ်တွေက အာသေဝနသတ္တိဖြင့် ကျေးဇူးပြုခဲ့လို့ ယခုပစ္စုပ္ပန်ဘဝမှာ ဝိပဿနာတရားတွေ အားထုတ်နိုင်တယ်။ အားမထုတ်နိုင်ပါဘူးလား . . . အားထုတ်နိုင်ပါတယ်ဘုရား။

တယ်။ ရွှေတည်းဟူသော အရောင်မှာပင် စိတ်ကမတည်ရပါဘူးလား . . . ရွှေပန်းထိမ်သည်ဆိုတော့ ဒီရွှေရောင်ကိုပဲ အမြဲမကြည့်နေရပါဘူးလား . . . ကြည့်နေရပါတယ်ဘုရား။

အဲဒီရွှေမှာ အာသေဝနပစ္စည်းတွေ ရထားတာကိုမြင်တော့ မြတ်စွာဘုရား ရွှေအဆင်းနဲ့တူတဲ့ ပဒုမ္မာကြာပန်ကြီး ဖန်ဆင်းပြီး ထိုရဟန်းကို ပေးလိုက်တယ်။ အဲဒီ ရွှေ ပဒုမ္မာကြာပန်းကြီးကို ယူသွားပြီးတော့ ကျောင်းအစွန်အဖျားတစ်ခု၏ သဲပုံမှာစိုက်ပြီးတော့ "လောဟိတကံ - နီသောအဆင်း၊ နီသောအဆင်းဟူ၍ ရှုရမယ်"ဟု လောဟိတက ကမ္မဋ္ဌာန်းကို ရှုခိုင်းလိုက်တာ တစ်ခဏအတွင်းမှာပဲ ဘဝါဘဝက အာသေဝနပစ္စည်း ရလာတဲ့အတွက်ကြောင့် ဥပစာရသမာဓိ ဖြစ်သွားပေတယ်။ အဆင့်ဆင့်ရှုမှတ်လိုက်တာ (၄)ဆင့်တက်သွားပေတယ်။ စတုတ္ထစျာန်တိုင်အောင် ရရှိသွားတယ်။ မမြန်ပါဘူးလား . . . မြန်ပါတယ်ဘုရား။ ဘာရလို့လဲ၊ အာသေဝနရလို့။ ဘဝါဘဝက ရွှေမှာထုံခဲ့တဲ့ အာသေဝနကမ္မဋ္ဌာန်းပေးလိုက်တော့ ချက်ချင်းပဲ သမာဓိမဖြစ်သွားပါဘူးလား . . . ဖြစ်သွားပါတယ်ဘုရား။ ချက်ချင်း သမာဓိဖြစ်သွားတော့ စတုတ္ထစျာန်တိုင်အောင် ရရှိသွားတဲ့အခါ မြတ်စွာဘုရားစောင့်ပြီးတော့ ကြည့်နေတော်မူပါတယ်။

ဒီရဟန်းတော် သူ့ရဲ့သမာဓိဉာဏ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်အောင် တက်သွားနိုင်သလားဆိုတော့ မတက်သွားနိုင်ပေဘူး။ မတက်သွားနိုင်တာကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ချက်ချင်းပဲ တန်ခိုးတော်ဖြင့် "ပဒုမ္မာကြာပန်းကြီး ညှိုးနွမ်းပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလိုက်တော့ ပဒုမ္မာကြာပန်းကြီးဟာ လက်နဲ့ပွတ်ချေလိုက်သလို ညှိုးနွမ်းသွားတယ်။

သခ်ၤါရုပေက္ခာဉာဏ်ရောက်တော့ ပိုပြီးထင်ရှားလာတယ်။ အာသေဝနပစ္စည်းတွေကို အဆင့်ဆင့် ရခဲ့တဲ့အတွက်ကြောင့် သခ်ၤါရုပေက္ခာဉာဏ်ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်မှာ ထိုင်ရ၊ မှတ်ရတာ လွယ်လွယ်ကူကူပဲ ထိုင်ပြီး ကြည့်နေရသလိုပဲ။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေတဲ့အခါ ဖောင်းတာ၊ ပိန်တာတွေက အလိုလိုပေါ်နေသကဲ့သို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ မလွယ်ကူသွားပါဘူးလား . . . လွယ်ကူသွားပါတယ်ဘုရား။ ဘာဖြစ်လို့ လွယ်ကူတာလဲဆိုရင် အာသေဝနပစ္စည်းကို ရခဲ့လို့ဖြစ်တယ်။

အောက်ကဉာဏ်စဉ်တွေဖြစ်တဲ့ နာမရူပပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ၊ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါဆိုတဲ့ အဲဒီဉာဏ်တွေက အာသေဝနပစ္စည်းတွေကို ရခဲ့လို့ သခ်ၤါရုပေက္ခာဉာဏ်ကျတော့ လွယ်လွယ်လေး မမှတ်နေရပါဘူးလား . . . မှတ်နေရပါတယ်ဘုရား။ အဆင့်ဆင့် ကျေးဇူးပြုတယ်။

ဒါကြောင့် အစပိုင်းမှာတော့ ကြိုးစားပြီးတော့ မမှတ်ရပါဘူးလား . . . ကြိုးစားပြီးတော့ မှတ်ရပါတယ်ဘုရား။ အလယ်ပိုင်းနဲ့ နောက်ပိုင်းကျတော့ သက်သာခွင့်တွေ ရသွားတယ်။ အာသေဝနပစ္စည်းတွေ ရခဲ့တဲ့အတွက်ကြောင့် ချမ်းသာလွယ်ကူပြီးတော့ တရားထူးတရားမြတ်တွေလည်း ရသွားနိုင်ပါတယ်။ အာသေဝနပစ္စည်းရလို့ တရားထူးတရားမြတ်တွေ ရသွားတဲ့အကြောင်းလေး ပြောပြီးတော့ တရားအဆုံးသတ်ပါတော့မယ်။

မြတ်စွာဘုရားလက်ထက်တော်အခါက မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ အဲဒီ

အချိန်အခါမှာ သာဝတ္ထိမြို့သား ရွှေပန်းထိမ်သည်၏ သားငယ် တစ်ယောက်က သံသရာရဲ့အပြစ်တွေမြင်ပြီးတော့ ဘုံ(၃)ပါးရဲ့အပြစ်တွေ မြင်ပြီးတော့ အရှင်သာရိပုတ္တရာမထေရ်ထံမှာ သာသနာဘောင် ဝင်လိုက်တယ်။ အရှင်သာရိပုတ္တရာမထေရ်ကိုယ်တိုင် ကမ္မဋ္ဌာန်းတရား ပေးပါတယ်။ ကမ္မဋ္ဌာန်းတရားပေးတော့ အရှင်သာရိပုတ္တရာမထေရ်က ဒီရွှေပန်းထိမ်သည်သားငယ်ရဲ့ အသွင်အပြင်ကို ကြည့်ပြီးတော့ တရား ပေးပါတယ်။

ဒီရွှေပန်းထိမ်သည်သားငယ်ရဲ့ မျက်မှောက်မှာတွေ့ရတဲ့ အသွင် အပြင်ကိုကြည့်ပြီး ကမ္မဋ္ဌာန်းတရားပေးပါတယ်။ ရူပ်ရည်ကလည်း လှပနေတယ်။ အရွယ်ကလည်း ငယ်တယ်။ ဒီ(၂)ခုကို ထောက်ထားပြီး တော့ ဘာကမ္မဋ္ဌာန်း ပေးသလဲဆိုရင် အသုဘကမ္မဋ္ဌာန်းပေးတယ်။ ရူပ်ရည်ကလည်း လှပတင့်တယ်တော့ ဒီရူပ်ရည်တွေမှာ စွဲလမ်းနေတဲ့ လောဘတဏှာလည်း ရှိနိုင်တယ်။ အရွယ်ကလည်း ငယ်တဲ့အတွက် လောဘတဏှာတွေ များနေတတ်တယ်ဆိုတဲ့ ဒီ(၂)ခုကို ထောက်ထာ ပြီးတော့ ဘာကမ္မဋ္ဌာန်းပေးလိုက်ပါသလဲ . . . အသုဘကမ္မဋ္ဌာန်းပါ ဘုရား။ အသုဘကမ္မဋ္ဌာန်းပေးလိုက်တယ်။

သံသရာအပြစ်ကိုမြင်လာတဲ့ ပုဂ္ဂိုလ်ဆိုတော့ အရှင်သာရိပုတ္တရာ မထေရ်ပေးတဲ့အတိုင်း ကမ္မဋ္ဌာန်းကိုယူပြီးတော့ တောထွက်ပြီးတော့ အားထုတ်ပါတယ်။ အသုဘကမ္မဋ္ဌာန်းနဲ့ သမာဓိနိမိတ်တောင် မထင် ပေဘူး။ မထင်တော့ ပြန်လာတယ်။ ပြန်လာတဲ့အခါ "အရှင်ဘုရား ပေးတဲ့ ကမ္မဋ္ဌာန်းနဲ့ တပည့်တော် တရားမတွေ့ပါဘူးဘုရား"ဆိုတော့ အရှင်သာရိပုတ္တရာမထေရ် သိပ်သဘောမကျဘူး။ "ဒီကိုယ်တော်

ပေးလိုက်တဲ့နည်းအတိုင်း နေရာကျအောင် အားထုတ်ပုံမရဘူး"။ အသုဘ ကမ္မဋ္ဌာန်းပဲ ထပ်မံပြီးတော့ သေချာသထက် သေချာအောင် ထပ်မံပေး လိုက်တယ်။ ဒုတိယတစ်ခေါက် သွားအားထုတ်ပါသော်လည်း တရား မတွေ့၍ ပြန်လာခဲ့ပြန်တယ်။ "အရှင်ဘုရားညွှန်ကြားတဲ့အတိုင်း တပည့်တော် အားထုတ်ပါတယ်ဘုရား။ တရားမတွေ့ခဲ့ပါဘူးဘုရား" ဟု လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာမထေရ်က အသုဘ ကမ္မဋ္ဌာန်းကိုပင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ထပ်ပြီးပေးတယ်။ ထပ်ပြီးပေးပြီးတော့ တတိယတစ်ခေါက် ပြန်အားထုတ်ခိုင်းပြန်တယ်။

တရားလိုချင်တဲ့ ပုဂ္ဂိုလ်လေးဆိုတော့ အားမထုတ်ရပါဘူးလား . . . အားထုတ်ရပါတယ်ဘုရား။ တတိယတစ်ခေါက်လည်း တရားတွေ့ မတွေ့ခဲ့၍ ပြန်လာပြီးလျှင် အရှင်သာရိပုတ္တရာအား "တပည့်တော် ကြိုးကြိုးစားစား အားထုတ်ပါတယ်ဘုရား။ သမာဓိတောင်မှ မဖြစ်ပါ ဘူးဘုရား"ဟု လျှောက်ထားတော့ အရှင်သာရိပုတ္တရာမထေရ် သတိ ရသွားတယ်။ "ဒီပုဂ္ဂိုလ်က မိမိကဲ့သို့ သာဝကဖြစ်တဲ့ပုဂ္ဂိုလ်က တရားပေး လို့ တရားရနိုင်တဲ့ပုဂ္ဂိုလ်မျိုး မဟုတ်ပေဘူး" ဟုသိကာ မြတ်စွာဘုရား ထံ အပ်နှံလိုက်ပါတယ်။

မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ . . . ပုဂ္ဂိုလ်တို့ရဲ့ အဖျာသယ အလိုအားလျော်စွာ ကမ္မဋ္ဌာန်းတရားပေးနိုင်၊ ကမ္မဋ္ဌာန်း တရား ပြနိုင်တယ်ဆိုတာ သာဝကတွေရဲ့အရာ မဟုတ်ပေဘူး။ ဘုရား ရှင်တို့ရဲ့အရာဖြစ်တယ်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ ရွှေပန်းထိမ်သည်သားငယ်ရဲ့ ဘဝါဘဝတွေ၌ အာသေဝနပစ္စည်းကို မြတ်စွာဘုရား ရှာလိုက်တော့ ဘဝငါးရာပတ်လုံး ရွှေနဲ့ပဲ မွေ့လျော်ခဲ့

ဆောင်ပုဒ်။ ။ နိရောင်ကမ္မဋ္ဌာန်း၊ ထိုရဟန်း၊ စီးဖြန်းစေခဲ့သည်။

ရွှေနီရောင်ကမ္မဋ္ဌာန်း ပဒုမ္မာကြာပန်းကြီး ဖန်ဆင်းပြီးတော့ စီးဖြန်းခိုင်းလိုက်တော့ အာသေဝနရှိတဲ့အတွက်ကြောင့် အမြန်စိတ်တွေ မတည်သွားပါဘူးလား . . . စိတ်တွေ တည်သွားပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ဂါထာဆုံးမှာ၊ ရဟန္တာ၊ မှန်စွာဖြစ်ပေသည်။

ဂါထာဆုံးသွားတာနဲ့ ရဟန္တာ တစ်ခါတည်း ဖြစ်သွားပေတယ်။ သမာဓိက သိပ်အားကောင်းတယ်။ သမာဓိအားကောင်းတော့ ဝိပဿနာဉာဏ်တွေ အလျင်အမြန် ဖြစ်သွားတယ်ဆိုတာ မထင်ရှားပါဘူးလား . . . ထင်ရှားပါတယ်ဘုရား။ ဒါကြောင့် ရှေ့ပိုင်းမှာ သမာဓိဖြစ်အောင် အားမထုတ်ရပါဘူးလား . . . အားထုတ်ရပါတယ်ဘုရား။ အားထုတ်ရတယ်။

ဆောင်ပုဒ်။ ။ အာသေဝန၊ အထုံရ။ ဖြစ်ရ ရဟန္တာ။

ဘဝါဘဝက အာသေဝနပစ္စည်းရထားတဲ့အတွက်ကြောင့် အမြန် ရဟန္တာဖြစ်မသွားပါဘူးလား . . . အမြန် ရဟန္တာဖြစ်သွားပါတယ်ဘုရား။ အာသေဝနလည်း အရေးမကြီးပါဘူးလား . . . အရေးကြီးပါတယ်ဘုရား။ ဒါကြောင့် အာသေဝနတွေ ထုံထုံပေးရတယ်။

ဝိပဿနာရှုရတာ တစ်ခါတလေလည်း ကောင်း၊ တစ်ခါတလေလည်း မကောင်း။ မကောင်းပေမယ့်လည်း မှတ်မနေရပါဘူးလား . . . မှတ်နေရပါတယ်ဘုရား။ ဘာအတွက်လဲ အာသေဝနအတွက်။ နောက်တော့ တောက်လျှောက်ကောင်းသွားတာပါပဲ။ တရားရှုမှတ်ရာ

ရဟန်းတော် သံဝေဂ ချက်ချင်းဖြစ်သွားတယ်။ "သြော် . . . ဥတုကြောင့်ဖြစ်သည့် ဥတုဇရုပ် ပဒုမ္မာကြာပန်းကြီးဟာ ချက်ချင်းညှိုးနွမ်းသွားပါလား။ မိမိသန္တာန်မှာရှိတဲ့ ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်တွေဟာလည်း ဒီလိုပဲ ညှိုးနွမ်းပျက်စီးမှာပဲ"ဟု သံဝေဂဉာဏ် ဖြစ်သွားတယ်။

နောက်တစ်ခါ အဲဒီအနီးအနားမှာ လူငယ်တစ်စုက ရေကန်ထဲမှ ကြာပွင့်တွေခူးခူးပြီး ဆိတ်ဖြတ်ပြီးတော့ ကန်ဘောင်ရိုးမှာ တင်ထားကြတယ်။ အဲဒါ တင်ထားတာမြင်တော့လည်း သံဝေဂဉာဏ် ဖြစ်ပြန်တယ်။ "ရေထဲမှာရှိတဲ့ ကြာပွင့်တွေကတော့ လန်းဆန်းရွှင်ပြနေကြတယ်။ ဆိတ်ဖြတ်ပြီးတော့ ကန်ဘောင်ရိုးပေါ်မှာ တင်လိုက်တဲ့ ကြာပွင့်တွေကတော့ ညှိုးနွမ်း၊ ညစ်နွမ်းသွားတယ်။ ဥတုဇရုပ်တွေတောင် မခြဲပါလား။ ပြောင်းလဲနေကြပါလား"ဟု သံဝေဂဉာဏ်တွေ ဖြစ်တယ်။ တရားရမယ့်ပုဂ္ဂိုလ်ဆိုတော့ သံဝေဂမဖြစ်ပါဘူးလား . . . ဖြစ်ပါတယ်ဘုရား။

သံဝေဂဖြစ်တဲ့အခိုက်အတန့် မြတ်စွာဘုရားဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူတယ်။ ဒီရဟန်း သူဟာသူ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေသို့ ရောက်နိုင်သလားဆိုတော့ မရောက်နိုင်ပေဘူးတဲ့။ မရောက်နိုင်တာကိုမြင်တော့ မြတ်စွာဘုရား တန်ခိုးတော်ဖြင့် ကြွလာပြီးတော့ ဂါထာတစ်ပုဒ် ဟောကြားပါတယ်။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။

သာရဒိကံ = သာရဒဥတုဥ်ဖြစ်သော (ဝါ) တန်ဆောင်မုန်းလဥ်ဖြစ်သော၊
ကုမုဒံ = ကုမုဒြာကြာကို၊
ပါဏိနာ = လက်ဖြင့်၊
ဆိန္နတိက္ကဝ = ဖြတ်သကဲ့သို့၊
ဧဝံ = ဤအတူ၊
အတ္တနော = မိမိ၏၊
သိနေဟံ = ချစ်ခြင်း လောဘ တဏှာကို၊
ဥစ္ဆိန္ဒ = ဖြတ်လော့။
သုဂတေန = မြတ်စွာဘုရားသည်၊
နိဗ္ဗာနံ = ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို၊
ဒေသိတံ = ဟောတော်မူအပ်၏။
သန္တိမဂ္ဂမေဝ = ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကိုသာလျှင်၊
ဗြူဟယ = ပွားများလော့။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၂) အာသေဝနပစ္စည်းဖြင့် ဝိပဿနာရှုမှတ်ပုံ

ရေအိုင်ထဲမှာရှိတဲ့ ကြာပွင့်တွေ၊ ကြာရိုးတွေကို လူငယ်တစ်စုက လက်နဲ့ဆိတ်ဖြတ် ဆိတ်ဖြတ်လိုက်သလို သင့်သန္တာန်မှာရှိတဲ့ ချစ်ခြင်း သိနေဟ လောဘတဏှာကိုလည်း ပြတ်အောင်ရှုမှတ်ပါ။ ဖြတ်လိုက်ပါ။ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ ငါဘုရား ဟောထားတယ်။ ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်(၈)ပါးတရားကို သင်ပွားများပါ။ မဂ္ဂင်(၈)ပါးတရားကို ဘာနဲ့ပွားများရပါမလဲ၊ သတိပဋ္ဌာန်တရား(၄)ပါးနဲ့ ပွားများရမယ်။ သတိပဋ္ဌာန်တရားတွေ ပွားများပါလို့ မြတ်စွာဘုရား မိန့်ကြားလိုက်တဲ့ အခါကျတော့ ချက်ချင်းပဲ ရှုမှတ်ပွားများလိုက်တာ တစ်ခဏအတွင်းမှာပဲ၊ ဂါထာအဆုံးမှာပဲ ရဟန္တာ တစ်ခါတည်းဖြစ်သွားပါတယ်။

ဗျာန်က သမာဓိက သိပ်အားကောင်းတယ်။ စတုတ္ထဗျာန်တိုင်အောင် ရောက်နေတော့ ချက်ချင်းမရနိုင်ပါဘူးလား . . . ချက်ချင်းရနိုင်ပါတယ်ဘုရား။ ချက်ချင်းပဲ ရနိုင်တယ်တဲ့။ အဲဒါလေးတွေ အာသေဝနပစ္စည်းရဲ့အကြောင်းလေးတွေ မှတ်မိရအောင် ဆောင်ပုဒ်လေး စီထားပါတယ်။

ဆောင်ပုဒ်။ ။ ဘဝငါးရာ၊ ရွှေဥသာ၊ ထုံလာစိတ်တည်ကြည်။

ရွှေပန်းထိမ်သည်သားငယ်ရဟန်း ဘဝငါးရာ ရွှေမှာထုံလာတဲ့ အာသေဝနပစ္စည်းရလာတဲ့အတွက်ကြောင့် ပဒုမ္မာကြာပန်းကြီး ပေးလိုက်တဲ့အခါ တစ်ခဏအတွင်းမှာပဲ စိတ်မတည်ငြိမ်သွားပါဘူးလား . . . တည်ငြိမ်သွားပါတယ်ဘုရား။ သမာဓိတွေဖြစ်၊ ဗျာန်တွေရသွားတာပါပဲ။

- တံ သမုဋ္ဌာနာနံ = ထိုစိတ် စေတသိတ် တို့ကြောင့်ဖြစ်ကြကုန်သော
- ရူပါနဉ္စ = ပဋိသန္ဓေက်ကြောင့် ဖြစ်ကြကုန်သော ရုပ်တို့အား

အကြောင်းသတ္တိ - ကမ္မပစ္စယေန = ကံဟူသောသတ္တိဖြင့်

နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ ပထမဇ္ဈာစေတနာ၊ ခုဘဝါ၊ မှန်စွာအကျိုးပေးသည်။

ဆောင်ပုဒ်။ ။ ပထမဇ္ဈာကံဟာ၊ ခုဘဝါ၊ မှန်စွာအကျိုးပေးသည်။
သတ္တမဇ္ဈာကံဟာ၊ ဒုဘဝါ၊ မှန်စွာအကျိုးပေးသည်။
အလယ်ဇ္ဈာကံဟာ၊ ဖြစ်လေရာ၊ မှန်စွာအကျိုးပေးသည်။

ဆောင်ပုဒ်။ ။ ဂတိငါးဖြာ၊ လည်ရတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဘဝများစွာ၊ မြင့်နိမ့်တာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အတ္တဒန္ဓာ၊ လှမလှတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

မှာတော့ ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့် ဖြစ်နေတာပါပဲ။ ဆိုးတဲ့အခါတွေကပဲ မများနေပါဘူးလား . . . များနေပါတယ်ဘုရား။ များပင်များငြားသော်လည်း အာသေဝနဖြစ်အောင် ကြိုးစားပြီးတော့ မရှုမှတ်နေရပါဘူးလား . . . ကြိုးစားပြီးတော့ ရှုမှတ်နေရပါတယ်ဘုရား။ အာသေဝန ကျေးဇူးမများပါဘူးလား . . . ကျေးဇူးများပါတယ်ဘုရား။ ကျေးဇူးများတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ အာသေဝနပစ္စည်းကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခ ခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း . . . ။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၁၃) ကမ္မ ပစ္စယောတိ

ကုသလာ ကုသလံ ကမ္မံ၊ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ၊ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ၊ ကမ္မပစ္စယေန ပစ္စယော။

ကမ္မပစ္စည်း ။ ။ (၁) ပြုပြင်ကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရား လည်းကောင်း။
(၂) ရှေး၌ သခ်ါရက္ခန္ဓာအခန်းတွင် ပြဆိုခဲ့ပြီးသော စေတနာ၏ စိတ်ကို ရပ်တည်မရအောင် စေ့ဆော်မှု၊ လှုံ့ဆော်မှု အပူတပြင်းတိုက်တွန်းမှုကို "ကမ္မပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်	နာမ် + ရူပ်	ကမ္မ (ဟေတု၊ ဈာန၊ မဂ္ဂ၊ ဝိပါက)

ပစ္စည်း = အကြောင်း		ပစ္စယုပ္ပန် = အကျိုး	
နာမ်	ကုသလာ ကုသလံ ကမ္မံ	နာမ်ရူပ်	ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ
နာမ်	စေတနာ	နာမ်ရူပ်	သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ

၁။ နိဒါန်း	- ကမ္မပစ္စယောတိ	= ကမ္မပစ္စည်း ဆိုသည်မှာ
အကြောင်း	- ကုသလာ ကုသလံ	= ကုသိုလ် အကုသိုလ် ဟူသော
	- ကမ္မံ	= စေတနာသည်
အကျိုး	- ဝိပါကာနံ	= အကျိုးဖြစ်ကုန်သော
	- ခန္ဓာနဉ္စ	= စိတ် စေတသိတ် တရားတို့အား လည်းကောင်း
	- ကဋတ္တာရူပါနဉ္စ	= ပဋိသန္ဓေက်ကြောင့် ဖြစ်ကြကုန်သော ရုပ်တို့အား
အကြောင်းသတ္တိ	- ကမ္မပစ္စယေန	= ကံဟူသောသတ္တိဖြင့်
နိဂုံး	- ပစ္စယော	= အကျိုးပြုသည်
	- ဟောတိ	= ဖြစ်၏။
၂။ အကြောင်း	- စေတနာ	= စေတနာသည်
အကျိုး	- သမ္ပယုတ္တာနံ	= စေတနာနှင့်ယှဉ်ကြကုန်သော
	- ဓမ္မာနဉ္စ	= စိတ် စေတသိတ်တို့အား

အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံတွေအမျိုးမျိုးပဲဖြစ်တယ်။ ကာမာဝစရကုသိုလ်ကံတွေ၊ အကုသိုလ်ကံတွေ၊ ရူပါဝစရကုသိုလ်ကံတွေ၊ အရူပါဝစရကုသိုလ်ကံတွေလို့ (၄)မျိုးရှိပါတယ်။ အကုသိုလ်ကံတွေကတော့ အပါယ်ဘုံဘဝမှာပဲ အကျိုးပေးပါတယ်။ ကာမာဝစရကုသိုလ်ကံကျတော့ လူ့ပြည်၊ နတ်ပြည်(၆)ထပ်မှာ အကျိုးပေးပါတယ်။

အခုတရားနာပရိသတ်များကတော့ ကာမာဝစရကုသိုလ်ကံတွေ အများကြီး ပြုထားကြပါတယ်။ ဒါနတွေပြုလုပ်တာ ကာမာဝစရကိုသိုလ်ကံ၊ သီလတွေ ဆောက်တည်တာ ကာမာဝစရကုသိုလ်ကံ၊ ဝေယျာဝစ္စတွေ ပြုလုပ်တာ ကာမာဝစရကုသိုလ်ကံတွေ။ ဒီနေ့ထိ ကာမာဝစရကုသိုလ်ကံတွေ အများကြီးပြုထားကြပါတယ်။ အဲဒီ ကာမာဝစရကုသိုလ်ကံတွေက အကျိုးပေးတဲ့အခါ ဘယ်မှာအကျိုးပေးလဲဆိုရင် ကာမသုဂတိ(၇)ဘုံလို့ဆိုတဲ့ လူ့ပြည်၊ နတ်ပြည် (၆)ထပ်မှာ အကျိုးပေးတယ်။

ရူပါဝစရကုသိုလ်ကံတွေက ရူပါဝစရဈာန်ရတဲ့ ပုဂ္ဂိုလ်တွေ အတွက် ရူပါဝစ(၁၆)ဘုံမှာ အကျိုးပေးတယ်။ အရူပါဝစကုသိုလ်ကံတွေက အရူပါဝစဈာန်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်တွေအတွက် အရူပါဝစ (၄)ဘုံမှာ အကျိုးပေးတယ်။ ဘုံဘဝအားဖြင့်လည်း အမျိုးမျိုးဖြစ်ကြတယ်။ ကံအမျိုးမျိုးတွေ တရားနာပရိသတ်များသန္တာန်မှာ ရှိနေကြတယ်။ အဲဒီကံအမျိုးမျိုးတွေကြောင့်ပဲ ဘဝါဘဝတွေမှာလည်း အမျိုးမျိုးတွေကို ရရှိကြတယ်။ ကံကပဲ စီမံခန့်ခွဲပေးနေတာ ဖြစ်တယ်။

ဆောင်ပုဒ်။ ။ လောကဓံရှစ်ဖြာ၊ တွေ့ကြုံတာ၊
မှန်စွာကံကြောင့် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ လာဘ်ရမျှားခြင်း၊ လာဘ်နည်းခြင်း၊ ဖြစ်ခြင်း
လောကဓံ။

ဆောင်ပုဒ်။ ။ ခြံရံမျှားခြင်း၊ နည်းပါးခြင်း၊ ဖြစ်ခြင်းလောကဓံ။

ဆောင်ပုဒ်။ ။ ကဲ့ရဲ့ပြန်ခြင်း၊ ချီးမွမ်းခြင်း၊ ဖြစ်ခြင်းလောကဓံ။

ဆောင်ပုဒ်။ ။ ချမ်းသာပြန်ခြင်း၊ ဆင်းရဲခြင်း၊ ဖြစ်ခြင်းလောကဓံ။

ဆောင်ပုဒ်။ ။ တိတ်ဆိတ်များစွာ၊ နည်းငယ်သာ၊ ဟောတာ
ကဲ့ရဲ့သည်။

ဆောင်ပုဒ်။ ။ မည်သူမဆို၊ ကဲ့ရဲ့ကို၊ လွတ်ကိုမလွတ်ပြီ။

ဆောင်ပုဒ်။ ။ မြေကြီးဘုရား၊ လနေမင်းအား၊ မထားကဲ့ရဲ့သည်။

ဆောင်ပုဒ်။ ။ လောကဓံမှ၊ မည်သူမျှ၊ လွတ်ရမရှိပြီ။

ဆောင်ပုဒ်။ ။ ကိုယ်နှင့်နှူတ်မှာ၊ ဖြစ်ပေါ်လာငြား၊ ကံကိုကား၊
ပယ်ရှားမြတ်သီလ။

ဆောင်ပုဒ်။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ ကံကိုကား၊
ပယ်ရှားမြတ်သမာ။

ဆောင်ပုဒ်။ ။ ဘဝများစွာ၊ လိုက်ပါလာငြား၊ ကံကိုကား၊
ပယ်ရှားမြတ်ပညာ။

(၁) ကမ္မပစ္စည်းဖြင့် ဝိပဿနာ ဂ္ဂမှတ်ပုံ

အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ဒိဋ္ဌဓမ္မဝေဒနီယ - အခုမျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ကံ၊ ဥပပဇ္ဇဝေဒနီယ - ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံ၊ အပရာပရိယဝေဒနီယ - တတိယဘဝမှစပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတဲ့ကံ၊ အဟောသိကံ - အကျိုးမပေးနိုင်တဲ့ကံလို့ အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် (၄)မျိုးဖြစ်တယ်။

ဒိဋ္ဌဓမ္မဝေဒနီယကံဆိုတာ တရားနာပရိသတ်များ ကုသိုလ်ကောင်းမှုတွေပြုတဲ့အခါ ပထမဇောစေတနာတည်းဟူသောကံဟာ ယခုမျက်မှောက်ဘဝမှာပဲ အကျိုးပေးစရာရှိရင် အကျိုးပေးလိုက်တာပါပဲ။ ယခုမျက်မှောက်ဘဝမှာ အကျိုးပေးခွင့်မရဘူးဆိုလို့ရှိရင် အဲဒီကံဟာ အဟောသိကံ ဖြစ်သွားပြီ။ နောင်လည်း အကျိုးမပေးတော့ပေဘူး။

ဥပပဇ္ဇဝေဒနီယကံဆိုတာ တရားနာပရိသတ်များ ကုသိုလ်ကောင်းမှုပြုတဲ့အခါ သတ္တမဇော အဆုံးဇောစေတနာတည်းဟူသောကံဖြစ်တယ်။ အဲဒီ အဆုံးဇောကံဟာ ဒုတိယဘဝမှာ အကျိုးပေးပါတယ်။ ဒုတိယဘဝမှာ အကျိုးပေးခွင့်ရရင်ရ၊ မရလို့ရှိရင် အကျိုးမပေးတဲ့ အဟောသိကံ ဖြစ်သွားရတယ်။

အလယ်ဇော(၅)ချက်စေတနာကံက နောက်နောင် ထိုထိုဘဝတွေမှာ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အကျိုးပေးတယ်။ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ရည်မှန်းထားလို့ရှိရင် နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အကျိုးပေးတယ်။

ပထမဇောစေတနာတည်းဟူသောကံက အခုမျက်မှောက်ဘဝမှာ အကျိုးပေးတယ်။ သတ္တမဇောစေတနာတည်းဟူသောကံက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အကျိုးပေးခွင့်မရလို့ရှိရင် နောက်ထပ် အကျိုးမပေးတဲ့အတွက်ကြောင့် အဟောသိကံ ဖြစ်သွားတယ်။

အလယ်ဇောစေတနာ(၅)ချက်တည်းဟူသောကံက တတိယဘဝမှာစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ဖြစ်လေရာဘဝတိုင်းဘဝတိုင်းမှာ အကျိုးပေးတယ်။

ဟို . . . အရင်သီတင်းတစ်ပတ်က ဆောင်ပုဒ်တွေ ဆိုခဲ့ပါတယ်။ အခုတော့ စေတနာအမည်နဲ့ပဲ ဆိုလိုက်ရအောင်။ စေတနာဟာ ကံနဲ့အတူတူပဲ။

ဆောင်ပုဒ်။ ။ ပထမဇောစေတနာ၊ ခုဘဝ၊ မှန်စွာအကျိုးပေးသည်။

ပထမဇောစေတနာတည်းဟူသောကံဟာ ဒီဘဝမှာပဲ အကျိုးပေးတယ်။ အကျိုးပေးပုံလည်း အရင်သီတင်းတွေက ဟောကြားခဲ့ပါပြီ။ "ပထမဇောကံဟာ"လို့ ဆိုရင်လည်း ရပါတယ်။ ကံ-လို့ ထည့်ဆိုရင်လည်း ရပါတယ်။

ဆောင်ပုဒ်။ ။ ပထမဇောကံဟာ၊ ခုဘဝ၊ မှန်စွာအကျိုးပေးသည်။
သတ္တမဇောကံဟာ၊ ဒုဘဝ၊ မှန်စွာအကျိုးပေးသည်။
အလယ်ဇောကံဟာ၊ ဖြစ်လေရာ၊ မှန်စွာအကျိုးပေးသည်။

အကျိုးပေးရာကာလ၏ အစွမ်းဖြင့် ကံ(၄)မျိုးဖြစ်တယ်။

ဤကဲ့သို့ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သောအခါ ရဟန်းတော်တွေ ထိတ်လန့်သွားတယ်။ သံဝေဂတွေ ဖြစ်သွားတယ်။ အဲဒီမှာ ရပ်လျက်ပင် မြတ်စွာဘုရား ဂါထာ(၆)ပုဒ် ဟောကြားပါတယ်။ ဂါထာရဲ့ အဆုံးမှာ ရဟန်းတွေ သောတာပန် စသည် ဖြစ်သွားကြတယ်။ အဲဒီဝက်မလေး ဘယ်နှဘဝ ကျင်လည်ရသလဲဆိုတော့ (၁၃)ဘဝဖြစ်တယ်။ ဝက်မဘဝက စုတေပြီး ကျင်လည်ရတဲ့ နောက်နောက်ဘဝတွေ အားလုံးပေါင်းလိုက်တော့ (၁၃)ဘဝဖြစ်တယ်။ နောက်ဆုံးဘဝရောက်သွားတဲ့အခါ (၁၃)ခုမြောက်ဘဝမှာ အမတ်ကြီးကတော် သွားဖြစ်တယ်။

မဟာအနုရုဒ္ဓါမထေရ်ဆိုတာ အဘိညာဉ်သမာပတ်ရတဲ့ မထေရ်ဖြစ်တယ်။ ရွာထဲကို ဆွမ်းခံကြွလာတယ်။ အဲဒီအမတ်ကတော်အိမ်ရှေ့သို့ ရောက်သွားတယ်။ နောက်က သံဃာတော်တွေကလည်း စီတန်းပြီးတော့ ဆွမ်းခံကြွတော်မူတယ်။ အဲဒီအိမ်ရှေ့ရောက်သွားတော့၊ အဲဒီအမျိုးသမီးကိုမြင်တော့ "ဟင်း . . . ဝက်မလေးဟာ ဒီမှာ အမတ်ကြီးကတော် လာဖြစ်နေရပါလား"ဟု ဆရာတော်ကြီးက နောက်ကရဟန်းတွေကို ပြောလိုက်တယ်။ အမတ်ကြီးကတော်ကြားသွားတော့ ထိတ်လန့်သွားတယ်။ "သြော် . . . ဆရာတော်ဘုရားကြီး ဘယ့်နယ်အမိန့် ရှိလိုက်ပါလိမ့်"ဟု လန့်သွားပြီး ဇာတိသရဉာဏ်တွေ ရုတ်တရက် ဖြစ်ပေါ်လာတယ်။

ဇာတိသရဉာဏ်ဆိုတာ ဘဝါဘဝကို ပြန်မြင်တဲ့ဉာဏ်ဖြစ်တယ်။ ထိတ်လန့်သွားတဲ့အတွက်ကြောင့် အတိတ်ဘဝတွေကို ပြန်မြင်သွားတယ်။ နောက်နောက်ဘဝတွေက လူဖြစ်ခဲ့ရတာ၊ ကြက်မကြီးဖြစ်ခဲ့ရတာ၊ မင်းသမီးဖြစ်ခဲ့ရတာ စသည့် နောက်နောက်ဘဝါဘဝတွေ ပြန်မြင်ရတော့ ထိတ်လန့်သွားတယ်။

ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။

သတ္တေ = သတ္တဝါတို့ကို၊
ကမ္မံ = ကံသည်၊
ဝိဘဇ္ဇတိ = ခွဲခြမ်းဝေဖန်၏။

ဘယ်လိုခွဲခြမ်း ဝေဖန်သလဲဆိုတော့ -

ယဒိဒံ ဟီနပဏီတတာယ = အကြင် အယုတ် အမြတ် အလတ် စသည်ဖြင့်၊
ကမ္မံ = ကံသည်၊
ဝိဘဇ္ဇတိ = ခွဲခြမ်းဝေဖန်၏။

ကံကနေပြီးတော့ သတ္တဝါတွေကို ခွဲခြမ်းဝေဖန်ပေးကြတယ်။ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေကို ဂတိ(၅)ဖြာ ချာချာလည်နေရအောင်၊ ရောက်နေကြရအောင်လည်း ကံကပဲ ပို့ပေးနေတာပဲဖြစ်တယ်။ တရားနာပရိသတ်များ ဂတိ(၅)ဖြာ ချာချာလည်ခဲ့ပါတယ်။ အနမတဂ္ဂသံသရာလို့ဆိုတဲ့ သံသရာက အလွန်ကြာခဲ့တဲ့အတွက်ကြောင့် ဂတိ(၅)ဖြာ (၃၁)ဘုံမှာ ချာချာလည်ခဲ့တာ ဖြစ်တယ်။ အဲဒါ ဘာကြောင့်လဲ၊ ကံကြောင့်ပဲဖြစ်တယ်။

ဂတိ(၅)ဖြာတို့တွင် နိရယဂတိ - ငရဲမှာလည်း တရားနာပရိသတ်တို့နှင့်တကွ ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေ ခံခဲ့ရဖူးတယ်။ အဲဒါလည်း ကံကြောင့်ပဲ။ အကုသိုလ်ကံကြောင့်ပဲ။ ငရဲကျနိုင်တဲ့ အကုသိုလ်ကံကြောင့်ပဲဖြစ်တယ်။

ပေတဂတိ - ပြိတ္တာလည်း ဖြစ်ခဲ့ကြဖူးတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲ။ တိရစ္ဆာနဂတိ - ဘဝများစွာ တိရိစ္ဆာန်လေးတွေလည်း ဖြစ်ခဲ့ဖူးတယ်။ အဲဒါ ဘာကြောင့်လဲ၊ ကံကြောင့်ဖြစ်ရတာပဲ။ မနုဿဂတိ လူဘဝလည်း အဖန်ဖန်အထပ်ထပ်အခါခါ ဖြစ်ခဲ့ကြရတယ်။ အခုလည်း လူဘဝမှာ ဖြစ်နေရတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကာမာဝစရကုသိုလ်ကံတွေကြောင့်ပဲ ဖြစ်တယ်။

ဒေဝဂတိ - နတ်ပြည်၊ ဗြဟ္မာပြည်တွေမှာ ဘဝပေါင်းများစွာ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်သတ္တဝါများ ဖြစ်ခဲ့ကြရတယ်။ ဘဝတွေခြားခဲ့လို့သာ မသိခဲ့တာဖြစ်တယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲ။ ဂတိ(၅)ဖြာ (၃၁)ဘုံထဲမှာ ချာချာလည်အောင် ပြုလုပ်တာလည်း ဘယ်သူပြုလုပ်တာလဲ၊ ကံပဲပြုလုပ်တာဖြစ်တယ်။ အဲဒါလေးတွေ သဘောကျ မှတ်မိရအောင် ဆောင်ပုဒ်လေး စီထားပါတယ်။

ဆောင်ပုဒ်။ ။ ဂတိငါးဖြာ၊ လည်ရတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ဂတိ(၅)ဖြာ (၃၁)ဘုံမှာ ချာချာလည်နေရတာ ဘာကြောင့်လဲ၊ အရင်းခံရှာလိုက်တော့ ကံကြောင့်ပဲ။ လည်ပြီးလာတဲ့ဘဝ အလွန်များစွာပဲ။ လည်တဲ့ ဝတ္ထုသာဓကလေး ပြောရမလား၊ မပြောရဘူးလား။ အရင်လည်း တရားနာပရိသတ်များ မကြာမကြာ ကြားဖူးနေတယ်။ **"ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရွှင်းရွှင်း"** ဆိုတဲ့ ဝက်မလေး သံသရာလည်ပုံမှာ -

တစ်ချိန်သောအခါ မြတ်စွာဘုရား ရာဇဂြိုလ်မြို့သို့ ဆွမ်းခံကြွလာခဲ့ပါတယ်။ မြို့ဝရောက်တော့ ဝက်မလေးတစ်ကောင်ကို မြင်သော

အခါ မြတ်စွာဘုရား ပြုံးတော်မူပါတယ်။ ပြုံးလိုက်တဲ့အခါ သွားတော်မှ အရောင်တွေထွက်လာ၍ ပြုံးရတဲ့အကြောင်းကို အရှင်အာနန္ဒာက လျှောက်ကြားတဲ့အခါ "ချစ်သားအာနန္ဒာ - ဒီနားမှာ ဝက်မလေးကို သင်မြင်ပါသလား" "မြင်ပါတယ်ဘုရား" "အဲဒီဝက်မကို မြင်ရလို့ ပြုံးတာပါပဲ"ဟု မိန့်ကြားတော်မူတယ်။

"ဒီဝက်မလေးဟာ သာမညမဟုတ်ဘူး။ ဗြဟ္မာပြည်ကနေလာဖြစ်တဲ့ ဝက်မလေးဖြစ်တယ်" ဟု မြတ်စွာဘုရား ဝက်မလေးအကြောင်းကို ဟောကြားပါတယ်။ "ဒီဝက်မလေးဟာ ကကုသန်မြတ်စွာဘုရား လက်ထက်တော်၌ ကြက်မဖြစ်တယ်။ အဲဒီကြက်မဘဝတုန်းက ကမ္မဋ္ဌာန်းကျောင်းအနီးမှာ ရောက်နေခိုက် ကမ္မဋ္ဌာန်းယောဂီတစ်ယောက်က ကမ္မဋ္ဌာန်းတရားတွေ ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့အသံကို ကြားနေခိုက်မှာ သေဆုံးကွယ်လွန်သွားတယ်။ ကွယ်လွန်တဲ့အခါ ဥဇ္ဈရီဆိုတဲ့ မင်းသမီးဖြစ်တယ်။ သံဝေဂတွေဖြစ်ပြီး ပရိဗိုဇ်မဝတ်ကာ တရားအားထုတ်တယ်။

တစ်ချိန်သောအခါ အိမ်သာကုဋီထဲ ဝင်သွားရာတွင် လောက်တွေကို ကြည့်ပြီးတော့ ရှုလိုက်တာ ပထမစျာန်ရသွားတယ်။ ကွယ်လွန်သွားတဲ့အခါ ပထမစျာန်ဗြဟ္မာပြည်မှာ ကမ္ဘာနဲ့ချီပြီးတော့ ဗြဟ္မာတို့စည်းစိမ်ကို ခံစား စံစားရတယ်။ ပထမစျာန်ရဲ့ အစွမ်းသတ္တိတွေ ကုန်သွားတဲ့အခါ၊ ဗြဟ္မာသက်တမ်းတွေ ကုန်သွားတဲ့အခါ လူပြည်မှာ သူဌေးသမီးဖြစ်တယ်။ မကောင်းမှု အကုသိုလ်ကံတွေ ပြုလုပ်မိတဲ့အတွက်ကြောင့် ငါဘုရားပွင့်တော်မူလာတဲ့ ယခုအချိန်အခါမှာ ဝက်မလေးလာဖြစ်နေရတယ်"။

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော်တွေး ထောက်ဆ သိမြင်ကြတဲ့ အို . . . ချစ်သား၊ ချစ်သမီးတို့၊

အဋ္ဌ = ရှစ်ပါးကုန်သော၊

ဣမေ လောကဓမ္မာ = ဤလောကဓံ တရားတို့သည်၊

လောကံ = လူအပေါင်း၊ သတ္တဝါအပေါင်းကို၊

အနုပရိဝတ္တန္တိ = အစဉ်လိုက်၍ နေကြလေကုန်၏။

လောကောစ လောကဓမ္မေ အနုပရိဝတ္တန္တိ။

လောကောစ = လူအပေါင်း၊ သတ္တဝါအပေါင်းသည်လည်း၊

လောကဓမ္မေ = လောကဓံရှစ်ပါးသို့၊

အနုပရိဝတ္တန္တိ = အစဉ်လိုက်၍ နေကြလေကုန်၏။

ဣတိ = ဤသို့၊

ဘဂဝါ = မြတ်စွာဘုရားသည်၊

အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၂) ကမ္မပဒ္ဓဉ်းဖြင့် ဝိပဿနာရှုမှတ်ပုံ

လောကဓံရှစ်ပါးတရားတွေဟာ လောကကြီးမှာ နေထိုင်တဲ့လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေနောက်ကို အစဉ်မပြတ်ဘဲ လိုက်နေကြတာပါပဲတဲ့။ တစ်နည်းအားဖြင့်သော်လည်း လောကထဲမှာ နေထိုင်တဲ့ လူတွေ၊ ပုဂ္ဂိုလ်

လူဘောင်လူလောကမှာ မနေချင်တော့ဘူး။ အမတ်ကြီးထံခွင့်တောင်းပြီးတော့ သာသနာဘောင်သို့ ဝင်လာတယ်။ သာသနာဘောင်သို့ဝင်ပြီး တရားအားထုတ်တယ်။ မဟာသတိပဋ္ဌာနသုတ်တရားကို နာကြားရတဲ့အခါ သောတာပန်ဖြစ်သွားတယ်။ သောတာပန်ဖြစ်ပြီးနောက်တော်တော်ကြာတော့ အာသီဝိသောပမသုတ္တန်ကို ထပ်နာရသောကြောင့် ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတဲ့အခါ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးမှာ သူ့ဘဝအကြောင်းတွေအားလုံး ဘိက္ခုနီသံဃာရဟန်းမိန်းမတို့အား ဟောကြားလိုက်ပါတယ်။ (၁၃)ဘဝ ကျင်လည်ခဲ့ရပြီးမှ ပရိနိဗ္ဗာန် ဝင်စံခဲ့ရတယ်။ ဘဝများစွာ ဂတိ(၅)ဖြာလည်ပုံ၊ လူဖြစ်လိုက်၊ ကြက်ဖြစ်လိုက်၊ ဝက်ဖြစ်လိုက် မလည်ခဲ့ရပါဘူးလား . . . လည်ခဲ့ရပါတယ်ဘုရား။

ဒီနေရာမှာ တန်ခိုးအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တို့ ကျေးဇူးများတယ်ဆိုတာ သိသာတယ်။ ဒီဆရာတော်ကြီးကသာ ဒီအမျိုးသမီးကို ဒီလို အတိတ်အကြောင်းတွေ ပြန်ပြီးတော့ မပြောလိုက်ဘူးဆိုရင် ဒီအမျိုးသမီး သံဝေဂရပ့်မလား . . . မရပါဘုရား။ အဘိညာဉ်သမာပတ်နဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးဆိုတော့ "ဝက်မလေးဟာ ဒီမှာ အမတ်ကြီးကတော် ဘယ့်နယ်လာဖြစ်နေသလဲ၊ ဖြစ်နေပါပကော"လို့ ရဟန်းတော်သံဃာတော်တွေကို ခပ်ကျယ်ကျယ် မိန့်ကြားနေတာကို အမျိုးသမီးကြားလိုက်တော့ ထိတ်လန့်ပြီး သံဝေဂဖြစ်တယ်။ ဇာတိဿရဉာဏ် ချက်ချင်းဖြစ်ပြီးတော့ သာသနာဘောင်သို့ ဝင်ဖြစ်သွားတယ်။

အဘိညာဉ်သမာပတ်ရတဲ့ပုဂ္ဂိုလ်ရဲ့ အထောက်အပံ့ရတော့လည်း တရားထူးတရားမြတ်ရဖို့ရာ အခွင့်ကောင်းတစ်ခု ဖြစ်သွားပေတယ်။ ဂတိ(၅)ဖြာ ချာချာလည်ရပုံလေး . . . အဲဒီသာဓကနဲ့ ပြည့်စုံထင်ရှားပါပြီ။

ထိုကဲ့သို့ ကံစီမံလို့ ဥပပတ္တိဘဝတွေမှာ ဆန်းကြယ်စွာ ဖြစ်ခဲ့ရပုံများမှာ တစ်ခါတစ်ရံ အလွန်မြင့်မြတ်တဲ့ ဘဝမျိုးတွေ ရောက်သွားကြတယ်။ တစ်ခါတစ်ရံကျတော့လည်း ယုတ်နိမ့်တဲ့ ဘဝတွေ ရောက်သွားကြတယ်။ တစ်ခါတစ်ရံတော့လည်း အလွန်ဆင်းရဲဒုက္ခရောက်တဲ့ ဘဝ၊ တစ်ခါတစ်ရံ အလွန်ချမ်းသာတဲ့ဘဝ၊ ဥပပတ္တိဆိုတဲ့ ဘဝတွေမှာ မြင့်လိုက်နိမ့်လိုက်၊ ချမ်းသာလိုက်ဆင်းရဲလိုက်၊ ပြည့်ပြည့်စုံစုံရှိလိုက် မပြည့်မစုံရှိလိုက်။ အဲဒီလို ဘဝများစွာမှာ မြင့်လိုက်နိမ့်လိုက်နဲ့ ဖြစ်နေရတာ၊ ကျင်လည်နေရတာ ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲ ဖြစ်တယ်။ အဲဒါလေးမှတ်မိရအောင် ဆောင်ပုဒ်ဆိုရအောင် -။

ဆောင်ပုဒ်။ ။ ဘဝများစွာ၊ မြင့်နိမ့်တာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ကမ္မနာနာကရဏံ ပဋိစ္စ သတ္တာနံ
အတ္တဘာဝေ နာနာကရဏံ ပညာယတိ။

ကမ္မနာနာကရဏံ = ကံ၏ အသီးသီးကွဲပြားသည်ကို ပြုတတ်သော အထူးကို၊
ပဋိစ္စ = စွဲ၍၊
သတ္တာနံ = သတ္တဝါတို့၏၊
အတ္တဘာဝေ = အတ္တဘော၌၊
နာနာကရဏံ = အသီးသီးကွဲပြားသည်အဖြစ်ကို ပြုတတ်သော အထူးသည်၊
ပညာယတိ = ထင်၏။

ပါဠိတော်တွေမှာလာတဲ့စကားတွေကို အဋ္ဌကထာတွေမှာ အထက်ပါအတိုင်း ဖွင့်ပြထားပါတယ်။ ဘဝါဘဝတွေ အတ္တဘောတွေ ဖြစ်ရတဲ့အခါ တချို့တချို့ဘဝတွေမှာ အလွန်လှ အလွန်တင့်တယ်၊ တချို့တချို့ဘဝတွေမှာ မြင်လို့မကောင်း၊ ရှုလို့မကောင်း အလွန်အရုပ်ဆိုးကြတယ်။ တချို့တချို့သောဘဝတွေမှာ ခန္ဓာကိုယ်တွေဟာ အလွန့်အလွန်ပြည့်စုံတယ်။ တချို့တချို့သော ဘဝတွေမှာ မပြည့်စုံပေဘူး။ ခြေလက်အင်္ဂါတွေ ချို့တဲ့လို့၊ အဆင်းသဏ္ဌာန်တွေ ပျက်လို့။ အဲဒီလို ဘဝတွေမှာ အမျိုးမျိုး တင့်တင့်တယ်တယ်ဖြစ်လိုက်၊ အလွန်ဆိုးဝါးတဲ့ ဘဝမျိုးတွေမှာဖြစ်လိုက်နဲ့ ဒီလိုတင့်တယ်ခြင်း၊ မတင့်တယ်ခြင်း၊ လှပခြင်း၊ မလှပခြင်း အမျိုးမျိုးတွေဖြစ်ရတာလည်း ဘာကြောင့်လဲဆိုတော့ ကံကြောင့်ပဲဖြစ်တယ်။ အဲဒါလေးလည်း ဆောင်ပုဒ်ဆိုရအောင်။

ဆောင်ပုဒ်။ ။ အတ္တခန္ဓာ၊ လှမလှတာ၊ မှန်စွာကံကြောင့်ဖြစ်ပေသည်။

ခန္ဓာကိုယ်အတ္တဘောတွေ ဖြစ်ရတဲ့အခါ တချို့တချို့သောဘဝတွေမှာ သိပ်ပြီးတော့ တင့်တယ်လှပတယ်။ တချို့တချို့သော ဘဝတွေမှာလည်း မြင်မကောင်း၊ ရှုမကောင်း အမျိုးမျိုးဖြစ်ရတာလည်း ကံကြောင့်ဖြစ်ရတာပဲဖြစ်တယ်။

ဆောင်ပုဒ်။ ။ လောကဓံရှစ်ဖြာ၊ တွေ့ကြုံတာ၊
မှန်စွာကံကြောင့် ဖြစ်ပေသည်။

အဋ္ဌမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ။

အထူးတွေ ဆတက်ထမ်းပိုး တိုးပြီးတော့ ပြုမှုတော်မယ်လို့ ဒီလိုအသင့်အတင့် နှလုံးသွင်းလိုက်လျှင် ဤလောကဓံတရား ပေါများတဲ့ လောကဓံတရားကြောင့် ဘာဖြစ်လာမလဲဆိုတော့ ကုသိုလ်တွေ မဖြစ်လာဘူးလား . . . ဖြစ်ပါတယ်ဘုရား။ ဒီပေါများတဲ့ ပစ္စည်းပစ္စယတွေ အမှီပြုပြီးတော့ ကုသိုလ်ကောင်းမှုတွေ ရှေးကထက်ဆတက်ထမ်းပိုး တိုးပြီးတော့ လုပ်နေမယ်လို့ နှလုံးသွင်းလိုက်တာနဲ့ ဒီလောကဓံကြောင့် ကုသိုလ်တွေ ဖြစ်လာတယ်။ နှလုံးမသွင်းတတ်ရင်တော့ မြတ်စွာဘုရားလက်ထက်က ဟောကြားခဲ့တဲ့ သူဌေးသားတွေလိုပဲ အပါယ်ငရဲသို့ ကျသွားမှာ ဖြစ်တယ်။ ပစ္စည်းပစ္စယတွေ ပေါများအားကြီးတော့ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ကြပေဘူး။ ဒုစရိုက်အမျိုးမျိုးတွေပြုတော့ အကုသိုလ်တွေ ဖြစ်ပြီး အပါယ်ငရဲကို ကျသွားရတယ်။

လောကဓံတရားနဲ့ တွေ့ရတဲ့အခါ ချမ်းသာပေါများတဲ့လောကဓံနဲ့ တွေ့ရင်လည်း အသင့်အတင့် နှလုံးသွင်းပြီးတော့ သည်းခံနိုင်ရမယ်။ ဆင်းရဲတဲ့လောကဓံနဲ့ တွေ့ရရင်လည်း ဒီလိုပဲ အသင့်အတင့် နှလုံးသွင်းရမှာပဲ။ ဒီလို မိမိမှာ ပစ္စည်းပစ္စယတွေ ရှားပါးနေတာဟာ မိမိအတိတ်က ကောင်းခဲ့လို့လား၊ မကောင်းခဲ့လို့လား၊ မကောင်းခဲ့ကြလို့။ ဒါနကုသိုလ်တွေ နည်းခဲ့ကြလို့၊ မကောင်းခဲ့ကြလို့ အခုလို ရှားပါးနေတာပဲ။ ဒီဘဝမှာ အကောင်းဆုံးကုသိုလ်ဖြစ်နိုင်အောင် ဓမ္မိယလဒ္ဓရတဲ့ ပစ္စည်းတွေ လျှဒါန်းမယ်လို့ ဒီလိုနှလုံးသွင်းလိုက်လျှင် လောကဓံတရားကို သည်းခံနိုင်တာပါပဲ။

ရှားပါးတဲ့လောကဓံတရား လာဘ်နည်းတဲ့လောကဓံတရားကိုလည်း သည်းခံနိုင်သွားပေတယ်။ သတိပဋ္ဌာန်ဝိပဿနာတရား အခြေ

သတ္တဝါတွေကလည်း လောကဓံရှစ်ပါးနောက်ကို လောကဓံရှစ်ပါးရှိရာသို့ အမြဲသွားနေကြတာပဲ။ အဲဒီလို မြတ်စွာဘုရားက ဟောကြားထားပါတယ်။ ရင်ဆိုင်နေရတာပဲ၊ ဘယ်ပုဂ္ဂိုလ်မှ မလွတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ လောကဓံရှစ်ပါးကို ရှောင်ကွင်းလို့ မရပေဘူးတဲ့။ ဒီလောကဓံရှစ်ပါးကလည်း ပုဂ္ဂိုလ်သတ္တဝါတွေနောက်သို့ အစဉ်လိုက်နေတယ်။ အမြဲရင်ဆိုင်နေကြရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ကင်းကြပေဘူး။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေလည်း လောကဓံရှစ်ပါးနှင့် ကင်းကြပါရဲ့လား . . . မကင်းကြပါဘုရား။ လောကဓံတရားရှစ်ပါး တွေ့နေကြရတာပါပဲ။ လောကဓံတရားရှစ်ပါးနဲ့ တွေ့တဲ့အခါ -

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

လောကဓမ္မေဟိ = လောကဓံတရားရှစ်ပါးတို့နှင့်၊
ဖုဋ္ဌဿ = တွေ့ထိသော၊
အဿ = ထိုပုဂ္ဂိုလ်အား၊
စိတ္တံ = စိတ်သည်၊
န ကမ္ပတိ = မတုန်လှုပ်၊ မတုန်လှုပ်လို့ရှိရင်တော့ မင်္ဂလာဖြစ်တယ်။ တုန်လှုပ်လို့ရှိရင်တော့ အမင်္ဂလာ၊ အကုသိုလ်တရားတွေ ပွားများတယ်။

လောကဓံရှစ်ပါးတရားတွေ ရှောင်ကွင်းလို့မရ၊ တွေ့ရမှာမုချပဲ။ တွေ့တဲ့အခါမှာ မတုန်မလှုပ်ရအောင် သည်းခံနိုင်ဖို့ပါပဲ။ မတုန်လှုပ်အောင် ယောနိသောမနသိကာရဖြင့် စောင့်ရှောက်ရမယ်။ ကာကွယ်

ရမယ်။ အကောင်းဆုံးကတော့ သတိပဋ္ဌာန်ဝိပဿနာတရားတွေနဲ့ ကာကွယ်လို့ရှိရင် အကောင်းဆုံးပါပဲ။ လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါ သတိပဋ္ဌာန်ဝိပဿနာတရား အခြေခံရှိတဲ့ပုဂ္ဂိုလ်များကတော့ ရှုမှတ်မှုဖြင့် ကျော်လွန်သွားနိုင်မယ် ဖြစ်တယ်။ မတုန်လှုပ်ပေဘူး။ လောကဓံရှစ်ပါး သရုပ်ကလေးလည်း ဆိုရအောင်။

လောကဓံရှစ်ပါးက -

လာဘော အလာဘော၊ ယသော အယသော၊

နိန္ဒာ ပသံသာ၊ သုခါ ဒုက္ခာ - ဆိုတဲ့ လောကဓံရှစ်ပါးဖြစ်တယ်။ အခုတရားနာပရိသတ်များနဲ့တကွ ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေ အမြဲတမ်း တွေ့နေကြရပေတယ်။ အဲဒါလည်း ဘာကြောင့်လဲ၊ ကံကြောင့်ပဲဖြစ်တယ်။ လောကဓံရှစ်ပါး ဆောင်ပုဒ်ကလေးတွေ ဆိုရအောင် -။

ဆောင်ပုဒ်။ ။ လာဘ်ရမျှားခြင်း၊ လာဘ်နည်းခြင်း၊ ဖြစ်ခြင်း လောကဓံ။

ကံကြောင့် လာဘ်လာဘတွေ အလွန်ပေါများတယ်။ လိုချင်တာတွေ အားလုံးရ။ စိတ်ထဲက လိုချင်လိုက်၊ ကြံစည်စိတ်ကူးတာတွေ ရလာတယ်။ ရှာဖွေလိုက်ရင်လည်း လွယ်လွယ်နဲ့ရလာတယ်။ အဲဒီလို လာဘ်လာဘတွေ ပေါပေါများများ ရတာဟာလည်း လောကဓံတရားပဲတဲ့။ လာဘ်ရခြင်းအားကြီးတော့ လာဘ်လာဘပစ္စည်းဥစ္စာတွေ ပေါများတဲ့ပုဂ္ဂိုလ်တွေ အသင့်အတင့် နှလုံးသွင်းတတ်၊ အသုံးချတတ်ရင် ကုသိုလ်တရားတွေ ဖြစ်တာပါပဲ။ အသင့်အတင့် နှလုံးမသွင်းတတ်၊ အသုံးမချတတ်ဘူးဆိုရင် အကုသိုလ်တရားတွေ မဖြစ်ဘူးလား . . .

ဖြစ်ပါတယ်ဘုရား။ လောကဓံတရား တိုက်ခတ်တာတွေကို မခံနိုင်ကြဘဲ ဖြစ်ကြရတယ်။

ပစ္စည်းပစ္စယတွေ ပေါများလို့ အပါယ်ငရဲသို့ ကျကျသွားတဲ့ ပုဂ္ဂိုလ်တွေ မြတ်စွာဘုရားလက်ထက်က အမြောက်အများရှိတယ်။ မြတ်စွာဘုရား ဟောထားပါတယ်။ သူဌေးသားတွေ ငရဲကျသွားတယ်။ အဲဒါတွေ လာဘ်လာဘပေါများလို့ လောကဓံဒဏ်ကို မခံနိုင်ကြလို့ ငရဲကျသွားတာပင်ဖြစ်တယ်။

လာဘ်လာဘနည်းတာဟာလည်း လောကံတရားပဲ။ ရှားရှားပါးပါး ရှာဖွေလို့မရတော့ အကုသိုလ်တွေ မဖြစ်ကြပါဘူးလား . . . ဖြစ်ကြပါတယ်ဘုရား။ ခိုးတာ၊ တိုက်တာ၊ လုယက်တာတွေ ဖြစ်လာတယ်။ လောကဓံဒဏ်ကို မခံနိုင်လို့ပါပဲ။ ပေါပေါများများ လာဘ်လာဘတွေရတာလည်း လောကဓံပဲ။ ဒါကိုလည်း သည်းခံနိုင်ရမယ်။ ရှားရှားပါးပါး ဖြစ်လာတဲ့အခါမှာ ဒါလည်း လောကဓံပဲ။ ဒါကိုလည်း သည်းခံနိုင်ရမယ်။ သည်းခံနိုင်တာကတော့ ယောနိသောမနသိကာရ အသင့်အတင့်နှလုံးသွင်းဖြင့် သည်းခံနိုင်တယ်။ မိမိလာဘ်လာဘတွေ ပေါများလာ၊ လွယ်လွယ်နဲ့ရလာတာဟာ မိမိအတိတ်ဘဝက ကောင်းခဲ့လို့လား၊ မကောင်းခဲ့လို့လား . . . ကောင်းခဲ့လို့ပါဘုရား။ ကောင်းတဲ့ကုသိုလ်များခဲ့လို့ ဖြစ်တယ်။ ကုသိုလ်ကံများခဲ့လို့ အခုဘဝမှာ ပေါပေါများများ ဖြစ်လာတယ်။

အဲဒီလာဘ်လာဘတွေကို တွယ်တာနေလို့တော့ မတော်ပေဘူး။ နောက်နောင်ဘဝတွေမှာ ဒီလိုပဲ ပေါပေါများများ ကောင်းမှုတွေကို ဆက်ကာဆက်ကာ ပြုသွားနိုင်ဖို့ရာ အခုဘဝမှာ ကောင်းမှုကုသိုလ်

ဆောင်ပုဒ်။ ။ ချမ်းသာပြန်ခြင်း၊ ဆင်းရဲခြင်း၊ ဖြစ်ခြင်းလောကဓံ။

ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ။ ချမ်းသာလိုက်တာ အဖက်ဖက်က ပြည့်စုံနေတယ်။ တစ်ခါတစ်ရံကျပြန်တော့လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်လိုက်တာ ဘာမှမပြည့်စုံဘူး။ ကိုယ်ကလည်းဆင်းရဲ၊ စိတ်ကလည်းဆင်းရဲ။ အမျိုးမျိုးဖြစ်နေရတယ်။ တရားနာပရိသတ်များမတွေ့ကြရပါဘူးလား . . . တွေ့ကြရပါတယ်ဘုရား။ တစ်ခါတစ်ရံကျတော့လည်း ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ၊ တစ်ခါတစ်ရံကျတော့လည်း ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်ရတယ်။ ဘဝါဘဝတွေမှာလည်း ဒီလိုပဲ၊ တချို့တချို့ဘဝတွေမှာ တစ်ဘဝလုံး ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ တချို့တချို့ဘဝတွေမှာ တစ်ဘဝလုံး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနဲ့ တစ်ဘဝတာ ကုန်သွားရတယ်။

အဲဒီလို လောကဓံတရားတွေနှင့် တွေ့ရတာဟာ၊ ကြုံရတာဟာ ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲ။ နာနက္ခဏိကကံကြောင့် ဘဝါဘဝတွေမှာ ကံကစီမံခဲ့တာဖြစ်တယ်။ လောကဓံတရားတို့တွင် ကောင်းတဲ့လောကဓံတရားနဲ့ တွေ့တဲ့အခါ ကောင်းတဲ့ကံက စီမံပေးလိုက်လို့ ကောင်းတဲ့လောကဓံနဲ့ တွေ့ရတာဖြစ်တယ်။ မကောင်းတဲ့လောကဓံတွေ တွေ့ရတဲ့အခါကျတော့ အကုသိုလ်ကံတွေက စီမံပေးလိုက်လို့ မကောင်းတဲ့လောကဓံနဲ့ တွေ့ရတာဖြစ်တယ်။ တရားနာပရိသတ်များ ထိုထိုဘဝတွေမှာ ကုသိုလ်ကံတွေလည်း ရှိခဲ့ကြလို့၊ အကုသိုလ်ကံတွေလည်း ရှိခဲ့ကြလို့ ဖြစ်ကြရတယ်။

အခုတရားနာပရိသတ်များကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ

ခံရှိတဲ့ပုဂ္ဂိုလ်ကျတော့ သတိပဋ္ဌာန်ဝိပဿနာတရား ပွားများလိုက်ရင် အကုန်လွန်မြောက်သွားတာပါပဲ။ ပထမလောကဓံကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဒုတိယလောကဓံကို သွားကြစို့ ။၏

ဆောင်ပုဒ်။ ။ ခြံရံများခြင်း၊ နည်းပါးခြင်း၊ ဖြစ်ခြင်းလောကဓံ။

တစ်ခါတစ်ရံတော့ အခြံအရံပရိသတ်တွေ၊ အပေါင်းအဖော်တွေ၊ မိသားစုတွေ၊ မိတ်ဆွေသင်္ဃာတွေ သိပ်များတယ်။ တချို့တချို့ဘဝတွေမှာ ကူညီမည့်သူ၊ စောင့်ရှောက်မည့်သူ သိပ်များခဲ့ကြတယ်။ တချို့တချို့ဘဝတွေမှာ တစ်ခါတစ်ရံကျပြန်တော့လည်း အခြံအရံပရိသတ်တွေ မရှိဘူး။ ကိုယ်တစ်ယောက်တည်းပဲ ဘာကိစ္စမှ အလွယ်တကူပြုလုပ်လို့ မရပေဘူး။ အခြံအရံပရိသတ်က အလွန်နည်းပါးတယ်။ အဲဒီလို အခြံအရံပရိသတ်တွေ များပြားတာ၊ နည်းပါးတာဟာလည်း ဘယ်သူ့ကြောင့်လဲဆိုတော့ ကံကြောင့်ပဲ။ အခြံအရံနည်းပါးတာလည်း လောကဓံ။ အခြံအရံများပြားတာလည်း လောကဓံ။ အခြံအရံပရိသတ်တွေ သိပ်များတော့ အကူအညီတွေ သိပ်ရတော့ မာန်မာနတွေ သိပ်တက်သွားရင်လည်း လောကဓံတရား အရှိုက်အခတ်ကိုခံရတာပါပဲ။

အခြံအရံတွေနည်းလို့ အားတွေ သိပ်ငယ်နေလို့ရှိရင်လည်း လောကဓံတရား အတိုက်ခံရတဲ့အတွက်ကြောင့် အကုသိုလ်တရားတွေ ပွားများတာပါပဲ။ ပေါများတာလည်း လောကဓံပဲ။ နည်းပါးသွားတာလည်း လောကဓံပဲ။ အခု လောကမှာ ထင်ရှားတာတော့ ဆုတ်ယုတ်သွား၊ နည်းပါးသွားတာကိုသာ လောကဓံတရားနဲ့ တွေ့ရတယ်လို့ ဒီလိုအများက ပြောကြတယ်။ ဟုတ်ပါရဲ့လား . . . မဟုတ်ပါ

ဘုရား။ မဟုတ်ပေဘူး။ များပြားတာလည်း လောကဓံပဲ။ ဒါလည်း အင်မတန် သတိထားရပါတယ်။

ပေါပေါများများ ကြွယ်ကြွယ်ဝဝ သိုင်းသိုင်းဝန်းဝန်းရှိကြတဲ့ ပုဂ္ဂိုလ်တွေမျာ တစ်ရံတစ်ခါ အမှားတွေ အမှားတွေ ဖြစ်သွားတတ်ကြပေတယ်။ လောကဓံဒဏ် မခံနိုင်တဲ့အတွက်ကြောင့် ဖြစ်ကြရပေတယ်။ ပေါများတဲ့လောကဓံက ပိုကြောက်စရာကောင်းပေတယ်။ ပြည့်စုံလေလေ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်လေ၊ လောကဓံတရားသဘောကို မထိန်းနိုင်လေ ဒုက္ခများလေ မဖြစ်တတ်ပါဘူးလား . . . ဖြစ်တတ်ပါတယ်ဘုရား။ ပေါများတာလည်း လောကဓံပဲ။ ဒုတိယလောကဓံပြီးတော့ တတိယလောကဓံ သွားကြစို့။

နိန္ဒာ ပသံသာ။

နိန္ဒာ = ကဲ့ရဲ့ခြင်းလည်းကောင်း၊
ပသံသာ = ချီးမွမ်းခြင်းလည်းကောင်း။

ဆောင်ပုဒ်။ ။ ကဲ့ရဲ့ပြန်ခြင်း၊ ချီးမွမ်းခြင်း၊ ဖြစ်ခြင်းလောကဓံ။

အကဲ့ရဲ့တာလည်း တစ်ခါတစ်ရံ ခံရတယ်၊ အချီးမွမ်းတာလည်း တစ်ခါတစ်ရံ ခံရတယ်။ အဲဒါတွေဟာ လောကဓံပါပဲ။ အဲဒီလောကဓံတွေ ဘာကြောင့်ဖြစ်တာလဲ၊ ကံကြောင့်ပဲ။ တစ်ခါတလေ ဘာမှ မိမိမှာ အပြစ်ရှိတာ မဟုတ်ပေဘူး။ အပြစ်မရှိဘဲနဲ့ အကဲ့ရဲ့တွေခံရတယ်။ အစွပ်စွဲတွေ ခံနေရတယ်။ အဲဒါ ဘာကြောင့်လဲ၊ အတိတ်ဘဝက ကံတွေကြောင့်ပဲ။ ကံက စီမံထားတာ။ ကံကြောင့်ဖြစ်တာ။

တစ်ခါတစ်ရံကျပြန်တော့လည်း အချီးမွမ်းတွေ ခံနေရပြန်တယ်။

ဂုဏ်သိက္ခာအမျိုးမျိုးတွေနဲ့ ပြည့်စုံလို့ အချီးမွမ်းတွေ ခံနေရတယ်။ တစ်ခါတစ်ရံကျပြန်တော့လည်း မိမိဂုဏ်သိက္ခာတွေ ဒီလောက်များစွာ ရှိတာမဟုတ်ဘူး။ ချီးမွမ်းချင်တဲ့ပုဂ္ဂိုလ်တွေက ချီးမွမ်းနေကြတယ်။ အဲဒီလို ချီးမွမ်းတာ၊ ကဲ့ရဲ့တာတွေလည်း လောကဓံတွေပဲ။ ချီးမွမ်းခံရလို့ရှိရင်လည်း သည်းမခံနိုင်တတ်တဲ့ပုဂ္ဂိုလ်၊ လောကဓံမခံတတ်တဲ့ပုဂ္ဂိုလ်မှာ အမှားမှားအယွင်းယွင်းတွေ ဖြစ်သွားတတ်တယ်။ ကဲ့ရဲ့တာကိုလည်း သည်းမခံတတ်လို့ရှိရင် အမှားမှားအယွင်းယွင်းတွေ မဖြစ်သွားတတ်ပါဘူးလား . . . ဖြစ်သွားတတ်ပါတယ်ဘုရား။

သည်းခံပုံတွေ ပါဠိတော်မှာ ဟောကြားထားပါတယ်။ အအေးဒဏ်၊ အပူဒဏ်တွေကိုလည်း သည်းခံရမှာပါပဲတဲ့။ တရားဓမ္မကို ဒီဘဝမှာပဲ အပါယ်တံခါးပိတ်တဲ့ အဆင့်ထိအောင် လိုချင်ကြတယ်ဆိုရင် အအေးအပူလည်း သည်းခံရမယ်။ မှက်၊ ခြင်၊ ယင် ကိုက်တာကိုလည်း သည်းခံရမယ်။ ဆာလောင်မွတ်သိပ်မှုကိုလည်း သည်းခံရမယ်။ သူတစ်ပါးတွေက မကောင်းသဖြင့် စွပ်စွဲပြောဆိုတာကိုလည်း သည်းခံနိုင်ရမယ်တဲ့။ ကိုယ့်ခန္ဓာကိုယ်ထဲက ရောဂါဝေဒနာတွေကိုလည်း သည်းခံရမှာပဲတဲ့။ သေလောက်အောင်ဖြစ်ရတဲ့ ရောဂါဝေဒနာတွေကိုလည်း သည်းခံပြီးတော့ အမှတ်ကို ကြိုးကြိုးစားစား မှတ်ရမယ်။ ကဲ့ရဲ့တဲ့စကားကိုလည်း တကယ်တမ်း တရားဓမ္မကို အလေးဂရုပြုတဲ့ပုဂ္ဂိုလ်၊ လိုချင်တဲ့ပုဂ္ဂိုလ်ဟာ သည်းခံရမှာပါပဲတဲ့။ ချီးမွမ်းတဲ့ တတိယလောကဓံပြီးတော့ -

နောက်စတုတ္ထက **သုခံ ဒုက္ခံ** ဖြစ်တယ်။
ဆောင်ပုဒ်ကလေး အရင်ဆိုကြစို့။

ခက်ခဲတဲ့ အဘိဓမ္မာတရားတွေ ခပ်များများ ခပ်ရှည်ရှည် ဟောကြား တော်မူပါတယ်။ ဥပါသကာတွေ စိတ်ပျက်သွားကြတယ်။ "ဒီလောက် နက်နဲခက်ခဲတဲ့တရားတွေကို ဒီလောက် ရှည်ရှည်လျားလျား ဟောရ သလား"ဆိုပြီး ကဲ့ရဲ့ကာ ထသွားကြတယ်။

ထသွားပြီး ဘယ်သူ့ဆီ ရောက်သွားသလဲဆိုရင် အရှင်အာနန္ဒာ ထံ သွားရောက်၍ ရှိခိုးကန်တော့ကြတယ်။ "အတုလဥပါသကာနှင့် တကွ ဥပါသကာ(၅၀၀) ဘယ်ကလာခဲ့ကြသလဲ"ဟု မေးတော်မူရာ "ရှေးဦးစွာ အရှင်ရေဝတထံ ချဉ်းကပ်ပြီးတော့ တရားနာရန် သွား ကန်တော့ကြပါတယ်ဘုရား။ တရားတစ်ပုဒ်မှ မဟောတဲ့အတွက်ကြောင့် စကားတစ်ခွန်းမှ မပြောတဲ့အတွက်ကြောင့် တပည့်တော်တို့ စိတ်ပျက် ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ဒုတိယ အရှင်သာရိပုတ္တရာမထေရ်ထံ သို့ ချဉ်းကပ်ပြီး တရားနာဖို့ရာ လျှောက်ထားခဲ့ကြပါတယ်ဘုရား။ သိမ်မွေ့နက်နဲ ခက်ခဲတဲ့ အဘိဓမ္မာတရားတွေ အရှည်ကြီး အကျယ်တဝင့် ဟောနေတော့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ယခု အရှင်ဘုရားထံမှ တရားနာရန် လာခဲ့ကြပါတယ်ဘုရား"ဟု လျှောက်ထားကြပေတယ်။

အရှင်အာနန္ဒာက သိလွယ်တဲ့၊ စိတ်ဝင်စားစရာကောင်းတဲ့ တရားတွေကို ဟောကြားပေးပါတယ်။ အနည်းငယ် အကျဉ်းချုပ်၍ ဟောကြားပေးပါတယ်။ သူတို့အတိုင်းအတာပမာဏနဲ့ မှန်းပြီးတော့ ဟောကြားပေးလိုက်ပါတယ်။ ဟောကြားလိုက်တော့ မကျေနပ်ကြပေ ဘူး။ "မြတ်စွာဘုရားတရားကိုပင် နှမြောနေတယ်၊ တရားတော်ကိုသော် မှ အတိုင်းအတာပမာဏနဲ့ ဟောတယ်"ဟု ကဲ့ရဲ့သွားကြပြန်တယ်။

ဉာဏ် အသိကရှိထားတော့ အကုသိုလ်ကံတွေတော့ နည်းနိုင်သမျှ နည်းအောင်၊ ကုသိုလ်ကံတွေကိုတော့ များနိုင်သမျှများအောင် ကြိုး ကြိုးစားစား အားထုတ်နေကြရပေတယ်။

ကံရဲ့အကြောင်းကို သိအောင် လေ့လာကြရပေတယ်။ ကမ္မ ဿကတာသမ္မာဒိဋ္ဌိဆိုတာ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ဖြစ်တယ်။ ကောင်းတာတွေဖြစ် တဲ့ ဒါနပြုလို့ရှိရင်၊ သီလဆောက်တည်လို့ရှိရင်၊ သမထဝိပဿနာတွေ ပွားများလို့ရှိရင် မိမိသန္တာန်မှာ ကုသိုလ်ကံတွေဖြစ်တယ်။ ကုသိုလ်ကံ တွေဟာ ဒီဘဝမှာလည်း ပထမဇော်စေတနာကံက အကျိုးပေးနိုင် တယ်။ သတ္တမဇော်စေတနာကံက ဒုတိယဘဝမှာလည်း အကျိုးပေးနိုင် တယ်။ အလယ်ဇော်စေတနာကံက တတိယဘဝမှစပြီးတော့ နိဗ္ဗာန် တိုင်အောင် ရည်မှန်းထားလို့ရှိရင် နိဗ္ဗာန်တိုင်အောင် ဒီကံတွေက အကျိုးပေးနိုင်တယ်။ လူသာလျှင် သေပျောက်သွားပါသော်လည်း ကံ ကတော့ မပျောက်ပေဘူး။ ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ကောင်း ကျိုးတွေသာ ပေးတယ်လို့ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိတယ်ဟု ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ကို ကမ္မဿကတာသမ္မာဒိဋ္ဌိ ဟု ခေါ်တယ်။

အကုသိုလ်ကံတွေ ဆိုတာဟာလည်း ပြုမိလို့ရှိရင် မိမိသန္တာန် မှာ အကုသိုလ်ကံဖြစ်တယ်။ လူသာလျှင် သေပျောက်သွားမယ်။ ဒီကံ ကတော့ မပျောက်ပေဘူး။ အရိပ်ပမာ နောက်ဘဝများသို့ လိုက်ပါသွား တယ်။ ဒီဘဝမှာလည်း မကောင်းကျိုးတွေပေးတယ်။ နောက်နောင် ဘဝတွေမှာလည်း ယုတ်နိမ့်ရာ ယုတ်နိမ့်ရာ ဘုံဘဝတွေမှာဖြစ်ရလို့

ယုတ်နိမ့်ရာ ယုတ်နိမ့်ရာ ဘုံဘဝတွေမှာ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ဖြစ်ရအောင် ဒုက္ခတွေလိုက်ပေးတယ်လို့ ယခုတရားနာပရိသတ်များ အကြွင်းမဲ့ ယုံကြည်ကြပေတယ်။ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ် ရှိတယ်။ အဲဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်တယ်။

ဒါကြောင့် အခုအချိန်အခါမှာ -

ကောင်းမှုကံတွေချည်းပဲ ပြုလုပ်နေကြရပေတယ်။ ဒါနလည်း လက်လှမ်းမီသမျှ ပြုလုပ်ကြရပေတယ်။ သီလလည်း ဆောက်တည်ကြရပေတယ်။ အထူးသဖြင့် သမထဝိပဿနာတရားတွေ ပွားများနေကြရပေတယ်။

ဒီမှာ လောကဓံတရား ဘယ်ပုဂ္ဂိုလ်မှ မကင်းနိုင်ဘူးဆိုတဲ့ သာဓကကလေး တစ်ခု နည်းနည်းပြောကြားပါဦးမည်။

ပဋ္ဌာန်းတရားတွေ၊ ပရမတ္ထတရားတွေ နာကြားကြရတာကြာတော့လည်း ပျင်းခြောက်သလို ရှိသွားတတ်ပါတယ်။ ဝတ္ထုကြောင်းတွေ၊ သုတ္တန်ဒေသနာတော်တွေ အနည်းငယ်ထည့်ပြီးတော့ ဟောကြားရပါတယ်။ လောကဓံတရားရှစ်ပါးနှင့်တွေ့ရတာ ဘယ်သူ့ကြောင့်လဲ၊ ကံကြောင့်တွေ့ရတာဖြစ်တယ်။ လောကဓံတရားတွေ ဘယ်ပုဂ္ဂိုလ်မှ မကင်းနိုင်ကြပေဘူး။ ပုထုဇဉ်ပုဂ္ဂိုလ်မဆိုထားနဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေတောင်မှ မကင်းကြပေဘူး။ လောကဓံတရားတွေနဲ့ တွေ့တဲ့အခါ မတုန်လှုပ်ဖို့ရာ အရေးကြီးပါတယ်။ လောကဓံတရားမကင်းတဲ့ သာဓကတွေ၊ ရဟန္တာပုဂ္ဂိုလ်လည်း မကင်းဘူးဆိုတဲ့ သာဓကတွေ ပြောပြပါမယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ သာဝတ္ထိပြည်သား အတုလဆိုတဲ့ ဥပါသကာနှင့် ဥပါသကာ(၅၀၀)တရားနာရန် ကျောင်းသို့ ထွက်လာကြတယ်။ ဘယ်သူ့ထံ အရင်သွားသလဲဆိုရင် အရှင်ရေဝတဆိုအရင်သွား၍ ဆည်းကပ်ရှိခိုး ကန်တော့ကြတယ်။ အရှင်ရေဝတက အလွန်စကားနည်းတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အချိန်ရှိသမျှ တစ်ပါးတည်းနေတတ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ စကားမပြောဘဲ သူ့ရဲ့ သမာပတ်ချမ်းသာနှင့်ပဲ နေတတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီလို ဥပါသကာတွေ ဦးစွာရှိခိုးကန်တော့တဲ့အခါ တစ်ခွန်းမှ မမေးလိုက်ပေဘူး။ နှုတ်လေးတောင် မဆက်လိုက်ပေဘူး။ တရားလည်း တခွန်းမှ မဟောပေဘူး။ ထိုအခါ ဥပါသကာတွေ ကဲ့ရဲ့ပြီးတော့ ထသွားကြတယ်။ အတုလဥပါသကာနှင့် ဥပါသကာ(၅၀၀) ထသွားကြတယ်။ ထသွားပြီးတော့ ဘယ်ရောက်သွားကြသလဲ၊ ဘယ်သူ့ဆီ သွားကြသလဲဆိုတော့ အရှင်သာရိပုတ္တရာထံ ရောက်သွားကြတယ်။

အရှင်သာရိပုတ္တရာမထေရ်ကို ရှိခိုးဦးချကန်တော့ကြတယ်။ အရှင်သာရိပုတ္တရာမထေရ်က မေးတော်မူပါတယ်။ "အတုလဥပါသကာနဲ့ ဥပါသကာအပေါင်းတို့ ဘယ်ကများ လာကြသလဲ"ဟု မေးတော်မူပါတယ်။ "တရားနာဖို့ရာ အရှင်ရေဝတထံမှ လာခဲ့ကြပါတယ်ဘုရား။ အရှင်ရေဝတက တရားစကား တစ်ခွန်းမှ မပြောလို့၊ တရားစကား တစ်ခွန်းမှ မဟောလို့ ထလာခဲ့ကြပါတယ်ဘုရား။ ယခုတရားနာချင်လို့ အရှင်သာရိပုတ္တရာထံ ဆည်းကပ်လာကန်တော့ကြပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။ အရှင်သာရိပုတ္တရာမထေရ်က နက်နဲသိမ်မွေ့

တော့ အတုလဉပါကကာနှင့်တကွ ဉပါသကာ(၅၀၀) သောတာပန် ဖြစ်သွားကြတယ်။

မြတ်စွာဘုရားနဲ့တွေ့ကြတော့ သောတာပန် ဖြစ်သွားကြတယ်။ တော်တော်နေရာကျသွားကြပေတယ်။ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တ အမှီရတော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တရားထူး တရားမြတ်တွေ ရသွားနိုင်တယ်။ ကလျာဏမိတ္တ သိပ်အရေးကြီးပါတယ်။ ကလျာဏမိတ္တ အမှီရတဲ့ပုဂ္ဂိုလ်များ မကြာခဏ မိမိတို့အလိုရှိအပ်တဲ့ တရားထူး တရားမြတ်တွေ ရသွားကြပေတယ်။

တစ်ရံသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်တယ်။ "မြတ်စွာဘုရား . . . ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်း ရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီဘဝမှာ အဘိညာဉ်သမာပတ် မဂ်ဖိုလ် တရားထူး တရားမြတ်တွေ ရဖို့ရာ တစ်ဝက်လောက်တော့ သေချာပြီဘုရား"လို့ သွားလျှောက်ထားတယ်။

မြတ်စွာဘုရားက ထိုလျှောက်ထားချက်ကို ကန့်ကွက်တယ်။ "ညီတော်အာနန္ဒာ . . . ဘယ်လိုပြောတာလဲ၊ ဒီလိုမပြောရပေဘူး။ ကလျာဏမိတ္တ အမှီရတဲ့ပုဂ္ဂိုလ်များ တရားရဖို့ရာ လုံးဝသေချာတယ်။ သူပါရမီအားလျော်စွာ လုံးဝသေချာတယ်"ဟု မိန့်ကြားတော်မူပါတယ်။ အတုလဉပါသကာနှင့် ဉပါသကာ(၅၀၀) မြတ်စွာဘုရားတည်းဟူသော အမှီရတော့ သောတာပန် မဖြစ်သွားပါဘူးလား . . . ဖြစ်သွားပါတယ် ဘုရား။

ကဲ့ရဲ့တာကတော့ ဘာမဆို ကဲ့ရဲ့ကြတာပါပဲ။ မြေကြီး၊ ဘုရား၊ လ၊ နေ၊ မင်း အားလုံးကို ကဲ့ရဲ့တယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရား

ထို့နောက် မြတ်စွာဘုရားထံ သွားရောက်ကာ ကန်တော့ကြတယ်။ မြတ်စွာဘုရားက "အတုလဉပါသကာနှင့် ဉပါသကာ(၅၀၀)တို့ ဘယ်ကများ လာခဲ့ကြသလဲ"ဟု မိန့်တော်မူပါတယ်။ "တပည့်တော်တို့ . . . ရှေးဦးစွာ အရှင်ရေဝတထံ တရားနာဖို့ရန် ချဉ်းကပ်လိုက်တော့ တရားတစ်ပုဒ်မှ မဟောလိုက်တာနဲ့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။ ဒုတိယ အရှင်သာရိပုတ္တရာထံ တရားနာဖို့ရာ ချဉ်းကပ်တော့ သိမ်မွေ့ခက်ခဲ နက်နဲတဲ့ အဘိဓမ္မာတရားတွေ အရှည်ကြီး ဟောနေတာနဲ့ တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား။

တတိယ အရှင်အာနန္ဒာထံ တရားနာဖို့ရန် ချဉ်းကပ်ပြီး လျှောက်ထားပါတယ်။ အရှင်အာနန္ဒာက တရားဟောပါတယ်ဘုရား။ သိလွယ်တဲ့တရားလေးတွေ၊ နာကြားလို့ကောင်းတဲ့တရားလေးတွေ အတိုင်း အတာပမာဏနဲ့ ဟောပါတယ်ဘုရား။ တရားကိုတောင်မှ ပြည့်ပြည့် စုံစုံ မဟောလို့ အတိုင်းအတာနဲ့ ဟောတဲ့အတွက်ကြောင့် တပည့်တော်တို့ စိတ်ပျက်ပြီး ထလာခဲ့ကြပါတယ်ဘုရား"ဟု လျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ "အတုလဉပါသကာနှင့် ဉပါသကာ(၅၀၀)တို့ . . . ကဲ့ရဲ့ခြင်းတရားတွေဆိုတာ ယခုမှဖြစ်တာမဟုတ်ပေ၊ ဟိုယခင် ကမ္ဘာဦးကာလ အချိန်အခါကတည်းက ရှိကြတာပဲ။ အဲဒီကဲ့ရဲ့တာတွေ၊ ချီးမွမ်းတာတွေဟာ ပဓာနမဟုတ်ပါဘူး။ မှန်ကန်ဖို့ရာက အဓိကပဲ။ လူမိုက်တို့ ကဲ့ရဲ့တာ၊ ချီးမွမ်းတာတွေဟာ အဓိကမဟုတ်ပါဘူး။ ပညာရှိတွေ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကသာ အဓိကဖြစ်တယ်။ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကို ခံကြရတာတော့ ဘယ်

ပုဂ္ဂိုလ်မှ မလွတ်ကြပါဘူး"လို့ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်ပါတယ်။

တရားမဟောတော့လည်း မကဲ့ရဲ့ပါဘူးလား . . . ကဲ့ရဲ့ပါတယ် ဘုရား။ တရားအရှည်ကြီး ဟောပြန်တော့လည်း ကဲ့ရဲ့ပြန်တယ်။ တရားအနည်းငယ် အတိုင်းအတာနဲ့ ဟောပြန်တော့လည်း ကဲ့ရဲ့တယ်။ အရှင် ရေဝတဆိုတာ ရဟန္တာ၊ အရှင်သာရိပုတ္တရာလည်း ရဟန္တာ၊ အရှင် အာနန္ဒာဆိုတာကတော့ သောတာပန်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေသော်မှ ကဲ့ရဲ့ခံရတယ်ဆိုတော့ တရားနာပရိသတ်များကော လွတ်ပါ့မလား . . . မလွတ်ပါဘုရား။ မလွတ်ပေဘူး။ ကဲ့ရဲ့ခံရတာ လောကဓံတရားပဲ။ အဲဒါကို သည်းခံကြရပါတယ်။

ပညာရှိပုဂ္ဂိုလ်များ ကဲ့ရဲ့တာ၊ ချီးမွမ်းတာကိုတော့ အမှန်အတိုင်း ဖြစ်တဲ့အတွက်ကြောင့် လိုက်နာပြီးပြုပြင်ကြရမှာဖြစ်တယ်။ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေ ကဲ့ရဲ့ချီးမွမ်းတာကိုတော့ အဓိကမထားရပေဘူး။ နှလုံးမသွင်းရပေဘူး။ အဲဒါလေးလည်း မှတ်မိရအောင် ဆောင်ပုဒ်လေးတွေ စီထားပါတယ်။ လိုက်ဆိုကြရအောင်။

ဆောင်ပုဒ်။ ။ တိတ်ဆိတ်များစွာ၊ နည်းငယ်သာ၊ ဟောတာ ကဲ့ရဲ့သည်။

တရားတစ်ပုဒ်မှမဟောတဲ့ အရှင်ရေဝတ ရဟန္တာကိုလည်း ကဲ့ရဲ့တာပါပဲ။ သိမ်မွေ့နက်နဲတဲ့ အဘိဓမ္မာတရားတွေ ရှည်ရှည်ဟောကြားပေးတဲ့ အရှင်သာရိပုတ္တရာကိုလည်း ကဲ့ရဲ့တာပဲ။ တရားကို ပုဂ္ဂိုလ်နှင့်မျှအောင် အတိုင်းအတာနဲ့ဟောတဲ့ အရှင်အာနန္ဒာကိုလည်း ကဲ့ရဲ့

တာပါပဲ။ လောကမှာ ဒီအတိုင်းပဲလို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ စကားမပြောတဲ့သူကိုလည်း ကဲ့ရဲ့တာပါပဲ။ စကားသိပ်များတဲ့ ပုဂ္ဂိုလ်ကိုလည်း ကဲ့ရဲ့တာပါပဲ။ စကားနည်းနည်းပြောတဲ့ ပုဂ္ဂိုလ်ကိုလည်း ကဲ့ရဲ့တာပါပဲ။ ပြည့်စုံအောင် မပြောပါဘူး၊ တိုတောင်းလိုက်တာ စသည်ဖြင့် ဖြစ်လာပြန်တယ်။ ဘယ်မှာ လွတ်နိုင်ပါသလဲ၊ ဘယ်မှာမှ မလွတ်နိုင်ပေဘူး။

ဆောင်ပုဒ်။ ။ မည်သူမဆို၊ ကဲ့ရဲ့ကို၊ လွတ်ကိုမလွတ်ပြီ။

ဘယ်ပုဂ္ဂိုလ်မှ ကဲ့ရဲ့တာ မလွတ်နိုင်ပေဘူး။ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ - "အပြစ်မရှိတဲ့ မြေကြီးဆိုတာရှိတယ်။ သူပေါ်မှာ ဘာတွေပဲ ပစ်ချပစ်ချ ပြန်မပြောတတ်တဲ့ မြေကြီးကိုပင် ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့ကြတာပါပဲ။ ပရိသတ်(၄)ပါးအလယ်မှာ တင့်တင့်တယ်တယ်နေတတ်တဲ့၊ တရားဓမ္မတွေ နိဗ္ဗာန်ရောက်သည်တိုင်အောင် ဟောပြတဲ့ မြတ်စွာဘုရားကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ" ဟု မိန့်ကြားတော်မူပါတယ်။

"အေးချမ်းစွာ ထွက်လာတဲ့ လမင်းကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ။ အပူငွေ့ကိုပေးတတ်သော နေမင်းကိုလည်း ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ။ မင်းကျင့်တရားနဲ့ ပြည့်စုံအောင်နေပြီး တိုင်းပြည်အုပ်ချုပ်နေတဲ့ မင်းကိုလည်း တစ်ခါတလေ ကဲ့ရဲ့ချင်တဲ့ပုဂ္ဂိုလ်က ကဲ့ရဲ့တာပါပဲ"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ အတုလဥပါသကာနှင့် ဥပါသကာ (၅၀၀)တို့ကို အဲဒီလို မိန့်ကြားပြီးတဲ့နောက် မြတ်စွာဘုရား တရားဟောပါတယ်။ တရားဟောကြားလိုက်

အဲဒီ ပိသုဏဝါစာကိုလည်း ရှောင်ကြဉ်ရမယ်။ မုသာဝါဒသိက္ခာပုဒ်နှင့် အလားတူလို့တဲ့။ ဖရုသဝါစာ - ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြောဆိုတဲ့စကား။ ဒါလည်း ရှောင်ကြဉ်ရမယ်။ မုသာဝါဒနှင့် အလားတူပဲ။ အဲဒီဖရုသဝါစာမှာ ယူဆပုံလေးတွေရှိတယ်။ နှုတ်က ကြမ်းကြမ်းတမ်းတမ်း ပြောဆိုငြားသော်လည်း စေတနာက မကြမ်းတမ်းဘူးဆိုရင် ဖရုသဝါစာ မဖြစ်ပေဘူး။

သားအမိသားအဖတွေ မိသားစုတွေ အတူတကွနေကြရတဲ့အခါ တစ်ခါတလေ စိတ်တိုင်းမကျကြလို့ တစ်ခါတစ်ခါ ကြိမ်းမောင်းငေါက်ငမ်းတဲ့စကားတွေ မပြောတတ်ကြပါဘူးလား . . . ပြောတတ်ကြပါတယ်ဘုရား။ ပြောတိုင်းပြောတိုင်း ဖရုသဝါစာဖြစ်ပြီလို့ဆိုရင်တော့ ဒုက္ခပါပဲ၊ ပြောတိုင်းမဖြစ်ပေဘူး။ နှုတ်ကပင် ကြမ်းငြားသော်လည်း စိတ်ကမကြမ်းရင်၊ စေတနာက မကြမ်းရင် ဖရုသဝါစာ မဖြစ်ပါဘူး။ စေတနာကြမ်းတာကသာလျှင် အဓိကပဲ။

တစ်ချိန်သောအခါ အတူတကွနေကြသည့် အမိနှင့်သား သဘောထားချင်း မတိုက်ဆိုင်ကြပေဘူး။ ခဏခဏခိုက်ရန်ဖြစ် စကားများတော့သားကပြောတယ်။ "မိခင်အိမ်မှာ မနေတော့ဘူး။ အရပ်တစ်ပါးသို့သွားတော့မယ်"ဟု ပြောတယ်။ မိခင်က "အေး . . . သွားချင်လည်းသွားပေါ့။ တောထဲရောက်ရင် မင်းကို တောထဲက ကျွဲရိုင်းမခတ်လို့သေလိမ့်မယ်၊ သေပါစေ"လို့ ပြောလိုက်တယ်။

မသွားစေချင်လို့ ပြောတာဖြစ်တယ်။ သားကတော့ "ကျွဲရိုင်းမခတ်လို့ သေချင်လည်း သေပါစေ"ဆိုပြီး သွားတယ်။ တောထဲရောက်သွားတော့ ကျွဲရိုင်းမတစ်ကောင်က ခတ်ဖို့ရာ အရှိန်အဟုန်နဲ့ ပြေးလာ

မိန့်ကြားတော်မူပါတယ်။ အကဲ့ရဲ့ကတော့ မလွတ်ကြပေဘူး။ ကိုယ့်မှာတရားရှိဖို့၊ အကဲ့ရဲ့ခံနိုင်ဖို့ သည်းခံနိုင်ဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်းမြတ်စွာဘုရား ဟောကြားလိုက်တော့ တရားထူးတရားမြတ်တွေ ရသွားကြတယ်။ အဲဒါလေးလည်း ဆောင်ပုဒ်ဆိုရအောင် -။

ဆောင်ပုဒ်။ ။ မြေကြီးဘုရား၊ လနေမင်းအား၊ မထားကဲ့ရဲ့သည်။

မြေကြီးကိုလည်း ကဲ့ရဲ့တာပဲ။ ဘုရားကိုလည်း ကဲ့ရဲ့တာပဲ။ လကိုလည်း ကဲ့ရဲ့တာပဲ။ နေကိုလည်း ကဲ့ရဲ့တာပဲ။ မင်းကိုလည်း ကဲ့ရဲ့တာပဲဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဆောင်ပုဒ်။ ။ လောကဓံမှ၊ မည်သူမျှ၊ လွတ်ရမရှိပြီ။

လောကဓံတရားမှ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ကြပေဘူး။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေလည်း လောကဓံတရားနဲ့ တွေ့ကြရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ တရားနာပရိသတ်များနှင့် ထိုထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကံကနေပြီး စီမံနေပုံ၊ ဘဝအမျိုးမျိုးတို့၌ ကျင်လည်နေရပုံ၊ ဘဝါဘဝတွေမှာ နိမ့်ကာမြင့်ကာ ဂတိ(၅)ဖြာ ချာချာလည်ရပုံတို့ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

(၃) ကမ္မပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ ဒီကံတွေ မကုန်သမျှကာလပတ်လုံး ဒီဂတိတွေမှာ ချာချာလည်လို့ မဆုံးပေဘူး။ ဒီကံတွေကုန်သွားမှသာ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို

ရသွားကြ၊ မျက်မှောက်ပြုသွားကြမှာဖြစ်တယ်။ ကံတွေကုန်အောင် ကျင့်ကြံအားထုတ်ဖို့ အရေးကြီးကြပေတယ်။ ကံတွေက ဘယ်နှမျိုးရှိလဲ၊ အကျဉ်းချုပ်အားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံဟု (၃)မျိုးရှိပါတယ်။

ကာယကံ - ကိုယ်၌ဖြစ်တဲ့ကံ၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားသမီး ဖျက်ဆီးခြင်း။ ဝစီကံ - နှုတ်၌ဖြစ်တဲ့ကံ၊ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြီး ပြောခြင်း၊ အကျိုးမရှိတဲ့ စကားတွေ အချိန်ကုန်ခံပြီးတော့ ပြောခြင်း။ မနောကံ - စိတ်၌ဖြစ်တဲ့ကံ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော (၃)မျိုးတို့တွင် အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ဥစ္စာတွေကို မတရားသဖြင့် လိုချင်တဲ့ အကြံအစည် လောဘ၊ ဗျာပါဒ - သေကြောင်းအကြံအစည်တွေ၊ သူတစ်ပါးတွေ ပျက်စီးသွားအောင်၊ သူတစ်ပါးတွေ ဆင်းရဲဒုက္ခရောက်သွားအောင် ကြံစည်ခြင်း၊ မိစ္ဆာဒိဋ္ဌိ - ကောင်းတာလုပ်လို့ကောင်းတဲ့ကံမဖြစ်၊ ကောင်းကျိုးတွေမခံစားရ၊ မကောင်းတာတွေပြုသော်လည်း မကောင်းတဲ့ကံမဖြစ်၊ မကောင်းတဲ့ အပြစ်ဒဏ်တွေ မခံရဘူးလို့ မှားမှားယွင်းယွင်း ယူထားတဲ့ မိစ္ဆာဒိဋ္ဌိဟူ၍ မနောကံ (၃)ပါးဖြစ်တယ်။

ကာယကံ(၃)ပါးဆိုတဲ့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားသမီးဖျက်ဆီးတာတွေကိုတော့ ဘာနဲ့ပယ်ရမလဲဆိုရင် သီလတရားနဲ့ ပယ်ရမယ်။ သီလဆောက်တည်ထားတဲ့ပုဂ္ဂိုလ်တွေ သူ့အသက်သတ်လို့ ဖြစ်ပါမလား . . . မဖြစ်ပါဘုရား။ သူ့ဥစ္စာ ခိုးနိုင်ပါတော့မလား . . . မခိုးနိုင်ပါဘုရား။ သူတစ်ပါးသားသမီး ဖျက်ဆီးနိုင်ပါ

တော့မလား . . . မဖျက်ဆီးနိုင်ပါဘုရား။ ကာယကံ(၃)ပါးကို သီလတရားနဲ့ ပယ်ရမယ်။

ဝစီကံ (၃)ပါးကိုလည်း သီလတရားနဲ့ပဲ ပယ်ရမယ်။ နှုတ်မှာဖြစ်ပေါ်လာတဲ့ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းခြင်း၊ အကျိုးမရှိတဲ့ စကားတွေ အချိန်ကုန်ခံ၍ ပြောခြင်းဆိုတဲ့ ဝစီကံ(၄)ပါးကိုလည်း သီလဆောက်တည်ထားတဲ့အခါ ဖြစ်နိုင်ပါသေးရဲ့လား . . . မဖြစ်နိုင်ပါဘုရား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်မှာ - ငါးပါးသီလကို အပြည့်အစုံ ဆောက်တည်တော့မယ်ဆိုလို့ရှိရင် မုသာဝါဒသိက္ခာပုဒ်နှင့် အလားတူ ပိသုဏာဝါစာသိက္ခာပုဒ်၊ ဖရုသဝါစာသိက္ခာပုဒ်၊ သမ္ဖပ္ပလာပသိက္ခာပုဒ် ဒီသိက္ခာပုဒ်တွေလည်း လိုက်နာစောင့်စည်းရမယ်။ မုသာဝါဒနှင့် အလားတူတဲ့အတွက်ကြောင့် ဖြစ်တယ်။

ပိသုဏာဝါစာဆိုတာ ဆရာတော်များက တရားနာပရိသတ်များနားလည်အောင် မြန်မာလို "ကုန်းတိုက်တယ်"လို့ ပြန်ဆိုထားတယ်။ ပါဠိမှာတော့ ပိယ+သုည။ ပိယ-က ချစ်တာ၊ သုည-က ဆိတ်သုဉ်းသွားအောင် ပြုလုပ်တာဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ချစ်ခင်နေတာကို အချစ်ဆိတ်သုဉ်းသွားအောင်၊ မုန်းတီးသွားအောင် ပြောပေးလိုက်တဲ့ စကားပဲဖြစ်တယ်။ ချစ်ခင်တဲ့ပုဂ္ဂိုလ်နှစ်ယောက် မုန်းသွားအောင်၊ မိမိကိုတော့ ချစ်ခင်လာအောင် ပြောဆိုခြင်းကို ကုန်းတိုက်တဲ့စကားဟု ဆရာ့ဆရာတော်ကြီးများက ပြန်ဆိုကြပါတယ်။

ဖြစ်တယ်။ သူကလည်း တရားထူး တရားမြတ်ရဖို့ရာ အနှောင့်အယှက် ဖြစ်ပေတယ်။ စိတ်ကြောင့်ကြမှုလေးတွေဖြစ်သည့် အဲဒီဗျာပါဒတွေကို လည်း ပယ်ရမှာပဲ။ ဘာနဲ့ပယ်ရမလဲဆိုရင် သူ့အစဉ်အတိုင်းဆိုရင် သမထသမာဓိနဲ့ ပယ်ရမယ်။ ပုတီးစိပ်လိုက်တယ်၊ သမထအာရုံတစ်ခုကို စူးစိုက်ပြီးတော့ ရှုလိုက်တယ်ဆိုရင် ဗျာပါဒဟာ ခေတ္တငြိမ်းသွားတယ်။

ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာအာရုံများကို စူးစိုက်ဆင်ခြင်လိုက်၊ နှလုံးသွင်းလိုက်၊ ပွားများလိုက်၍ သမထအာရုံတစ်ခုခုမှာ စိတ်ကိုငြိမ်အောင်ထားလို့ သမာဓိဖြစ်သွားတဲ့အခါ အဲဒီလို ပူပန်ကြောင့်ကြမှု ဗျာပါဒလေးတွေ ဖြစ်ပါတော့မလား . . . မဖြစ်တော့ပါဘုရား။ မဖြစ်တော့ပေဘူး။ စိတ်ဆိုတာ အာရုံ(၂)ခုမှာ တစ်ပြိုင်နက်ဖြစ်လို့ မရပေဘူး။ တစ်ခုသောအာရုံမှာ တည်ငြိမ်သွားရင် ဟိုက ဗျာပါဒလေးတွေ ပူပန်မှုတွေ အားလုံးပျောက်သွားနိုင်တယ်။ အဲဒီ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော မနောကံ(၃)ပါးကိုတော့ သမထဘာဝနာဖြင့် ပယ်ရမယ်။ စိတ်အစဉ်မှာဖြစ်နေတဲ့ မနောကံကိုတော့ ဘာနဲ့ပယ်ရမလဲ . . . သမာဓိနဲ့ ပယ်ရပါမယ်ဘုရား။ အစဉ်အတိုင်း ပယ်ပုံလေးဖြစ်တယ်။ ဆောင်ပုဒ်လေး ဆိုလိုက်ကြရအောင်။

ဆောင်ပုဒ်။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ ကံကိုကား၊ ပယ်ရှားမြတ်သမာ။

စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံ မနောကံ(၃)ပါးကိုတော့ သမာဓိဖြင့် ပယ်ရမယ်။ ကိုယ်နဲ့နှုတ်၌ ဖြစ်ပေါ်လာတဲ့ အကုသိုလ်

ပေတယ်။ အင်း . . . သူ့အမေပြောလိုက်တဲ့အတိုင်း အရှိန်ပြင်းစွာနဲ့ ပြေးလာတော့ သူဘယ်လိုမှ ရှောင်ကွင်းလို့ မရတော့ပေဘူး။ "မိမိမှာ အားကိုးစရာဆိုလို့ သစ္စာအဓိဋ္ဌာန်သာ အားကိုးစရာရှိတော့တယ်"ဟု သတိရကာ သစ္စာအဓိဋ္ဌာန်ပြုလိုက်ပါတယ်။

"သူ့အမေသည် တကယ်တမ်း သူ့ကို သေစေချင်တဲ့ စေတနာနဲ့ ကျိန်စာတိုက်တာဆိုရင်တော့ ကျွဲရိုင်းမခတ်လို့ သေပါစေသတည်း။ ဒီလိုမဟုတ်ပေဘူး။ မသွားစေချင်တဲ့ စေတနာနဲ့ပြောတာဖြစ်လို့ရှိရင်တော့ ကျွဲရိုင်းမ မခတ်ပါစေနဲ့"လို့ သစ္စာအဓိဋ္ဌာန်ပြုလိုက်တယ်။ ထိုအခါ ကျွဲရိုင်းမသည် ကြိုးနဲ့ချည်ထားလိုက်သလို ရပ်တန့်သွားလေ၏။ ထို့ကြောင့် မိခင်၏စကားသည် ဖရူသဝါစာ မဖြစ်ပေဘူး။ နှုတ်ကသာ ကြမ်း၍ စေတနာက မကြမ်းရင် ဖရူသဝါစာ မဖြစ်ပေဘူး။

နှုတ်ကတော့ ချိုချိုသာသာရှိတယ်။ စေတနာကကြမ်းရင်တော့ ဖရူသဝါစာ ဖြစ်တယ်ဆိုတဲ့ သာဓကမှာ -

တစ်ချိန်သောအခါ တိုင်းပြည်မှာ ပုန်ကန်သော လူဆိုးတစ်ယောက်ကို ဖမ်းလို့မိခဲ့သော် မင်းကြီးထံ ခေါ်လာခဲ့ရမယ်ဟု အမိန့်ထုတ်ထား၏။ တစ်နေ့သောအခါ မင်းကြီးသည် အမတ်ကြီးများ၊ မင်းသားငယ်များနှင့်အတူတကွ ညီလာခံဝင် အစည်းအဝေးထိုင်နေကြ၏။ ထိုအချိန်မှာ သူပုန်လူဆိုးကို ဖမ်းမိလာသဖြင့် မင်းကြီးထံ ခေါ်ဆောင်လာခဲ့ပေသည်။ မင်းကြီးက ဂုဏ်သရေရှိသည့် အမတ်ကြီးများ၊ မင်းသားငယ်များနှင့် အတူတကွ အစည်းအဝေးပြုနေခိုက်ဖြစ်သဖြင့် "ထိုလူဆိုးကို တောထဲခေါ်သွားပြီး ချမ်းချမ်းသာသာ အိပ်စေလိုက်ပါ"ဟု အမိန့်ပေးလိုက်လေ၏။ စင်စစ်တော့ "တောထဲခေါ်သွားပြီး သတ်ပစ်

လိုက်”ဟု ပြောတာဖြစ်ပေတယ်။

ဤကဲ့သို့ အမိန့်ပေးကာ ပြောလိုက်ခြင်းသည် နှုတ်ကသာချို၍ စေတနာက ကြမ်းသောကြောင့် ဖရူသဝါစာ ဖြစ်ပေတယ်။ စေတနာကလည်း ကြမ်းတယ်၊ နှုတ်ကလည်း ကြမ်းတယ်ဆိုရင်တော့ ဖရူသဝါစာဖြစ်တာ ထင်ရှားတယ်။ ဖရူသဝါစာကိုလည်း မုသာဝါဒနှင့် အလားတူဖြစ်၍ ရှောင်ကြဉ်ရပေတယ်။ လောကအကျိုးလည်းမရှိ၊ သံသရာအကျိုးလည်းမရှိတဲ့ စကားတွေကို အချိန်ကုန်ခံပြီး ပြောနေတဲ့စကားတွေဟာ သမ္ဖပ္ပလာပဖြစ်တယ်။ အဲဒီစကားကိုလည်း မုသာဝါဒနှင့် အလားတူ ရှောင်ကြဉ်ကြရပေတယ်။ သူနှစ်ဦးတို့၏ အချစ်ပျက်အောင် ကုန်းတိုက်တဲ့ ပိသုဏဝါစာကိုလည်း မုသာဝါဒနှင့် အလားတူ ရှောင်ကြဉ်ကြရပေတယ်။ အဲဒီဝစီကံ(၄)ပါးကိုလည်း သီလဖြင့်ပင် ပယ်ရပေတယ်။ ကိုယ်နှင့်နှုတ်မှာ ဖြစ်ပေါ်လာတဲ့ ကာယကံ (၃)ပါး၊ ဝစီကံ (၄)ပါးကို သီလဖြင့် ပယ်ကြရပေတယ်။ ဆောင်ပုဒ်ဆိုကြရအောင် -။

ဆောင်ပုဒ်။ ။ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ ကံကိုကား၊ ပယ်ရှားမြတ်သီလာ။

စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ မနောကံတွေဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ဖြစ်တယ်။ အဘိဇ္ဈာ - သူတစ်ပါးရဲ့စည်းစိမ်ကို မတော်မတရားနည်းနဲ့ ကိုယ့်စည်းစိမ်ဥစ္စာဖြစ်လာအောင် ကြံစည်တဲ့လောဘ၊ ဗျာပါဒ - သူတစ်ပါးတွေ ပျက်စီးကြောင်း ကြံစည်တဲ့ဒေါသ၊ မိစ္ဆာဒိဋ္ဌ - မှားယွင်းစွာယူတာ၊ တရားနာပရိသတ်များသန္တာန်မှာ အလွန်နည်းပါတယ်။ အဘိဇ္ဈာ- သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်လာ

အောင် မတော်မတရားနည်းနဲ့ ကြံစည်တဲ့လောဘ မရှိသလောက်နည်းပါးကြပါတယ်။ ဗျာပါဒ - သူတစ်ပါးကို သေကြောင်းအကြံအစည်၊ ဒါလည်း နည်းပါတယ်။ ဗျာပါဒအကြမ်းစားတော့ နည်းပါတယ်။

မိုးတွေရွာအားကြီးတော့ စိတ်အနှောင့်အယှက်တွေ ဖြစ်သွားတယ်ဆိုလို့ရှိရင် အဲဒါလေးတွေလည်း ဗျာပါဒဝိတက်ပါပဲတဲ့။ နွေအခါနွေရာသီမှာ အပူရှိန် အလွန်ပြင်းထန်လို့ တရားအားထုတ်တဲ့အခါမှာ စိတ်အနှောင့်အယှက်တွေ ဖြစ်သွားရင်လည်း ဗျာပါဒဝိတက်ပါပဲတဲ့။ ဆောင်းအခါမှာ အအေးဒဏ်တွေ အလွန်များလို့ အအေးဒဏ်ခိုပ်စက်လို့ စိတ်အနှောင်အယှက် ဖြစ်သွားရင်လည်း ဗျာပါဒဝိတက်ပဲဟု ဘုရားအလောင်းတော်သည် ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ဗျာပါဒဝိတက်ကို သိတော်မူပါတယ်။

မိုးရွာလို့၊ မိုးကြိုးလို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ နေပူရှိန်တွေ ပြင်းထန်လို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ အအေးဒဏ်တွေ ခိုပ်စက်လို့ စိတ်အနှောင့်အယှက်ဖြစ်တာလည်း ဗျာပါဒ၊ အဲဒီထိအောင် ဗျာပါဒဝိတက်လို့ ယူဆပါတယ်။ တရားထူးတရားမြတ်တွေကို ရဖို့ရာ စိတ်အနှောင့်အယှက်တွေဖြစ်တဲ့ ဗျာပါဒတွေကိုလည်း ဘုရားအလောင်းပယ်ပါတယ်။

တရားနာပရိသတ်များ သန္တာန်မှာလည်း သားကြောင့်၊ သမီးကြောင့်၊ ဇနီးကြောင့်၊ လင်ယောကျ်ားကြောင့်၊ ပစ္စည်းဥစ္စာအတွက်ကြောင့်၊ ဆွေမျိုးမိတ်သင်္ဂဟတွေကြောင့် ကြောင့်ကြမှုလေးတွေ မဖြစ်ကြပါဘူးလား . . . ဖြစ်ကြပါတယ်ဘုရား။ အဲဒါ ဗျာပါဒလေးတွေပဲ

ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တ အပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ် သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက် ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း . . . ။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၁၄) ဝိပါက ပစ္စယောတိ

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော၊ အညမညံ ဝိပါက ပစ္စယေန ပစ္စယော။

ဝိပါကပစ္စည်း ။ ။ (၁) အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

(၂) အိပ်ပျော်၍ နေစဉ်အခါ၌ ဘဝင်မနော တို့၏ ငြိမ်သက်မှုကို "ဝိပါကပစ္စည်း" ဆိုသတည်း။

စဉ်	ပစ္စည်း	ပစ္စယုပ္ပန်	ပစ္စယသတ္တိများ
၁	နာမ်	နာမ် + ရူပ်	ဝိပါက

(ဟေတု၊ စျာန၊ မဂ္ဂ၊ ကမ္မ)

ကာယကံ၊ ဝစီကံတွေကိုတော့ သီလနဲ့ ပယ်ရှားရမယ်။ စိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ် မနောကံ(၃)ပါးကိုတော့ သမာဓိနဲ့ ပယ်ရှား ရမယ်။ ဘဝအဆက်ဆက်က၊ သံသရာအဆက်ဆက်ကဖြစ်ခဲ့တဲ့ ကံ ဟောင်းတွေ တရားနာပရိသတ်များသန္တာန်မှာ မရေမတွက်နိုင်အောင် အများအပြား ရှိခဲ့ကြတယ်။ အဲဒီကံဟောင်းတွေ မကုန်သမျှကာလ ပတ်လုံး တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန် ချမ်းသာကို မရောက်နိုင်သေးပေဘူး။

အဲဒီကံဟောင်းတွေကိုတော့ ဘာနဲ့ပယ်ရမလဲ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်ရမယ်။ အားထုတ်လို့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် ပြည့်စုံသွား၍ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတဲ့ အခါ ဘဝဟောင်းများက ပါလာတဲ့ အပါယ်ငရဲသို့ ကျစေနိုင်တဲ့ ကံ ဟောင်းတွေ အကုန်ပြတ်သွားတယ်။ စိတ်ချလက်ချ သံသရာထဲမှာ ကျင်လည်လို့ ရသွားပြီဖြစ်တယ်။ ပညာဖြင့်ပယ်သတ်တာ ဖြစ်ပေတယ်။ ဟို . . . အနမတဂ္ဂသံသရာ ဘဝါဘဝတွေက ပါလာတဲ့ အကုသိုလ် ကံဟောင်းတွေကိုတော့ ပညာဖြင့် ပယ်ရမယ်။ ဝိပဿနာပညာ၊ မဂ် ပညာဖြင့် ပယ်ရမယ်။ ဆောင်ပုဒ်လေး ဆိုလိုက်ကြပါဦးစို့ -။

ဆောင်ပုဒ်။ ။ ဘဝများစွာ၊ လိုက်ပါလာငြား၊ ကံကိုကား၊ ပယ်ရှားမြတ်ပညာ။

တရားနာပရိသတ်များသန္တာန်မှာဖြစ်တဲ့ ကံတွေက ကာယကံ ကိုယ်၌ဖြစ်တဲ့ကံ၊ ဝစီကံ - နှုတ်၌ဖြစ်တဲ့ကံ၊ မနောကံ - စိတ်ထဲမှာ ဖြစ်တဲ့ကံ၊ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က ပြုခဲ့တဲ့ကံလို့

အဲဒီကံတွေ ရှိထားကြတယ်။ အဲဒီကံတွေကို အစဉ်အတိုင်း ပယ်ကြရတယ်။ ကာယကံ၊ ဝစီကံကိုတော့ သီလနဲ့ပယ်ရတယ်။ စိတ်ထဲမှာရှိတဲ့ မနောကံကိုတော့ သမထသမာဓိနဲ့ ပယ်ရတယ်။ ဘဝများစွာ သံသရာအဆက်ဆက်က လိုက်ပါလာတဲ့ အပါယ်ငရဲကိုကျစေနိုင်တဲ့ ကံဟောင်းတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်လိုက်လို့ကုန်သွားရင် ဘယ်တော့မှ အပါယ်ငရဲကို ပြန်မကျတော့ပေဘူး။

အဲဒီကံတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်လိုက်၍ ကံတွေကုန်သွားတော့ အပါယ်ငရဲမှ လွတ်မြောက်သွားတယ်။ အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားပြီဖြစ်တယ်။ နောက်တစ်ခါ ဆက်ပြီးကျင့်လိုက်၍ သကဒါဂါမ်ဖြစ်သွားရင် လူ့ပြည်၊ နတ်ပြည်မှာ တစ်ကြိမ်ပဲ ဖြစ်ရတော့တယ်။ လူ့ပြည်၊ နတ်ပြည်မှာ အကြိမ်ကြိမ်ဖြစ်ရမည့် သံသရာဝဋ်ဒုက္ခတွေမှ မလွတ်မြောက်သွားပါဘူးလား . . . လွတ်မြောက်သွားပါတယ်ဘုရား။ တစ်ကြိမ်ပင် ဖြစ်ရတော့တယ်။

နောက်တစ်ခါ ဆက်လက်ကျင့်ကြံ အားထုတ်လိုက်၍ အနာဂါမ်ဖြစ်သွားတဲ့အခါ အနာဂန္တာ-ဆိုတဲ့အတိုင်း ကာမသုဂတိ(၇)ဘုံမှာ ဖြစ်ရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒုက္ခတွေ လုံးဝပြတ်သွားတယ်။ အနာဂါမ်ဖြစ်တော့ ကာမသုဂတိ (၇)ဘုံမှာ ဖြစ်စေတဲ့ကံတွေ အကုန်လုံး ကင်းပြတ်သွားတယ်၊ ကုန်သွားတယ်။

ရဟန္တာဖြစ်သွားတဲ့အခါကျတော့ (၃၁)ဘုံမှာဖြစ်ရမယ့် ကံဆိုးကံဟောင်းတွေ အကုန်လုံး ကုန်သွားတယ်။ ကံတွေကုန်သွားတဲ့အခါ တရားနာပရိသတ်များ ဘယ်ကိုရောက်သွားကြမလဲဆိုတော့ နိဗ္ဗာန်ချမ်းသာသို့ ဝင်စံသွားကြရမှာပဲဖြစ်တယ်။ အဲဒီနိဗ္ဗာန်ချမ်းသာ ရောက်သွား

တဲ့အခါကျရင် ကံတွေ အကုန်လုံး ကုန်သွားတော့တာပါပဲ။ နိဗ္ဗာန်ချမ်းသာဆိုတာ သဉ္ဇပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု နိဗ္ဗာန်(၂)မျိုးရှိတယ်။

ဘယ်နိဗ္ဗာန်ရောက်ရောက် ကံတွေကုန်သွားပြီဖြစ်တယ်။ ရဟန္တာပုဂ္ဂိုလ်များသန္တာန်မှာ နိဗ္ဗာန်(၂)မျိုးရှိတယ်။ ပရိနိဗ္ဗာန်မစံမီ ကိလေသာ(၁၀)ပါးချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်ကို သဉ္ဇပါဒိသေသနိဗ္ဗာန်ဟု ခေါ်ရတယ်။ ထိုရဟန္တာပုဂ္ဂိုလ်များသန္တာန်မှာ ခန္ဓာ(၅)ပါးတော့ ရှိသေးတယ်။ ကိလေသာတွေ အကုန်ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်ကို သဉ္ဇပါဒိသေသနိဗ္ဗာန်လို့ ဆိုရပါတယ်။ အနုပါဒိသေသနိဗ္ဗာန်ဆိုတာကတော့ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံဝင်သွားပြီးတဲ့အခါ ခန္ဓာ(၅)ပါး အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ အဲဒါ အနုပါဒိသေသနိဗ္ဗာန်ထဲသို့ ရောက်သွားတာဖြစ်တယ်။ ခန္ဓာ(၅)ပါး လုံးဝမရှိတော့ဘဲနဲ့ ပရိနိဗ္ဗာန် စံဝင်သွားတာကိုတော့ အနုပါဒိသေသနိဗ္ဗာန်လို့ ဆိုရပါတယ်။ အဲဒီနိဗ္ဗာန်ကိုရောက်သွားရင် ကံတွေလည်း အားလုံး ကုန်သွားပြီဖြစ်တယ်။

ကံတွေကုန်အောင် ကျင့်နည်းလမ်းစဉ်မှာ ကိုယ်နှုတ်ဖြင့်ပြုတဲ့ကံကို သီလနဲ့ပယ်၊ စိတ်ဖြင့်ပြုတဲ့ကံကိုတော့ သမထသမာဓိနဲ့ပယ်၊ ဘဝများစွာက ပါလာတဲ့ ကံဟောင်းတွေကိုတော့ ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ပယ်ကြရပါတယ်။ ဒီကံတွေကုန်သွားတဲ့အခါ တရားနာပရိသတ်များ အလိုရှိအပ် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြတာပါပဲ။ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ပစ္စယနိဒ္ဒေသပါဠိတော်လာ ကမ္မပစ္စည်းတရားကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာ

ပရိသတ်များ ဒီနေ့လို ဒါနတွေပြုလုပ်လိုက်၊ သီလတွေဆောက်တည်လိုက်၊ ဘာဝနာကုသိုလ်ပွားများလိုက်၊ ပွားများနေတဲ့ အခိုက်အတန့်မှာ ဖြစ်တဲ့ စေတနာလေးရှိတယ်။ အဲဒီစေတနာလေးကို ကံလို့လည်းခေါ်လို့ရတယ်။ အဲဒီစေတနာ အခိုက်အတန့်ကို စေတနာအခိုက်အတန့်လို့ ခေါ်ရတယ်။

ဒုစရိုက်တွေ ပြုနေတဲ့အခါ အကုသိုလ်စေတနာတွေ၊ သုစရိုက်တွေပြုနေတဲ့ အခိုက်အတန့်ဆိုလည်း ကုသိုလ်စေတနာတွေ၊ တရားနာပရိသတ်များရဲ့သန္တာန်မှာတော့ ကုသိုလ်စေတနာတွေ ဖြစ်တာကများပါတယ်။ ဒီနေ့ဆိုလို့ရှိရင် ကုသိုလ်စေတနာတွေ၊ လှူနေတန်းနေကြ၊ လေမှုတ်စက်အတွက်လှူလိုက်၊ ဆွမ်းတွေလှူလိုက်၊ ဝေယျာဝစ္စ အမှုတွေ ပြုလိုက်၊ သီလတွေဆောက်တည်လိုက်၊ ဝိပဿနာတရားတွေ ပွားများအားထုတ်လိုက်၊ အဲဒီပွားများအားထုတ်နေတဲ့၊ ပြုနေတဲ့အခိုက်အတန့်မှာ စေတနာလေးတွေပါတယ်။ အဲဒီစေတနာကို စေတနာအခိုက်အတန့် လို့ ခေါ်တယ်။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အခိုက်အတန့် တစ်ခု ဖြစ်ပေတယ်။ ဘာနဲ့တူပါသလဲဆိုတော့ ပြုလုပ်နေဆဲ အခိုက်အတန့်မှာဖြစ်တဲ့ စေတနာသည် သရက်ပင့်တွေ ပင့်နေတဲ့ အခိုက်အတန့်နဲ့ တူတယ်။ အဲဒီဆောင်ပုဒ်လည်း ဆိုရအောင် -။

ဆောင်ပုဒ်။ ။ ဒုသုနှစ်ဖြာ၊ သုံးခဏာ၊ စေတနာခိုက်တန့်မည်။

ဒု- ဒုစရိုက်မှုတွေ၊ သူတစ်ပါးအသက်သတ်ခြင်းစတဲ့ ဒုစရိုက်မှုတွေ ပြုလုပ်တဲ့အခါ စေတနာ ဖြစ်လာတယ်။ ဥပါဒ်+ဌီ+ဘင်ဆိုတဲ့ ခဏငယ်သုံးခုဖြစ်ပြီးတာနဲ့ ချုပ်သွားတယ်။ ခဏငယ်သုံးခု ဖြစ်နေတဲ့

ပစ္စည်း = အကြောင်း ပစ္စယုပ္ပန် = အကျိုး
နာမ် ဝိပါကာ စတ္တာရော ခန္ဓာ နာမ် အညမည်
အရူပိနော

၁။ နိဒါန်း - ဝိပါကပစ္စယောတိ = ဝိပါကပစ္စည်း ဆိုသည်မှာ
အကြောင်း - ဝိပါကာ = အကျိုးဖြစ်သော
- စတ္တာရော ခန္ဓာ အရူပိနော = နာမ်ခန္ဓာ(၄)ပါးတို့သည်
အကျိုး - အညမည် = အချင်းချင်းအား
အကြောင်းသတ္တိ - ဝိပါကပစ္စယေန = အကျိုးဟူသောသတ္တိဖြင့်
နိဂုံး - ပစ္စယော = အကျိုးပြုသည်
- ဟောတိ = ဖြစ်၏။

ဆောင်ပုဒ်။ ။ ဒုသုနှစ်ဖြာ၊ သုံးခဏာ၊ စေတနာခိုက်တန့်မည်။
ဆောင်ပုဒ်။ ။ စိတ်စဉ်လိုက်သွား၊ သတ္တိကား၊ ကံများခိုက်တန့်မည်။
ဆောင်ပုဒ်။ ။ နိမိတ်ထင်လာ၊ ထိုအခါ၊ နိမိတ္တာခိုက်တန့်မည်။
ဆောင်ပုဒ်။ ။ ဘဝသစ်မှာ၊ ဖြစ်၍လာ၊ ဝိပါခိုက်တန့်မည်။
ဆောင်ပုဒ်။ ။ ပဲ့တင်အရိပ်၊ မီးတံဆိပ်၊ ခတ်နှိပ်သန္ဓေတူပေသည်။
ဆောင်ပုဒ်။ ။ ရှုစဉ်ပေါ်ရှိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ရမည်။
ဆောင်ပုဒ်။ ။ ကိုယ်နဲ့အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။

ဆောင်ပုဒ်။ ။ ဒုက္ခပေါ်လျှင်၊ ငြောင့်တံ့ကျင်၊ အမှန်ပင်ရှုရမည်။
ဆောင်ပုဒ်။ ။ သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင်ရှုရမည်။
ဆောင်ပုဒ်။ ။ ဥပေက်ပေါ်လျှင်၊ မြဲမထင်၊ အမှန်ပင်ရှုရမည်။
ဆောင်ပုဒ်။ ။ အိုနာသေမျိုး၊ မကောင်းကံကျိုး၊ လေးမျိုးတားမရ။

(၁) ဝိပါကပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

ဝိပါက်ဖြစ်တဲ့ နာမက္ခန္ဓာ(၄)ပါးက ဝိပါက်ဖြစ်တဲ့ နာမက္ခန္ဓာ(၄)ပါးကို အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ မြတ်စွာဘုရားဟာ ဉာဏ်တော်မှာမှ ထင်ရှားတယ်။ ဝေဒနာ သညာ သခ်ါရဆိုတဲ့ ဝိပါက်နာမက္ခန္ဓာ(၃)ပါးကနေပြီးတော့ ဝိညာဏ်ဆိုတဲ့ ဝိပါက်နာမက္ခန္ဓာ(၁)ပါးကို၊ ဝိညာဏ်ဆိုတဲ့ ဝိပါက်နာမက္ခန္ဓာ(၁)ပါးက ဝေဒနာ သညာ သခ်ါရဆိုတဲ့ နာမက္ခန္ဓာ(၃)ပါးကို၊ ဝေဒနာ သညာဆိုတဲ့ နာမက္ခန္ဓာ(၂)ပါးက သခ်ါရ ဝိညာဏ်ဟူသော နာမက္ခန္ဓာ(၂)ပါးကို အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ ကျေးဇူးပြုပြီးတာနဲ့ ကုန်ပျက်ကုန်ပျက်၊ ဖြစ်ပျက်ဖြစ်ပျက်သွားတယ်။

(၁)ပါးသော နာမက္ခန္ဓာက (၃)ပါးသော နာမက္ခန္ဓာကို၊ (၃)ပါးသော နာမက္ခန္ဓာက (၁)ပါးသော နာမက္ခန္ဓာကို၊ (၂)ပါးသော နာမက္ခန္ဓာက (၂)ပါးသော နာမက္ခန္ဓာကို အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတယ်။ ကျေးဇူးပြုပြီးတာနဲ့ ကုန်ပျက်ကုန်ပျက်သွားတယ်။ တစ်ခုမှတော့ မမြဲဘူး။ မြတ်စွာဘုရားဉာဏ်တော်မှတော့ ထင်ရှားတယ်။ တရားနာပရိသတ်များ သန္တာန်မှာတော့ ဉာဏ်မှာတော့ မထင်ရှားပေဘူး။ မြတ်စွာဘုရား

ဟောကြားလို့ မိမိတို့သန္တာန်မှာ ဝိပါက်နာမက္ခန္ဓာ(၄)ပါး ဤကဲ့သို့ အချင်းချင်း အပြန်ပြန်အလှန်လှန် ဝိပါကသတ္တိဖြင့် ကျေးဇူးပြုနေတယ်လို့ သိရပါတယ်။

ဝိပါကဆိုတာ ရင့်ကျက်နေတဲ့သဘော။ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မှည့်နေတာနဲ့တူတယ်။ သရက်သီးများမှာ အခိုက်အတန့် (၄)မျိုးရှိတယ်။

အပွင့် အခိုက်အတန့်၊
အကင်း အခိုက်အတန့်၊
ဝမ်းပြင်း အခိုက်အတန့်၊
မှည့်နေတဲ့ အခိုက်အတန့်-လို့ ဘယ်နှမျိုးပါလဲ . . . (၄)မျိုးပါဘုရား။

(၄)မျိုးရှိသလို ဝိပါက်မှာလည်း အခိုက်အတန့် (၄)မျိုးရှိတယ်။

စေတနာဝတ္ထု - စေတနာ အခိုက်အတန့်၊
ကမ္မဝတ္ထု - ကံ အခိုက်အတန့်၊
နိမိတ္တာဝတ္ထု - နိမိတ် အခိုက်အတန့်၊
ဝိပါကဝတ္ထု - ဝိပါက်အခိုက်အတန့်လို့ (၄)မျိုး အခိုက်အတန့် ရှိတယ်။

(ဒီပနီ -၄၈၆)

ဝိပါကအခိုက်အတန့်ကျတော့ ရင့်ကျက်သွားလို့ မှည့်နေတာနဲ့တူတယ်။ စေတနာအခိုက်အတန့်၊ ကောင်းမှုကုသိုလ်တွေပြုနေတဲ့ စေတနာအခိုက်အတန့်၊ ဒုစရိုက်အမှုပြုနေတဲ့ သတ်နေ ခိုးနေတဲ့ စေတနာအခိုက်အတန့်၊ အဲဒီအခိုက်အတန့်လည်း ရှိပေတယ်။ တရားနာ

ဂတိနိမိတ်ဆိုတာကတော့ မိမိရောက်သွားရမယ့်ဘဝ ဂတိနိမိတ် လူပြည်ရောက်မယ်ဆိုရင်လည်း အမိဝမ်းရေ၊ မိဘဆွေမျိုးတွေ၊ မောင်နှမတွေ ထင်လာတယ်။ နတ်ပြည်ရောက်မယ်ဆိုရင်လည်း နတ်ပြည်က နိမိတ်တွေ၊ နတ်သမီး ဗိမာန် ဥယျာဉ် ရေကန်တွေ၊ နတ်သမီးနတ်သားတွေ၊ ဥယျာဉ် ဗိမာန် ရေကန်တွေ ထင်လာတယ်။ နိရယဂတိငရဲ ရောက်ရတော့မယ်ဆိုရင်လည်း ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံတွေ ထင်လာတယ်။ အဲဒီလို ထင်လာတာကတော့ ရောက်သွားရမယ့် ဂတိအတွက် ထင်လာတဲ့အတွက်ကြောင့် ဂတိနိမိတ်လို့ခေါ်တယ်။ အဲဒီဂတိနိမိတ်တွေထင်နေတဲ့ အခိုက်အတန့်ကတော့ နိမိတ္တာဝတ္ထ - နိမိတ်အခိုက်အတန့်ဖြစ်ပေတယ်။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အခြေခံတစ်ခုပါပဲ။

ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အလွန်သိမ်မွေ့နူးညံ့တယ်။ အဆင့်ဆင့် ရင့်ကျက်လာရတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပေတယ်။ စေတနာအခိုက်အတန့်က သရက်ပင့်နဲ့တူတယ်။ ကမ္မာဝတ္ထ - ကံအခိုက်အတန့်က သရက်ကင်းနဲ့တူတယ်။ နိမိတ္တာဝတ္ထ - နိမိတ်အခိုက်အတန့်က ဝမ်းပြင်းနဲ့တူတယ်။ ရောက်ခါနီးဖြစ်နေတဲ့ အချိန်အခါလေးဖြစ်တယ်။

နောက်ဝိပါကာဝတ္ထ - ဝိပါက်အခိုက်အတန့်၌ ဝိပါက်အခိုက်အတန့်ဆိုတာ ဘဝသစ်မှာသွားပြီး ဖြစ်လိုက်တာဖြစ်တယ်။

ဆောင်ပုဒ်။ ။ ဘဝသစ်မှာ၊ ဖြစ်၍လာ၊ ဝိပါခိုက်တန့်မည်။

ဘဝသစ်မှာ လူလာဖြစ်တယ်။ တရားနာပရိသတ်များရဲ့ ဖြစ်စဉ်ပါပဲ။ ဟို. . . ထိုထိုဘဝတွေက သုစရိုက်မှုတွေ၊ သမထဝိပဿနာ

အခိုက်အတန့်လေးကို စေတနာလို့ခေါ်တယ်။ တရားနာပရိသတ်များကုသိုလ်ကောင်းမှုတွေပြု၊ ဒီနေ့လို ဒါနတွေပြု၊ သီလတွေဆောက်တည်၊ ဝိပဿနာတရားတွေ ပွားများအားထုတ်နေတဲ့ စေတနာသည် ဥပါဒ်+ဌီ+ဘင်ဆိုပြီး ချက်ချင်း ပျက်သွားတာပဲ။ ဥပါဒ်+ဌီ+ဘင်။ ဥပါဒ်=ဖြစ်လိုက်၊ ဌီ = ခဏလေးတည်၊ ဘင်=ပျက်သွားတယ်။ အဲဒီ ဥပါဒ် + ဌီ+ဘင်ဆိုတဲ့ ခဏငယ်သုံးခု အခိုက်အတန့်လေးကိုတော့ စေတနာအခိုက်အတန့်လို့ ခေါ်တယ်။ ဝိပါက်စိတ်တွေဖြစ်ဖို့ရာ အခြေခံဖြစ်ပေတယ်။

ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာမှာ အင်မတန်ပဲ သိမ်မွေ့ပါတယ်။ အခိုက်အတန့်၊ အခိုက်အတန့်တွေ ပြောင်းပြောင်းသွားပြီးတော့ ဖြစ်သွားရပေတယ်။ တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ အခြင်းအရာလေးတွေကို ကျမ်းဂန်တွေမှာ ဖွင့်ပြတဲ့အတိုင်း သိကြရပေတယ်။ မြတ်စွာဘုရားဟောတော်မှာတော့ ထင်ရှားတယ်။ ဒုစရိုက်တွေ ပြုနေတဲ့ အခိုက်အတန့် ဥပါဒ်+ဌီ+ဘင် အခိုက်အတန့်လေးမှာရှိတဲ့ စေတနာ။ သုစရိုက်တွ ဒါန၊ သီလ၊ ဝိပဿနာတရားတွေ ပွားများအားထုတ်တဲ့ အခိုက်အတန့် ဥပါဒ်+ဌီ+ဘင် ဆိုတဲ့ အခိုက်အတန့်။ အခိုက်အတန့်လေးကို စေတနာအခိုက်အတန့်လို့ ခေါ်တယ်။

ကမ္မာဝတ္ထ - ကံအခိုက်အတန့်၌ ဥပါဒ်+ဌီ+ဘင်ဆိုပြီး ဒီစေတနာလေးဟာ ပျက်သွားတာပဲ။ ပျက်သွားပင် ပျက်သွားငြားသော်လည်း သူ့ရဲ့အစွမ်းသတ္တိကတော့ မပျက်သွားပေဘူး။ ဒုစရိုက်အမှုတွေ ပြုလုပ်တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဒုစရိုက်ပြုလုပ်တဲ့ပုဂ္ဂိုလ်ရဲ့ နာမ်အစဉ်မှာ သတ္တိလေးတွေ ပါသွားတယ်။ သုစရိုက်အမှုတွေ တရားနာပရိသတ်များ

လို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားတွေ ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဆိုလို့ရှိရင်လည်း စေတနာလေးကတော့ ချုပ်ပျက်သွားသော်လည်း သူ့ရဲ့စွမ်းသတ္တိကတော့ နာမ်အစဉ် စိတ်အစဉ်မှာလိုက်ပြီးတော့ ပါသွားတယ်။ အဲဒီလိုက်ပါသွားတဲ့ အခိုက်အတန့်လေးကိုတော့ သတ္တိကိုတော့ ကံအခိုက်အတန့်လို့ ခေါ်တယ်။ ဝိပါက်စိတ်တွေဖြစ်ဖို့ရာ သူလည်း အခြေခံတစ်ခုပဲ ဖြစ်ပေတယ်။

ဆောင်ပုဒ်။ ။ စိတ်စဉ်လိုက်သွား၊ သတ္တိကား၊ ကံများခိုက်တန့်မည်။

ကောင်းမှုတွေ ပြုလုပ်တဲ့အခိုက်အတန့်မှာ စေတနာလေးဟာ ဥပါဒ်+ဌိ+ဘင်ဆိုပြီးတော့ ခဏသုံးပါး ပြည့်သွားတော့ ပျက်သွားတယ်။ ဒီစေတနာလေးကသာ ပျက်သွားသော်လည်း စေတနာရဲ့ အစွမ်းသတ္တိကတော့ မပျက်သွားပေဘူး။ ကံ၏ကုသိုလ်ကောင်းမှုအရှိန်သတ္တိတွေ စိတ်အစဉ် နာမ်အစဉ်မှာ လိုက်ပါသွားတယ်။ အဲဒီသတ္တိလေးကို ကံလို့ ခေါ်တယ်။ ကမ္မာဝတ္ထ- ကံအခိုက်အတန့်ဖြစ်တယ်။ ဝိပါက်ဖြစ်ဖို့ရာ တရားနာပရိသတ်များသန္တာန်မှာ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ စတဲ့ ဝိပါက်စိတ်ကလေးဖြစ်ဖို့ရာ အခြေခံတစ်ခုပဲ ဖြစ်တယ်။

နောက်တစ်ခါ နိမိတ္တာဝတ္ထ - နိမိတ်အခိုက်အတန့်၌ ကွယ်လွန်ခါနီးကျတော့ ဘဝတစ်ပါး ပြောင်းခါနီးကျတော့ နိမိတ်တွေ ထင်လာတယ်။ အဲဒီထင်လာတဲ့ အခိုက်အတန့်ကိုတော့ နိမိတ္တာဝတ္ထဟု ခေါ်ရတယ်။ နောင်ဘဝမှာ ဝိပါက်အကျိုးတရားတွေ ဖြစ်ဖို့ရာ အခြေခံတစ်ခုပဲ။ မသိမ်မွေ့ပါဘူးလား . . . သိမ်မွေ့ပါတယ်ဘုရား။ သိမ်မွေ့တယ်။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အလွန်သိမ်မွေ့တာပါပဲ။

ဆောင်ပုဒ်။ ။ နိမိတ်ထင်လာ၊ ထိုအခါ၊ နိမိတ္တာခိုက်တန့်မည်။

နိမိတ်တွေ ထင်လာတယ်။ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်လို့ ဘယ်နှမျိုးရှိပါသလဲ . . . သုံးမျိုးရှိပါတယ်ဘုရား။ ကံနိမိတ်ရယ်၊ ကမ္မနိမိတ်ရယ်၊ ဂတိနိမိတ်ရယ်။ တရားနာပရိသတ်များ ဘဝတစ်ပါးသို့ ပြောင်းတဲ့အခါ၊ ထိုထိုပုဂ္ဂိုလ်တွေ ဘဝတစ်ပါးသို့ ပြောင်းခါနီးမှာ ဒီနိမိတ်(၃)မျိုးထဲက တစ်မျိုးမျိုးတော့ ထင်လာတယ်။

ကံနိမိတ်ဆိုတာ ကုသိုလ်ကောင်းမှုတွေ ပြုထားကြတာဖြစ်တယ်။ တရားနာပရိသတ်များ တစ်ဘဝလုံးမှာ ကောင်းမှုတွေပြုထားကြတဲ့ ကုသိုလ်ကံတွေ ရှိကြတယ်။ ကွယ်လွန်ခါနီးကျတော့ အဲဒီကံတွေကို ပြန်သတိရလာတယ်။ ပြုနေတဲ့အခိုက်အတန့်မှာလိုပဲ ကောင်းမှုတွေ ပြုနေရသလို စိတ်ထဲဉာဏ်ထဲမှာ ထင်လာတယ်။ ဤကဲ့သို့ စိတ်ထဲမှာ ထင်လာတာကို ကံနိမိတ်လို့ ဆိုရတယ်။

ကမ္မနိမိတ်ဆိုတာကတော့ ပြုပုံအခြင်းအရာနဲ့တကွ ထင်လာတယ်။ ကျောင်းတွေဆောက်ထားမယ်ဆိုရင် မိမိဆောက်ထားတဲ့ ကျောင်းကြီးတွေပါ ထင်လာတယ်။ ဆွမ်းကျွေးတဲ့ ကုသိုလ်တွေဆိုလို့ ရှိရင် သံဃာတော်အရှင်မြတ်တွေ ဆွမ်းတွေကပ်နေတာ၊ ယောဂီအပေါင်းသူတော်ကောင်းတို့ကို ဆွမ်းတွေကျွေးနေတာ၊ ဥပုသ်သည်တွေကို ဆွမ်းတွေကျွေးနေတဲ့ အခြင်းအရာတွေကို စိတ်ထဲမှာ ထင်လာတယ်။ ရေလှူထားလို့ရှိရင်လည်း ရေတွေပေါ်လေ။ လေမှုတ်စက်တွေ လှူထားလို့ ရှိရင်လည်း လေမှုတ်စက်တွေ လှူထားတဲ့ အခြင်းအရာတွေ၊ အပေါင်းအဖော်တွေနဲ့တကွ ရေစက်ချနေတာတွေ၊ ဒီလိုဟာတွေ ထင်လာတယ်။ အဲဒါကိုတော့ ကမ္မနိမိတ်လို့ခေါ်တယ်။

အရိပ်ဆိုတာကတော့ ကိုယ်လုံးပေါ်မှန်ရှေ့မှာ လူတစ်ယောက် သွားရပ်နေတယ်။ မှန်ထဲမှာ အရိပ်မထင်လာပါဘူးလား . . . ထင်လာ ပါတယ်ဘုရား။ မှန်ထဲမှာရှိတဲ့အရိပ်နဲ့ ရပ်နေတဲ့လူက အတူတူပဲလား၊ တခြားစီလားလို့ပေးရင် . . . တခြားစီပါဘုရား။ တခြားစီပဲ။ မှန်ထဲက အရိပ်ဟာ ဒီလူပဲလို့ ပြောလို့ရမှရပ့ါမလား . . . မရပါဘုရား။ မရ ပေဘူး။ ဒါပေမဲ့လည်း ရပ်နေတဲ့လူနဲ့ ဒီအရိပ်ဟာ ကင်းပြီးတော့ ဖြစ် လို့ရပါသလား . . . မရပါဘုရား။ ရပ်နေတဲ့လူကြောင့် အဲဒီလူအရိပ် သွားထင်တာပဲ။ အဲဒီလိုပါပဲ။ ဘဝဟောင်းက ဘဝတစ်ပါးကကံနဲ့ ရပ်နေတဲ့လူနဲ့တူတယ်။ မှန်မှာထင်တဲ့လူရိပ်နဲ့ ဘဝသစ်မှာဖြစ်လာတဲ့ ပဋိသန္ဓေနေလာတဲ့ပုဂ္ဂိုလ်နဲ့တူတယ်။ အကြောင်းတော့ကင်းပါရဲ့လား . . . မကင်းပါဘုရား။ ဘဝဟောင်းက ကံတည်းဟူသောအကြောင်း၊ ဥပါဒါန်တည်းဟူသောအကြောင်း စသည့်အကြောင်းကြောင့် ဘဝသစ် မှာ လာပြီးတော့ ဖြစ်ရတာ မှန်ထဲကအရိပ်နဲ့တူတယ်။

မီးဆိုတာကတော့ အိမ်ခြေတစ်ရာရှိတဲ့ရွာမှာ ရှေးဦးစွာ တစ် အိမ်ကပဲ မီးထွန်းထားတယ်။ နောက်အိမ်နောက်အိမ်တွေက လာပြီး တော့ ဒီအိမ်မှာ မီးထွန်းယူကြရတယ်။ ထွန်းယူသွားတဲ့ နောက်အိမ် နောက်အိမ်တွေမှာ ထွန်းထားတဲ့မီးတွေဟာ ပထမဒီအိမ်က မီးပဲလား လို့ဆိုလို့ရှိရင် . . . မဟုတ်ပါဘုရား။ ဒါဖြင့် ဒီအိမ်ကမီးနဲ့ ပထမအိမ် ကမီးနဲ့ ကင်းပြီးတော့ ရသွားတာ ဟုတ်ပါရဲ့လား . . . မဟုတ်ပါ ဘုရား။ မကင်းပေဘူး။ ပထမအိမ်ကမီးကပဲ ရယူသွားတာပဲ။ ဒါကြောင့် အကြောင်းတော့ မကင်းပေဘူး။ ပထမအိမ်ကမီးနဲ့ ဘဝဟောင်းက

တွေ ပြုခဲ့တာ စေတနာဝတ္ထု - စေတနာအခိုက်အတန့်ဖြစ်တယ်။ နာမ် အစဉ်မှာ ကုသိုလ်အစွမ်းသတ္တိလိုက်ပါလာတဲ့ အခိုက်အတန့်ကတော့ ကမ္မာဝတ္ထု - ကံအခိုက်အတန့်ဖြစ်တယ်။ တရားနာပရိသတ်များ ဖြစ်ခဲ့ ဖူးပြီ။ ကံတွေ မဖြစ်ခဲ့ပါဘူးလား . . . ဖြစ်ခဲ့ပါတယ်ဘုရား။ ဖြစ်ခဲ့ ပါတယ်။

နိမိတ္တာဝတ္ထု - ဘဝတစ်ပါးက ကွယ်လွန်ခါနီးမှာ နိမိတ်တွေ ထင်လာတယ်။ ကံနိမိတ်။ စိတ်ထဲမှာ ကုသိုလ်ကောင်းမှုတွေ ပြုနေရ သလို ကြည်လင်နေတယ်။ ကုသိုလ်ကောင်းမှုတွေ ပြန်သတိရတယ်။ စိတ်ထဲတင်ပဲ ပြန်သတိရတယ်။ အဲဒါ ကံနိမိတ်ဖြစ်တယ်။

ကမ္မနိမိတ်။ ပြုပုံအခြင်းအရာနဲ့တကွ ထင်လာတယ်။ ကျောင်း တွေ လှူနေတာ၊ ဘုရားတွေ လှူနေတာ၊ ဘုရားတွေမှာ ဆီမီးကပ်နေ တာ၊ သံဃာတော်တွေ ဆွမ်းကပ်နေတာ စသည်ဖြင့် အခြင်းအရာတွေ နဲ့တကွ ထင်လာတာကိုတော့ ကမ္မနိမိတ်။ ထိုထိုဘဝတွေက တရားနာ ပရိသတ်များ ထင်ခဲ့တယ်။ ဒါပေမယ့်လည်း ဘဝတွေက ခြားနေတော့ မသိတော့ပေဘူး။

ဂတိနိမိတ်။ မိမိရောက်ရမည့် ဂတိနိမိတ်ဆိုရင် လူပြည်ရောက် ရမယ်ဆိုရင်လည်း အမိဝမ်းရေ၊ ညီအစ်ကိုမောင်နှမတွေ ထင်လာတတ် ပါတယ်။ နတ်ပြည်ရောက်ရတော့မယ်ဆိုရင်လည်း နတ်ဗိမာန်တွေ၊ နတ်သမီးနတ်သားတွေ၊ ဥယျာဉ်တွေ ထင်လာတယ်။ တရားနာပရိသတ် များ ဘဝါဘဝတွေမှာ ထင်လာခဲ့တဲ့ နိမိတ်တွေပါပဲ။ ဝိပါက်စိတ်တွေ ဖြစ်ဖို့ရာ အခြေခံပါပဲ။

နောက်တစ်ခါ ဘဝတစ်ပါး ပြောင်းသွားတော့ ဘဝသစ်မှာ ဖြစ်တာကို ပဋိသန္ဓေလို့ခေါ်တယ်။ ပဋိသန္ဓေသွားဖြစ်တာ ဝိပါက်စိတ်ပဲ။ ပဋိသန္ဓေစိတ်ဆိုတဲ့ ဝိပါက်စိတ်က ဘဝသစ်မှာ သွားဖြစ်တယ်။ အဲဒီဖြစ်တဲ့ အခိုက်အတန့်ကိုတော့ ဝိပါက အခိုက်အတန့်လို့ခေါ်တယ်။ အခိုက်အတန့် ဘယ်နှမျိုးလဲ၊ (၄)မျိုး။ ဒီလောက်ပဲ သိမ်မွေ့နူးညံ့ပါတယ်။ သိမ်မွေ့နူးညံ့တဲ့ အခိုက်အတန့်(၃)မျိုးကို ကျော်လွန်ပြီးတော့ တရားနာပရိသတ်များ အခု လူ့ဘဝမှာ လာဖြစ်ရတာ၊ ဝိပါက်စိတ်တွေ ဖြစ်ရတာ ဝိပါကအခိုက်အတန့် ဖြစ်ပေတယ်။ ဘဝဟောင်းကနေ၍ ဘဝသစ် ပြောင်းပုံပါပဲ။

ဘဝသစ်မှာလာဖြစ်တဲ့ ပဋိသန္ဓေစိတ်ဆိုတာ ဝိပါက်စိတ်ပါပဲ။ ဘဝဟောင်းကနေ၍ ဘဝသစ်ပြောင်းတာလည်း တရားနာပရိသတ်ဟောင်း၊ ယောဂီဟောင်းများ၊ ဥပုသ်သည်ဟောင်းများတော့ မကြာခဏ နာကြားဖူးပါတယ်။ ဘဝဟောင်းက စိတ်စေတသိတ်တရားတွေပဲ ဝိညာဏ်လေးကပဲ ဘဝတစ်ပါးကို ပြောင်းလာတယ်လို့ ဒီလိုယူလိုက်မယ်ဆိုလို့ရှိရင်တော့ ဘာဒိဋ္ဌဖြစ်သွားလဲဆိုတော့ သဿတဒိဋ္ဌ ဖြစ်သွားတယ်။

ဘဝဟောင်းက စိတ်ကလေးကပဲ ဝိညာဏ်လေးကပဲ အသက်ကောင်လေးကပဲ ဘဝသစ်သို့ပြောင်းလာတယ်။ ဌက်ကလေးများ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ပျံပျံသွားသလိုပဲ။ ဘဝဟောင်းက ဝိညာဏ်လေးဟာ လိပ်ပြာကောင်လေးဟာ ဘဝသစ်သို့ ပြောင်းပြောင်းသွားပြီးတော့ လာခဲ့တယ်လို့ ယူလိုက်လို့ရှိရင် သဿတဒိဋ္ဌအယူ ဖြစ်သွားတယ်။ ဒီလိုမဟုတ်ဘူး။ ဘဝဟောင်းကဟာတွေ ဘဝဟောင်းမှာပဲ ရပ်ခဲ့၊ ပျောက်ခဲ့ပြီလို့ နောက်ဘဝသို့ လိုက်မပါလာဘူး။ ဘဝဆိုတာ တစ်ခုပဲ ရှိတယ်။ နောက်ဘဝမရှိဘူး။ ဒီလို ယူလိုက်လို့ရှိရင်လည်း ဥစ္ဆေဒဒိဋ္ဌ။

ဒီနှစ်ပါးမှလွတ်အောင် မြတ်စွာဘုရားတရားတော်အရ သိဖို့ရာ မကောင်းပါဘူးလား . . . ကောင်းပါတယ်ဘုရား။ ကောင်းပေတယ်။

ဘဝသစ်မှာ လာဖြစ်တာဟာ ဘဝဟောင်းက အကြောင်းလည်း မကင်းဘူး။ ဥပမာအားဖြင့် - ပဲ့တင်သံနှင့်လည်းတူတယ်၊ အရိပ်နှင့်လည်းတူတယ်၊ မီးညှိထွန်းတာနှင့်လည်းတူတယ်၊ တံဆိပ်ခတ်နှိပ်တာနှင့်လည်း တူတယ်။

ဆောင်ပုဒ်။ ။ ပဲ့တင်အရိပ်၊ မီးတံဆိပ်၊ ခတ်နှိပ်သန္ဓေတူပေသည်။

"ပဲ့တင်သံ" တောထဲတောင်ထဲသွားပြီးတော့ အသံတွေ အော်လိုက်တယ်။ အော်လိုက်တော့ ပဲ့တင်သံတွေ ပြန်ပြီးတော့ ကြားလာတယ်။ အဲဒီပဲ့တင်သံဟာ ဒီကအော်လိုက်တဲ့ အသံလား၊ တခြားစီလား။ ပြန်ကြားတဲ့ ပဲ့တင်သံနဲ့ အော်လိုက်တဲ့အသံက အတူတူပဲလား၊ တခြားစီလားလို့ ဆိုလို့ရှိရင် . . . တခြားစီပါဘုရား။ တခြားစီပဲ။ တခြားစီပင် ဖြစ်ငြားသော်လည်း ဒီပဲ့တင်သံဟာ ပကတိအော်လိုက်တဲ့ အသံနဲ့ကင်းပြီးတော့ ဖြစ်မှဖြစ်ပါ့မလား . . . မဖြစ်ပါဘုရား။ မဖြစ်ပေဘူး။

အဲဒီလိုပါပဲ။ အကြောင်းအကျိုးပဲ။ ဘဝဟောင်းက ကံစသည့် အကြောင်းကြောင့် ဘဝသစ်မှာ လာဖြစ်ရတာဖြစ်တယ်။ အကြောင်းအကျိုး မကင်းဘဲနဲ့ လာဖြစ်တယ်။ ဘဝဟောင်းကတရားတွေ လိုက်ပါလာတာ၊ နာမ်တရားတွေ လိုက်ပါလာတာလည်း မဟုတ်ပေဘူး။ ဘဝဟောင်းက ကံအစရှိတဲ့ အကြောင်းကြောင့် ဘဝသစ်မှာ လာဖြစ်ရတာဖြစ်တယ်။ ပဋိသန္ဓေနေရတာဖြစ်တယ်။ တရားနာပရိသတ်များ ဖြစ်ခဲ့တဲ့ ဖြစ်ပုံတွေပါပဲ။

ဖယ်ကြလော့၊ ဖယ်ကြလော့” ဘာလို့ဖယ်ရမှာလဲ ဦးပဉ္စင်းကြီး” “သင်တို့ရဲ့ မိခင်တွေ လာနေတယ်၊ ဖယ်ကြ ဖယ်ကြ”ဟု ပြောတယ်။ ဘယ်သူတွေ လာနေသလဲဆိုတော့ နတ်သမီးတွေ ရောက်လာလို့ ဖယ်ကြ ဖယ်ကြလို့ပြောတယ်။ နတ်ပြည်နိမိတ်တွေ မထင်သွားပါဘူးလား။ . . ထင်သွားပါတယ်ဘုရား။

အရှင်သောဏမထေရ်သည် “ဦးပဉ္စင်းကြီးကတော့ ကောင်းရာနိမိတ်တွေ ထင်သွားပြီ”ဟု ဆိုပြီးတော့ နောက်ထပ် ဘာမှပြောဟောခြင်း မပြုတော့ပေဘူး။ ဦးပဉ္စင်းကြီးလည်း ပုံလွန်တော်မူသွားပြီး နတ်ပြည်ရောက်သွားတယ်။ ကွယ်လွန်ခါနီးမှာ ဂတိနိမိတ်ထင်တာ ပထမတော့ ဘာနိမိတ်ထင်လာပါသလဲ၊ ငရဲနိမိတ် ထင်လာတယ်။ ခွေးကြီးတွေ ကိုက်စားတော့မယ့် အခြင်းအရာတွေ ထင်လာတယ်။ ငရဲအိုး၊ ငရဲထိန်း၊ ခွေးနက်ကြီးစတဲ့ ဒီလိုနိမိတ်တွေ ထင်လာတာ ငရဲနိမိတ်တွေထင်လာတာဖြစ်တယ်။ နောက်တော့ သားဖြစ်တဲ့ သောဏမထေရ်က ကုသိုလ်ကောင်းမှုတွေ ဆက်ပေးကာ အာရုံပြောင်းပေးလိုက်တော့ နတ်ပြည် ဂတိနိမိတ် ထင်လာပြီး နတ်ပြည်ရောက်သွားတယ်။ ကွယ်လွန်ခါနီးမှာ ထင်မြဲမမှတာပါပဲ။ **(ဥပရိပဏ္ဏာသ-၄-၈၈)**

(၂) ဝိပါကပစ္စည်းဖြင့် ဝိပဿနာ ရှုမှတ်ပုံ

ဝိပါက်နဲ့ ကံနဲ့ဟာ အကြောင်းနဲ့အကျိုးပဲ။ ကံတွေက ကမ္မပစ္စည်းတရားက အကြောင်းတရား။ ဝိပါက်က အကျိုးတရား။ ဝိပါက်တွေဟာ ဘဝါဘဝမှာဖြစ်ရတဲ့ ပဋိသန္ဓေဝိပါက်ဝိညာဏ်တွေဖြစ်တယ်။ အဲဒီ

ကံနဲ့တူတယ်။ နောက်နောက်အိမ်တွေမှာ သွားသွားပြီးလင်းနေတဲ့ မီးတွေကတော့ ဘဝသစ်မှာ သွားဖြစ်တာနဲ့တူတယ်။

“ပဲ့တင်အရိပ်၊ မီးတံဆိပ်၊ ခတ်နှိပ်သန္ဓေတူပေသည်”ဟု ဆိုရာ၌ တံဆိပ်တုံးနှင့်တူပုံမှာ တံဆိပ်တုံးကို မင်တွေသုတ်ပြီးတော့ စက္ကူပေါ်မှာ ရိုက်ချလိုက်တဲ့အခါ စာတွေတင်နေတယ်။ စာရွက်ပေါ်မှာ ထင်နေတဲ့ စာတွေဟာ တံဆိပ်တုံးထဲက စာတွေလားလို့မေးရင် . . . မဟုတ်ပါဘုရား။ မဟုတ်ပေဘူး။ တံဆိပ်တုံးထဲကစာနဲ့ ကင်းပြီးတော့ ဖြစ်လို့ရပါရဲ့လား . . . မရပါဘုရား။ မရပေဘူး။ ဒါကြောင့် တံဆိပ်တုံးထဲကစာက အကြောင်းဖြစ်တယ်။ စာရွက်မှာ သွားထင်တဲ့စာက . . . အကျိုးပါဘုရား။ အကျိုးတရားဖြစ်တယ်။ တံဆိပ်တုံးထဲမှာ ရှိတဲ့စာက ဘဝဟောင်းမှာရှိတဲ့ ကံနဲ့တူတယ်။ စာရွက်ပေါ်မှာ ထင်လာတဲ့စာတွေက ဘဝသစ်မှာဖြစ်တဲ့ ဝိညာဏ်ဝိပါက်စိတ်နဲ့တူတယ်။

ဘဝသစ်မှာဖြစ်လာပုံ၊ ဘဝဟောင်းကအကြောင်းကြောင့် ဘဝသစ်မှာ ဖြစ်လာပုံလေးဖြစ်တယ်။ အဲဒါလေးကို သိထားလို့ရှိရင်တော့ သဿတဒိဋ္ဌိလည်း မဖြစ်တော့ဘူး။ ဥစ္ဆေဒဒိဋ္ဌိလည်း မဖြစ်တော့ဘူး။ နိမိတ်တွေထင်လာပုံ၊ ဘဝသစ်မှာဖြစ်ရပုံ အဲဒါလေးတွေကို တရားနာပရိသတ်များလည်း ဘဝတိုင်း ဘဝတိုင်း ဒီလိုပဲ ပြောင်းလာခဲ့ကြတာပဲဖြစ်တယ်။ ကံတွေကြောင့် ဘဝသစ်တွေမှာ ဖြစ်ရတယ်။ ဘဝဟောင်းက ဘဝသစ်ကို ပြောင်းခါနီးမှာ နိမိတ်တွေထင်လာကြတယ်။ အဲဒီနိမိတ်တွေထင်လာတာကို ကြည့်ပြီးတော့ ဒီပုဂ္ဂိုလ်ကတော့ ကောင်းရာသုဂတိ ရောက်တော့မှာပဲ၊ ဒီပုဂ္ဂိုလ်ကတော့ မကောင်းတဲ့ ဘုံဘဝတွေ ရောက်တော့မှာပဲလို့ သိလို့ရပါတယ်။

အဲဒီနိမိတ်တွေကိုလည်း အာသန္နကံအနေနဲ့ ပြောင်းလဲပေးလို့ လည်း ရပါတယ်။ မိတ်ကောင်းဆွေကောင်းတွေက ပြောင်းသွားအောင် ကုသိုလ်ကောင်းမှုတွေ ဆက်ပေးလိုက်လို့ရှိရင် ပြောင်းလဲသွားတတ် ပါတယ်။

တစ်ချိန်သောအခါ သီဟိုဠ်ကျွန်းမှာ သောဏတောင်ခြေမှာ အစေလရွာကျောင်းလို့ ရှိပါတယ်။ အဲဒီသောဏတောင်ခြေမှာရှိတဲ့ အစေလရွာကျောင်းမှာ မထေရ်တစ်ပါးရှိတယ်။ သူ့ဘွဲ့တော်ကလည်း အရှင်သောဏမထေရ်တဲ့။ ဓမ္မကထိကမထေရ်ဖြစ်တယ်။ တရားဟော ဓမ္မကထိကဆရာတော်ဖြစ်တယ်။ သူဖခင်ကတော့ ဘာလုပ်သလဲဆိုရင် ခွေးမုဆိုး တောမုဆိုးလုပ်တယ်။ သောဏမထေရ် နည်းနည်းမှ မနှစ် သက်ပေဘူး။ မကြာခဏ တိုက်တွန်းတယ်။ "ဒကာကြီး . . . ဒီအလုပ် တွေ မလုပ်ပါနဲ့။ ဘုန်းကြီးက ဓမ္မကထိကတရားဟောဆရာ၊ ဒကာကြီး က မုဆိုးလုပ်နေရင် တော်ပါ့မလား" အကြိမ်ကြိမ်အဖန်ဖန် တရားဟော ပါတယ်။ မရပေဘူး။ သူ့အတိတ်ကအကြောင်းတွေကိုး။ မရဘူး။ တစ် သက်လုံးပဲ သူမုဆိုးလုပ်နေတယ်။

နောက်တော့ အိုလာတဲ့အခါ အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ မလုပ်နိုင်တော့ပေဘူး။ မလုပ်နိုင်တော့ "ဒကာကြီး . . . သာသနာ ဘောင်သို့ ဝင်ရမယ်"။ မဝတ်ချင် ဝတ်ချင်နဲ့ အတင်းသင်္ကန်းဝတ်ခိုင်း ထားတယ်။ ဝတ်နေပြီးတော့နောက် ကွယ်လွန်လောက်တဲ့ ရောဂါ ဝေဒနာ စွဲကပ်လာတယ်။ စွဲကပ်လာတဲ့အခါ ဦးပဉ္စင်းကြီး မြောသွားပြီး ပြန်သတိရတယ်။ "ငါ့သား သောဏ. . . မောင်းပါဦး၊ ကိုက်တော့မယ်"။ ထအော်တယ်။ ထအော်တော့ "ဦးပဉ္စင်းကြီး . . . ဘာတွေပြောနေတာ

လဲ၊ ဘာတွေကိုက်မှာလဲ" "အို-ခွေးနက်ကြီးတွေ ကိုက်တော့မယ်၊ သင် မတွေ့ဘူးလား" ဟုပြောတယ်။ ငရဲနိမိတ် ထင်လာတာဖြစ်တယ်။ သောဏမထေရ်က "ငါကဲ့သို့သော ဓမ္မကထိကမထေရ်တစ်ပါးရဲ့ဖခင် ငရဲသို့ ကျရောက်သွားတယ်ဆိုတာ မတော်ပေဘူး"ဟု ဆင်ခြင်ကာ-

ကိုရင်တွေခေါ်ပြီး "ကိုရင်တွေ သွားကြ၊ ပန်းတွေလိုက်ခူးကြ၊ ပန်းတွေလိုက်ခူးပြီးတော့ ဗောဓိပင်ရင်ပြင်မှာလည်း ခင်းထားကြ၊ စေတီရင်ပြင်မှာလည်း ခင်းထားကြ၊ စေတီကိုလည်း ပူဇော်ထားကြ"ဟု မိန့်ကြားတယ်။ ကိုရင်တွေ အားလုံးပြုလုပ်ပြီးတဲ့အခါ ဦးပဉ္စင်းကြီးကို ကုတင်ညောင်စောင်းနဲ့တကွ "မ"ယူသွားပြီးတော့ ဘုရားရင်ပြင်တော် ပေါ်မှာ သွားချပြီး "ဦးပဉ္စင်းကြီး. . . မျက်စိဖွင့်ကြည့်စမ်းပါဦး၊ ဘုရားမှာ မီးတွေ ပူဇော်ထားတယ်၊ ပန်းတွေ ဆက်ကပ်ထားတယ်၊ တွေ့ရဲ့လား" "တွေ့ပါတယ်ဘုရား" "စေတီကိုကောမြင်ရဲ့လား" "မြင်ပါတယ်ဘုရား" "အဲဒါ ဦးပဉ္စင်းကြီးအတွက် ပူဇော်ထားတာပဲဖြစ်တယ်။ တပည့်တော်ရဲ့ လက်ဆောင်ကတော့ အကောင်းဆုံးလက်ဆောင်ပဲ။ ဘုရားကို ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပါစေ၊ ပန်းတွေလှူနေတဲ့စိတ်တွေ ဖြစ်ပါစေ" ဟု သတိပေးတရား ဟောကြားတယ်။ ဘယ်သူက သတိပေးတရား ဟောကြားနေပါသလဲ . . . သောဏမထေရ်က သတိပေးတရား ဟောကြားနေပါတယ်ဘုရား။

သောဏမထေရ်က သတိပေးတရား ဟောကြားလိုက်တော့ ဦးပဉ္စင်းကြီး သတိတွေရပြီး စေတီကိုအာရုံပြု၊ ပန်းတွေလှူထားတဲ့ အခြင်းအရာတွေကို တွေ့ရပြီး တစ်ခါမှေ့မြောသွားပြန်တယ်။ မြော သွားပြီးတော့ ပြန်သတိရလာတော့ "သောဏတို့ . . . ကိုရင်တို့ . . .

ပထမဆုံး တရားအားထုတ်ခါစမှာတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ (၃)မျိုးရှိတဲ့အနက်က ဘယ်ဝေဒနာကို ရှေးဦးစွာ တွေ့ရပါသလဲ . . . ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ရပါတယ်ဘုရား။ ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ရတယ်။ အဲဒီဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရင် ယောဂီအတွက် တရားအားထုတ်ရတာ တစ်ဝက်လောက်တော့ သေချာသွားပြီ။ ဒုက္ခဝေဒနာကို ရှုမှတ်ပုံ ယောဂီဟောင်းများတော့၊ တရားနာပရိသတ်ဟောင်းများတော့ မကြာခဏ မနာကြားရပါဘူးလား . . . နာကြားရပါတယ်ဘုရား။ နာကြားရတယ်။

ဒုက္ခဝေဒနာကိုရှုမှတ်ပုံ ခုခေတ်အခါမှာ (၃)မျိုးကွဲပြားနေပါတယ်။ ဒီဝေဒနာလေး ပျောက်သွားရအောင် ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီးတော့ ရှုမှတ်တာကတစ်မျိုး၊ ဒီဝေဒနာကိုတော့ ဒီတစ်ထိုင်မှာ အပြုတ်တိုက်ထုတ်တော့မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ပြီးတော့ ရှုမှတ်တာကတစ်မျိုး၊ ဝေဒနာရဲ့သဘောကို သိအောင်ရှုမှတ်တာကတစ်မျိုးလို့ ဘယ်နှမျိုးပါလဲ . . . (၃)မျိုးပါဘုရား။ (၃)မျိုး။

ဝေဒနာကို ပျောက်သွားရအောင် ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီးတော့ ရှုမှတ်တာက၊ ဝေဒနာပျောက်ချင်နေတာက တရားကိုယ်ကောက်လိုက်တော့ ချမ်းသာကို လိုချင်နေတဲ့ လောဘဖြစ်တယ်။ တရားရှုမှတ်တယ်ဆိုတာ လောဘကင်းအောင် အားထုတ်တာလား၊ လောဘတွေ ပွားအောင် အားထုတ်တာလား . . . လောဘကင်းအောင် အားထုတ်တာပါဘုရား။ လောဘကင်းအောင် အားထုတ်တာ။

အခုတော့ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာဆိုသလိုပဲ ပျောက်ချင်နေတဲ့ လောဘတွေ ကြားညပ် ကြားညပ်ပါနေတော့ ကိလေသာ

ဝိပါက်ဝိညာဏ်တွေဟာ ပဝတ္တိအခါမှာလည်း မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြုံသိဆိုတဲ့ ဝိပါက်ဝိညာဏ်တွေ ဖြစ်ကြရတာဖြစ်တယ်။ တရားနာပရိသတ်များသန္ဓာန်မှာ ဖြစ်နေတဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်တွေဟာ ဝိပါက်သိညာဏ်တွေပဲ ဖြစ်တယ်။

အဲဒီမြင်သိစိတ်ဆိုတာ ကောင်းတဲ့မြင်သိစိတ်လည်းဖြစ်တယ်၊ မကောင်းတဲ့မြင်သိစိတ်လည်းဖြစ်တယ်။ မမြင်ချင်တဲ့ အဆင်းတွေ၊ ဆန့်ကျင်ဘက်ဖြစ်တဲ့ မကြည့်ချင်တာတွေ မြင်ရလို့ရှိရင် အနိဋ္ဌာရုံမြင်ရတော့ အကုသလဝိပါက်ဖြစ်တယ်၊ အကုသိုလ်ရဲ့ အကျိုးပေးဖြစ်တယ်။ ဘဝါဘဝက မိမိပြုခဲ့တဲ့ အကုသိုလ်ရဲ့ အကျိုးပေးတွေပါပဲ။

တစ်ခါတစ်ရံကျတော့ ကောင်းတာတွေ မြင်ရတယ်။ ကျောင်းဘုရားစေတီတွေ၊ ကြည်ညိုဖွယ်ရာတွေ မမြင်ရပါဘူးလား. . . မြင်ရပါတယ်ဘုရား။ ဒါကတော့ ကုသလဝိပါက်၊ မိမိဘဝါဘဝက ကောင်းမှုတွေပြုခဲ့လို့ ကောင်းကျိုးတွေ မြင်လာ၊ ထင်လာတာပါပဲ။

နားကကြားတော့လည်း ဒီလိုပဲ။ တစ်ခါ မကြားချင်တဲ့အသံတွေ၊ အလွန်ဆိုးဝါးတဲ့အသံတွေ၊ ကြိမ်းမောင်းဆဲဆိုနေတဲ့ အသံတွေ ကြားရတာ ဘာဝိပါက်ပါလဲ . . . အကုသလဝိပါက်ပါဘုရား။ အကုသလဝိပါက်ဖြစ်တယ်။ တစ်ခါတစ်ရံကျတော့လည်း ကောင်းတဲ့အသံတွေ ကြားရတယ်။ တရားသံတွေ ရွှတ်ဖတ်သရဇ္ဈာယ်နေတာ၊ အလွန်သာယာတဲ့အသံတွေ၊ အလွန်ကြည်နူးစရာကောင်းတဲ့ အသံတွေ ကြားနေရတာကတော့ ကုသလဝိပါက်ဖြစ်တယ်။ ကောင်းကျိုးနှင့် မကောင်းကျိုး နှစ်မျိုး နှစ်မျိုးဖြစ်တယ်။

နှာခေါင်းက နံတဲ့အခါမှာလည်း ဒီလိုပဲ။ ကောင်းတဲ့အနံ့တွေ နံရတဲ့အခါကျတော့ ကုသလဝိပါက်။ မကောင်းတဲ့အနံ့တွေ နံရတဲ့အခါကျတော့ . . . အကုသလဝိပါက်ပါဘုရား။

လျှာကလည်း ဒီအတိုင်းပါပဲ။ ကောင်းတဲ့အာဟာရတွေ မှီဝဲရတဲ့အခါကျတော့ ကုသလဝိပါက်၊ ကောင်းတဲ့အစားအစာ အာဟာရတွေ မှီဝဲရတဲ့အခါကျတော့ ကုသလဝိပါက် ကုသိုလ်ရဲ့ အကျိုးဖြစ်တယ်။ မိမိဘဝါဘဝက ကုသိုလ်ကောင်းမှုတွေ ပြုခဲ့လို့ ခုလို ကောင်းကျိုးတွေနဲ့ လာတွေ့ရတာဖြစ်တယ်။ တစ်ခါတစ်ရံကျတော့ မကောင်းတဲ့ အာဟာရတွေ မှီဝဲသုံးဆောင်ရတယ်။ မကြိုက်တာတွေ၊ မနှစ်သက်တာတွေ စားရတဲ့အခါကျတော့ ကုသလဝိပါက်လား၊ အကုသလဝိပါက်လား . . . အကုသလဝိပါက်ပါဘုရား။ အကုသလဝိပါက်ဖြစ်တယ်။

ခန္ဓာကိုယ်မှာ အတွေ့အထိမှာလည်း ဒီအတိုင်းပါပဲ။ ကောင်းတဲ့အတွေ့အထိတွေ၊ သိမ်မွေ့နူးညံ့တဲ့ အတွေ့အထိတွေ ကုသလဝိပါက်။ မကောင်းတဲ့ အတွေ့အထိတွေ၊ မတွေ့ချင်တာတွေနှင့် တွေ့ရတဲ့အခါကျတော့၊ ကြမ်းတမ်းတဲ့ အတွေ့တွေ၊ ဒုက္ခတွေနဲ့ တွေ့ရတာကတော့ အကုသလဝိပါက်။ တရားအားထုတ်တဲ့အခါမှာ ကုသိုလ်များခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ ချမ်းချမ်းသာသာ ထိုင်လို့ရတယ်။ အကုသိုလ်များခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ ပင်ပန်းလိုက်တာ၊ ဒုက္ခများလိုက်တာ၊ ဒုက္ခကိုတွေ့လိုက်တာမှ တစ်ခါတည်း ဘယ်လိုမှန်းကို မသိတော့ဘူး။ ဒီ ခန္ဓာကိုယ်ကြီးကိုတော့ -

စိတ်တော့ မညစ်ရပေဘူး။ ဘဝါဘဝက မိမိမကောင်းခဲ့လို့ အခုတရားအားထုတ်တဲ့အခါ ဒုက္ခတွေ ခံနေရတာ။ ယိမ်းလိုက်၊ ယိုင်လိုက်၊ ဆွဲလိုက်၊ ယမ်းလိုက်၊ အော့ချင်အန်ချင်ဖြစ်လိုက်၊ မူးလိုက်၊

ယားလိုက် မဖြစ်ပါဘူးလား . . . ဖြစ်ပါတယ်ဘုရား။ တချို့တော့ နည်းနည်း၊ တချို့ကတော့ များများဖြစ်တယ်။ ရက်ပေါင်းများစွာ တချို့ကဖြစ်တယ်။ ဘယ်သူ့ကြောင့် ဖြစ်နေရတာလဲဆိုတော့ . . . အကုသလဝိပါက်ကြောင့်ပါဘုရား။ အကုသိုလ်ကံတွေကြောင့် ဒီမှာ အကုသလဝိပါက်တွေ လာဖြစ်နေရတာ။ မှတ်လို့နိုင်သွားရင်တော့ အဲဒီ အကုသလဝိပါက်တွေ ကင်းပျောက်သွားတယ်။

ဝိပဿနာဉာဏ်တွေ အားရှိလာတဲ့အခါ မပျောက်သွားပါဘူးလား . . . ပျောက်သွားပါတယ်ဘုရား။ ပျောက်သွားတယ်။ ကိုယ်ကာယမှာလည်း ချမ်းသာတဲ့ အတွေ့လည်း တွေ့ရတယ်။ ဆင်းရဲတဲ့ အတွေ့လည်း တွေ့ရတယ်။ တရားအားထုတ်တဲ့အခါကျတော့ ချမ်းသာတဲ့အတွေ့ တွေ့ရတဲ့ပုဂ္ဂိုလ်ကလည်း ချမ်းသာသည့်အလျောက် ရှုမှတ်ရတာပဲ။ သုခဝေဒနာပေါ့။ “သုခသဟဂတံ ကာယဝိညာဏံ”ဆိုတဲ့အတိုင်း သုခသဟဂုတ် ကာယဝိညာဏ်ဖြစ်တယ်။ အဲဒီမှာဖြစ်တော့ ကာယဝိညာဏ်က ဝေဒနာတွေနဲ့ တွဲပြီးတော့ဖြစ်တယ်။

ဘဝါဘဝက ကောင်းမှုကုသိုလ်အထူးတွေ ပြုခဲ့တဲ့ပုဂ္ဂိုလ်၊ ကောင်းမှုတွေများတဲ့ပုဂ္ဂိုလ်ကျတော့ သုခဝေဒနာက ပိုပြီးတော့ မထင်ရှားပါဘူးလား . . . ပိုပြီးထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။ သုခဝေဒနာပေါ်လာလို့ရှိရင်လည်း ဒီသုခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရမယ်။

ဘဝါဘဝက အကုသိုလ်က သိပ်များခဲ့တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်တော့ ဒုက္ခဝေဒနာက ပိုထင်ရှားတယ်။ အဲဒီဒုက္ခဝေဒနာကိုလည်း လွှမ်းမိုးအောင် မှတ်သွားနိုင်ရမယ်။ သုခနဲ့ဒုက္ခကို ကျော်လွန်သွားအောင်၊ လွှမ်းမိုးအောင် ရှုမှတ်နိုင်ဖို့က အရေးကြီးဆုံးပါပဲ။

ဘူးလား . . . ပြန်လျော့လာပါတယ်ဘုရား။ သည်းခံပြီးတော့ မှတ်လိုက်လို့ ပြန်လျော့လာတာ ယောဂီများ ကိုယ်တိုင် တွေ့ကြရတာပါပဲ။

သည်းတော့ သည်းခံရမယ်တဲ့။ ပထမဆုံးတော့ သည်းခံဖို့ရာ အရေးမကြီးပါဘူးလား . . . အရေးကြီးပါတယ်ဘုရား။ နာလာတာနဲ့ အမျှ ခန္ဓာကိုယ်ကို လှုပ်ချင်နေပြီဆိုရင်တော့ နေရာမှ ကျမှကျပါတော့ မလား . . . နေရာမကျပါဘုရား။ နေရာမကျတော့ပေဘူး။ သမာဓိ မဖြစ်တော့ဘူး။ နာလာလို့ရှိရင် ပိုငြိမ်ပေးရမယ်။ သည်းခံရမယ်။ စိတ်ကိုလျော့ထားရမယ်။ လေးငါးချက်လောက် ဆင့်ကာဆင့်ကာမှတ်ရင် ပြန်လျော့သွား၊ တခြားနေရာသို့ ရွှေ့သွား၊ တခြားနေရာမှာ သွားပေါ်နေတာတွေ ယောဂီကိုယ်တိုင် တွေ့မြင်သွားတယ်။

တွေ့မြင်သွားတဲ့အခါ ဝေဒနာဆိုတာ တကယ်တော့ မြဲနေတာလည်း မဟုတ်ပေဘူး။ တိုးတိုးပြီးတော့လည်း နာတာပဲ၊ လျော့လျော့လည်းသွားတာပဲ။ တိုးတိုးသွားတာ လျော့လျော့သွားတာ သဘောတရားလေးပဲ၊ မြဲတာတော့ မဟုတ်ဘူး။ တိုးတဲ့အခါလည်းတိုး၊ လျော့တဲ့အခါလည်း လျော့သွားတယ်လို့ ဝေဒနာရဲ့ သဘောတရားလေးတွေ စပြီးတော့ မသိသွားပါဘူးလား . . . သိသွားပါတယ်ဘုရား။ သဘော သိသွားပြီဖြစ်တယ်။ “သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်” ဆိုသည့် အတိုင်း ဖြစ်ခိုက်ကလေး ဝေဒနာပေါ်မှာ စိတ်ကလေးတည့်တည့်ချပြီး ရှုမှတ်လိုက်ရင် သဘောကို စသိလာတယ်။ ဝေဒနာတွေ ပြောင်းလဲ ပြောင်းလဲနေတာ၊ တိုးတိုးနာသွားတာ၊ လျော့လျော့နာသွားတာ ဝေဒနာရဲ့သဘောကို သိတာဖြစ်တယ်။

သိသွားပြီးတဲ့နောက် ဆင့်ကာဆင့်ကာရှုမှတ်လို့ သမာဓိဉာဏ်တွေ အားရှိလာတဲ့အခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ရှုမှတ်

ကြားညပ်လို့ တရားတွေ တော်တော်နဲ့ တွေ့နိုင်ပါ့မလား . . . မတွေ့နိုင်ပါဘုရား။ တရားတွေ့ပြီးတဲ့ပုဂ္ဂိုလ်ကလည်း တရားတွေ တော်တော်နဲ့ မတက်နိုင်တော့ပေဘူး။ တရားထူးတရားမြတ်တွေရနိုင်တဲ့ ပုဂ္ဂိုလ် တောင်မှ တော်တော်နဲ့ မတက်နိုင်တော့ပေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိလေသာကြားညပ်နေလို့။ ဒါကြောင့် ဒီရှုနည်းမှတ်နည်းကိုလည်း မယူသင့်ပေဘူး။ ရှောင်ကြဉ်ရမယ်။

ဒီဝေဒနာကို ဒီတစ်နေ့၊ ဒီတစ်ထိုင်မှာတော့ အပြုတ်တိုက်ထုတ်တော့မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ထားတယ်။ စိတ်ကြမ်းကြီးဆိုတာ တရားကိုယ်ကောက်လိုက်တော့ စိတ်နဲ့အတူတကွဖြစ်တဲ့ ဒေါမနဿ ဒေါသ။ တရားရှုမှတ်ဆိုတာ ဒေါသကင်းအောင် ရှုမှတ်တာလား၊ ဒေါသ ပွားအောင် ရှုမှတ်တာလားဆိုတော့ . . . ဒေါသကင်းအောင် ရှုမှတ်တာပါဘုရား။ ဒေါသကင်းအောင် ရှုမှတ်တာဖြစ်တယ်။

ယခုတော့ မှတ်နေတဲ့ကြားထဲမှာ ပျောက်ရမယ် ပျောက်ရမယ်ဆိုတဲ့ စိတ်ကြမ်းကြီးက မပျောက်သေးဘူးလား။ ပျောက်ကိုပျောက်ရမယ် စသည်ဖြင့် စိတ်ကြမ်းကြီးကို တရားကိုယ်ကောက်လိုက်တော့ ဒေါသ ဖြစ်တယ်။ ဒေါသတွေ ကြားညပ် ကြားညပ်ပြီးတော့ ပါနေတယ်။ ဒေါသတွေ ပွားနေသကဲ့သို့ ဖြစ်တဲ့အတွက်ကြောင့် တော်တော်နဲ့ တရား မတွေ့နိုင်၊ တရားထူးတရားမြတ်တွေ တော်တော်နဲ့ မရနိုင်ဘဲ ဖြစ်နေတတ်တယ်။ ဒါကြောင့် ဒီရှုနည်းမှတ်နည်းကိုလည်း မယူသင့်ပါဘူး။ ရှောင်ကြဉ်ရမယ်။

ဝေဒနာရဲ့သဘောကို သိအောင်မှတ်။ “သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်”။ သဘောကိုသိမှ ဥဒယဆိုတဲ့ ဖြစ်၊ ဝယဆိုတဲ့ ပျက်

စိတ်-ဝိညာဏက္ခန္ဓာက ပြဋ္ဌာန်းတယ်။ စိတ်ကပိုအားရှိတယ်။ စိတ်ကပိုအားရှိတဲ့အတွက် စိတ်တည့်တည့်ချလိုက်လို့ရှိရင် စိတ်ကပဲ ဝေဒနာ လွှမ်းမိုးသွားတာ များပါတယ်။

တည့်တည့်လေးချပြီးတော့ ဒီဝေဒနာ နာနေတာဟာ ဘယ် လောက်နာနေသလဲ။ အသားပေါ် အရေပေါ်လောက်ပဲနာတယ် သို့ မဟုတ် အကြောထိအောင်နာတယ်၊ အရိုးထိအောင်နာတယ် သို့မဟုတ် ရိုးတွင်းခြင်းဆီထိအောင်နာတယ်၊ စိတ်နဲ့သိအောင် စူးစိုက်။ စူးစိုက် ပြီးတဲ့အခါကျမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ပိုင်းခြားး ပိုင်းခြားပြီးတော့ ရှုမှတ်ပါ။

အပေါ်ယံလေး ရှုပ်ရှုပ်ပြီးတော့ နာတယ်၊ ကျင်တယ်၊ အောင့်တယ် လို့ ဒီလိုလည်း မရှုမှတ်ရပေဘူး။ ဒီလိုရှုမှတ်လို့ရှိရင် အပေါ်ယံလေး ရှုပ်နေတဲ့အတွက်ကြောင့် သမာဓိမဖြစ်ဘူး။ ပိုနာလာလိမ့်မယ်။ ဝေဒနာ၏ သဘောတရားလေးကို၊ နာနေတဲ့ သဘောအခြင်းအရာ လေးကို၊ နာနေပုံကို သိနိုင်သမျှသိအောင် စိတ်နဲ့စူးစိုက်။ စူးစိုက်ပြီး တော့ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ပိုင်းခြား ပိုင်းခြားပြီးတော့ မှတ်လို့ရှိရင် နာတဲ့အခြင်းအရာ နာပုံအတိုင်းအရှည်ပမာဏကိုသိအောင် စူးစိုက်ရတဲ့အတွက်ကြောင့် စိတ်တည်ငြိမ်မှု သမာဓိ မဖြစ်သွားပါဘူး လား . . . ဖြစ်သွားပါတယ်ဘုရား။ ဖြစ်သွားတယ်။

သမာဓိဖြစ်လာပြီဆိုလို့ရှိရင် လေးငါးချက်လောက် ဆင့်ကာ ဆင့်ကာ မှတ်လိုက်လို့ရှိရင် ပိုနာ၊ ပိုကျင်၊ ပိုအောင့်လာတာ ထင်ရှား လာတတ်ပါတယ်။ အထွတ်အထိပ်သို့ရောက်အောင် နာ၊ ကျင်၊ အောင့် ပြီးတဲ့အခါ ဝေဒနာလည်း အကြောင်းအားလျော်စွာ ပြန်မလျော့လာပါ

ကိုမြင်နိုင်တယ်။ ဖြစ်ပျက်မြင်မှ တရားထူးတရားမြတ်တွေ ဆက်ပြီးတော့ ရသွားနိုင်တယ်ဆိုတာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြီးက ဆောင်ပုဒ်လေးစီပြီး ညွှန်ကြားခဲ့တယ်။ သဘောကိုသိအောင်မှတ်၊ ဝေဒနာရဲ့သဘောကို သိအောင်ရှုမှတ်ရမယ်။

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ အောင့်တာ၊ မူးတာ၊ ယားတာ၊ ယိမ်းတာ၊ ယိုင်တာတွေ၊ ဒုက္ခဝေဒနာတွေ ပေါ်လာလို့ရှိရင် ဝေဒနာပြင်းထန်တာနဲ့မျှ ယောဂီက စိတ်ကိုလည်းတင်း၊ ခန္ဓာကိုယ် ကိုလည်း တင်းမိတတ်တယ်။ အဲဒီလို မတင်းမိစေရဘူး။ ဒီဝေဒနာ ပျောက်မှပျောက်ပါတော့မလား၊ တစ်ထိုင်လုံးပဲ ခံနေရတော့မှာလားလို့ ကြောင့်ကြပူပန်မှုတွေလည်း ဖြစ်နေတတ်တယ်။ မဖြစ်တတ်ပါဘူးလား . . . ဖြစ်တတ်ပါဘုရား။ အဲဒါတွေလည်း မရှိစေရပေဘူး။ စိတ်ကို လည်း အနည်းငယ်လျော့၊ ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျော့ထား ပြီးတော့ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချ။ ချတတ်တာနဲ့ တစ်ပြိုင်နက်တည်း တော်တော့်ကို နေရာကျသွားပြီ။

ဝေဒနာကလည်း နာမ်တရား အလွန်လျင်မြန်တယ်။ စိတ်က လည်း နာမ်တရား အလွန်လျင်မြန်တယ်။ လျင်မြန်တဲ့သဘောလေး ပေါ်မှာ လျင်မြန်တဲ့စိတ်ကို၊ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့် ချသွားနိုင်ပြီဆိုရင် စိတ်ကအားကောင်းတဲ့အတွက် ဒီဝေဒနာကို လွှမ်း မိုးသွားနိုင်တယ်။ ချတတ်ရင်ပဲ အလွန်နေရာကျသွားပြီ။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ။

ဓမ္မာ = နာမက္ခန္ဓာတရား (၄)ပါးတို့သည်၊
မနောပုဗ္ဗင်္ဂမာ = ဝိညာဏက္ခန္ဓာလျှင် ရှေ့သွားရှိ၏ (၀ါ) ပြဋ္ဌာန်း ခြင်းရှိ၏။

အဖြစ်နဲ့ ပျံလွန်တော်မူသွားတယ်။ တရားထူးတရားမြတ် မရသွားပါဘူးလား . . . တရားထူးတရားမြတ် ရသွားပါတယ်ဘုရား။

ပထမတော့ မခံနိုင်လို့ လှိမ့်နေလူးနေတော့ သမာဓိတောင် မဖြစ်ပေဘူး။ နောက် ပိဏ္ဍပါတိကမထေရ်က သတိပေးစကား မိန့်ကြားလိုက်တော့ ချက်ချင်းပဲ သည်းခံလိုက်၍ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချပြီးတော့ ရှုမှတ်လိုက်တဲ့အခါ အနာဂါမ်ဖြစ်သည်အထိ တရားထူးတရားမြတ်တွေ ရသွားတယ်။ အထူးသတိထားစရာ မကောင်းပါဘူးလား . . . အထူးသတိထားစရာ ကောင်းပါတယ်ဘုရား။

ရောဂါဝေဒနာ ဘယ်လောက်ပဲပြင်းထန် ပြင်းထန် လူးလှိမ့်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ သည်းမခံတဲ့သဘောတွေကိုတော့ မဖြစ်စေရဘူးတဲ့။ သေလောက်တဲ့ရောဂါ သေရမယ့်ရောဂါမှ တရားနာပရိသတ်များ လွတ်မှလွတ်ပါ့မလား . . . မလွတ်ပါဘုရား။ မလွတ်ဘူး။ မုချတွေ့ရမှာဖြစ်တယ်။ ယခုကနေပြီးတော့ အားတွေယူနေရတယ်။ အခုလို ရှုမှတ်နေရတာ တကယ်တမ်းပန်းတိုင်ဝင်တဲ့အခါကျတော့ ချမ်းချမ်းသာသာနဲ့ ဝင်နိုင်ရအောင်လို့ ရှုမှတ်နေရတာဖြစ်တယ်။ ဝေဒနာကို လွှမ်းမိုးနိုင်အောင် ရှုမှတ်နေရတာ မဟုတ်ပါဘူးလား . . . ဟုတ်ပါတယ်ဘုရား။

သေလောက်တဲ့ ရောဂါဝေဒနာဖြစ်လာ၍ သေရတော့မယ်လို့ သိလာတတ်ကြပေတယ်။ ဒီဝေဒနာကတော့ ဒီဘဝမလွန်မြောက်နိုင်တော့ဘူး၊ မျှော်လင့်ချက်မရှိတော့ဘူး။ အဲဒီလို သိသွားတဲ့အခါ ကိုယ်နဲ့အသက်ကို မငဲ့ကွက်တော့ပေဘူး။ ဒီဘဝအတွက် ဘာမှငဲ့ကွက်စရာ မရှိတော့ပေဘူး။ မိမိမှတ်အားရှိသလောက် စူးစိုက်ပြီးတော့ ရှုမှတ်

လိုက်ရင် တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ် တစ်ချက်ပိုနာ၊ တစ်ချက်မှတ် တစ်ချက် တခြားနေရာသို့ ရွေ့သွားတာ ယောဂီများကိုယ်တိုင်တွေ့ကြရတယ်။ ထို့နောက် အထွတ်အထိပ်သို့ရောက်အောင် နာကျင်ပြီး ပြန်လျော့လာတဲ့အခါမှာလည်း တစ်ချက်မှတ် တစ်ချက်သက်သာ၊ တစ်ချက်မှတ် တစ်ချက်သက်သာ၊ တစ်ချက်မှတ် တစ်ချက် တခြားနေရာသို့ ရွေ့နေတာ ပြောင်းနေတာ၊ ဒီနေရာက ပျောက်သွားပြီးတော့ တခြားနေရာမှာ သွားပေါ်နေတာ ယောဂီများ မတွေ့ရပါဘူးလား . . . တွေ့ရပါတယ်ဘုရား။ တွေ့ရတယ်။ ဝေဒနာဆိုတာ ပြောင်းလဲနေတာပဲ။ မှတ်တိုင်းမှတ်တိုင်း ပြောင်းလဲနေတာပဲ။ ဖြစ်ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတာပဲဟု ဝေဒနာရဲ့သဘောကို ပိုပြီးတော့ သိလာတယ်။

နောက်တော့ သမာဓိဉာဏ်တွေ ဒီထက်ရင့်ကျက်လာပြီး ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့ယောဂီပုဂ္ဂိုလ် ဝေဒနာပေါ်မှာ စိတ်ကလေးတည့်တည့်လေးချပြီးတော့ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တာနဲ့ တစ်ချက်မှတ် တစ်ချက်ယူပစ်လိုက်သလို ကုန်ပျက်ကုန်ပျက်သွားတာ၊ နောက်ထပ်အသစ်အသစ်တွေ ပေါ်လာလို့ အသစ်အသစ်တွေကိုပဲ လိုက်မှတ်နေတာဖြစ်တယ်။ စိတ်ညွှတ်လိုက်တာနဲ့ ကုန်ပျက်သွား၊ စိတ်ညွှတ်လိုက်တာနဲ့ ကုန်ပျက်သွားတာဉာဏ်ထက်တဲ့ ယောဂီများ ကိုယ်တိုင်တွေ့ရတယ်။ တချို့တချို့ယောဂီများကတော့ မှတ်တောင်မမှတ်လိုက်ရသေးဘူး။ စိတ်ကညွှတ်လိုက်တာနဲ့ ဝေဒနာက ကုန်သွားပျက်သွားပြီ ဘုရားတဲ့။ ဟုတ်လိုက်တာ။ အဲဒီအဆင့်ရောက်သွားတဲ့အခါကျတော့ ဝေဒနာကို လွှမ်းမိုးသွားပြီ။

ဝေဒနာတွေကို လွှမ်းမိုးနိုင်တဲ့ သမာဓိဉာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ဆိုလိုရှိရင် ရှုနေဆဲခဏမှာ ပေါ်လာတဲ့ဝေဒနာတွေ ပျောက်ပျောက် ပျောက်ပျောက်သွားတာ၊ ကုန်ပျက်ကုန်ပျက်သွားတာ ထင်ရှားတယ်။ ထင်ရှားပြီးတဲ့နောက်ပိုင်းမှာ မရှုခင်ကရှိတဲ့ ဝေဒနာဟောင်းတွေ ပေါ်လာလို့ရှိရင်လည်း မှတ်လိုက်တာနဲ့ ကုန်သွား၊ မှတ်လိုက်တာနဲ့ ပျက်သွားနဲ့ မရှုခင်ကရှိခဲ့တဲ့ ဝေဒနာဟောင်းတွေ ပျောက်ပျောက်သွားတယ်။

ဉာဏ်ထက်တဲ့ယောဂီများကျတော့ ဆေးတောင် သိပ်မလိုတော့ဘူး ဘုရားတဲ့။ ဆေးစားရတာ ကြာပါတယ်။ မှတ်လိုက်လို့ရှိရင် ကုန်ပျက်ကုန်ပျက်သွားတော့ ရောဂါဝေဒနာဖြစ်တာ ခဏလေးနဲ့ သက်သာသွားတယ်။ ခေါင်းကိုက်ရင် ခေါင်းကိုစူးစိုက်ပြီး ရှုမှတ်လိုက်၊ ဇက်ထိုးရင် ဇက်ကိုစူးစိုက်ပြီး ရှုမှတ်လိုက်ရင် မကြာခဏပဲ ကုန်ပျက်ကုန်ပျက်ပြီးတော့ ရောဂါဝေဒနာ ပျောက်သွားတာ တွေ့ကြရတယ်။ ဝိပဿနာရဲ့ အစွမ်းသတ္တိဖြစ်တယ်။ နည်းမှန်လမ်းမှန် ဝေဒနာကို ရှုတတ်လို့ရှိရင် ရှုနေဆဲမှာ ပေါ်လာတဲ့ ဝေဒနာတွေ ပျောက်ပြီးတဲ့အပြင် မရှုခင်ကရှိခဲ့တဲ့ ဝေဒနာတွေပါ ပျောက်ပျောက်သွားတာကို တွေ့ကြရတယ်။ ဆောင်ပုဒ်လေး ဆိုရအောင် -။

ဆောင်ပုဒ်။ ။ ရှုစဉ်ပေါ်ရှိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ရမည်။

လွှမ်းမိုးအောင်လည်း ရှုမှတ်တတ်ရမယ်။ ရှုစဉ်မှာပေါ်လာတဲ့ ဝေဒနာတွေကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရမယ်။ နဂိုထဲက ဝေဒနာအခြေခံရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ပိုပြီးတော့ နာတာ၊ ကျင်တာ၊ အောင့်တာ

တွေ ထင်ရှားတယ်။ ပိုပြီးတော့ ခံရတယ်။ သည်းမခံရပါဘူးလား . . . သည်းခံရပါတယ်ဘုရား။ သည်းခံရတယ်။ ဝေဒနာပေါ်ရင် သည်းခံဖို့ရာ အရေးကြီးတဲ့ အချက်တစ်ခုပဲ။ သည်းမခံဘဲ ပြောင်းချင်တဲ့စိတ်တွေက များနေရင်တော့ ဖြစ်မှဖြစ်ပါ့မလား . . . မဖြစ်ပါဘုရား။ မဖြစ်ဘူး။ သေလောက်သည့် ရောဂါဝေဒနာကိုပင်လျှင် သည်းခံပြီးတော့ ရှုမှတ်ရမယ်ဟု မြတ်စွာဘုရား သုတ္တန်ဒေသနာတော်မှာ မကြာခဏ မိန့်ကြားတယ်။ သေလောက်သည့် ရောဂါဝေဒနာ ပေါ်လာသည့်တိုင်အောင်လည်း သည်းခံပြီးတော့ ရှုမှတ်နိုင်ရမယ်တဲ့။ ရှုမှတ်နိုင်မယ်ဆိုရင်တော့ တရားထူးတရားမြတ်တွေ ရသွားကြပါတယ်။

တစ်ချိန်သောအခါ မထေရ်ကြီးတစ်ပါး ကြိုးကြိုးစားစား မဂ်ရောက် ဖိုလ်ရောက် တရားတွေ အားထုတ်နေတယ်။ တစ်ညလုံး တရားတွေ အားထုတ်ပြီးတော့၊ အအေးတွေမိပြီးတော့ မနက်ကျတော့ လေထိုးတဲ့ရောဂါ ဖြစ်လာတယ်။ ပျံတော်မူမယ့် ရောဂါဆိုတော့ အလွန်ပြင်းထန်၍ အမှတ်သတိတွေမေ့ပြီး အိပ်ရာထဲမှာ ဟိုဘက်လှိမ့်လိုက် ဒီဘက်လှိမ့်လိုက်နဲ့၊ သင်္ကန်းတွေလည်း မကပ်တော့ဘူး။ ဟိုလှိမ့်ဒီလှိမ့်ဖြစ်နေတယ်။

အဲဒီအခါ မထေရ်ကြီးတစ်ပါးရောက်လာတယ်။ ပိဏ္ဍပါတိကမထေရ်တဲ့။ ရောက်လာတဲ့အခါ သတိပေးစကား မိန့်ကြားလိုက်တယ်။ “အရှင်ဘုရား . . . ရဟန်းတော်တွေဆိုတာ သည်းခံရခြင်းသဘောရှိပါတယ်ဘုရား”ဟု သတိပေးလိုက်တယ်။ တစ်ချက်တည်း ငြိမ်ကျသွားတယ်။ မလှုပ်တော့ဘူး။ သူ့ဝေဒနာပေါ်မှာ သူ့စိတ်တည့်တည့်ချပြီးတော့ ရှုမှတ်လိုက်တာ မကြာမီအချိန်အတွင်းမှာပဲ ပျံလွန်တော်မူသွားတယ်။ ဘာအဖြစ်နဲ့ ပျံလွန်တော်မူသွားသလဲဆိုတော့ အနာဂါမ်

ယခုတရားနာပရိသတ်များ ရှုမှတ်နေကြတာ ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်းပါတယ်။

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို. . . ချစ်သား ချစ်သမီးတို့၊
သုခါ = ချမ်းသာသော၊
ဝေဒနာ = ဝေဒနာကို၊
ဒုက္ခတော = ဒုက္ခဟူ၍ (ဝါ) ဒုက္ခလို့ထင်အောင်၊
ဒဋ္ဌဗ္ဗာ = ရှုမှတ်အပ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

(၃) ဝိပါကပဋ္ဌာန်းဖြင့် ဝိပဿနာရှုမှတ်ပုံ

သုခဝေဒနာပေါ်လာရင်တော့ ဒုက္ခလို့ထင်အောင် ပြန်ရှုမှတ်နိုင်ရမယ်။ ဘဝါဘဝက ကုသိုလ်ကံတွေကများတော့ ကုသလဝိပါက်ကာယဝိညာဏ်တွေ ဖြစ်တယ်။ ဝေဒနာလည်း သုခဝေဒနာပဲဖြစ်တော့ သုခဝေဒနာတွေက သိပ်ထင်ရှားတော့ ဒီသုခဝေဒနာပေါ်မှာ သာယာနှစ်သက်စွဲလမ်းနေလို့ရှိရင်တော့၊ ချမ်းသာတာလေးကို သာယာနှစ်သက်

တော့တာပါပဲ။

"ကိုယ်နှင့်အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်"။ ကိုယ်နဲ့အသက် ငဲ့ကွက်နေလို့ရှိရင်တော့ ဉာဏ်စဉ်က သိပ်မတက်ဘူး။ ကိုယ်နှင့်အသက်ကို ထိများ ထိခိုက်သွားဦးမလား၊ အသက်များ တိုသွားမလား၊ ခန္ဓာကိုယ်များ ထိခိုက်သွားမလား၊ ရောဂါဝေဒနာတွေများဖြစ်လာဦးမလား၊ အဲဒီလို ငဲ့ကွက်နေရင်တော့ ဉာဏ်ကသိပ်မတက်ပေဘူး။ ကွယ်လွန်ခါနီးမှ ဒီဝေဒနာက သိပ်ပြင်းထန်တော့ ဒီဝေဒနာက မလွန်မြောက်နိုင်တော့ပေဘူး။ သိသွားတာနဲ့တစ်ပြိုင်နက် ကိုယ်နဲ့အသက်ကို မငဲ့ကွက်တော့ပေဘူး။ မငဲ့ကွက်တော့ ဒီဝေဒနာကိုမီအောင် လိုက်မှတ်သွားနိုင်ရင် ဉာဏ်စဉ်တွေ တစ်ဆင့်တက်ပြီး တရားထူးတရားမြတ်တွေ ရသွားနိုင်ကြတာပါပဲ။

ရောဂါသမသီတိရဟန္တာ၊ ဇီဝိတသမသီတိရဟန္တာ စသည်ဖြင့် ရှိခဲ့ပါတယ်။ ရဟန္တာလည်းဖြစ်၊ အသက်လည်းကုန် ပရိနိဗ္ဗာန်စံတယ်။ ဝေဒနာလည်းပျောက်၊ ရဟန္တာလည်းဖြစ် စသည်ဖြင့် အမျိုးမျိုးပဲ ရှိခဲ့ကြပါတယ်။ ကိုယ်နဲ့အသက်ကို မငဲ့ကွက်လို့ဖြစ်တယ်။

ဆောင်ပုဒ်။ ။ ကိုယ်နဲ့အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။

အခုကတည်းက လေ့ကျင့်ထားရမယ်။ သေချင်လည်း သေသွားပါစေ၊ ဖြုတ်တော့ မဖြုတ်ပေးဘူး။ လွှမ်းမိုးအောင် ရှုမှတ်မယ်။ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲနဲ့ အလေ့အကျင့်လေး လုပ်ပေးလုပ်ပေးရမယ်။

နောက်တကယ်တမ်း ကွယ်လွန်လောက်တဲ့ ရောဂါဝေဒနာတွေ ရောက်လာတဲ့အခါ အလေ့အကျင့်တွေရထားတော့ သည်းခံသွားနိုင်လို့ရှိရင် တရားထူးတရားမြတ်တွေ ရသွားနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ပုံလေးဖြစ်တယ်။ သုခဝေဒနာကိုလည်း လွှမ်းမိုးအောင် ရှုမှတ်ရမယ်။

ဒုက္ခာ ဘိက္ခဝေ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်တဲ့ အို . . . ချစ်သားချစ်သမီးတို့၊
ဒုက္ခာ = ဆင်းရဲသော၊
ဝေဒနာ = ဝေဒနာကို၊
သလ္လတော = မြားငြောင့်ဟူ၍ (၀၊) မြားငြောင့်လို့ထင်အောင်၊
ဒဋ္ဌဗ္ဗာ = ရှုမှတ်အပ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

မိမိခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာ ထင်ထင်ရှားရှား ပေါ်လာလို့ရှိရင် မြားငြောင့်သဖွယ်ထင်အောင် ရှုမှတ်နိုင်ရမယ်။ တောထဲတောင်ထဲသွားပြီးတော့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တို့၌ မြားတွေ၊ ငြောင့်တွေ၊ ဆူးတွေ လက်ဖဝါး ခြေဖဝါးတွေမှာ စူးလို့ရှိရင် ဒီဆူးကို အရင်ပယ်နုတ်ပြီးမှ လုပ်စရာကိစ္စအဝဝတွေကို ပြုလုပ်ဆောင်ရွက်လို့ရှိရင် အချိန်မီပြီးတယ်။ ခရီးရောက်တယ်။

ဒီလိုမဟုတ်ဘူး။ ကိစ္စတွေက အရေးကြီးလွန်းလို့ ဆူးကို ငြောင့်ကိုတော့မနုတ်ဘူး၊ အလုပ်ကိုသာ ပြုလုပ်နေတယ်ဆိုလို့ရှိရင် ပြီးမှပြီးပါ့မလား . . . မပြီးပါဘုရား။ အချိန်ကုန်လူပန်းဖြစ်သလို ယောဂီပုဂ္ဂိုလ်များလည်း မိမိတို့ခန္ဓာကိုယ်ထဲမှာ ဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခဝေဒနာကို ရှေးဦးစွာ ရှုမှတ်ပါဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဒီလိုမဟုတ်ဘူး။ ဒုက္ခဝေဒနာကြီးကလည်း ထင်ထင်ရှားရှားရှိနေတယ်။ ရှုမှတ်တာက ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် မရှုမှတ်ဘူး။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ ရှုမှတ်နေလို့ရှိရင် စိတ်က မငြိမ်တော့ပေဘူး။ ဒုက္ခဝေဒနာဆီ ပြန်ပြန်ရောက်နေလို့ ဖောင်းတဲ့၊ ပိန်တဲ့၊ ထိုင်တဲ့၊ ထိတဲ့အပေါ်မှာလည်း စိတ်တွေက မကပ်တော့ စိတ်တွေ ဗျာများနေတတ်တယ်။ ပါဠိလိုတော့ ဥဒ္ဓစ္စတွေ ဖြစ်နေတယ်။ တရားတွေ တက်မှတက်ပါတော့မလား . . . မတက်ပါဘုရား။

ဒီလိုမဟုတ်ပေဘူး။ ဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခဝေဒနာကို အခုပြောခဲ့သလို လွှမ်းမိုးအောင် ရှုမှတ်ထားနိုင်ပြီဆိုရင်တော့ ဆူးငြောင့်နုတ်ပြီးတော့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေလို အချိန်မီ အလုပ်တွေပြီးသကဲ့သို့ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေ ရသွားနိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဆောင်ပုဒ်။ ။ ဒုက္ခပေါ်လျှင်၊ ငြောင့်တံကျင်၊ အမှန်ပင်ရှုရမည်။

ဆူးငြောင့်တွေ စူးခံရတဲ့ပုဂ္ဂိုလ်တွေ ဆူးငြောင့်တွေနုတ်ပြီးမှ အလုပ်တွေကို လုပ်သလို ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ပြီးမှ တခြားရှုမှတ်စရာတွေကို ရှုမှတ်ဖို့ရာ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း

ကိန်းနေတယ်။ အဲဒီမောဟကိန်းနေတာကို ဘာလို့ထင်အောင် ရှုမှတ်နိုင်ရမလဲ၊ အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ အနိစ္စလို့ ထင်သွားတာနဲ့တစ်ပြိုင်နက်တည်း ဒီမောဟ ရှိပါတော့မလား။ . . . မရှိတော့ပါဘုရား။

အဒုက္ခမသုခါ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။

ဘိက္ခဝေ = သံသရာဘေးလာမည့်ရေးကို မျော်တွေးထောက်ဆသိမြင်ကြတဲ့ အို။ . . ချစ်သား ချစ်သမီးတို့၊
အဒုက္ခမသုခါ = ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော၊
ဝေဒနာ = ဥပေက္ခာဝေဒနာကို၊
အနိစ္စတော = အနိစ္စဟူ၍၊
ဒဋ္ဌဗ္ဗာ = ရှုမှတ်အပ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အနိစ္စလို့ထင်အောင် ရှုမှတ်ရမယ်။ လွယ်တဲ့အတိုင်း မှေးပြီးတော့ မလိုက်နေဘဲနဲ့ ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လို့ရှိရင် ဖောင်းတယ်လို့မှတ်လည်း ရိပ်ခနဲကုန်သွားတာ၊ ပိန်တယ်လို့မှတ်လည်း ရိပ်ခနဲကုန်သွားတာ။ သမာဓိဉာဏ် အားပြည့်လာတဲ့အခါ ဖောင်းတယ်လို့ ရှုမှတ်လိုက်ရင် ဖောင်းတာလည်း ရိပ်ခနဲကုန်သွားတာ၊ ဖောင်း

နေလို့ရှိရင်တော့ တရားတွေ တက်မှတက်ပါတော့မလား . . . တရားမတက်တော့ပါဘုရား။ တရားတွေတော့ မတက်တော့ဘူး။ "ရှုမှတ်ကောင်းဆဲ၊ သာယာစွဲ၊ အထဲရပ်နေသည်" ဆိုတဲ့အတိုင်း တရားတော့ ရှုမှတ်ပါရဲ့။ တရားတွေ အထဲမှာရပ်နေတယ်။ မတက်တော့ပေဘူး။ ရှုလည်းရှုမှတ်ရသေးတယ်၊ တရားလည်း မတက်ဘူး၊ တရားလည်း မရဘူးဆိုရင်တော့ နေရာမှ ကျမှကျပဲ့မလား . . . နေရာမကျပါဘုရား။ နေရာမကျပေဘူး။

အဲဒီဝေဒနာ ပေါ်လာလို့ရှိရင် ဒုက္ခလို့ပြန်ထင်အောင် ရှုမှတ်နိုင်ရမယ်။ တရားနာပရိသတ်များလောက် သမာဓိဉာဏ်တွေ အခြေခံရှိလို့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာတဲ့ယောဂီပုဂ္ဂိုလ် ဒုက္ခလို့ ပြန်ထင်သွားတာပဲ။ သုခ = ချမ်းသာတာက ကိုယ်ကချမ်းသာတာ၊ စိတ်ကချမ်းသာတာဟူ၍ နှစ်မျိုးရှိတယ်။ ဘယ်ဟာကိုပဲရှုရှု ရှုလို့ရပါတယ်။ ချမ်းသာနေတာလေးကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ စူးစူးစိုက်စိုက် ရှုမှတ်လို့ရှိရင် ချမ်းသာတာလေးဟာ ဖြစ်ပြီးတာနဲ့ ပျက်သွား၊ ဖြစ်ပြီးတာနဲ့ ပျက်သွား။ သမာဓိဉာဏ် အားကောင်းတာနဲ့အမျှ အလျင်အမြန် အလျင်အမြန် ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ ပျက်သွားတာကို မြင်ရမယ်။

အလျင်အမြင် ဖြစ်ပြီးတော့ ပျက်နေတော့၊ လျင်မြန်အားကြီးတော့ နှိပ်စက်နေသလိုပဲ၊ တကယ်စင်စစ်တော့ ချမ်းသာတာမဟုတ်ပါလား၊ ဖြစ်တာပျက်တာတွေက နှိပ်စက်နေလို့ ဆင်းရဲတစ်မျိုးပါလားလို့ ပြန်မထင်သွားနိုင်ပါဘူးလား . . . ပြန်ထင်သွားနိုင်ပါတယ်ဘုရား။ ထင်သွားလို့ရှိရင် သုခဝေဒနာကို ဒုက္ခလို့ ထင်သွားတဲ့အတွက်ကြောင့်

တရားတွေတွေ့၊ တရားတွေတက်၊ တရားထူးတရားမြတ်တွေ ရသွားနိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပေတယ်။

ဆောင်ပုဒ်။ ။ သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင်ရှုရမည်။

သုခဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခလို့ထင်အောင် ရှုမှတ်နိုင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

အဒုက္ခမသုခါ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။

ဘိက္ခဝေ = သံသရာဘေးလာမည့်ရေးကို မျှော်တွေးထောက်ဆသိမြင်ကြတဲ့ အို။ ။ ။ ချစ်သား ချစ်သမီးတို့၊
အဒုက္ခမသုခါ = ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော၊
ဝေဒနာ = ဥပေက္ခာဝေဒနာကို၊
အနိစ္စတော = အနိစ္စဟူ၍၊
ဒဋ္ဌဗ္ဗာ = ရှုမှတ်အပ်၏။
ဣတိ = ဤသို့၊
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ။ ။ ။

သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓုပါဘုရား။

ဥပေက္ခာဝေဒနာပေါ်လာလို့ရှိရင် အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ဒုက္ခဝေဒနာလည်း ထင်ရှားတယ်။ သုခဝေဒနာလည်း ထင်ရှားတယ်။ ဥပေက္ခာဝေဒနာဆိုတာတော့ မထင်ရှားတဲ့ဝေဒနာ၊ သိမ်မွေ့

တဲ့ဝေဒနာဖြစ်တယ်။ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မိဂပဒဝဠဉ္ဇနနည်းနဲ့ ကျမ်းဂန်တွေမှာ ပြတယ်။

ကျောက်ဖျာပေါ်ကို သမင်တစ်ကောင် ဖြတ်သွားတယ်။ ဖြတ်နေဆဲ အခိုက်အတန့်မှာတော့ မတွေ့ရပေဘူး။ နောက်မှ ရောက်သွားတယ်။ အတက်ခြေရာကိုလည်း တွေ့ရတယ်။ အဆင်းခြေရာကိုလည်း တွေ့ရတယ်။ အတက်ခြေရာနဲ့ အဆင်းခြေရာကို တွေ့ရတော့ ဒီကျောက်ဖျာပေါ်က သမင်ဖြတ်သွားတယ်ဆိုတာ မသိရပါဘူးလား ။ ။ ။ သိရပါတယ်ဘုရား။ သိရတယ်။ အတက်ခြေရာနဲ့ သုခဝေဒနာနဲ့တူတယ်။ အဆင်းခြေရာနဲ့ ဒုက္ခဝေဒနာနဲ့တူတယ်။ ဒီနှစ်ခုကြားမှာ ဥပေက္ခာဝေဒနာရှိတယ်။

တရားနာပရိသတ်များ တရားရှုမှတ်လို့ သခ်ါရုပေက္ခာဉာဏ် ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ ဥပေက္ခာဝေဒနာကို တွေ့ကြရတယ်။ ဖောင်းတယ်၊ ပိန်တယ်ဟု ထိုင်ခါစလေးက တစ်ချက်နှစ်ချက်လောက် ရှုမှတ်လိုက်ရတယ်။ မှတ်စရာအာရုံတွေကလည်း အလိုလိုပေါ်လို့၊ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေသကဲ့သို့ ယောဂီကလွယ်လွယ်လေးနဲ့ မှတ်သွားရတယ်။ ကြောင့်ကြလည်း မစိုက်ရတော့ပေဘူး။ လွယ်အားကြီးတော့ တွေဝေသွားတယ်။ မောဟဝင်နေတတ်တယ်။ ဖြစ်တာပျက်တာ၊ ကုန်တာပျက်တာတွေ မသိတော့ဘူး။

အဲဒီအဆင့်ရောက်တော့ ကုန်တဲ့ပျက်တဲ့ အဆင့်ပဲ။ ကုန်တာပျက်တာတွေ မတွေ့တော့ပေဘူး။ မှေးပြီးတော့လိုက်နေတော့ ရုပ်တရား၊ နာမ်တရားကုန်မှု ပျက်မှုတွေ မထင်ရှားတော့ပေဘူး။ မထင်ရှားတော့ မောဟတွေ ဝင်သွားတယ်။ ဥပေက္ခာဝေဒနာမှာတော့ မောဟ

တွေကို ပညာအရာမှာ ဧတဒဂ်ရတဲ့ အရှင်သာရိပုတ္တရာကလည်း ပညာနဲ့ မတားပေးနိုင်ဘူး။ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန်ကလည်း တန်ခိုးနဲ့လည်း မတားပေးနိုင်ဘူး။ ဝိဇ္ဇာမန္တန် အတတ်တွေနဲ့ မတားပေးနိုင်ဘူး။ သိပ္ပံဆရာတွေကလည်း မတားပေးနိုင်ဘူး။

မတားပေးနိုင်တဲ့အရာ (၄)မျိုးရှိပါတယ်။ အိုတာရယ်၊ နာတာရယ်၊ သေတာရယ်၊ မကောင်းမှုကံရဲ့ အကျိုးပေးဝိပါက်ရယ်၊ ဘယ်နှမျိုးပါလဲ . . . (၄)မျိုးပါဘုရား။ (၄)မျိုးကို ဘယ်ပုဂ္ဂိုလ်မှ မတားပေးနိုင်ဘူးတဲ့။ မြတ်စွာဘုရားကလည်း မတားပေးနိုင်ပေဘူး။ တန်ခိုးအဘိညာဉ်ရပြီးတဲ့ ပုဂ္ဂိုလ်လည်း မတားပေးနိုင်ပေဘူး။

ဆောင်ပုဒ်။ ။ အိုနာသေမျိုး၊ မကောင်းကံကျိုး၊ လေးမျိုးတားမရ။

မြတ်စွာဘုရား လက်ထက်တော်အခါကစပြီးတော့ ယခုတိုင်အောင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မအိုစေရဘူးလို့ ဘယ်သူမျှ ပြောနိုင်ပါသလဲ . . . မပြောနိုင်ပါဘုရား။ ဘယ်ပုဂ္ဂိုလ်မှ မပြောနိုင်ဘူး။ ဘယ်ပုဂ္ဂိုလ်မှ မပြောနိုင်ဘူး။ သိပ္ပံပညာရှင် ဆရာကြီးတွေလည်း မပြောနိုင်၊ တန်ခိုးအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေလည်း မပြောနိုင်ပေဘူး။ ဝိဇ္ဇာမန္တန်အတတ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း မပြောနိုင်ပေဘူး။

နာခြင်းသဘောတရားကိုလည်း မနာရဘူးလို့ ဘယ်သူက တာဝန်ယူနိုင်ပါသလဲ . . . တာဝန်မယူနိုင်ပါဘုရား။ တာဝန်မယူနိုင်ဘူး။ ရောဂါဝေဒနာပေါ်လာမှ လိုက်ပြီးတော့ ကုပေးကြတာပဲ။ ဒီလောက်ပဲရှိတယ်။

မသေရဘူးလို့ ဘယ်တိုင်းပြည်က ကြေညာတာရှိပါသလဲ . . . မရှိပါဘုရား။ ဘယ်လောက်ပဲ သိပ္ပံပညာတွေ ထွန်းကားတဲ့ တိုင်းပြည်

တယ်လို့ ရှုမှတ်လိုက်တဲ့မှတ်သိစိတ်လည်း ရိပ်ခနဲကုန်သွားတာ တွေ့ကြရတယ်။

ပိန်တယ်လို့ ရှုမှတ်လိုက်ရင် ပိန်တာလည်း ရိပ်ခနဲကုန်သွားတာ၊ မှတ်သိစိတ်လည်း နောက်ကရိပ်ခနဲ ကုန်ပျက်ကုန်ပျက်သွားတာ တွေ့ရတော့ ဖောင်းတဲ့ပိန်တဲ့ ရုပ်တရားတွေလည်း မမြဲဘူး၊ ရှုမှတ်နေတဲ့ မှတ်သိစိတ်လည်း မမြဲဘူး၊ အနိစ္စလို့ မထင်သွားနိုင်ပါဘူးလား . . . အနိစ္စလို့ ထင်သွားနိုင်ပါတယ်ဘုရား။ ထင်သွားနိုင်တယ်။ အနိစ္စလို့ ထင်သွားတာနဲ့တစ်ပြိုင်နက် ဥပေက္ခာဝေဒနာမှာ ကိန်းနေတဲ့ မောဟကို ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေတယ်။

ဆောင်ပုဒ်။ ။ ဥပေက်ပေါ်လျှင်၊ မြဲမထင်၊ အမှန်ပင်ရှုရမည်။

ကုန်တာပျက်တာတွေက လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား၊ ဒုက္ခပါလား၊ ဒီလိုကုန်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့ မရဘူး၊ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရတဲ့ အနတ္တပါလားလို့ တစ်ဆက်တည်း မထင်သွားပါဘူးလား . . . ထင်သွားပါတယ်ဘုရား။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် အမြင်တွေ ပိုင်သွားတဲ့အခါကျတော့ မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တွေ ရသွားတာပါပဲ။

ကိုယ်ကာယမှာ ကောင်းတဲ့အတွေ့တွေ လာတွေ့တော့ သုခသဟဂုတ် ကာယဝိညာဏ်ဖြစ်တယ်။ ကောင်းတဲ့ဝိညာဏ်လေးဖြစ်တယ်။ ကိုယ်ကာယမှာ မကောင်းတဲ့ အတွေ့အထိတွေ လာတွေ့ထိ

တော့ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်တယ်။ ဝေဒနာနဲ့တကွ တွဲဖြစ်တော့ ဝေဒနာကိုရှုမှတ်လို့ လွှမ်းမိုးသွားရင် တရားထူးတရားမြတ်တွေ ရသွားနိုင်တယ်။ ကောင်းတဲ့အတွေ့လည်းမဟုတ်၊ မကောင်းတဲ့အတွေ့လည်းမဟုတ် အလယ်အလတ်မှာဖြစ်တဲ့ ဥပေက္ခာဝေဒနာဖြစ်လာတဲ့အခါကျတော့ အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။ ရှုမှတ်ပုံလေးတွေ အတိုချုပ်ပါပဲ။

အဲဒီမှာ ဝိပါက်စိတ်တွေရဲ့ဖြစ်ပုံ၌ ဒွေပဉ္စဝိညာဏ်(၁၀)ဆိုတာ စက္ခုဝိညာဏ်ဒွေး(၂)ခု၊ သောတဝိညာဏ်ဒွေး(၂)ခု၊ ဃာနဝိညာဏ်ဒွေး(၂)ခု၊ ဇိဝှါဝိညာဏ်ဒွေး(၂)ခု၊ ကာယဝိညာဏ်ဒွေး(၂)ခု၊ ငါးဒွေးဆိုတော့ ဘယ်နှခုပါလဲ . . . ဆယ်ခုပါဘုရား။ ဆယ်ခုကို ဒွေပဉ္စဝိညာဏ်(၁၀)လို့ ခေါ်တယ်။ အဲဒီဒွေပဉ္စဝိညာဏ်(၁၀)ဆိုတာ အဲဒီစိတ်တွေက သိကာမျှမတ္တပဲ။ အာရုံတွေကို ဘာမှ ပိုင်းပိုင်းခြားခြားသိတဲ့ စိတ်တွေမဟုတ်ဘူး။ သိကာမျှမတ္တဖြစ်တဲ့ စိတ်တွေဖြစ်တယ်။ နောက်ဘဝင်(၁၉)ခုဆိုတာကတော့ မသိတဲ့စိတ်လို့ စိတ်ပညာဆရာများက သတ်မှတ်ကြတယ်။ တရားနာပရိသတ်များ အိပ်နေတဲ့အခါမှာ ဘာစိတ်တွေဖြစ်နေလဲ . . . ဘဝင်စိတ်တွေ ဖြစ်နေပါတယ်ဘုရား။ ဘဝင်စိတ်တွေဖြစ်နေတယ်။

ဘဝဿ အင်္ဂီ ဘဝင်္ဂီ။

ဘဝဿ = ဘဝ၏၊
အင်္ဂီ = အကြောင်းတည်း။
ဘဝင်္ဂီ = ဘဝ၏အကြောင်း။

တစ်ဘဝလုံးမှာဖြစ်နေတဲ့ စိတ်လို့ ဆိုရပါတယ်။ ဝီထိစိတ်တွေမဖြစ်တဲ့အခါ ဒီဘဝင်စိတ်ပဲ ဖြစ်တာပါပဲ။ အိပ်နေတဲ့အခါဖြစ်တဲ့ ဘဝင်စိတ်တွေက အာရုံတွေကိုတော့ အသင့်အတင့် သိပါတယ်။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေဆိုတဲ့ ပဋိသန္ဓေနေခဲ့စဉ်က နိမိတ်တွေကိုပဲ သိတာပါပဲ။ ဒါပေမယ့် အာရုံတွေက ဝေးနေလို့ မသိတဲ့စိတ်လို ဖြစ်နေတယ်။ လောကီစိတ်ပညာဆရာတွေက မသိစိတ်လို့ သတ်မှတ်တယ်။

ဒွေပဉ္စဝိညာဏ်(၁၀)ကတော့ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိဆိုတဲ့ ဝိညာဏ်(၁၀)ကတော့ သိကာမျှမတ္တဖြစ်တဲ့စိတ်။ ဘဝင်စိတ်တွေကတော့ မသိစိတ်။ ဝိပါက်စိတ်တွေထဲက ပိုင်းပိုင်းခြားခြားသိတဲ့ ဝိပါက်စိတ်တွေကတော့ ဖိုလ်စိတ်(၄)ခု၊ ဖိုလ်စိတ်(၄)ခုကတော့ ပိုင်းပိုင်းခြားခြားသိတယ်။ နိဗ္ဗာန်ရဲ့အာရုံကို ပိုင်းပိုင်းခြားခြား မသိပါဘူးလား . . . သိပါတယ်ဘုရား။ သိတယ်။

တရားနာပရိသတ်များသန္တာန်မှာဖြစ်နေတဲ့ ဝိပါက်စိတ်တွေဟာ (ဖိုလ်ရဖူးတဲ့ပုဂ္ဂိုလ်ဆိုရင်) (ဖိုလ်စိတ်တွေပါ)(၃)မျိုးရှိတယ်။ ဒွေပဉ္စဝိညာဏ် (၁၀)က သိကာမျှမတ္တဖြစ်တဲ့စိတ်ဖြစ်တယ်။ ဘဝင်စိတ်တွေက မသိစိတ်ဖြစ်တယ်။ ဖိုလ်စိတ်(၄)ခုက ပိုင်းပိုင်းခြားခြားသိတဲ့စိတ်ဖြစ်တယ်။

ဝိပါက်စိတ်တွေဆိုတာ အကျိုးတရားတွေပဲ။ ကံ၏အကျိုးတရားတွေဖြစ်တယ်။ ကောင်းတာလည်းဖြစ်ရ၊ မကောင်းတာလည်း ဖြစ်ရ။ မကောင်းတဲ့ကံ၏ အကျိုးပေးတွေကို ဘယ်ပုဂ္ဂိုလ်မှတော့ တားမြစ်လို့မရဘူး။ မြတ်စွာဘုရားလည်း မတားမြစ်ပေးနိုင်ပေဘူး။ ဒီဝိပါက်အကျိုး

(ခ) အသံမမြည်သော ရထားမှာ (၁) ကာယိကဝီရိယ (ဘီးတစ်ဖက်)၊ (၂) စေတသိကဝီရိယ (ဘီးတစ်ဖက်)၊ (၃) ဟီရိ သြတ္တပ္ပတရားဆိုတဲ့ နောက်ကျောမှီခုံ၊ (၄) အကာအရံနဲ့တူတဲ့ သတိတရား၊ (၅) ယာဉ်မောင်းသမားနဲ့တူတဲ့ ရှေ့သွားဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ(ခေါ်) မဂ်သမ္မာဒိဋ္ဌိတို့ ဖြစ်ပါသည်။

(၄) အနန္တရ ပစ္စယော

(က) ဘဝင် ဆင်ခြင် မြင်ပြီးလျှင် ထို့ပြင် လက္ခဏာတုံ့။
စုံစမ်း ဆုံးဖြတ် ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။
အရှင်ပေါဋ္ဌိလမထေရ်ကို တရားပေးပုံ
အပေါက်၆ပေါက်ရှိသော တောင်ပို့ထဲမှ၊ ဖွတ်တစ်ကောင်ကို ဖမ်းရာတွင် အပေါက်၅ပေါက်ကို ပိတ်ထားပြီး တစ်ပေါက်မှသာ စောင့်၍ဖမ်းယူပုံ။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ဒွါရ၅ပေါက်ကို ပိတ်၍ မနောဒွါရပေါက်မှ စောင့်ပြီး ရှုမှတ်ရပုံ။

(ခ) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဒွါရများသည် ဥပါဒါရူပ်များဖြစ်၍ အလွန်သိမ်မွေ့သည်၊ မဟာဘူတ်ကို မှီပြီးမှ ဖြစ်လို့ရသည်။ သူတို့ချည်း သက်သက်ဖြစ်လို့ မရပါ။

- ဖေါဋ္ဌဗ္ဗရုံ (အထိအတွေ့)နှင့် မဟာဘူတ်တို့ကို လွယ်ကူစွာ ရှုနိုင်ပါသည်။

ဘဝင်ဆင်ခြင်ထိပြီးလျှင်၊ ထို့ပြင်လက်ခံတုံ့။
စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ကြီးတွေ ဖြစ်စေကာမူ မသေရဘူးလို့ မကြေညာနိုင်ပါဘူး။ ဘယ်ပုဂ္ဂိုလ်မှ မတားမြစ်နိုင်ပါဘူး။

မကောင်းတဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးကိုလည်း ဘယ်သူမှ မတားမြစ်နိုင်ပါဘူး။ မတားမြစ်နိုင်တဲ့ သာဓကလေးတစ်ခု ပြောပြီးတော့ တရားအဆုံးသတ်ရအောင် -။

မြတ်စွာဘုရားလက်ထက်တော်အခါက သာမာဝတီဆိုတာ အလွန်ထင်ရှားခဲ့တယ်။ သာမာဝတီရဲ့အတ္ထုပ္ပတ္တိ အကျဉ်းချုပ်လေးပါပဲ။ သာမာဝတီဟာ နောက်ဆုံး ဘဝအဆုံးသတ်ရတော့ ဘာနဲ့အဆုံးသတ်ရသလဲဆိုတော့ မီးလောင်တိုက်ထဲ သွင်းပြီးတော့ အဆုံးသတ်သွားရတယ်။ သောတာပန်ဖြစ်ပြီးမှ မီးလောင်တိုက် အသွင်းခံရတယ်။ အရှင်ပစ္စေကဗုဒ္ဓါကို သေစေလိုသောစေတနာဖြင့် မီးရှို့ခဲ့တဲ့ အကုသိုလ်ကံ၏အကျိုးကို ခံသွားရပေတယ်။

ဤကဲ့သို့ ဝိပါကပစ္စည်းကို ရှုမှတ်ပုံနှင့်တကွ နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း . . . ။

ဆရာတော်ဘုရား ပေးသနားသောဆုနဲ့ ပြည့်စုံရပါလို၏၊ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ပဋ္ဌာန်းနှင့် ဝိပဿနာ ရှုမှတ်ပုံ တရားမှတ်စုများ
(၁)

(၁) ဟေတုပစ္စည်းဖြင့် ဝိပဿနာတရား ရှုမှတ်ခြင်း

(က) ဝိပဿနာတရား ရှုမှတ်ခြင်း၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတဲ့ အခိုက်အတန့်မှာ လောဘ၊ ဒေါသ၊ မောဟတို့ ဖြစ်ခွင့် မရ၊ အလောဘ၊ အဒေါသ၊ အမောဟတို့ကို တိုးတက်ကြီးပွား စေပါသတည်း။

(ခ) အနိစ္စကို မြင်အောင်ရှုလျှင် - အလောဘသည် ဖြစ်၏။ (ဒါန)
ဒုက္ခကို မြင်အောင်ရှုလျှင် - အဒေါသသည် ဖြစ်၏။ (မေတ္တာဓါတ်)
အနတ္တကို မြင်အောင်ရှုလျှင် - အမောဟသည် ဖြစ်၏။ (ကိုယ်အစိုးမရ)

သမ္မာသနဉာဏ်သို့ ရောက်လာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သုံးသပ်ဆင်ခြင်ပြီး သိလာပါတယ်။

(ဂ) သမ္မာသနဉာဏ်- ဉဒယဗ္ဗယဉာဏ်- ဘင်္ဂဉာဏ်ထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မြင်တွေ့ရသည်။

(၂) အာရမ္မဏ ပစ္စယော

(က) ဝိပဿနာ ရှုမှတ်ခြင်းဖြင့် အလွန်ကြမ်းတမ်းတဲ့ အာရုံတွေကို ပယ်နိုင်၏။ ရှုမှတ်ရမှာကတော့ အာရုံ (၆)ပါးက

ဒွါရ ၆ပါး၊ အကြည်ဓါတ် ၆ဖြာမှာ လာတိုက်၍ ဝိဉာဏ်ဖြစ်တဲ့ အခိုက်အတန့်လေးမှာ ရှုရမယ်။ ဖြစ်ခိုက်မှာ ရှုမှတ်ရမယ်။

ဖြစ်ပျက်ကို မြင်သိမှ၊ အနိစ္စမြင်၊ အနိစ္စမြင်မှ ဒုက္ခထင်၊ ဒုက္ခထင်မှ အနတ္တမြင်၊ အနတ္တမြင်မှ နိဗ္ဗာန်ခွင် ပြေးဝင် ဆိုက် ရောက်သည်။

(ခ) ဉဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်ထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေကို ကိုယ့်ခန္ဓာကိုယ်ထဲမှာ ကိုယ်တိုင်တွေ့ရတော့ ဝမ်းသာစရာ ကောင်းလှပေသည်။

(၃) အဓိပတိပစ္စယော

(က) ဆန္ဒာဓိပတိ၊ ဝီရိယဓိပတိ၊ စိတ္တာဓိပတိ၊ ဝိမံသာ ဓိပတိတရား လေးပါးတို့ဖြင့် ဝိပဿနာတရား အားထုတ်ရာတွင် ဉာဏ်စဉ်အဆင့်ဆင့် ဖြစ်သည့် သမ္မာသနဉာဏ်မှ ဉဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ ပဋိသင်္ခါဉာဏ်ထိ ပါဝင် အထောက်အပံ့ အရေး တကြီး ပါဝင်ကြပါသည်။

- အကြောင်းအကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ရောက် သွားပါက စူဠသောတာပန် ဖြစ်သွားပြီး အပါယ်ငရဲသို့ မကျနိုင် တော့ပါ။

- စျာန် မဂ် ဖိုလ် မရလို့ရှိရင် နတ်ပြည်သို့ရောက်မှာ များပါတယ်၊

- ပစ္စယပရိဂ္ဂဉာဏ်ရပြီးတဲ့ ပုဂ္ဂိုလ် ဆက်ခါ အားထုတ် လိုက်တဲ့အခါ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရောက်ဖို့ရာ သေချာသလောက် ဖြစ်နေပါပြီ။

(ခ) နှုတ်ခမ်းပြည့်နေတဲ့ ဆီခွက်နဲ့ တရားနာပရိတ်သတ်များ ရှုမှတ်နေတဲ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းနဲ့တူတယ်။ ဆီမဖိတ်အောင် သွားဖို့ရာထက် အမှတ်မလွတ်အောင် ရှုမှတ်ဖို့ရာက ပိုခက်ပါတယ်။

(၉) ဥပနိဿယပစ္စယော

(က)- ကောင်းသောဥတုကနေပြီး ကုသိုလ်ဖြစ်အောင် ကျေးဇူး ပြုသည်။

- ကောင်းသော ဘောဇဉ်တွေက ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်။

- ကလျာဏ မိတ္တပုဂ္ဂိုလ်သည် ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်။

- သင့်လျော်သော ကျောင်းအိပ်ယာသည် ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်။

- အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ခုပါးစလုံးက ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်။

- ကာလ ဝိမုတ် ဖြစ်တဲ့ တရားတို့သည် ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည်။

- အနိစ္စာ နုပဿနာကို ရှုမှတ်တဲ့အခါ အနာဂါမ်ထိ တရားရတယ်။

- ဖောင်းတယ်၊ ပိန်တယ်ဆိုတာ၊ လေအဆင့်ဆင့်၊ ဝမ်းဗိုက်ကို တိုးထိပြီး၊ ဖောင်းတက်လာတာ၊ အထိကိုပဲ မှတ်ရတာဖြစ်တယ်။

- အရှင်ပေါဠိလမထေရ်သည် လေးမင်္ဂလေးဖိုလ်ထိ အဆင့်ဆင့် တက်ပြီးတော့ ရဟန္တာ ဖြစ်သွားခဲ့ပါသည်။

(၅) သမနန္တရ ပစ္စယော

အနန္တရပစ္စည်းနဲ့ သမနန္တရပစ္စည်းတို့သည် တရား ကိုယ်အားဖြင့် အတူတူပင်ဖြစ်ပါသည်။ ပုဂ္ဂလဏ္ဍာသယအားဖြင့် ထပ်ပြီး ဟောကြားတော်မူခြင်းသာဖြစ်သည်။

(၆) သဟဇာတ ပစ္စယော
(၇) အညမညပစ္စယော

(က) ဝေဒနာနုပဿနာကို ရှုမှတ်သည်။

သမ္မသနဉာဏ်ရောက်လာလျှင် ဝေဒနာတွေ ထင်ရှားလာပါသည်။

ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ ပျက်ပျက်သွားတာပဲ ထင်ရှားသည်။

နာတယ်လို့မှတ်လိုက်ရင် နာတာလေး ကုန်ပျက် ကုန်ပျက်သွားတာမြင်ရ၊

(၁) နာတာလေးလဲ ကုန်ပျက်၊ နာတယ်လို့သိနေတဲ့ အသိစိတ်ကလေးလဲ ကုန်ပျက်၊ နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လဲ ကုန်ပျက်။

(၂) နာတာလဲ မမြဲဘူး၊ အသိစိတ်လဲ မမြဲဘူး၊ မှတ်သိစိတ်လဲ မမြဲဘူး၊ အနိစ္စပါဘုရား။

- ကုန်ပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်သကဲ့သို့ ဖြစ်၍ ဆင်းရဲပါလား၊ ဒုက္ခပါဘုရား။

- ဆင်းရဲတာတွေ ဘယ်လိုများ ကာကွယ်ရပါ့မလဲ၊ သူ့သဘော အတိုင်း သူ ကုန်ပျက်နှိပ်စက်နေတာဘဲ၊ ကိုယ်အစိုးမရပါလား၊ အနတ္တပါဘုရား။

(၃) ဝေဒနာ အနိစ္စ၊ ဝေဒနာဒုက္ခ၊ ဝေဒနာ အနတ္တတွေ မြင်သွားတဲ့အခါ၊ မြားညောင့်ကို ပါယ်နှုတ်သကဲ့သို့ ဖြစ်သွားပါတယ်၊ (သလ္လာတော)

- ဝေဒနာကို လွှမ်းမိုးသွားတော့ ပဋိဃာနုသယကို ပယ်သတ်ပြီး မဖြစ်သွားပါဘူးလား။ (ဒေါသပါယ်)

- လောဘကို ဒုက္ခဟုမှတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြင့် ပါယ်သည်။

- မောဟကို သခ်ါရုပေက္ခာညာဏ်ရောက်မှ ထင်ရှားနိုင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြင့် ပါယ်သည်။

- ဝိညာဏ်(စိတ်)ကို ဘင်္ဂညာဏ်ရောက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု။

- ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတို့ကို သမ္မာသနညာဏ်ရောက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု။

(ခ) ဓမ္မာနုပဿနာ ရှုမှတ်ပုံ

စိတ် စေတသိတ် တရားတွေက စိတ္တဇရုပ်ကို ကျေးဇူးပြုနေတာ ဖြစ်တယ်။

(၁) ထချင်တယ်- ထချင်တယ် = စိတ္တစေတသိကာ ဓမ္မာ
(၂) ထတယ်- ထတယ် = စိတ္တ သမုဋ္ဌာန် ရူပါန်
(၁) သွားချင်တယ်- သွားချင်တယ်= စိတ္တ စေသတိကာ ဓမ္မာ

----------॥----------

(၂) ဘယ်လှမ်းတယ်၊ ညာလှမ်း = စိတ္တ သမုဋ္ဌာန် ရူပါန်
တယ် ကြွတယ်၊ လှမ်းတယ်၊
ချတယ်

----------॥----------

(၁) ရပ်ချင်တယ်၊ ရပ်ချင်တယ် = စိတ္တ စေသတိကာ ဓမ္မာ
(၂) ရပ်တယ် - ရပ်တယ် = စိတ္တ သမုဋ္ဌာန် ရူပါန်

----------॥----------

(၈) နိဿယ ပစ္စယော

(က) အစပိုင်းမှာ ကာယကနေ ရှုမှတ်ရတယ်၊ နောက်တော့
မျက်စိကလည်း ရှုမှတ်လို့ရ၊
နှာခေါင်းကလည်း ရှုမှတ်လို့ရ၊
လျှာကလည်း ရှုမှတ်လို့ရ၊
စိတ်ကလည်း ရှုမှတ်လို့ရသွားပါတယ်။

(၆) ဒွါရလုံး ရှုမှတ်လို့ ရသွားတဲ့ အခါကျတော့ အောင်မြင်သွားပါပြီ။

တစ်ဒွါရတည်းတော့ သင်တို့စောင့်ရှောက်လို့ တရားမနိုင်ကြပေဘူး။ သံသရာ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ကြပေဘူး။ (၆) ဒွါရလုံး သင်တို့ လုံခြုံအောင် စောင့်ရှောက်နိုင်ရမည်။

(၂) ခန္ဓာငါးပါးဖြင့်လည်း တရားရနိုင်ပါသည်။

(၃) ဓါတ်ကြီး (၄)ပါးဖြင့်လည်း တရားရနိုင်ပါသည်။

(၄) အလုံးစုံသော တရားတွေဖြစ်ပြီး ချုပ်ပျက်ဖြစ်တာ ရှုမှတ်လို့ ရှိရင်လည်း တရားရနိုင်ပါသည်။

တရားနာ ပုဂ္ဂိုလ်များ ရှုမှတ်နေတဲ့ တရားဟာလည်း နည်းမှန်လမ်းမှန်တွေချည်း ဖြစ်ပါတယ်။

မျက်စိကပဲ ရှုရှု၊ နားကပဲ ရှုရှု၊ နှာခေါင်းကပဲ ရှုရှု၊ လျှာကပဲ ရှုရှု၊ စိတ်ကပဲ ရှုရှု၊ အဲဒီဌာနတွေက ရှုစရာ ဌာနတွေချည်း ဖြစ်ပါတယ်။

တရားကတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်း ဟူသော သတိပဋ္ဌာန်တရား (၄)ပါးဖြင့်သာ ရှုမှတ်နေပါ။

တကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပါသည်။

သံသရာစက် လုံးဝပြတ်သွားဖို့ရာ တကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပါသည်။

(၈) ကြားကာမျှ မတ္တ တည်သွားပုံ

နားဥ် အသံလာတိုက်တဲ့အခါ သောတဝိညာဏ်လေး ဖြစ်ခိုက်မှာ ကြားတယ်၊ ကြားတယ်၊ ရှုမှတ်ရပါတယ်။

ကြားသိစိတ်ကလေး ဖြစ်ခိုက်မှာ ရှုမှတ်ရပေမယ်။ တခြားအချိန်တွေမှာ ရှုလို့မရပေဘူး။ မကြားဘဲနဲ့ ကြားတယ်၊ ကြားတယ်ဟု ရှုလို့ ဝိပဿနာဉာဏ် မဖြစ်ပါ။

သမာဓိဉာဏ်တွေက အားနည်းတဲ့ အခိုက်အတန့်မှာတော့ ရှုမှတ်လို့ မရသေးဘူး၊ သမာဓိဉာဏ် အားရှိလာတဲ့အခါ ရှုမှတ်လို့ ရလာပါတယ်။

(၁၀) ပုဂ္ဂလတ ပဉ္ဉတ္တိ

(က) လူဘဝ လူချမ်းသာ နတ်ဘဝ နတ်ချမ်းသာတွေ ရှိကြပါသည်။ သို့သော် ချမ်းသာဆိုပေမဲ့ ဖေါက်ပြန်တော့ မဆင်းရဲရဘူးလား၊ ဆင်းရဲရပါသည်။ ဖောက်ပြန်တဲ့ ဆင်းရဲတာမျိုးပင် ဖြစ်သည်။

ချမ်းသာတာနဲ့အမျှ ဆင်းရဲဒုက္ခတွေ ပြန်ဖြစ်ကြရသည်။

- မျက်စိ၊ ရူပ၊ ရုပ်ကနှစ်ဖြာ၊ မြင်တွေ့-ခံစား၊ နာမ်ကား သုံးဖြာ၊ မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ၊ မြင်တယ်ဟု မှတ်ရှုသိရပါ။
- မြင်သိရာတွင် မမှတ်လျှင် သံသရာလည်ပတ်သည်။
- ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိ. . . ရာတွင် မမှတ်လျှင် သံသရာ လည်ပတ်သည်။
- မြင်သိရာတွင် ရှုမှတ်လျှင် သံသရာပင် အစဉ်ပြတ်နိုင်သည်။
- ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိ. . . ရာတွင် ရှုမှတ်လျှင် သံသရာပင် အစဉ်ပြတ်နိုင်သည်။

(ခ) သံသရာစက်ကို ဖြတ်ဖို့ရာ နည်းလမ်းက ဘာနဲ့ ဖြတ်ရမလဲဆိုတော့ ဝိပဿနာနဲ့ပဲ ဖြတ်ရမယ်။

မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ ကြံစည်ဆဲ. . . မှာလည်း ပစ္စုပ္ပန်တဲ့တဲ့မှာ. . သိစိတ်ကလေး ဖြစ်ခိုက်မှာ၊ ရှုမှတ်လိုက်လို့ရှိရင် သမာဓိဉာဏ်တွေ အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ပြတ်နိုင်ပါတယ်။

ဘယ်လိုရှုမှတ်ရပါမလဲဆိုရင်- မြင်တယ်၊ မြင်တယ်လို့ဘဲ ရှုမှတ်ရမယ်။

အဲဒီမှာ "မြင်တယ်၊မြင်တယ်"လို့ ရှုမှတ်တဲ့အခါမှာ တရား(၅)မျိုးပါဝင်သွားပါတယ်။

စက္ခာယတန = မျက်စိအကြည်
ရူပါယတန = အဆင်းရူပါရုံ
မြင်သိစိတ် = စက္ခုဝိညာဏ်
အတွေ့ = ဖဿ
ခံစားမှု = ဝေဒနာ

ဝေဒနာသိအောင် မှတ်လို့ ရသွားတော့ ဝေဒနာ ဖြစ်သွားပါတယ်။ ဝေဒနာပြတ်သွားတော့ တဏှာ မဖြစ်တော့ပါ၊ မဖြစ်တော့ပါ။

ဒါကြောင့် တဿယေဝ တဏှာယ၊ အသေယ ဝိရာဂ နိရောဓေါ၊

တဿယေဝ တဏှာယ = ရှုမှတ်တဲ့အတွက်ကြောင့် ထိုတဏှာ၏သာလျှင်၊
အသေယ ဝိရာဂ နိရောဓေါ၊ = အကြွင်းမဲ့ ချုပ်ခြင်းကြောင့်၊

(၈) ဒီပဋ္ဌိစ္စ သမုပ္ပါဒ်တရားကို သင်စိတ်ဖြင့်လည်း မှတ်သားထား၊ နှုတ်နဲ့လဲ ရအောင်ရွတ်ဆို၊ ရပြီးတဲ့အခါ အမြဲတမ်းလည်း ဆောင်ထား၊ ပဋ္ဌိစ္စ သမုပ္ပါဒ်တရားဟာ အကျိုးတရားနဲ့လည်း စပ်တယ်၊ အာဒီဗြဟ္မစရိယ မဂ္ဂင်ရှစ်ပါး သင့်သဏ္ဌာန်မှာ ပွားများဖို့ရာ အစအဆုံး တည်ရာလည်း ဖြစ်တယ်။

သင့်အတွက် အများကြီး အကျိုးရှိနိုင်တယ်။

- ဝတ္ထာရမ္မဏာ ဆိုတာ ဝတ္ထုလည်း ဖြစ်ရတယ်၊ အာရုံလည်း ဖြစ်ရတယ်၊

- ဝတ္ထုဆိုတာ ဟဒယ ဝတ္ထုပဲ ဖြစ်ပါတယ်။

- မနောဓါတ်၊ မနောဝိညာဏဓါတ်တို့က ဒီ ဟဒယဝတ္ထုကိုမှီပြီး ဖြစ်ကြရပါတယ်။

- စက္ခုဝတ္ထု မျက်စိအကြည်ကိုမှီပြီး မြင်သိစိတ်ဖြစ်နေရသလို ဟဒယဝတ္ထုကိုမှီပြီး မနောဓါတ် (၃)ခု၊ မနောဝိညာဏဓါတ် (၇၂)ခု၊ စိတ်စေတသိတ်တို့လည်း ဖြစ်ကြရပါတယ်။

- နောက်တစ်ခါ ဒီစိတ်တွေက ဒီဟဒယဝတ္ထုကိုပဲ ပြန်ပြီး အာရုံပြုနိုင်ပေတယ်။

- တရားသဘောအရလည်း ဒီဟဒယဝတ္ထုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပြန်ရှုတယ်ဆိုလို့ရှိယင် ဝိပဿနာ ကုသိုလ်တွေဖြစ်တယ်။

ဒီစိတ်တွေဟာ ဒီဟဒယဝတ္ထုကိုဘဲ မှီပြီးတော့ ဖြစ်တဲ့အတွက် ဝတ္ထုအနေနဲ့ မှီရာလည်းဖြစ်ပြီး၊ ကျေးဇူးပြုနိုင်တယ်။

ဟဒယဝတ္ထုကိုဘဲ ဝိပဿနာ ပြန်ရှုတဲ့အခါ အာရုံအဖြစ် ဖြင့်လည်း ရှေ့ကဖြစ်ပြီး ကျေးဇူးပြုနိုင်တယ်။

ဒါကြောင့် ဝတ္ထာရမ္မဏာ ဖြစ်ပါတယ်။

(ဃ) တရားထူး တရားမြတ်များရရှိန် ဘယ်တရားကိုများ ရှုမှတ်ရမည်နည်း၊

(၁) အဖျတ္တိကာယတန (၆)ပါးဖြင့် ရှုမှတ်ပါကလည်း တရားရနိုင်ပါသည်။

ဘဝအဆက်ဆက်က၊ သံသရာအဆက်ဆက်က ဖြစ်ခဲ့တဲ့ ကံဟောင်းတွေ မကုန်သမျှကာလပါတ်လုံး၊ အလိုရှိအောင် တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို မရောက်နိုင်ဘူး။ အဲဒီကံ ဟောင်းတွေကိုတော့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပါယ်ရ မည်။

သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတဲ့အခါ ဘဝပေါင်း များစွာက ပါလာခဲ့တဲ့၊ အပါယ်ငရဲသို့ ကျစေနိုင်တဲ့ ကံဟောင်းတွေ အကုန်ပြတ်သွားတယ်။

ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ပါယ်သတ်တာ ဖြစ်ပါတယ်။

သကဒါဂါမ်ဖြစ်သွားရင် လူ့ပြည် နတ်ပြည်မှာ တကြိမ်ဘဲ ဖြစ်ရတော့မယ်။

အနာဂါမ်ဖြစ်သွားရင် အနာဂန္တာဆိုတဲ့အတိုင်း ကာမသုဂတိ (၇)ဘုံမှာ ဖြစ်ရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒုက္ခတွေ လုံးဝပြတ်သွားတယ်။ ကာအသုဂတိ(၇)ဘုံမှာ ဖြစ်စေမယ့် ကံတွေ အကုန်လုံး ကင်းပြတ်သွားတယ်။ (သုဒ္ဓဝါသ ဗြဟ္မာဘုံကို ရောက် သွားတယ်)

ရဟန္တာဖြစ်သွားတဲ့အခါ(၃၁)ဘုံမှာ ဖြစ်ရတဲ့ ကံဆိုး ကံဟောင်းတွေ အကုန်လုံး ကုန်သွားတယ်။ ကံတွေ ကုန်သွားတဲ့ အခါ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားတယ်။

ရဟန္တာပုဂ္ဂိုလ်များ သန္တာန်မှာ နိဗ္ဗာန်(၂)မျိုးရှိတယ်။

(က) သဥပါဒိသေသနိဗ္ဗာန် = ပရိနိဗ္ဗာန်မစံမီ၊ ကိလေသာ (၁၀)ပါး ချုပ်ငြိမ်းနေတယ်။ ခန္ဓာ(၅)ပါးတော့ရှိတယ်။ ကိလေသာ တွေ အကုန်ချုပ်ငြိမ်းနေတယ်။

(ခ) အနုပါဒိသေသနိဗ္ဗာန် = ပရိနိဗ္ဗာန် စံဝင်သွားပြီး ဖြစ်တယ်။ ခန္ဓာ(၅)ပါးလုံး ချုပ်ငြိမ်းသွားပြီး ဖြစ်တယ်။ ကံတွေ လည်း အားလုံး ကုန်သွားပြီ ဖြစ်တယ်။

အစပိုင်းမှာတော့ ကြားခါမျှ မတွေ့မှာ ရှုမှတ်ရတယ်။ အသံ နောက်ကိုလည်း စိတ်က မလိုက်သွားစေရဘူး။ ဘာအသံတွေ လဲလို့ ကြံစည်စိတ်ကူးမှုလည်း မဖြစ်စေရပေဘူး။

နားအကြည်၌ အသိစိတ်ကလေးကို ကပ်ထားရမယ်။

ကပ်ပြီး နေလို့ရှိယင်၊ အသံနောက်ကို စိတ်က မလိုက်တော့ ပါ။

မလိုက်လို့ရှိယင် ကြားခါမျှ မတွေ့မှာ တည်သွားပေတယ်။

(က)အာနာပါန/သွားရပ် = ကာယနုပဿနာ
ထိုင်လျှောင်း/သမ္မဇာနပဗ္ဗ

(ခ) စိတ်ကောင်း/စိတ်ဆိုး/ = စိတ္တာနုပဿနာ
စိတ်ပျော်/ စိတ်ပျက်

(ဂ) ဝေဒနာ သုခ/ ဒုက္ခ = ဝေဒနာနုပဿနာ

(ဃ)မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ = ဓမ္မာနုပဿနာ
သိ သဘော

(၁၁) ပဋ္ဌာဏတ ပစ္စယော

(က) ရှေ့က ဖြစ်နှင့်သော ရုပ်(၄)ပါးတို့အား၊
နောက်ကဖြစ်သော စိတ်စေတသိတ်တရားတို့က
နောက်ကဖြစ်သော သတ္တိဖြင့် အကျိုးပြုသည်။

- ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည် စုတိစိတ်မရောက်မီ (၁၇)ချက်အလိုအထိ၊ အဆက်မပြတ်ဖြစ် နေပြီး၊ နောက်နောက်မှာရှိတဲ့စိတ်၊ စေတသိတ်တွေက ကျေးဇူးပြု နေပါသည်။

- ရုပ်(၂၈)ပါးထဲက (၁၈)ပါးကိုသာရှုရမည်။ ကျန်တဲ့ရုပ် - (၁၀)ပါးက ပညတ်ရုပ်တွေဖြစ်လို့ မရှုမှတ်ရပေ။

- ကာယအကြည်ကို ရှုမှတ်ပုံ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊

(၁၂) အာသေဝန ပစ္စယော

အဘိဓမ္မာ ဒေသနာတော် အရတော့ အခု ဝီထိအစဉ်နှင့် ပစ္စုပ္ပန် အခိုက်အတန့်မှာဘဲ ရတယ်။

သုတ္တန်ဒေသနာတော် အရတော့ ဘဝါဘဝက မိမိတို့ ထုံခဲ့တဲ့ ကုသိုလ် အကုသိုလ် အားလျော်စွာ လိုက်ပါပြီးတော့ နောက် နောက်မှာဖြစ်တဲ့ ကုသိုလ် အကုသိုလ်တွေကို လိုက်ပြီးတော့ ကျေးဇူးပြုတယ်။

ဝိပဿနာ ရှုမှတ်ရာမှာလည်း အစပိုင်းမှာတော့ ကြိုးစားပြီး မှတ်ရပါတယ်။ အလယ်ပိုင်းနှင့် နောက်ပိုင်းကျတော့ သက်သာခွင့် ရသွားတယ်။

အောက်ကဉာဏ်စဉ်တွေဖြစ်တဲ့ နာမရူပ၊ ပရိစ္ဆေဒ၊ ပစ္စယ ပရိဂ္ဂဟ၊ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါဆိုတဲ့ အဲဒီဉာဏ်တွေက အာသေဝန ပစ္စည်းတွေကို ရခဲ့လို့ သင်္ခါရုပေက္ခာဉာဏ်ကျတော့ လွယ်လွယ်ကလေး မှတ်နေရပါတယ်။

ရွှေပန်းထိမ်သည်၏ သားငယ်ကို ကမ္မဋ္ဌာန်းတရားပေးရာတွင်-

- ရွှေပဒုမ္မာကြာပန်း အသွင်ဖန်ဆင်း၍ ကမ္မဋ္ဌာန်းကို ရှုမှတ်စေရာ စတုတ္ထစျာန်အထိ လျင်စွာ ရရှိခဲ့ခြင်း၊

- ကြာပန်းညိုးနွမ်းအောင် ဖန်ဆင်းလိုက်ပြန်တော့ မိမိ ကမ္မဇ ရုပ်များသည်လည်း ဒီလိုဘဲ ညိုးနွမ်းနိုင်တာ သံဝေဂ ရရှိခဲ့ခြင်း။

- အဲဒီအချိန်မှာ မဂ္ဂင်ရှစ်ပါးတရားကို သတိပဋ္ဌာန်(၄)ပါး တရားနဲ့ ပွားများဘို့ ဟောပြောသဖြင့် ရှုမှတ်လိုက်ရာ ရဟန္တာ ဖြစ်သွားခဲ့တယ်။

(၁၃) ကမ္မပစ္စယော

(က) အကျိုးပေးရာ ကာလ၏အစွမ်းအားဖြင့် (၄)မျိုး ဖြစ်ပုံမှာ ယခုဘဝမှာ အကျိုးပေး၊ ဒုတိယဘဝမှာ အကျိုးပေး၊ သံသရာတလျှောက်လုံး နိဗ္ဗာန်ထိ အကျိုးပေး၊ ဘာမှ အကျိုးမပေး။

- ကံသည် စေတနာနှင့် အတူတူပင် ဖြစ်သည်။

- ကံသည် ဂတိ(၅)ဖြာ ဥဒဘုံမှာ လှည့်ရောက်စေသည်။ ငရဲ၊ တိရိစ္ဆာန်၊ လူ၊ နတ်၊ စသည့် ဂတိ (၅)မျိုး။

(ခ) လောကဓံ (၈)ပါးနဲ့ တွေ့ရတာ ကံကြောင့် ဖြစ်ပါသည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ = ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိ၏။ လောကဓံ (၈)ပါးသည် ဘယ်ပုဂ္ဂိုလ်မှ မကင်းကြပါ။ ပုထုဇဉ်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန်း၊ ဘုရားတွေတော်မှ မကင်းပါ။

(ဂ) ကံတွေကုန်အောင် တရားကျင့်ကြံ အားထုတ်ရမည်။ ဒီကံတွေ ကုန်သွားမှသာ နိဗ္ဗာန်ချမ်းသာကို ရမည်။ ကာယကံ၊ ဝစီကံ၊ မနောကံဟု (၃)မျိုးရှိပါသည်။

ကာယကံ(၃)ပါး -သတ်+ခိုး+ကာမ တို့နှင့် ဝစီကံ (၄)ပါး တို့ကို သီလဆောက်တည်၍ ပါယ်ရမည်။

မနောကံ (၃)ပါး - အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ကို သမထ သမာဓိနှင့် ပါယ်ရနည်။ (သမထ ဘာဝနာ)

ဝိပဿနာတရား အရှုခံနှင့်

စဉ်	အရှုခံနှင့် အရှုဉာဏ် / ဝိပဿနာဉာဏ်စဉ်အဆင့်	နား / ကြား	မျက်စိ / မြင်	နှာ / နံ	လျှာ / စား	ကိုယ် / ထိ	စိတ် / သိ	ဝိညာဉ် / သိ	ဟဒယဝတ္ထု / ထပ်သိ	ဥဒယ / ဖြစ်	ဝယ / ပျက်	အနိစ္စ / ပျက်	ဒုက္ခ / ဆင်းရဲ
၁	နာမရူပပရိစ္ဆေဒဉာဏ်	√				√		√		√			
၂	ပစ္စယပရိဂ္ဂဟဉာဏ်	√	√		√	√		√		√			
၃	သမ္မသနဉာဏ်	√	√	√	√	√	√	√	√	√	√	√	√
၄	ဥဒယဗ္ဗယဉာဏ်	√	√	√	√	√	√	√	√	√	√		
၅	ဘင်္ဂဉာဏ်	√	√	√	√	√	√	√	√		√		
၆	ဘယဉာဏ်	√	√	√	√	√	√	√	√		√		
၇	အာဒီနဝဉာဏ်	√	√	√	√	√	√	√	√		√		
၈	နိဗ္ဗိဒါဉာဏ်	√	√	√	√	√	√	√	√		√		
၉	မုဉ္စိတုကမျတာဉာဏ်	√	√	√	√	√	√	√	√		√		
၁၀	ပဋိသင်္ခါဉာဏ်	√	√	√	√	√	√	√	√		√	√	√
၁၁	သင်္ခါရုပေက္ခာဉာဏ်	√	√	√	√	√	√	√	√		√		
၁၂	အနုလောမဉာဏ်								√		√	√	√
၁၃	ဂေါတြဘူဉာဏ်								√			√	√
၁၄	မဂ်ဉာဏ်								√				
၁၅	ဖိုလ်ဉာဏ်								√				
၁၆	ပစ္စဝေက္ခဏာဉာဏ်								√				

(၁၄) ဝိပါက ပစ္စယော

ဝိပါတ်မှာ အခိုက်အတန့် (၄)မျိုးရှိပါသည်။

(က) စေတနာဝတ္ထ = စေတနာအခိုက်အတန့် = အပွင့်အခိုက် အတန့်

(ခ) ကမ္မာဝတ္ထ = ကံ အခိုက်အတန့် = အကင်းအခိုက်အတန့်

(ဂ) နိမိတ္တာဝတ္ထ = နိမိတ်အခိုက်အတန့် = ဝင်းပြင်း အခိုက်အတန်

(ဃ) ဝိပါကဝတ္ထ = ထိပါတ် အခိုက်အတန့် = မှည့်နေတဲ့အခိုက်အတန့်

(က) သုတ္တန်တရား၊ သေခါနီး ဂတိနိမိတ် ပေါ်ပုံ၊ ပြောင်းလဲနိုင်ပုံ၊ ဝိပါတ်ဝိဉာဏ် ဖြစ်ပေါ်ပုံ။

(ခ) ဝိပါတ်နှင့် ကံသည် အကြောင်းနှင့် အကျိုးပဲ ဖြစ်ပါသည်။ ကံတွေက ကမ္မပစ္စည်းတရားက အကြောင်းတရား၊ ဝိပါတ် အကျိုးတရား၊ ပဝတ္တိအခါ- ဒွေးပဉ္စဝိဉာဏ်(၁၀)ပါး ဖြစ်ပေါ်သည်။ ကောင်းကျိုးနှင့်ဆိုးကြိုး ကုသိုလ်နှင့် အကုသိုလ်ဖြစ်သော မြင်၊ ကြား၊ နံ၊ စား၊ ထိတို့ဖြစ်တယ်။ ဝိပါတ်စိတ် ဝိဉာဏ်တွေ ဖြစ်နေတယ်။

ပထမဆုံး တရားအားထုတ်ခါစမှာတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို (၃)မျိုးထဲက ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ရတယ်။ ဒုက္ခဝေဒနာကို ရှုမှတ်ပုံ- ခုခောတ်အခါမှာ (၃)မျိုး ကွဲပြားနေပါသည်။

(က) ဒီဝေဒနာလေး ပျောက်သွားရအောင် ရည်ရွယ်ပြီး ရှုမှတ်တာ။ (မကောင်းပါ)

(ခ) ဒီဝေဒနာကိုတော့ ဒီတထိုင်မှာ အပြတ်တိုက်ထုတ် မှတ်လို့၊ စိတ်ကြမ်းကြီး ထူထောက်ပြီး ရှုမှတ်တာ။ (မကောင်းပါ)

(ဂ) ဝေဒနာရဲ့သဘောကို သိအောင်ရှုမှတ်တာ။ (ကောင်း သည်)

သဘောသိမှ ဥဒယ၊ ဝယ မြင်နိုင်သည်။

ဝေဒနာတွေ ပြင်းထန်လာရင် စိတ်ကိုလည်း အနည်းငယ် လျှော့၊ ပြီးတော့ ဝေဒနာပေါ်မှာ စိတ်ကလေး တည့်တည့်ချ၊ ချသွား နိုင်ပြီဆိုရင် စိတ်က အားကောင်းတဲ့အတွက် ဒီဝေဒနာဆိုးကို လွှမ်းမိုးသွားနိုင်ပေသည်။

ဘင်္ဂဉာဏ်ရောက်လာတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာပေါ် စိတ်က လေး တည့်တည့်ချပြီး စူးစူးစိုက်စိုက် ရှုမှတ်လိုက်တာနဲ့ ဝေဒနာ ကုန်သွား ပျက်သွားပြီ။ အဲဒီ အဆင့်ရောက်သွားတဲ့အခါကျတော့ ဝေဒနာကို လွှမ်းမိုးသွားပြီ။

သည်းခံရသည်။ သေလောက်သည့် ရောဂါဝေဒနာကို ပင်လျှင် သည်းခံပြီးတော့ ရှုမှတ်ရမည်။ သည်းမခံဘဲ ပြောင်းချင် တဲ့စိတ်တွေက များနေရင်တော့ မဖြစ်ပါ။

ရောဂါဝေဒနာသည် ဘယ်လောက်ပဲပြင်းထန် ပြင်းထန်၊ လူးလိမ့်တဲ့သဘော၊ လူပ်ရှားတဲ့သဘော၊ ပြုပြင်တဲ့သဘော၊ သည်းမခံတဲ့သဘောတွေကို မဖြစ်စေရ။

သေလောက်တဲ့ရောဂါ ဝေဒနာ ဖြစ်လာရင် သေရတော့မယ် လို့ သိလာတတ်ကြပေသည်။ အဲဒီလို သိသွားတဲ့အခါ၊ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်တော့ဘဲ၊ မိမိမှတ်အား ရှိသလောက် စူးစိုက် ပြီး ရှုမှတ်ရမှာ ဖြစ်ပါသည်။

ဆူးညောင့်တွေနှုတ်ပြီးမှ အလုပ်တွေ လုပ်သလို၊ ဒုက္ခ ဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ပြီးမှ တခြားရှုမှတ်စရာတွေကို ရှုမှတ်ရမည်။

(ခ) သုခဝေဒနာပေါ်လျှင် ဒုက္ခလို့ထင်အောင် ရှုမှတ်ပါ။

အဒုက္ခ မသုခါ၊ ဥပေက္ခာဝေဒနာကို အနိစ္စလို့ ထင်အောင် ရှုမှတ်ပါ။

တရားရှုမှတ်လို့ သခ်ါရုပေက္ခာဉာဏ်ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်များကြတော့ ဥပေက္ခာဝေဒနာကို တွေ့ကြရတယ်။

ရှုမှတ်ရတာ ကြောင့်ကြ မစိုက်ရတော့ဘူး၊ လွယ်အားကြီး တော့ တွေ့ဝေသွားတယ်၊ မောဟဝင်နေတတ်တယ်။ ဖြစ်တာ၊ ပျက် တာ၊ ကုန်တာ၊ ပျက်တာတွေ မသိတော့ဘူး။

အဲဒီ မောဟကိန်းနေတာကို အနိစ္စထင်အောင် ရှုမှတ်နိုင် ရမည်။ အနိစ္စလို့ ထင်သွားတာနဲ့ တပြိုင်နက် မောဟ မရှိတော့ပါ။

ဝိပါတ်စိတ် (၃) မျိုးရှိသည်။

(၁) ဒွေးပဉ္စဝိညာဏ်(၁၀)က သိကာမျှမတ္တ ဖြစ်တဲ့စိတ် ဖြစ်သည်။

(၂) ဘဝင်စိတ် (၁၉)ခုက မသိတဲ့စိတ်၊ အိပ်နေတဲ့အခါမှာ ဖြစ်တဲ့စိတ်၊ တစ်ဘဝလုံးမှာ ဖြစ်နေတဲ့စိတ်၊ စုတိစိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊

(၃) ဖိုလ်စိတ် (၄)ခုက ပိုင်းပိုင်းခြားခြားသိတဲ့စိတ် မတားပေး နိုင်တဲ့ အရာ (၄) မျိုးရှိပါသည်။ ၁။ အိုတာ၊ ၂။ နာတာ၊ ၃။ သေတာ၊ ၄။ မကောင်းမှုကံရဲ့ အကျိုးပေး ဝိပါတ်ရယ် ဖြစ်ပါသည်။

မှတ်ချက်(၁)

[ခန္ဓာငါးပါး = ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်]
= ရုပ်နာမ်၂ပါး (အရှုခံတရား)
= ပညတ် ကိုပါယ်၊ ပရမတ်ကိုသာရှု။

မှတ်ချက်(၂)

[မဂ္ဂင်၈ပါး = အရှုညွှန်တရား သတိပဋ္ဌာန် ၄ပါး]
= (အရှုခံတရား)

မှတ်ချက်(၃)

သွားရပ်ထိုင်လျောင်း = ထိ

မှတ်ချက်(၄)

အရှုခံတရား
ရုပ်+နာမ် = ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်
= ခန္ဓာငါးပါး
အတွင်းအာယတန= မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ၆ပါး
အပြင်အာယတန = အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ၆ပါး မနောဓါတ်
အပွင့်ဓါတ် ၆ပါး = မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ
ရုပ် = ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော
သတိပဋ္ဌာန်၄ပါး = ကာယာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ။

ဉာဏ်စဉ်ဇယား

အနုတ္တ အစိုးမရ	ဘယ ကြောက်	အာဒီနဝ အပြစ်	နိဗ္ဗိဒါ ရွံမုန်း	မုဉ္စိတုကမျှတာ ပစ်ချလို	သတိပဋ္ဌာန် ၄ပါး	မဂ္ဂင် ၈ပါး	ပ-ဈာန် ဝိတက်	ဒု-ဈာန် ဝိစာရ	တ-ဈာန် ပီတိ	စ-ဈာန် သုခ	ပဥ္စဈာန် ကေဂ္ဂတာ	မဂ် ဖိုလ်
					√	√	√	√				
					√	√	√	√				
√					√	√	√	√				
					√	√	√	√	√			
					√	√	√	√	√			
	√				√	√	√	√	√			
		√			√	√	√	√	√			
			√		√	√	√	√	√			
				√	√	√	√	√	√			
√					√	√	√	√	√			
√					√					√	√	
√					√					√	√	
√					√						√	
											√	√
											√	√
											√	√

ဝိပဿနာတရား– ပဋ္ဌာန်းဓေသနာ အရှုခံနှင့်

စဉ်	အရှုခံနှင့် အရှုဉာဏ်	နား	မျက်စိ	နာ	လျှာ	ကိုယ်	စိတ်	ဝိညာဉ်	ဟဒယဝတ္ထု	ဥဒယ	ဝယ	အနိစ္စ	ဒုက္ခ
	ပဋ္ဌာန်း-၂၄ပစ္စည်း	ကြား	မြင်	နံ	စား	ထိ	သိ	သိ	ထပ်သိ	ဖြစ်	ပျက်	ပျက်	ဆင်းရဲ
၁	ဟေတု ပစ္စယော	√	√	√	√	√	√	√	√	√	√	√	√
၂	အာရမ္မဏ ပစ္စယော	√	√	√	√	√	√	√	√	√	√	√	√
၃	အဓိပတိ ပစ္စယော					√					√		
၄	အနန္တရ ပစ္စယော	√	√	√	√	√	√	√	√		√		
၅	သမနန္တရ ပစ္စယော												
၆	သဟဇာတ ပစ္စယော					√		√	√		√	√	√
၇	အညမည ပစ္စယော												
၈	နိဿယ ပစ္စယော	√	√	√	√	√		√					
၉	ဥပနိဿယ ပစ္စယော					√		√	√			√	
၁၀	ပုရေဇာတ ပစ္စယော	√	√	√	√	√		√	√	√	√	√	√
၁၁	ပစ္ဆာဇာတ ပစ္စယော					√		√					
၁၂	အာသေဝန ပစ္စယော						√	√	√				
၁၃	ကမ္မ ပစ္စယော						√	√	√				
၁၄	ဝိပါက ပစ္စယော	√	√	√	√	√		√	√		√	√	√

မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး အရှုဉာဏ် ဇယား

အနုတ္တ အဓိုးမရ	ဘယ ကြောက်	အာဒီနဝ အပြစ်	နိဗ္ဗိဒါ ရွံမုန်း	မုဉ္စိတုကမျတာ ပစ်ချလို	သတိပဋ္ဌာန် ၄ပါး	မဂ္ဂင် ၈ပါး	ပ-စျာန် ဝိတက်	ဒု-စျာန် ဝိစာရ	တ-စျာန် ပီတိ	စ-စျာန် သုခ	ပဥ္စစျာန် ကေဂ္ဂတာ	မဂ် ဖိုလ်
√					√	√	√	√	√	√	√	သဒ္ဓါရှုပေ ကွာဉာဏ်
√					√	√	√	√	√	√	√	ရဟန္တာထိ
	√	√	√	√	√	√	√	√	√	√	√	ရဟန္တာထိ
	√	√	√	√	√	√	√	√	√	√	√	ရဟန္တာထိ
						√						
√					ဝေဓမ္မာ	√	√	√	√	√	√	ရဟန္တာထိ
						√						
					ကာ	√	√	√	√	√		
					ကာ	√	√	√	√	√	√	အနာဂါမ်
√					√	√	√	√	√	√	√	သောတာပန်
					ကာ	√	√	√	√	√		
					√	√	√	√	√	√		
					ဓမ္မာ	√	√	√	√	√		
√					√	√	√	√	√	√	√	

နိဂုံး

ပဋ္ဌာန်း နှင့် ဝိပဿနာ

"ပဋ္ဌာန်း (၂၄)ပစ္စည်းမှာ အကြောင်းအကျိုး ဝိပဿနာနဲ့ ဆင်ခြင်ပုံက ပစ္စည်းတစ်ခုနဲ့တစ်ခု ဆင်ခြင်ပုံချင်းမတူပါ။ ပစ္စည်းတစ်ခုမှာ ဝိပဿနာရှုနည်းတစ်မျိုးသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍သူ့အချိန်နဲ့သူ ကြိုက်သူလိုဆင်ခြင်ရန်ဖြစ်ပါသည်။"

"လောကမှာ ရှိရှိသမျှလူနတ်ဗြဟ္မာ သတ္တဝါတွေဟာ နာမ်နဲ့ရုပ်လို့ပဲ ပြောရမှာဖြစ်ပါသည်။ ဒီ နာမ်-ရုပ်တွေနဲ့ဘဲ အားလုံးလှုပ်ရှားနေရပါသည်။ နောက်ပြီး ဒီနာမ်-ရုပ်တွေဟာ မမြဲဘူး ဖြစ်ပြီးပျက်တာပဲ ဖြစ်ပါသည်။"

ပဋ္ဌာန်းတရားတော်သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ လူနတ်ဗြဟ္မာ ဘာတစ်ခုမှမပါ။

ပဋ္ဌာန်းပစ္စည်းတွင် ပါဝင်သော တရားကိုယ်များ (၁) ရုပ်၊ (၂) နာမ် (စိတ် + စေတသိတ်)၊ (၃) ပညတ်၊ (၄) နိဗ္ဗာန်၊ (၅) ကုသိုလ်၊ (၆) အကုသိုလ်၊ (၇) အဗျာကတ တို့ဖြစ်ပါသည်။

ဖြစ်နေတဲ့ နာမ် - ရုပ်တွေသည် သူ့အလိုလိုဖြစ်နေတာမဟုတ်ဘဲ အကြောင်းတရားအမျိုးမျိုးကြောင့် အကျိုးတရားဖြစ်နေပုံများကို ဟောထားခဲ့သည့်တရားဖြစ်ပါသည်။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ဆိုတဲ့ အတ္တစွဲဟာ ဗြဟ္မာကြီးများထိ စွဲနေတဲ့ အင်မတန်ပြိုပျက်ဖို့ ခဲယဉ်းတဲ့ အစွဲဖြစ်ပါသည်။

မှတ်ချက်(၅)

အရှုညာဏ်တရား

မဂ္ဂင်၈ပါး = သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာအာဇီဝ၊
သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊
သမ္မာကမ္မတ၊ သမ္မာဝါစာ၊

မှတ်ချက်(၆)

ရုပ်နာမ်သဘာဝ

လူတို့၏ သန္တာန်မှာဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရား နှစ်ပါးလုံးသည် ဖြစ်ခိုက်မှာပဲရှိသည်။ ပျက်ပြီးသွားတာနဲ့ ဒီခန္ဓာကို ဘယ်နေရာမှ မရှိတော့ပါ။ မဖြစ်ခင်ကလည်း ဒီရုပ်တရား နာမ်တရားတွေ ခန္ဓာကိုယ်ရဲ့ ဘယ်နားမှာမှမရှိပါ။ ထို့ကြောင့် ပရမတ် (သဘော)ကို ရှုပါ။ ဖြစ်ခိုက်မှာ ပစ္စုပ္ပန် တဲ့နိုင်သမျှ တဲ့အောင်ရှုပါ။ သန္တတိ ပစ္စုပ္ပန် အစဉ်လေးကို မီအောင် ရှုပါ။ ဖြစ်ပျက်ကိုတွေ့အောင်ရှုပါ။ ဝိပဿနာ အစစ်ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စည်းနည်း။ သဂြိုလ်သင်နည်းသစ် စာ -၁၇၂
တရားအချုပ် - နာမ်ရုပ်၊ နိဗ္ဗာန်၊ ပညတ်

(၁) ဟေတုပစ္စည်း

ပစ္စည်း	ပစ္စည်း ဗိတ်	ပစ္စယုပဇာန် ၇၁ ဗိတ်
	စေတသိက် ၆	၅၂ စေတသိက်
	ရုပ်	ကာ- ဗိတ္ထဇ
	ပညတ်	ခ-ကမ္မဇ

နာမ်ကနာမ်+ရုပ်။ ၁၃,၁၄,၁၇,၁၈

(၂) အာရမ္မဏပစ္စည်း

၈၉	၈၉
၅၂	၅၂
	၂၈

နာမ်+ရုပ်+ပညတ်ကနာမ် ကို။ ၉

(၃)အဓိပတိပစ္စည်း

၈၄	၂၈
၄၇	၄၅
	၁၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၆,၇,...

(၄)အနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို ။ ၅,၁၂,၁၉,၂၂,၂၃

(၅)သမနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို=၄,၁၂,၁၉,၂၂,၂၃

(၆)သဟဇာတပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
.-/၄/ဟဒယ	.+/ .၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၇,၈,၉,၁၅,၁၆,၂၀,၂၁,၂၄

(၇)အညမညပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
.-/၄/ဟဒယ	.+/ .၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,...

(၈)နိဿယပစ္စည်း

	၈၅.၄၃
	၅၂.၄၄
၆/ဟဒယ	

ရုပ်ကနာမ်ကို ။ =၁၈

(၉)ဥပနိဿယပစ္စည်း

၈၉	၈၉
၅၂	၅၂
၂၈	

နာမ်+ရုပ်+ပညတ်ကနာမ်ကို=၂

(၁၀) ပုရေဇာတပစ္စည်း

	၅၆
	၅၀
၁၈	

ရုပ်ကနာမ် ကို = ၈

(၁၁)ပစ္ဆာဇာတပစ္စည်း

၈၅	
၅၂	
	ဇ-ကာယသ္သ

နာမ်+ရုပ်ကို။

(၁၂)အာဝေဝနပစ္စည်း

၄၇	၅၁
၅၂	၅၂

နာမ်ကနာမ်ကို ။ ၄,၅,၁၉,၂၂,၂၃

(၁၃)ကမ္မပစ္စည်း

	၃၆
	၇
၅	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၂၀,....

(၁၄) ဝိပါကပစ္စည်း

၃၆	၃၆
၃၈	၃၈
	(က)ဗိတ္ထဇရုပ် (ခ)ကမ္မရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၇,၁၈

(၁၅)အာဟာရပစ္စည်း

၁	၂၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၆

(၁၆)ဣန္ဒြိယပစ္စည်း

	၁၈
	၇
၅	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၂၀,....

(၁၇)ဈာနပစ္စည်း

	၇၉
၅	၅၂
	(က)ဗိတ္ထဇရုပ် (ခ)ကမ္မရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၄,၁၈

(၁၈) မဂ္ဂပစ္စည်း

	၇၁
၉	၅၂

နာမ်ကနာမ်+ရုပ်ကို။ ၁,၁၃,၁၄,၁၇

(၁၉)သမ္မယုတ္တပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို။ ၄,၅,၁၂,၂၂,၂၃

(၂၀)ဗိပ္ပယုတ္တပစ္စည်း

၇၅	
၅၂	

နာမ်ကရုပ်ကို၊နာမ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၅,

(၂၁) အတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂
၁၈	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။(၆),(၁၀)

(၂၂) နတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= ၄,၅,၂၃,၁၂,၁၉

(၂၃)အဝိဂတပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= (၄) ,(၂၂)

(၂၄)အဝိဂတပစ္စည်း

၈၉	၅၂
၈၉	၅၂
	၁၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ (၂၁)+(၆)+(၁၀)

၁၅(က) ၁ ၅၂ **(ခ)** ၁ ၅၂
၁၆(ခ) ၃ ၅၁ ၃ ၅၁
သာမိပတိ စိတ္တဇရုပ် / သာမိပတိ စိတ္တဇရုပ်

၁၅(ခ)အာဟာရပစ္စည်း

၁	၈၉
၂	၅၂
	(က)စိတ္တဇရုပ် (ခ)ကမ္မရုပ်

ပဋ္ဌာန်းပစ္စည်းနည်း။ သဂြိုလ်သင်နည်းသစ် စာ -၁၇၂
တရားအချုပ် - နာမ်ရုပ်၊ နိဗ္ဗာန်၊ ပညတ်

(၁) ဟေတုပစ္စည်း

ပစ္စည်း	ပစ္စည်း ဗိတ်	ပစ္စယုပဇာန် ၇၁ ဗိတ်
	စေတသိက် ၆	၅၂ စေတသိက်
	ရုပ်	ကာ- ဗိတ္ထဇ
	ပညတ်	ခ-ကမ္မဇ

နာမ်ကနာမ်+ရုပ်။ ၁၃,၁၄,၁၇,၁၈

(၂) အာရမ္မဏပစ္စည်း

၈၉	၈၉
၅၂	၅၂
	၂၈

နာမ်+ရုပ်+ပညတ်ကနာမ် ကို။ ၉

(၃)သဟဇာတပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
.-/၄/ဟဒယ	.+/ .၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၇,၈,၉,၁၅,၁၆,၂၀,၂၁,၂၄

(၄)အညမညပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
.-/၄/ဟဒယ	.+/ .၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,...

(၅)နိဿယပစ္စည်း

	၈၅.၄၃
	၅၂.၄၄
၆/ဟဒယ	

ရုပ်ကနာမ်ကို ။ =၁၈

(၆)အနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို ။ ၅,၁၂,၁၉,၂၂,၂၃

(၇)သမနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို=၄,၁၂,၁၉,၂၂,၂၃

(၈)သဟဇာတပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
.-/၄/ဟဒယ	.+/ .၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၇,၈,၉,၁၅,၁၆,၂၀,၂၁,၂၄

(၉)ဥပနိဿယပစ္စည်း

၈၉	၈၉
၅၂	၅၂
၂၈	

နာမ်+ရုပ်+ပညတ်ကနာမ်ကို=၂

(၁၀) ပုရေဇာတပစ္စည်း

	၅၆
	၅၀
၁၈	

ရုပ်ကနာမ် ကို = ၈

(၁၁)ပစ္ဆာဇာတပစ္စည်း

၈၅	
၅၂	
	ဇ-ကာယသ္သ

နာမ်+ရုပ်ကို။

(၁၂)အာဝေဝနပစ္စည်း

၄၇	၅၁
၅၂	၅၂

နာမ်ကနာမ်ကို ။ ၄,၅,၁၉,၂၂,၂၃

(၁၃)ကမ္မပစ္စည်း

	၃၆
	၇
၅	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၂၀,....

(၁၄) ဝိပါကပစ္စည်း

၃၆	၃၆
၃၈	၃၈
	(က)ဗိတ္ထဇရုပ် (ခ)ကမ္မရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၇,၁၈

(၁၅)အာဟာရပစ္စည်း

၁	၂၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၆

(၁၆)ဣန္ဒြိယပစ္စည်း

	၁၈
	၇
၅	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၂၀,....

(၁၇)ဈာနပစ္စည်း

	၇၉
၅	၅၂
	(က)ဗိတ္ထဇရုပ် (ခ)ကမ္မရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၄,၁၈

(၁၈) မဂ္ဂပစ္စည်း

	၇၁
၉	၅၂

နာမ်ကနာမ်+ရုပ်ကို။ ၁,၁၃,၁၄,၁၇

(၁၉)သမ္မယုတ္တပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို။ ၄,၅,၁၂,၂၂,၂၃

(၂၀)ဗိပ္ပယုတ္တပစ္စည်း

၇၅	
၅၂	

နာမ်ကရုပ်ကို၊နာမ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၅,

(၂၁) အတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂
၁၈	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။(၆),(၁၀)

(၂၂) နတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= ၄,၅,၂၃,၁၂,၁၉

(၂၃)အဝိဂတပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= (၄) ,(၂၂)

(၂၄)အဝိဂတပစ္စည်း

၈၉	၅၂
၈၉	၅၂
	၁၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ (၂၁)+(၆)+(၁၀)

၁၅(က) ၁ ၅၂ **(ခ)** ၁ ၅၂
၁၆(ခ) ၃ ၅၁ ၃ ၅၁
သာမိပတိ စိတ္တဇရုပ် / သာမိပတိ စိတ္တဇရုပ်

၁၅(ခ)အာဟာရပစ္စည်း

၁	၈၉
၂	၅၂
	(က)စိတ္တဇရုပ် (ခ)ကမ္မရုပ်

၂၀(ခ)ဗိပ္ပယုတ္တပစ္စည်း





ပဋ္ဌာပေါင်ဦးနှေး	ပဋ္ဌာပေါင်ဦးသန္ဓေ
ဟဒယ	ဟဒယ

၃(ခ)

၁	၅၂		
၃	၅၁		
	သာမိပတိ စိတ္တဇရုပ်		

နိဗ္ဗာန်ကိစ္စပါတာ =(၂), (၃)
ပညတ်ကိစ္စပါဂါ=(၂), (၉) / ပစ္စယုပ္ပန်မှာနိဗ္ဗာန်မှ ဖဇ္ဇေရုဇေးသေး။

ရည်ညွှန်းကိုးကားထားသည့် တရားစာအုပ်များစာရင်း

စဉ်	စာအုပ်	စာအုပ်အမည်	ရေးသားသူ
၁		ပဋ္ဌာန်းပါဠိတော်	စာစောင်
၂		ပဋ္ဌာန်းနှင့်အနက် (အခြေခံအဆင့်)	ကိုကိုသန်းဝင်း
၃		ပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာတရားတော် (ပထမတွဲ)	သဒ္ဓမ္မရုံသီရိပ်သာဆရာတော် အရှင်ကုလ္လာဘိဝံသ
၄		ပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာတရားတော် (ဒုတိယတွဲ)	သဒ္ဓမ္မရုံသီရိပ်သာဆရာတော် အရှင်ကုလ္လာဘိဝံသ
၅		သင်္ဂြိဟ်သင်နည်းသစ်	ဒေါက်တာကောသိ ပထမကျော် ဓမ္မာစရိယ (B.Ed)

အထက်ပါအတွက်စွဲ ပြုတ်ရအောင် အကြောင်းတရား (၂၄) မျိုးကို နည်းအမျိုးမျိုးနဲ့ အလွန်ဉာဏ်ကြီးတဲ့ နတ်ပရိတ်သတ်၊ ဗြဟ္မာ ပရိတ်သတ်များကို ဟောခဲ့တဲ့ တရားတော်ဖြစ်ပါသည်။

ရူပါရုံကရုပ်၊ မြင်တဲ့စိတ်က နာမ်ပဲလို့ ဒီလိုပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရအောင်ဟောထားသည့် ပဋ္ဌာန်းတရားတော်ဖြစ်ပါသည်။

ရူပါရုံနဲ့ စက္ခုဝိညာဉ်မှာ ရူပါရုံက အကြောင်းတရား၊ စက္ခုဝိညာဉ်က အကျိုးတရားဖြစ်သည်။ ရူပါရုံမရှိလျှင် စက္ခုဝိညာဉ်မရှိနိုင်သဖြင့် ယခုကဲ့သို့ အကြောင်းအကျိုးအမှန်အတိုင်း သိခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်ပါသည်။

စက္ခုဝိညာဉ်ကမြင်တာ၊ ငါမြင်တာမဟုတ်၊ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။ အာရမ္မဏ ပစ္စည်းမှာ ဟောတာက သက္ကာယဒိဋ္ဌိ ပြုတ်ရန်ဖြစ်ပါတယ်။ အနန္တရ ပစ္စည်းမှာ ဝီထိကတော့ တစ်ခုပျက်ပြီး တစ်ခုဖြစ်လာတာကို သိရပါသည်။ ဒီဝိညာဉ်တွေဟာ ပျက်သွားပြီး အသစ်အသစ်တွေ ထပ်ဖြစ်နေပါသည်။ ဒီလိုမမြဲတာကို သိလာလျှင် တီရဏ ပရိညာလို့ သိရပါသည်။ ဟေတု ပစ္စည်းမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါးထင်လာတာ တီရဏပရိညာဖြစ်ပေသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာထင်လာတော့ ဒီခန္ဓာကိုယ်ကို အကြောင်းပြုပြီး ငါပဲ သူပဲလို့ထင်တဲ့ မာနတွေ မရှိတော့ပါ။ ပစ္စည်းဥစ္စာကြောင့်လဲ မာနမရှိတော့ပါ။ မာနမရှိတော့ဘဲ မာနပါယ်လိုက်တာက ပဟာန ပရိညာဖြစ်ပါသည်။

လောဘ၊ မာန၊ ဒိဋ္ဌတွေကို ပါယ်တာကို ပဟာနပရိညာလို့ ခေါ်ပါသည်။ ပုထုဇဉ် မိမိတို့ အနေဖြင့် ပဋ္ဌာန်းတရားတော်လာ ပစ္စည်း ပစ္စယုပ္ပန် တရားများကို သိရှိနားလည်ရန် ခက်ခဲမည်ဖြစ်ပါသည်။ သညာသိဖြင့်သာ ကျေနပ်ရမည် ဖြစ်ပါသည်။

တစ်ခုချင်းစီသော ဝီထိစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ ပဋိသန္ဓေစိတ်တို့မှာ ပုထုဇဉ်တို့ လုံးဝသိနိုင်မည် မဟုတ်ပါ။

ပဋ္ဌာန်းပစ္စည်းများတွင် ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်ပါဝင်သော နေရာများမှာ -

ဩကန္တန်ကွဲကော = ပဋိသန္ဓေခဏ အဖြစ်

(၁) (၆) သဟဇာတပစ္စည်း
(၂) (၇) အညမညပစ္စည်း
(၃) (၈) နိဿယ ပစ္စည်း
(၄) (၁၁) ပစ္ဆာဇာတ ပစ္စည်း
(၅) (၁၃) ကမ္မပစ္စည်း
(၆) (၁၄) ဝိပါက ပစ္စည်း
(၇) (၁၅) အာဟာရ ပစ္စည်း
(၈) (၁၆) ဣန္ဒြိယ ပစ္စည်း
(၉) (၂၁) အတ္ထိပစ္စည်း
(၁၀) (၂၄) အဝိဂတ ပစ္စည်းတို့ ဖြစ်ပါသည်။





ပုထုဇဉ်မှ အရိယာသို့ ရောက်ရှိရေး မဂ္ဂင်ရှစ်ပါးလမ်းတွင် တွေ့ရှိနိုင်သည့် နာမ်နှင့် ရုပ်များမှာ နာမ်ခန္ဓာလေးပါးဖြစ်သည့် ဝိညာနက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဖြစ်ပါသည်။ ရုပ်ခန္ဓာအဖြစ် ရူပက္ခန္ဓာ ထင်ရှားသော ရုပ် ၁၈ ပါးဖြစ်ပါသည်။

ဝိပဿနာ တရားရှုမှတ်ရာတွင် နာမ် (နာမ်ခန္ဓာ - ၄ ပါးအစု)နှင့် ရုပ် (ရုပ်အစု - ၁၈ ပါး)တို့ ခွဲခြား (ခွဲခွဲခြားခြား) ရှုမှတ်၍ (သိရှိ) ရန်ဖြစ်ပါသည်။ (သညာသိ၊ စာဖတ် သိမဟုတ်ပါ)။ ထို့နောက် နာမ် နှင့် ရုပ်တို့၏ ဖြစ်ခြင်း (အကြောင်းနှင့်အကျိုး)ကို ရှုမှတ်သိရှိရန်ဖြစ်ပါသည်။ နာမ် နှင့် ရုပ်တို့၏ ဖြစ်ပြုပြင် နှင့် ပျက်သဘာဝတို့ကို သိရှိရန်ဖြစ်ပါသည်။ ထို့နောက် နာမ် နှင့် ရုပ်တို့၏ အပျက်လုံးလုံး ရှုမှတ်သိရခြင်း။ ထို့နောက် နာမ် နှင့် ရုပ်တို့၏ အပြစ်ကို သိခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ(၃)ပါးဖြင့် ရှုမှတ်ခြင်း၊ လောကီစိတ်များမှ လွတ်၍ လောကုတ္တရာစိတ်သို့ ပြေးဝင်ပြောင်းရွှေ့ခြင်းတို့ဖြစ်ပါသည်။

ဝိပဿနာတရားရှုမှတ်မှုဉာဏ်စဉ် အဆင့်ဆင့်တို့တွင် ပဋ္ဌာန်းဒေသနာ ပစ္စည်းပစ္စယုပ္ပန်တရားတို့မှ သင့်ရာသင့်ရာ ပါဝင်အထောက်အကူပြုနိုင်ကြပါသည်။ ပဋ္ဌာန်း နှင့် ဝိပဿနာတရားတော်များမှတ်စုတို့ကို အကြိမ်ကြိမ်ဖတ်ရှုခြင်း၊ မှီငြမ်းမူရင်းတရားတော်စာအုပ်များကို ဖတ်မှတ်ခြင်းတို့ဖြင့် ဝိပဿနာ တရားရှုမှတ်ပွားများကြိုးပမ်းပြည့်စုံကြပါစေ။

ဦးညီညီစိန်
B.E (Mech) 79
PE . ACPE (Mech)
ညွှန်းကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)

ရည်ညွှန်းကိုးကားထားသည့် တရားစာအုပ်များစာရင်း

စဉ်	စာအုပ်	စာအုပ်အမည်	ရေးသားသူ
၆		သင်္ဂြိုဟ်မေးကွက် (အတွဲ - ၂)	အရှင်စန္ဒဇောတိ (ပါဠိဉပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)
၇		ပဋ္ဌာန်း အဓိပ္ပါယ်ရှင်းလင်းချက်နှင့် အမေးအဖြေ	ခင်ချိုထွန်း အယ်ဒီတာအဖွဲ့
၈		သဒ္ဓမ္မဇောတိကပဋ္ဌာန်း	ဆရာကြီး ဦးကျော်ထွတ်
၉		အခြေပြုပဋ္ဌာန်း တရားတော်	အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ